သားတော်အားဖြင့် စကားပြောတော်မူခြင်း

# ဓမ္မသစ် ပုံဝတ္ထုများ






By Edith Carlson
and Sally Michael

Truth:78

သားတော်အားဖြင့် စကားပြောတော်မူခြင်း – Burmese

He Has Spoken By His Son

Translated and Printed with Permission by

Partners in Discipleship International
P.O.Box 133
Grandville, MI 49468
pdi@partnersindiscipleship.org
www.partnersindiscipleship.org

သားတော်အားဖြင့် စကားပြောတော်မူခြင်း

"He Has Spoken By His Son"

Copyright © 1998, 2004 by Next Generation Resources, Inc.
All rights reserved.

Translated by permission of
Sally Michael
and
Truth78
E-Mail: info@truth78.org
Web Site:www.Truth78.org

မှတ်ကျောက်တင်ခြင်း

## မြန်မာစကားသုံးသော ကလေးများအားလုံးအား

## ရည်စူးလျက်

# ဘုရားသခင်၏ သားသမီးများ

ဖြစ်ကြပါစေ

# ကျေးဇူးတင်လွှာ

Rick Busch (cover design)
Grace Engnell (testing)
Suzanne Foust (design)
Helen Gloege (editing)
Liz Holst (proofreading)
Molly Johnson (project manager)
Gloria Kaupang (cover design illustration)
Tina McDaniel (formatting)
Grace Tramm (testing)

Revision
Jim Tomaszewski (project manager)
Karen Hieb (project manager)
Justin Taylor (theological editing)
Kate Lundsten (coloring book pictures)
Sarah Porter (formatting)
Tina Smith (proofreading)
Carrie Zeman (teaching and worship aids)

နာရီများစွာဆုတောင်းအချိန်သုံးရင်း၊ သူမအပေါ် ဘုရားသခင်ထားရှိသည့်မေတ္တာတော်ကို ရေးချကာ၊ သမ္မာတရားနှင့် ကလေးငယ်လေးများအတွက်ကြောင့် သက်တောင့်သက်သာနေထိုင်နိုင်သော်လည်း နှုတ်ကပတ်တော်လေ့လာဆင်ခြင်ရင်း မှတ်စုများရေးမှတ်ရာနှင့်ကြိုးပမ်းခဲ့ရာမှာ "ကြည့်ရှုခြင်း" ကဏ္ဍ၏သုံးပုံနှစ်ပုံကို ရေးသားပြုစုပေးခဲ့သည့် Linda Morris အပေါ် အထူးကျေးဇူးတင်ရှိပါသည်။ သူမ၏သစ္စာရှိရှိကြိုးစားအားထုတ်မှုအားဖြင့် ဘုရားသခင်သည် ဘုန်းတော်ထင်ရှားလျက်၊ နောင်လာနောက်သားကလေးငယ်များသည်လည်း ကယ်တင်ရှင်ကို ချီးမွမ်းနိုင်ကြပါစေ။

နောက်ဆက်တွဲအပိုင်းတွင် ဖော်ပြထားသည့် "**ပုံဝတ္ထု ပြောဆိုနည်း ဥပမာများ** "တွင် ပါဝင်ကူညီပေးသော Holly Urbanski ကိုလည်း အထူးကျေးဇူးတင်ပါသည်။ ထိုဥပမာများသည် နှစ်ကြာရှည် နှုတ်ကပတ်တော်လေ့လာခြင်း၊ သင်ကြားပေးခြင်းနှင့် ဆုတောင်းခြင်းတို့၏အသီးအပွင့်များ ဖြစ်ပါသည်။ သူမ၏ပုံပြင်များသည် ဘုရားသခင်ကို ဇဟိုပြုလျက် အဓိကအချက်များကို အမြဲဦးတည်ထားကာ သမ္မာကျမ်းစာတွင် အခြေပြုထားပါသည်။ "အငယ်ဆုံးသောသူ" များကို သစ္စာရှိရှိသင်ကြားပေးသော သူမ၏အသက်တာကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

ရှေးလွန်လေပြီးသောအခါ
ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား
အထပ်ထပ်အနည်းနည်း
ဗျာဒိတ်ပေးတော်မူသော
ဘုရားသခင်သည်၊
ဤနောက်ဆုံးကာလအခါ
**မိမိသားတော်အားဖြင့်**
ငါတို့အား ဗျာဒိတ်တော်
ပေးတော်မူပြီ။ ထိုသားတော်ကို
အလုံးစုံတို့၏ အမွေခံသခင်အရာ၌
ခန့်ထားတော်မူ၏။
သားတော်အားဖြင့်လည်း
လောကဓာတ်တို့ကို တည်တော်မူ၏။

**ဟေဗြဲ၊ ၁း၁-၂**

# မာတိကာ


| | |
|---|---|
| စကားချီး | ၉ |
| နိဒါန်း | ၁၁ |
| သင်ရိုးညွှန်းတမ်းကို ခြုံငုံသုံးသပ်ခြင်း | ၁၁ |
| သင်ရိုးညွှန်းတမ်း သင်ယူအသုံးပြုမည့်သူများ | ၁၂ |
| လက်ရှိအသုံများသည့် သင်ရိုးညွှန်းတမ်းများ – အဓိကအားနည်းချက် သုံးခုနှင့် ဖြေရှင်းနည်း သုံးခု | ၁၂ |
| သင်ရိုးညွှန်းတမ်း | ၁၆ |
| သင်ခန်းစာတစ်ခုအား တည်ဆောက်ခြင်း – အချိတ်အဆက် (Hook) | ၁၉ |
| သင်ခန်းစာတစ်ခုအား တည်ဆောက်ခြင်း – စာအုပ် (Book) | ၂၀ |
|     ကျမ်းစာပုံဝတ္ထုပြောကြားရန် ပြင်ဆင်ခြင်း အဆင့်ဆင့် | ၂၀ |
|     ကျမ်းစာပုံဝတ္ထုများကို အကျဉ်းချုပ်ပြောပြနည်း | ၂၂ |
|     ပြန်လှန်ဆွေးပေးခြင်း | ၂၂ |
|     ကလေးသူငယ်များအား သမ္မာကျမ်းစာ ဖတ်ရှုတ်ပေးခြင်း | ၂၄ |
|     သင်ထောက်ကူပြု ပစ္စည်းများ အသုံးပြုခြင်း | ၂၅ |
|     ကျမ်းစာပုံဝတ္ထုများအတွက် အကြံဥာဏ်များ | ၂၇ |
| သင်ခန်းစာတစ်ခုအား တည်ဆောက်ခြင်း – ကြည့်ရှုဆင်ခြင်ခြင်း (Look) | ၂၈ |
| သင်ခန်းစာတစ်ခုအား တည်ဆောက်ခြင်း – လိုက်လျှောက်ကျင့်သုံးခြင်း (Took) | ၃၀ |
| ရောင်ခြယ်စာအုပ်များ | ၃၀ |
| အလွတ်ကျက်မှတ်ရမည့် ကျမ်းပိုဒ်များ | ၃၁ |
| အတန်းအပြင်အဆင် | ၃၂ |
| ပတ်ဝန်းကျင်အခြေအနေ | ၃၂ |
| သင်ကြားရေး အဖွဲ့ခွဲပုံစံ | ၃၂ |
| သင်ကြားချိန် ခွဲဝေသတ်မှတ်ခြင်း | ၃၃ |
| လွတ်လပ်စွာ ဆော့ကစားခြင်း | ၃၃ |
| သင်ခန်းစာ ပို့ချချိန် | ၃၅ |
| ဝတ်ပြုကိုးကွယ်ချိန် | ၃၆ |
| အဖွဲ့ငယ်များခွဲ၍ ဆွေးနွေးချိန် | ၃၇ |
| ဆုတောင်းခြင်း | ၃၇ |
| အဖွဲ့လိုက်ကစားခြင်း | ၃၈ |
| နိဂုံး | ၃၉ |
| နောက်ဆက်တွဲ (Appendix) | ၄၀ |
| အဓိကအချက်များ | ၄၀ |
| ပုံဝတ္ထု ပြောဆိုနည်း ဥပမာများ | ၄၂ |
| အတန်းတစ်ခုအတွက် အကြံပြုချက် အစီအစဉ်များ | ၄၉ |
| ကလေးများနှင့် ကျမ်းလွတ်ကျက်မှတ်ခြင်း | ၅၀ |
| အလွတ်ကျက်မှတ်ရမည့် အခြေခံအုတ်မြစ် ကျမ်းပိုဒ်များ | ၅၂ |

# သင်ခန်းစာများ

| ပုံဝတ္ထု | ကျမ်းစာ ပုံဝတ္ထု ခေါင်းစဉ် | ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|---|
| ၆၅ | ဘုရားသခင်သည် ဇာခရိ၏ဆုတောင်းခြင်းကို နားထောင်တော်မူပြီး သားယောကျ်ားပေးမည်ဟု ကတိပေးခဲ့သည် | လု၊ ၁း၅–၂၅ | ၅၈ |
| ၆၆ | ကယ်တင်ရှင် ဆင်းကြွလာခြင်းအား ကြေငြာခဲ့သည် | လု၊ ၁း၂၆–၈၀၊ မဿဲ၊ ၁း၁၈–၂၅ | ၆၀ |
| ၆၇ | ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း | မဿဲ၊ ၁း၁၈–၂၅၊ လု၊ ၂း၁–၃၈ | ၆၃ |
| ၆၈ | ပညာရှိများ ယေရှုရှင်ကို ဖူးတွေ့ကြသည် | မဿဲ၊ ၂ | ၆၅ |
| ၆၉ | ခမည်းတော်ဘုရား၏ အိမ်တော်၌ ယေရှုရှင်က ကျမ်းတတ်ပုဂ္ဂိုလ်များကို အံ့သြစေခဲ့သည် | လု၊ ၂း၄၁–၅၂ | ၆၇ |
| ၇၀ | "နောင်တရကြလော့ နိုင်ငံတော်တည်လုနီးပြီ" ခမည်းတော်ဘုရားသခင်က သားတော်လာရန် လမ်းကိုပြင်ဆင်ပေးခဲ့ပြီး သူ၏သားဖြစ်သည်ကို သက်သေပြခဲ့သည်။ | မဿဲ၊ ၃ | ၆၉ |
| ၇၁ | "ကျမ်းစာလာသည်ကား" | မဿဲ၊ ၄း၁း၁၁ | ၇၁ |
| ၇၂ | ယေရှုရှင်က သူ၏တပည့်တော်များကို ရွေးချယ်ခဲ့သည် | ယော၊ ၁း၃၅–၅၁ | ၇၃ |
| ၇၃ | ယေရှုရှင်က သူ၏ပထမဆုံးနမိတ်လက္ခဏာကို လုပ်ဆောင်ခဲ့သည် – ရေမှစပျစ်ဝိုင်အဖြစ် ပြောင်းလဲစေခြင်း | ယော၊ ၂း၁–၁၁ | ၇၅ |
| ၇၄ | ဖခမည်းတော် အိမ်တော်အတွက် စိတ်အားကြီးခြင်း ဗိမာန်တော်ကို ယေရှုရှင်သန့်ရှင်းစေခဲ့သည် | ယော၊ ၁၃–၂၂ | ၇၇ |
| ၇၅ | ယေရှုရှင်သည် အနာရောဂါများကို ပျောက်ကင်းစေခဲ့သည် ယေရှုရှင်သည် နူနာ၊ အစေခံကျွန်နှင့်ပေတရု၏ ယောက္ခမတို့ကို ကျန်းမာစေခဲ့သည် | မဿဲ၊ ၈း၁–၁၇ | ၇၉ |
| ၇၆ | "သင်၏အပြစ်ကို လွှတ်စေပြီ" ယေရှုရှင်သည် ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ကျန်းမာစေသည် | မာကု၊ ၂း၁–၁၂ | ၈၁ |
| ၇၇ | ယေရှုရှင်သည် မုန်တိုင်းကို နှုတ်တော်ထွက်စကားအားဖြင့် ငြိမ်သက်စေခဲ့သည် | မာကု၊ ၄း၃၅–၄၁ | ၈၃ |
| | | | |

| | | | |
|---|---|---|---|
| ၇၈ | ယေရှုရှင်သည် ကျန်းမာစေနိုင်သော တန်ခိုးကို ပြသသည်<br>*ယေရှုရှင်သည် အမျိုးသမီးငယ်လေးနှင့် အမျိုးသမီးတစ်ဦးကို ကျန်းမာစေခဲ့သည်* | မာကု၊ ၅း၂၁–၄၃ | ၈၅ |
| ၇၉ | အသက်မုန့်ဖြစ်သောယေရှုရှင်က လူပေါင်းငါးထောင်ကို ကျွေးမွေးခဲ့သည် | မာကု၊ ၆း၃၄–၄၄၊ ယော၊ ၆း၁–၁၄၊ ၂၂–၃၅ | ၇၈ |
| ၈၀ | ဘုရားသခင်၏သားတော် ရေပေါ်တွင် လမ်းလျှောက်ခဲ့သည် | မဿဲ၊ ၁၄း၂၂–၃၃ | ၉၀ |
| ၈၁ | ယေရှု၊ ဘုရားသခင်၏သားတော် – ရှိမုန် ပေတရုအား ယေရှုရှင်၏ ဖြစ်တည်ခြင်း အမှန်ကို ဘုရားသခင် ဖော်ပြခဲ့သည် – ပုံသဏ္ဌာန်ပြောင်းလဲခြင်း | လုကာ၊ ၉း၂၈–၃၆<br>မဿဲ၊ ၁၆း၁၃–၂၀<br>မဿဲ၊ ၁၇း၁–၈ | ၉၂ |
| ၈၂ | သင်၏ဘုရားသခင်နှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့ ယေရှုရှင်က ကောင်းသောရှမာရိအမျိုးသား တစ်ယောက်အကြောင်းပြောခဲ့သည် | လုကာ၊ ၁၀း၂၅–၃၇ | ၉၄ |
| ၈၃ | လောက၏ အလင်းဖြစ်သူက မျက်မမြင်သောသူအား မျက်စိ အလင်းပေး ခဲ့သည် – ယေရှုရှင်သည် မွေးကတည်းက မျက်မမြင်သူအား ကျန်းမာစေခဲ့သည် | ယော၊ ၉ | ၉၇ |
| ၈၄ | ယေရှုရှင်က ကလေးသူငယ်များကို လက်ခံခဲ့သည် | မာကု၊ ၁၀း၁၃–၁၆ | ၁၀၀ |
| ၈၅ | ယေရှုရှင်က ပျောက်သောသူကို ရှာဖွေသည်<br>ယေရှုရှင်က ပျောက်သော သိုးနှင့်ဒင်္ဂါးပြားပုံပြင်ကို ပြောပြခဲ့သည် | လုကာ၊ ၁၅း၁–၁၀ | ၁၀၃ |
| ၈၆ | သစ္စာရှိသောဖခင်က ပျောက်သောသားကို ပြန်လည် ကြိုဆိုခဲ့ သည် – ယေရှုရှင်က ပျောက်သောသား ပုံပြင်ကို ပြောပြခဲ့သည် | လုကာ၊ ၁၅း၁၁–၃၂ | ၁၀၅ |
| ၈၇ | လာဇရုအား ရှင်ပြန်ထမြောက်စေခြင်းအားဖြင့် ယေရှုရှင် ဘုန်းတော်ထင်ရှားခဲ့သည် | ယော၊ ၁၁း၁–၄၄ | ၁၀၇ |
| ၈၈ | ယေရှုရှင်က မျက်မမြင် ဗာတိမဲအပေါ် ကရုဏာထားခဲ့သည် | လုကာ၊ ၁၈း၃၅–၄၃၊ မာကု၊ ၁၀း၄၆–၅၂ | ၁၁၀ |
| ၈၉ | ယေရှုရှင်က ဇက္ခဲကို ရှာဖွေကယ်တင်ရန် လာခဲ့သည် | လုကာ၊ ၁၉း၁–၁၊ ၁၀ | ၁၁၂ |
| ၉၀ | "ထာဝရဘုရား၏အခွင့်နှင့် ကြွလာသောသူသည် မင်္ဂလာရှိစေသတည်း" ယေရှုရှင်သည် မြည်းကို စီးရင်း ယေရှုရှလင်မြို့သို့ အောင်မြင်စွာဝင်ခဲ့သည် | မာကု၊ ၁၁း၁–၁၀၊ လုကာ၊ ၁၉း၂၈–၄၄ | ၁၁၅ |
| ၉၁ | ယေရှုရှင်သည် တန်ဖိုးကြီးသောအမွှေးနံ့သာနှင့် ဘိသိက်ပေးခြင်း ခံထိုက်သူဖြစ်သည် | ယော၊ ၁၂း၁–၈၊ မာကု၊ ၁၄း၃–၉ | ၁၁၇ |
| | | | |

| | | | |
|---|---|---|---|
| ၉၂ | ယေရှုရှင်သည် သူ၏တပည့်တော်များနှင့်အတူ ပသခါပွဲကို အတူတကွ သုံးဆောင်ခဲ့သည် | လုကာ၊ ၂၂း၇-၃၄<br>ယော၊ ၁၃ | ၁၁၉ |
| ၉၃ | "အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေ" | မဿဲ၊ ၂၆း၃၆-၅၆၊<br>မာကု၊ ၁၄း၃၂-၅၀<br>ယော၊ ၁၈း၁-၁၁ | ၁၂၂ |
| ၉၄ | ပေတရုက ယေရှုရှင်ကို ငြင်းပယ်ခဲ့သည် | မဿဲ၊ ၂၆း၆၉-၇၅<br>လုကာ၊ ၂၂း၅၄-၆၂ | ၁၂၅ |
| ၉၅ | "သူ့ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပါ " | မာကု၊ ၁၅း၁-၁၅<br>မဿဲ၊ ၂၇း၁၁-၂၆ | ၁၂၇ |
| ၉၆ | "ယုဒရှင်ဘုရင် " | မဿဲ၊ ၂၇း၂၇-၄၄၊<br>မာကု၊ ၁၅း၁၆-၃၂<br>လုကာ၊ ၂၃း၂၆-၃၈<br>ယော၊ ၁၉း၁-၂၂ | ၁၂၉ |
| ၉၇ | ယေရှုရှင်၏ နောက်ဆုံးသောစကားများ | လုကာ၊ ၂၃း၃၉-၄၉<br>ယော၊ ၁၉း၂၃-၃၀<br>မာကု၊ ၁၅း၃၃-၄၁<br>မဿဲ၊ ၂၇း၄၅-၅၆ | ၁၃၁ |
| ၉၈ | ယေရှုရှင်၏သူငယ်ချင်းများက ကိုယ်တော်ကို သင်္ဂြိုဟ်ခဲ့ကြသည် | မဿဲ၊ ၂၇း၅၇-၆၆၊<br>လုကာ၊ ၂၃း၅၀-၅၆၊<br>ယော၊ ၁၉း၃၈-၄၂ | ၁၃၃ |
| ၉၉ | "မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ" | ယော၊ ၂၀း၁-၈၊<br>မဿဲ၊ ၂၈း၁-၁၅ | ၁၃၅ |
| ၁၀၀ | ဧမောက်ရွာလမ်းတွင် ယေရှုရှင် ကိုယ်ထင်ပြခဲ့သည် | လုကာ၊ ၂၄း၁၃-၃၅ | ၁၃၇ |
| ၁၀၁ | "ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏" သောမအား ယေရှုရှင် ကိုယ်ထင် ပြခဲ့သည် | ယော၊ ၂၀း၂၄-၂၉ | ၁၃၉ |
| ၁၀၂ | ယေရှုရှင် ကမ်းနားတွင် ကိုယ်ထင်ပြခဲ့သည်<br>ယေရှုရှင် ကောင်းကင်သို့ ပြန်တက်ခဲ့သည် | ယော၊ ၂၁း၁-၁၄၊<br>လုကာ၊ ၂၄း၅၀-၅၃၊<br>တမန်၊ ၁း၁-၁၁ | ၁၄၁ |
| ၁၀၃ | အထက်အရပ်မှတန်ခိုးတော် | တမန်၊ ၂ | ၁၄၃ |
| ၁၀၄ | "ငါတို့သည်ကြားလျက်၊ မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲ မနေနိုင်ဟု ထိုသူတို့အားဆိုကြ၏။" သန့်ရှင်းသော ဝိညာဉ်တော်က ပေတရုနှင့် ယောဟန်တို့အား ကျန်းမာစေခြင်းတန်ခိုးနှင့်ရဲစွမ်းသတ္တိကို ပေးသည် | တမန်၊ ၃-၄း၃၁ | ၁၄၅ |
| ၁၀၅ | ဘုရားသခင်သည် လိမ်ညာသောသူနှစ်ဦးကို ပြစ်ဒါဏ်ပေးခဲ့သည် | တမန်၊ ၄း၃၂-၅း၁၁ | ၁၄၇ |
| ၁၀၆ | "လူ၏စကားထက် ဘုရားသခင်၏စကားတော်ကို နားထောင်သင့်ပါ၏။" | တမန်၊ ၅း၁၂-၄၂ | ၁၄၉ |
| | | | |

| | | | |
|---|---|---|---|
| ၁၀၇ | "သူတို့ပြုသော ဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်" | တမန်၊ ၆-၇ | ၁၅၁ |
| ၁၀၈ | ဘုရားသခင်ရဲ့ဆုကျေးဇူးများကို ငွေနှင့်ဝယ်ယူလို့မရ | တမန်၊ ၈း၂-၂၄ | ၁၅၃ |
| ၁၀၉ | ဘုရားသခင်က ဖိလိပ္ပုကို အဲသယောပိပြည်သားထံ စေလွှတ်ခဲ့သည် | တမန်၊ ၈း၂၆-၄၀ | ၁၅၅ |
| ၁၁၀ | ယေရှုရှင်က ရှောလုကို စကားပြောခဲ့သည် | တမန်၊ ၉း၁-၉ | ၁၅၇ |
| ၁၁၁ | ရှောလု – ဘုရားသခင် ရွေးကောက်ထားသောတန်ဆာပလာ | တမန်၊ ၉း၁၀-၁၉ | ၁၅၉ |
| ၁၁၂ | ယေရှုရှင်၏ နာမတော်အားဖြင့် ရှင်ပေါလုက ရဲရင့်စွာ တရားဟောခဲ့သည် | တမန်၊ ၉း၁၉-၃၁ | ၁၆၁ |
| ၁၁၃ | ဘုရားသခင်က ကော်နေလိ၏ဆုတောင်းခြင်းကို နားထောင်ခဲ့သည် | တမန်၊ ၁၀ | ၁၆၃ |
| ၁၁၄ | ပေတရုကိုကယ်တင်ရန် ဘုရားသခင်က ကောင်းကင်တမန် စေလွှတ်ခဲ့သည် | တမန်၊ ၁၂း၁-၁၉ | ၁၆၅ |
| ၁၁၅ | ဘုရားသခင်က ထောင်မှူးကိုကယ်တင်ခဲ့သည် | တမန်၊ ၁၆း၁၆-၃၄ | ၁၆၇ |
| ၁၁၆ | "ဘုရားသခင် ကျိန်းဝပ်တော်မူရာနေရာသည် လူတို့နှင့်အတူရှိပြီ ...ခင်ယေရှုကြွလာတော်မူပါ၊" | ဗျာ၊ ၂၁-၂၂ | ၁၆၉ |

# စကားချီး

## ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်

*ယေရှုကလည်း "ထို သူငယ်တို့ကိုရှိစေတော့။ ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်။*

*ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်သည်"*

*ဟု မိန့်တော်မူ၍၊*

***မဿဲ၊ ၁၉း၁၄***

*"အကြင်သူသည် ငါ့မျက်နှာကိုထောက်၍*

*ဤကဲ့သို့သော သူငယ် တစုံတယောက်ကို*

*လက်ခံ၏၊ ထိုသူသည် ငါ့ကိုပင်လက်ခံ၏။"*

***မဿဲ၊ ၁၈း၅***

ကျွန်ုပ်တို့သည် ဘုရားသခင်ကို အမှန်ချစ်သည်ဆိုလျှင် ဘုရားသခင်နှစ်သက်တော်မူသောအရာများကို ကျွန်ုပ်တို့သည်လည်း နှစ်သက်ကြမည်သာ။ ဤလောကတွင် ယေရှုရှင်သက်တော်ထင်ရှားစဉ်က *"အကြင်သူသည် ငါ့မျက်နှာကိုထောက်၍ ဤသူငယ်ကိုလက်ခံ၏၊ ထိုသူသည် ငါ့ကိုပင်လက်ခံ၏။ ငါ့ကိုလက်ခံသော သူသည်လည်း ငါ့ကိုစေလွှတ်တော်မူသောသူကိုပင် လက်ခံ၏။ သင်တို့တွင် အငယ်ဆုံးသောသူသည် သာ၍ကြီးမြတ်သောသူ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏"* ဟူ၍ မိန့်တော်မူခဲ့သည် (လုကာ၊ ၉း၄၈)။ ယေရှုရှင်သည် ကလေးသူငယ်များကို ချစ်တော်မူသည်။ ရှင်မာကုဠ် "သူငယ်တို့ကို ချီပိုက်၍ သူတို့အပေါ်မှာ လက်တော်ကိုတင်လျက် ကောင်းကြီးပေးတော်မူ၏" ဆိုသည့်အဖြစ်အပျက်ကိုတွေ့ရသည် (မာ၊ ၁၀း၁၆)။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အမှန်ချစ်ကြသည်ဆိုလျှင် သူ၏သိုးငယ်လေးများကို ကျွေးမွေးကြမည်ဖြစ်သည် (ယော၊ ၂၁း၁၅-၁၇)။

ယေရှုရှင်၏သိုးသူငယ်လေးများကို ကျွေးမွေးခြင်းအမှုသည် အခွင့်ထူးဖြစ်သည့်နည်းတူ အလွန်လိမ္မာပါးနပ်စွာ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားလည်းဖြစ်ပေသည်။ ထိုအမှုသည် အံ့ဖွယ်အခွင့်ထူးဖြစ်သည်ဟုဆိုရာတွင် ထိုသို့ ပြုစုကျွေးမွေးခြင်းအားဖြင့် ဘုရားသခင်၏စိတ်တော်ကို ကျွန်ုပ်တို့သည်တို့ထိနိုင်ကြ၍ဖြစ်သည်။ အလွန်လိမ္မာပါးနပ်စွာ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားဖြစ်ရခြင်းမှာ *"ဤသူငယ်တစုံတယောက်ကို မှားယွင်းစေသည်ထက်၊ လည်ပင်း၌ ကြိတ်ဆုံကျောက်ကိုဆွဲ၍ ပင်လယ်၌ချခြင်းကိုခံရလျှင် အနေသာ၍ကောင်း၏။"* (လု၊ ၁၇း၂) ဆိုသည့် သတိပေးချက်ကြောင့်ပင် မဟုတ်ပါလား။

ကလေးသူငယ်များ၏ယုံကြည်ခြင်း ကြီးထွားလာစေရန်အတွက် စနစ်တကျသင်ကြားပေး၍သော်လည်းကောင်း သင်၏အသက်တာအားဖြင့်ပုံဥပမာပြရင်း ဦးဆောင်လမ်းပြခြင်းအမှုသည် မြင့်မြတ်သောဘုရားသခင်၏မိန့်မှာ

ချက်ဖြစ်ပါသည်။ ဤအမှုကို ပေါ့ပေါ့ဆဆ၊ မသဲမကွဲ သို့မဟုတ် စိတ်တစ်ခြမ်းလောက်မျှဖြင့် ပြီးစီးစေရန်မသင့်ပေ။ ဖွဲ့လုံ့လစိုက်ထုတ်ခြင်းအတွက် ကြီးမားသည့်ဆုကျေးဇူးများရှိသကဲ့သို့ လျစ်လျူရှုသောအသက်တာအတွက် ဝမ်းနည်းကြေကွဲစရာ နောက်ဆက်တွဲများစွာရှိပါသည်။

ဤမြင့်မြတ်သောအမှုကို လေးနက်စွာသင်၏အသက်တာတွင် နားလည်သဘောပေါက်ပါလျှင်၊ ကလေးသူငယ်လေးများအားသင်ကြားပို့ချပေးရန် လိုအပ်သည့်ဉာဏ်ပညာကို ဘုရားသခင်ထံတောင်းခံရန် ညတွင်ပင်လျှင် မအိပ်နိုင်လောက်အောင် ဖြစ်နေလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်ဆုပ်ကိုင်ရန် ကြိုးစားအားထုတ်ခြင်းအားဖြင့် သင်၏ယုံကြည်ခြင်းသည်လည်း ကြီးထွားလာပါလိမ့်မည်။ သင်၏အကန့်အသတ်နှင့် အရည်ချင်းများအတွက်သော်လည်းကောင်း၊ သင့်ကလေးငယ်များ၏အကန့်အသတ်ရှိသည့်အသက်တာနှင့် အပြစ်ရှိနေသောအသက်တာအတွက် ထားရှိသည့်မေတ္တာသဘောက သင့်ကိုဘုရားသခင်ရှေ့တော်၌ အဆက်မပျက် ဒူးထောက်ဆုတောင်းစေပါလိမ့်မည်။ ဤသို့အားဖြင့်နောက်ဆုံးတွင် သင်သည် **<u>ဘုရားသခင်၏ ဘုန်းကြီးခြင်းကို တွေ့မြင်ရပါလိမ့်မည်</u>**။

အခွင့်ထူးလည်းဖြစ်၊ တာဝတ္တရားလည်းဖြစ်သည့် ဤမြင့်မြတ်သောအမှုတော်မြတ်အတွက် သင့်အသက်တာကို ဆက်ကပ်နိုင်စေရန် သင့်ကို ဘုရားသခင်ကောင်းကြီးပေးပါစေ။

## သင့်အပေါ်၌ တည်နေသောကောင်းကြီး

*ကျွန်ုပ်တို့ တောင်းဆို၊ စဉ်းစားသည်ထက် သာလွန်အောင်*
*အစဉ်တတ်စွမ်းနိုင်သော ထိုသခင်သည်*
*ကျွန်ုပ်တို့အထဲ၌သော်လည်းကောင်း*
*အထက်အရပ်မှသော်လည်းကောင်း*
*ခပ်သိမ်းသောအရာတို့အားဖြင့်သော်လည်းကောင်း*
*အမှုပြုတော်မူသောတန်ခိုးတော်အားဖြင့်*
*ကိုယ်တော်၏ အသင်းတော်၌သော်လည်းကောင်း*
*ယေရှုခရစ်တော်၌သော်လည်းကောင်း*
*ဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးခြင်းရှိစေပါသတည်း*
*အာမင်*

# နိဒါန်း

ဘုရားသခင်သည် သူ၏သစ္စာရှိတော်မူခြင်း၊ တန်ခိုးတော်ပြတော်မူခြင်းနှင့် ပရောဖက်တို့၏စကားများအားဖြင့် ဓမ္မဟောင်းကျမ်းတွင် သက်သေထူခဲ့ပြီးဖြစ်သည် (ဆလာလံ၊ ၇၈း၅၊ ဟေဗြဲ၊ ၁း၁)။ ဓမ္မသစ်ကျမ်းတွင်မူ ဘုရားသခင်က သူ၏သားတော်အားဖြင့်စကားပြောတော်မူသည် (ဟေဗြဲ၊ ၁း၂)။ ယေရှုရှင်က ခမည်းတော်ဘုရားသခင်၏သဘောသဘာဝကို ဖော်ပြပေးသည် (ယော၊ ၁၇း၂၆)။ ကိုယ်တော်သည် ခမည်းတော်၏စကားတော်များကို ပြောဆိုသည် (ယော၊ ၁၇း၁၄)။ ယေရှုရှင်သည် ခမည်းတော်ဘုရား၏ဘုန်းရောင်ခြည်ဖြစ်သည် (ဟေဗြဲ၊ ၁း၃)။ ထို့ပြင် သူ၏သားသမီးများကို ခမည်းတော်ဘုရား၏နိုင်ငံတွင်းသို့ ဖိတ်ခေါ်နေသည် (မဿဲ၊ ၁၈း၅၊ ၁၉း၁၄)။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏အုံ့ဖွယ်ရာလုပ်ငန်းဆောင်တာနှစ်ခုဖြစ်သော ကယ်တင်ခြင်းတန်ခိုးနှင့် သစ္စာရှိခြင်းများကို နောင်လာနောက်သားများအား သိကျွမ်းစေရန် မိန့်တော်မူထားပါသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်ကို ယုံကြည်ခြင်း၊ ချစ်ခြင်းနှလုံးသားတို့သည် အသက်ရှင်သောဘုရားသခင်သားတော်ယေရှု၏ တန်ခိုးကြီးသောအသက်တာပုံသက်သေ၊ အသင်းတော်၌ ဘုရားသခင်၏ဆက်လက်လှုပ်ရှားခြင်းတို့နှင့် ပေါင်းစပ်လိုက်သောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်သည် တန်ခိုး၊ အပြစ်ကိုဖော်ပြခြင်းနှင့်ပြောင်းလဲခြင်းများဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကို ကလေးငယ်များအား ပြသပေးနိုင်ပါသည်။

**၄င်းသည်** ***<u>သားတော်အားဖြင့် စကားပြောတော်မူခြင်း</u>*** သင်ရိုးညွှန်း၏ရည်ရွယ်ချက် ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းပုံဝတ္ထုများနောက်ကွယ်ရှိ ဘုရားသခင်၏စိတ်တော်ကို ကလေးသူငယ်များအား ပြသတွေ့မြင်စေခြင်းဖြင့် ကလေးသူငယ်များသည် ဘုရားသခင်ကိုမျှော်လင့်တတ်စေရန် ဘုရားသခင်၏အလုပ်၌ ကျွန်ုပ်တို့အထူးပါဝင်ခွင့်ရရှိပါသည် (ဆာလံ၊ ၇၈း၅–၇)။

## သင်ရိုးညွှန်းတမ်းအား ခြုံငုံသုံးသပ်ခြင်း

***<u>သားတော်အားဖြင့်စကားပြောတော်မူခြင်း</u>*** စာအုပ်တွင် နှစ်ကာလအလိုက် **(chronologically)** စီစဉ်ထားသောဓမ္မသစ်ကျမ်းပုံဝတ္ထုများနှင့် ပုံဝတ္ထုတစ်ခုစီတိုင်းတွင် တွေ့မြင်နိုင်သည့်အဓိကအချက်များပါရှိသော သင်ခန်းစာ ၅၂ ခု ပါဝင်ပါသည်။ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ဖြစ်တည်ခြင်းအား ကလေးများအကျွမ်းဝင်စေရန်နှင့် သူတို့အတွက် သမ္မာကျမ်းစာသြဝါဒအုတ်မြစ် ချပေးရန်ဖြစ်သည်။ အဓိကအချက်များကို ထပ်ခါတလဲလဲ အလေးအနက်ဖော်ပြရခြင်းမှာ ကလေးငယ်များကို ထိုအချက်များအားမှတ်မိစေရန်မျှမက ပြောင်းလဲမှုမရှိသောဘုရားသခင်၏ အံ့သြဖွယ်ရာတစ်သမတ်တည်းဖြစ်ခြင်းကိုလည်း ပြသရန်ဖြစ်သည်။ ပုံဝတ္ထုအဖြစ်အပျက်များကို စုံလင်စွာရေးထားခြင်းမဟုတ်သောကြောင့် ဆရာ၊မ ကိုယ်တိုင် နှုတ်ကပတ်တော်နှင့် အဓိကအချက်များကို လေ့လာထားရပါမည်။ ဆရာ၊မ များအနေဖြင့် ပုံဝတ္ထုအဖြစ်အပျက်အားဖြင့် ဘုရားသခင်ကိုယ်တော်တိုင် သူ့ကိုယ်သူ ဖော်ပြပေးဖို့ရန် ဘုရားသခင်ကိုယ်တိုင်အား ကိုးစားရန်လည်း တိုက်တွန်းချင်ပါသည်။ ထိုသို့အားဖြင့် သင်ကြားပေးသူသည် အဓိကအချက်များကို တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ မိမိကိုယ်ပိုင်ဟန်၊ စကားလုံးများဖြင့် ပြောပြရမည်ဖြစ်သည်။

# သင်ရိုးညွှန်းတမ်းကို သင်ယူအသုံးပြုမည့်သူများ

ကျောင်းနေအရွယ်မရောက်သေးသောကလေးများအတွက် ရည်ရွယ်ထားပါသော်လည်း ***သားတော် အားဖြင့် စကားပြောတော်မူခြင်း*** စာအုပ်သည် မူလတန်းကလေးငယ်များအတွက်လည်း အသုံးပြုနိုင် ပါသည်။ သင်ကြားပေးသူအနေဖြင့် မိမိသင်ကြားပေးနေသောကလေးများ၏ အသက်အရွယ်ပေါ်မူတည်၍ ဝေါဟာရများနှင့် ရှင်းပြချက်များကို လိုက်ဖက်အောင်ပြင်ဆင်ရန်သာဖြစ်သည်။

***ဘုရားသခင် ထုထောင်ခဲ့သောသက်သေတရား*** စာအုပ်ကို အသုံးပြုပြီးမှ ***သားတော်အားဖြင့် စကားပြောတော်မူခြင်း*** စာအုပ်ကို အသုံးပြုရန် အကြံပြုအပ်ပါသည်။ (ဘုရားသခင် ထုထောင်ခဲ့သော သက်သေတရား စာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။) ဤစာအုပ်နှစ်အုပ်လုံးသည် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းနှစ်ခုပေါင်း၍ သမိုင်းစဉ်လိုက် ပုံဝတ္ထုပေါင်း ၁၁၆ ခုကို ဖော်ပြရန်ရည်ရွယ်ထားပါသည်။

# လက်ရှိအသုံးများသည့် သင်ရိုးညွှန်းတမ်းများ
# အဓိကသင်ကြားပုံသုံးမျိုးနှင့် အဓိကဖြေရှင်းချက်သုံးခု

ကလေးသူငယ်များအတွက် ပြင်ဆင်ထားသောလက်ရှိအသုံးများသည့် ဆန်းဒေးစကူးလ်စာအုပ်များကို လေ့လာကြည့်သည့်အခါ အဓိကသင်ကြားပုံသုံးမျိုးကို သတိထားမိပါသည်။ ၄င်းတို့မှာ –

၁။ ပါဝင်သည့်အကြောင်းအရာ အကန့်အသတ်ဖြစ်ခြင်း (Limited Content)

၂။ လူသားဗဟိုပြုခြင်း – ကိုယ်ကျင့်တရားအလေးပေးခြင်း (A Man-Centered, Moralistic Emphasis)

၃။ မရေမရာ ချဉ်းကပ်ပုံနည်းလမ်း (A Hit-or-Miss Approach)

စာရေးသူအနေနှင့်ကျောင်းတက်ခဲ့စဉ်က သိပ္ပံဘာသာရပ်ကိုနှစ်သက်သူ၊ နားလည်သဘောပေါက်လွယ်သူ တစ်ယောက် မဟုတ်ခဲ့ပါသော်လည်း "လုပ်ရပ်တိုင်းတွင် တူညီသောတုံ့ပြန်မှုနှင့် ဆန့်ကျင်ဘက်တုံ့ပြန်မှုရှိသည်" ဟူသော ရူပါဗေဒနည်းဥပဒေသတစ်ခုကို သေချာစွာသင်ယူခဲ့ပါသည်။ ဤနည်းဥပဒေသကိုအသုံးပြုခြင်းအားဖြင့် လက်ရှိအသုံးများသည့်သင်ကြားပုံသုံးမျိုးကို ဖြေရှင်းနိုင်ပါသည်။ ဥပမာအားဖြင့် – ပါဝင်သည့်အကြောင်းအရာ အကန့်အသတ်ဖြစ်ခြင်းပြဿနာကို ဘုရားသခင်၏နှုတ်ကပတ်တော်အကုန်အစင် သင်ကြားပေးခြင်းအားဖြင့်လည်းကောင်း၊ လူသားဗဟိုပြုခြင်း–ကိုယ်ကျင့်တရားအလေးပေးခြင်းကို ဘုရားသခင်ဗဟိုပြု ချဉ်းကပ်နည်းဖြင့်လည်းကောင်း၊ မရေမရာချဉ်းကပ်ပုံနည်းလမ်းကို နှစ်ကာလအလိုက်ကျမ်းစာပါအဖြစ်အပျက်များကို ပြောပြခြင်းဖြင့်လည်းကောင်း ဖြေရှင်းနိုင်မည်ဖြစ်သည်။

**၁။ ပါဝင်သောအကြောင်းအရာ အကန့်အသတ်ဖြစ်ခြင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်အလုံးစုံ (အကုန်အစင်) သင်ကြားပေးခြင်းတို့အား နှိုင်းယှဉ်ခြင်း**

ကလေးများသည် ထပ်ခါတလဲလဲပြုခြင်းကို နှစ်သက်ကြပါသည် – ၄င်းတို့နှစ်သက်သောပုံပြင်များကို ထပ်ခါထပ်ခါကြားချင်ကြသည်။ ကလေးများအား သမ္မာကျမ်းစာပါအဖြစ်အပျက်များကို ထပ်ခါထပ်ခါပြောပေးခြင်းက ထိုအကြောင်းအရာများကို မှတ်မိနားလည်စေသော နည်းလမ်းကောင်းဖြစ်ပါသည်။

ထပ်ခါထပ်ခါပြောပြခြင်းသည် လမ်းလျှောက်တတ်ခါစကလေးများအတွက် အသုံးဝင်ပါသော်လည်း ကျောင်းနေစကလေးများအတွက်မှာမူ သမ္မာကျမ်းစာပါအခြားအကြောင်းအရာများကို မကြားရတော့ဘဲ ကြားနေကြပုံပြင်

များကိုသာ ထပ်ခါထပ်ခါကြားနေသည့်အခြေအနေ ဖြစ်သွားတတ်ပါသည်။ ငယ်ရွယ်သောကလေးများအတွက် ကြားနေကြပုံပြင်များကို ကြားနာခြင်းသည် အထောက်အကူဖြစ်ပါသော်လည်း သမ္မာကျမ်းစာပါအခြားသော ပုံပြင်များကို ချန်လှပ်ထားရန်တော့မဟုတ်ပေ။ အသက် ၅ နှစ် ရှိပြီဖြစ်သည့်ကလေးတစ်ဦးအနေနှင့် "နောနှင့် သင်္ဘောကြီး" အကြောင်းကို အကြိမ်ပေါင်းများစွာကြားခဲ့ပြီးဖြစ်နိုင်သည်။ သို့သော် ကြေးဝါမြွေရုပ်၊ ဒါဂုန်နတ်ဘုရားရုပ်တု၊ အာဟပ်၊ အာနနိနှင့်ရှိဖိရေ၊ နတ်လိုက်စားသူရှိမုန် စသည့်အကြောင်းအရာများကို မကြားဖူးဘဲ နေနိုင်သည်။ အကယ်၍နှုတ်ကပတ်တော်သည် ဘုရားသခင်မှုတ်သွင်းတော်မူခြင်းဖြင့်ဖြစ်ပြီး *သြဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်သည်* (၂တိ၊ ၃း၁၇)ဆိုလျှင် ကလေးများအတွက် နှုတ်ကပတ်တော်ကို ကန့်သတ်လိုက်ခြင်းသည် ဘုရားသခင်အပေါ် ထိုကလေးထားရှိသည့်အမြင်အား ကန့်သတ်ပေးလိုက်ခြင်းကဲ့သို့ ဖြစ်သွားနိုင်သည်။ ဣသရေလလူမျိုးများအပေါ် အကြိမ်ကြိမ်ဘုရားသခင်၏ စိတ်ရှည်ပေးခြင်းနှင့်ဂရုဏာတော်တို့ကို မမြင်နိုင်သ၍ ဘုရားသခင်၏သစ္စာရှိတော်မူခြင်းကို အမှန်တကယ်နားလည်ရန် ခက်ခဲပါလိမ့်မည်။ ဣသရေလလူမျိုးက ဘုရားသခင်ကို ထပ်တလဲလဲ ငြင်းပယ်ခဲ့သော်လည်း ဘုရားသခင်သည် သူတို့ကိုခွင့်လွှတ်ပေးလျက် သူ့ထံသို့ပြန်လာစေရန် လမ်းပြင်ပေးခြင်းတို့ကို သိမြင်လာပါက ဘုရားသခင်သည် "သစ္စာရှိတော်မူသည်" ကို စတင်သိမြင်လာမည်ဖြစ်သည်။ ဘုရားသခင်၏မပြောင်းလဲသောအဖြစ်တော်ကို ပြောင်းလဲဖြစ်ပျက်နေသည့်အဖြစ်အပျက်များကြား၌ တွေ့မြင်ရသည့်အခါ "ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိ" ဆိုသည်ကို သိနားလည်စေသည်။ ကလေးများအနေနှင့် အကြောင်းအရာကန့်သတ်လျက်ရှိသည့် သွန်သင်ပေးခြင်းများဖြင့်ဆိုလျှင် အထက်ပါရှုထောင့်အမြင်များကို နားလည်ဖမ်းဆုပ်မိရန် ခက်ခဲမှုရှိနေမည်ဖြစ်သည်။

ဘုရားသခင်၏နှုတ်ကပတ်တော်အလုံးစုံ သင်ကြားပေးခြင်းနှင့်စပ်လျဉ်း၍ အများအားဖြင့်ဝေဖန်ခံရသည့်အချက်မှာ သမ္မာကျမ်းစာပါအချို့သောအကြောင်းအရာများသည် ကလေးများအတွက်မသင့်တော်ဟူသော ယူဆချက်ဖြစ်သည်။ ကလေးများနှင့် မသင့်တော်သောပုံပြင်အကြောင်းအရာများမှာ အရွယ်ရောက်ပြီးသူများကသာ ကြားသိသင့်သည့်အကြောင်းအရာများဖြစ်သည် (ဥပမာ – ယောသပ်အား ပေါတိဖာမယားက သွေးဆောင်ခြင်း၊ ဒါဝိဒ် ဗာသရှေဘနှင့် ပြစ်မှားခြင်း)။ တစ်ချို့အကြောင်းအရာများမှာမူ ကလေးများအတွက် အလွန်ကြမ်းတမ်းရက်စက်သည့်အကြောင်းအရာများဖြစ်သည် (ဥပမာ – ဣသရေလလူမျိုးများက သိုး၊ နွား၊ အမျိုးသမီးများနှင့် ကလေးများပါမကျန် ရှင်းလင်းသတ်ဖြတ်ခဲ့ကြသည်)။ ကလေးများကြားသိဖို့ရန် မသင့်တော်သည့်အဖြစ်အပျက်အကြောင်းအရာများ ပါနေသည်မှန်သော်လည်း ထိုပုံပြင်အဖြစ်အပျက်များကို လိမ္မာပါးနပ်စွာဖြင့် ကလေးများနားလည်နိုင်သည့်ပုံစံဖြင့် ပြောပြနိုင်ပါသည်။ ဥပမာဆိုရလျှင် ယောသပ်နှင့်ပေါတိဖာဇနီးတို့၏ အဖြစ်အပျက်တွင် "*ပေါတိဖာမိန်းမက ယောသပ်ကို အပြစ်လုပ်စေချင်ခဲ့တယ်။*" ဟူ၍လည်းကောင်း၊ ဒါဝိဒ်နှင့်ဗာသရှေဗတို့၏ ဖောက်ပြန်မှုနှင့်ပတ်သက်၍ "*ဒါဝိဒ်က ဗာသရှေဗကို မြင်တွေ့တဲ့အခါမှာ ဥရိယရဲ့မိန်းမဆိုတာ သိပေမယ့် သူ့ရဲ့မိန်းမအဖြစ် ယူချင်ခဲ့တယ်။ အဲဒါကြောင့် ဒါဝိဒ်က ဗာသရှေဗကို နန်းတော်ထဲခေါ်ပြီးတော့ သူငယ်ချင်းလိုဆက်ဆံမယ့်အစား သူ့မိန်းမလို ပြုမူခဲ့တယ်။*" ဟူ၍ ပြောပြနိုင်ပါသည်။ အသေးစိတ်အချက်များကို ချန်လှပ်ထားခြင်းက ကလေးများအတွက် မသင့်တော်သည့်အကြောင်းအရာများနှင့်စပ်လျဉ်းသော ပြဿနာအများစုကို အလိုလိုဖြေရှင်းပေးပါသည်။

ကလေးများကြားနေကြသည့် အချို့သောပုံပြင်များသည် ရက်စက်ကြမ်းတမ်းသည့်အကြောင်းအရာများဖြင့် ဇာတ်အိမ်ဖွဲ့ရေးယူက်ထားပါသည်။ သတ်ဖြတ်လုယက်ခြင်း၊ ကြီးနိုင်ငယ်နင်းခြင်းနှင့် မတော်မတရားပြုမူကျင့်ကြံခြင်းစသည့်အကြောင်းအရာများကို ကလေးများ၏ညအိပ်ပုံပြင်များတွင် များစွာတွေ့မြင်နိုင်ပါသည်။ ထို့ပြင် တီဗီဖန်သားပြင်မှတဆင့် ရက်စက်ကြမ်းတမ်းသောအပြုအမူပြကွက်များကို ကြည့်ရှုသိမြင်ခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာပါ ရက်စက်ကြမ်းတမ်းသောအကြောင်းအရာများကို ကန့်သတ်သည်ထက် တီဗီဖန်သားပြင်မှတဆင့် ရှုမြင်ရသောအရာများတားမြစ်ခြင်းသည် ပို၍သင့်လျော်သည်ဟုပင် ထင်ရပါသည်။

စင်စစ် တီဗီဇဖန်သားပြင်မှ ရက်စက်ကြမ်းတမ်းမှုများသည် တစ်ခါတစ်ရံတွင် အဓိပ္ပါယ်မရှိ၊ အကျိုးအကြောင်းလဲမရှိသည်ကို တွေ့မြင်ရသည်။ ထို့ပြင် အကြမ်းဖက်မှုများကို ကာတွန်းကားအချို့တွင် "ဟာသ" အဖြစ် ဖော်ကျူးထားသည်။ သမ္မာကျမ်းစာပါရက်စက်မှုများသည် အပြစ်၏အကျိုးဆက် သို့မဟုတ် အပြစ်ကျူးလွန်ခြင်း၏အကျိုးဆက်များကြောင့်ဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ ဘုရားသခင်၏တရားစီရင်ခြင်းသည် အတ္တဖြင့်တဘက်စောင်းနင်းကာ ထင်တိုင်းကြဲသောလုပ်ရပ်မျိုးမဟုတ်ပဲ ဖြောင့်မတ်မှန်ကန်သောတရားစီရင်ခြင်းမျိုးဖြစ်သည်။ ထိုကြောင့် ကလေးများအနေနှင့် ဤအကြောင်းအရာများ၏ရှေ့နောက်သဘောကို နားလည်နိုင်ကြပါသည်။ ဘုရားသခင်၏ဒေါသအမျက်တော်အကြောင်းကို ကလေးများအားသိမြင်စေခြင်းသည် ဆိုးသောအရာမဟုတ်ဘဲ အပြစ်၏နောက်ဆက်တွဲရလဒ်ကို ကြောက်ရွံ့စေပြီး၊ အပြစ်ကို မုန်းတီးရှောင်ရှားတတ်စေရန် သင်ကြားပေးခြင်းလည်းဖြစ်ပါသည်။ အပြစ်ပေးရန်ထိုက်တန်ပါသော်လည်း ဘုရားသခင်က ဂရုဏာတော်နှင့်ခွင့်လွှတ်ခြင်းများကို တိုးမြှင့်ပေးလေ့ရှိသည်ကို ကလေးများသိမြင်နားလည်ခြင်းက ၄င်းတို့အတွက် အလွန်အရေးပါပါသည်။

## ၂။ လူသားဗဟိုပြုခြင်း – ကိုယ်ကျင့်တရား အလေးပေးခြင်းနှင့် ဘုရားသခင်အားဗဟိုပြု၍ သင်ကြားပေးခြင်းတို့အား နှိုင်းယှဉ်ခြင်း

လိမ္မာသည့်ကလေးများဖြစ်လာစေရန် ကလေးများကိုသင်ကြားပေးကြရာတွင် သမ္မာကျမ်းစာပါအကြောင်းအရာများကို ကိုယ်ကျင့်တရားကောင်းမွန်လာစေရန်သာရည်ရွယ်လျက် သင်ကြားပေးတတ်ကြသည်။ သို့နှင့်တောင်းလေးထဲမှကလေးငယ်မောရှေ၏အကြောင်းသည် ကူညီခြင်းနှင့်ဆိုင်သောသင်ခန်းစာ ဖြစ်လာသည်။ မိရိအံက နိုင်းမြစ်ကမ်းဘေးမှမိမိမောင်လေးကို ကြည့်ရှုစောင့်ရှောက်ခြင်းအားဖြင့် သူမ၏မိခင်ကို ကူညီခဲ့သည်ဟူ၍ သင်ကြားမှုများရှိလာသည်။ ဂေါလျက်ကို ရင်ဆိုင်ခဲ့သောဒါဝိဒ်အကြောင်းက သတ္တိရှိခြင်း၏ပုံဥပမာလောက်သာဖြစ်လာသည်။ လူ (၅၀၀၀) ကို အစားအသောက်များကျွေးမွေးခြင်းက ပေးကမ်းဝေမျှခြင်းအတွက်သင်ခန်းစာဖြစ်လာသည်။ အမှန်တိုင်းပြောရလျှင် သင်ခန်းစာများသည် "ငါဆိုသည့်အရာကို ဗဟိုပြုခြင်း" အချက်များ ဖြစ်လာခဲ့သည်။ ဘုရားသခင်က **ငါ့ကို** ချစ်တယ်၊ ဘုရားသခင်က **ငါ့ကို** ဂရုစိုက်တယ်၊ ဘုရားသခင်က **ငါ့ကို** ကယ်တင်တော်မူမယ်၊ ဘုရားသခင်က **ငါ့**ဆုတောင်းသံကို နားထောင်တယ် စသည်ဖြင့် **ငါ –ငါ –ငါ** ဖြစ်လာသည်။ ဘုရားသခင်ထက် လူသားအပေါ်တွင် အာရုံစူးစိုက်မှုပိုများလာခဲ့သည်။

သမ္မာကျမ်းစာ၏အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်၏သဘောသဘာဝကို ဖော်ပြခြင်းအားဖြင့် ယုံကြည်ခြင်းခိုင်မာစေလာရန်ဖြစ်သည်။ လူသားနှင့်၄င်း၏လိုအပ်ချက်များထက် ဘုရားသခင်သည် သမ္မာကျမ်းစာ၌ အဓိကပုဂ္ဂိုလ်ဖြစ်ပါသည်။ တောင်းထဲမှမောရှေ၏အဖြစ်အပျက်သည် ကူညီပေးခြင်းသင်ခန်းစာမျှသာမဟုတ်ပဲ အာဗြဟံထံ၌ လူမျိုးကြီးဖြစ်စေမည်ဟုပေးထားခဲ့သည့်ကတိတော်အားတည်စေပြီး၊ ဣသရေလလူမျိုးတို့အပေါ်ထားရှိသည့် ဘုရားသခင်၏စာနာသနားတော်မူကိုဖော်ပြလိုခြင်းဖြစ်သည်။ ဣသရေလလူမျိုးတို့ကို အဲဂုတ္တုပြည်မှကယ်နှုတ်တော်မူခြင်းသည်လည်း ဘုရားသခင်၏အစိုးရတော်မူခြင်းနှင့် စာတန်မာရ်နတ်၏အကြံအစည်များကိုပျက်ဆီးစေနိုင်သည့် ဘုရားသခင်၏တန်ခိုးတော်ကြီးမားခြင်းတို့ကို ဖော်ကျူးနေခြင်းဖြစ်သည်။ ထို့ကြောင့်ထိုအဖြစ်အပျက်များအားလုံး၏ရည်ရွယ်ချက်မှာ သူသည် စစ်မှန်သောဘုရားသခင်ဖြစ်ကြောင်းကို အဲဂုတ္တုပြည်အားပြသရန် ဖြစ်သည် (ထွက်၊ ၇း၁–၅)။

သမ္မာကျမ်းစာရှိအကြောင်းအရာများကို ဖတ်သည်ဖြစ်စေ၊ ပြန်လည်ပြောပြသည်ဖြစ်စေ မိမိကိုယ်ကို ဆန်းစစ်သင့်သည့်မေးခွန်းမှာ "ဤအဖြစ်အပျက်က ဘုရားသခင်နှင့်ပတ်သက်၍ မည်သည့်အရာကိုပြောသနည်း" ဟူ၍ဖြစ်သည်။ သမ္မာကျမ်းစာ၌ဖော်ပြထားသည့်အတိုင်း ဘုရားသခင်ကို ကျွန်ုပ်တို့သိရှိလာပြီး၊ နေ့စဉ်အသက်တာ၌ အမှန်တကယ်မြည်းစမ်းခြင်းအားဖြင့် ယုံကြည်ခြင်းသည်လည်း ကြီးထွားလာသည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူသောသဘောသဘာဝတို့ကို မြင်တွေ့အံ့သြခြင်းမှ မွန်မြတ်သောစာရိတ္တများ ပေါက်ဖွားလာသည်။

ကျွန်ုပ်တို့အားလုံး လေးစားအားကျသူကို အတုယူကြသည် မဟုတ်ပါလား။ ဘုရားသခင်၏ သဘောသဘာဝကို ကျွန်ုပ်တို့ ပိုမိုသိရှိလေလေ၊ ကျွန်ုပ်တို့၏မစုံလင်ခြင်းနှင့် သန့်ရှင်းစွာအသက်မရှင်နိုင်ခြင်းတို့ကို ပို၍ခံစားသိမြင်လာကာ ထိုအသက်တာမှနောင်တရရှိစေကာ ဘုရားသခင်ကိုသာမှီခိုခြင်းအသက်တာရှိလာစေရန် တွန်းအားပေးပါသည်။

## ၃။ မရေမရာ ချဉ်းကပ်ပုံနည်းလမ်းနှင့် နှစ်ကာလအလိုက် ချဉ်းကပ်လေ့လာခြင်းတို့အား နှိုင်းယှဉ်ခြင်း

သမ္မာကျမ်းစာသည် အပြန်အလှန်ဆက်နွယ်နေသည့်အဖြစ်အပျက်များဖြစ်ရာ၊ သီးခြားအကြောင်းအရာများ ရောရာပေါင်းချုပ်ထားသောစာအုပ်မဟုတ်ပေ။ ဆက်နွယ်နေသောအဖြစ်အပျက်များကို အစဉ်လိုက်ပြောပြခြင်း မရှိပါက သမ္မာကျမ်းစာ၏အဓိကအချက်များသည်လည်း လက်လွတ်မိနိုင်ပါသည်။ နှစ်ကာလအလိုက် ချဉ်းကပ်လေ့လာခြင်းအားဖြင့် သမ္မာကျမ်းစာပါအကြောင်းအရာများအားလုံးသည် တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းကို ပို၍လွယ်ကူရှိုးရှင်းစွာ တွေ့မြင်စေပါသည်။ ထိုသို့အားဖြင့် တောင်းထဲကမောရှေသည် ပညတ်တော် (၁၀) ပါးကို လက်ခံရရှိခဲ့သောမောရှေပင်ဖြစ်ကြောင်းကို သိနားလည်စေပါသည်။ သိုးကျောင်းသားလေးဒါဝိဒ်သည် ကြီးပြင်းလာသောအခါ ဣသရေလရှင်ဘုရင် ဖြစ်လာခဲ့သည်။ လူသားတို့ဟူသည် မွေးဖွားလာပြီး သေဆုံးကြသည်၊ ဘုရင်တစ်ပါးပေါ်လာပြီး တဖန်ပြန်လည်ပျောက်ကွယ်သွားကြသည်၊ အခြေအနေတစ်ခု ဖြစ်ပေါ်လာပြီး ပြန်လည်ပျောက်ကွယ်သွားကာ အခြားအခြေအနေတစ်ခု ပြန်ပေါ်လာစမြဲဖြစ်သည်။ ထိုအဖြစ်အပျက်အခြေအနေအရပ်ရပ်တို့၌ ဘုရားသခင်သည်သာ မပြောင်းမလဲဖြစ်တည်နေသည်ကို မြင်တွေ့နိုင်ပါသည်။ သမ္မာကျမ်းစာသမိုင်းတလျှောက် ထာဝရဘုရားသည်မပြောင်းလဲဘဲ သူ၏လူများနှင့်အတူ အစဉ်အမြဲရှိနေခဲ့သည်။ ဘုရားသခင်သည် မည်သူနှင့်မျှမတူသောထာဝရဘုရားဖြစ်သည်။ ထို့ပြင် သမ္မာကျမ်းစာ၌ တူညီသော အဓိကဆိုလိုရင်းများကို ထပ်ခါထပ်ခါဖော်ပြထားပါသည်။ ထိုအရာမှာ ဘုရားသခင်၏သဘောသဘာဝများ ဖြစ်ကြပြီး၊ ကိုယ်တော်သည် မပြောင်းလဲအစဉ်ရှိတော်မူသည်ကို ထင်ရှားစေသည်။

အကယ်၍ ကလေးငယ်တစ်ယောက်သည် နိမိတ်လက္ခဏာများနှင့် ထူးခြားသောစွန့်စားခန်းများကိုသာ ကြားနေရပါက သမ္မာကျမ်းစာကို ဒဏ္ဍာရီပုံပြင်တစ်ခုဟု ထင်မှတ်မှားသွားနိုင်ပါသည်။ ပင်လယ်နီ နှစ်ခြမ်းကွဲစေခြင်း၊ မြည်းတစ်ကောင်စကားပြောခြင်း၊ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်အားဖြင့် လူငါးထောင်အား ကျွေးမွေးခြင်း စသည့် အဖြစ်အပျက်များသည် “စကားပြောတတ်သောယုံနှင့်လိပ်ပုံပြင်” များထက် ပို၍ယုံကြည်ရန် လွယ်ကူပါသလား။ သမ္မာကျမ်းစာပါအဖြစ်အပျက်ပုံပြင်များကို နေ့စဉ်အသက်တာ၌ ဘုရားသခင်၏သဘောသဘာဝများနှင့်ပေါင်းစည်းလိုက်သည့်အခါ ယုံကြည်နိုင်စရာကောင်းသည့်အကြောင်းအရာများ ဖြစ်လာကြသည်။

သမ္မာကျမ်းစာလေ့လာမှုတိုင်းသည် နှစ်ကာလအလိုက်ဖြစ်နေရန် မလိုအပ်ပေ။ သို့သော်လည်း သမ္မာကျမ်းစာကို ခေါင်းစဉ်အလိုက်လေ့လာခြင်းမပြုမီ နှစ်ကာလအစဉ်လိုက် နားလည်သဘောပေါက်ခြင်းအုတ်မြစ်သည် အထူးသဖြင့် ကလေးများအတွက်လိုအပ်ပါသည်။ ကလေးများ၏နှလုံးသားထဲတွင် ဘုရားသခင်၏သဘောသဘာဝနှင့် သမ္မာကျမ်းစာ၏အဓိကအချက်များ အမြစ်တွယ်သွားပြီးသည့်နောက် သမ္မာကျမ်းလေ့လာနည်း အခြားလမ်းစဉ်များအတိုင်းလည်း သင်ကြားပေးနိုင်ပါသည်။ ဣသရေလလူမျိုးများ ဘုရားသခင်ကို ဆက်တိုက်ငြင်းပယ်လျက် ရုပ်တုဆင်းတုများကိုးကွယ်ကြခြင်းနှင့် သူ့ထံပြန်လာရန် ဘုရားသခင်၏ အကြိမ်ကြိမ် အပြစ်စီရင်ခြင်းများကို ရှေးဦးစွာနားလည်သိရှိခြင်းမရှိသ၍ ဘုရားသခင်သည် ဂရုဏာတော်ရှင်ဖြစ်သည်ဆိုသည့် အချက်ကို လုံးလုံးလျားလျားနားလည် တန်ဖိုးထားနိုင်မှာမဟုတ်ပေ။ သမ္မာကျမ်းစာကို ဖတ်ရှုတ်သောသူအနေနှင့် လူသားသည် အမြဲအပြစ်ကျူးလွန်နေတတ်သူဖြစ်၍ မိမိကိုယ်ကိုမကယ်တင်နိုင်ကြောင်းကို သိလာသည်နှင့်အမျှ ဘုရားသခင်၏ကျေးဇူးတော်တရားအား ဝမ်းမြောက်ရွှင်လန်းစွာ ကျေးဇူးတော်ချီးမွမ်းတတ်လာမည်ဖြစ်သည်။

သမ္မာကျမ်းစာ၏ရည်ရွယ်ချက်၌ မှန်ကန်စွာရပ်တည်နိုင်ရန်အတွက် ကျမ်းပိုဒ်တိုင်း၏ရှေ့နောက်အကြောင်းအရာ၊ အဆက်အစပ်ကိုလေ့လာရန်မှာ အလွန်အရေးကြီးပါသည်။ အပေါ်ယံမဟုတ်ပဲ အဖြစ်အပျက်အရင်းအမြစ်ထိ တိုင်အောင်လေ့လာရပါမည်။ နှစ်ကာလအလိုက်သမ္မာကျမ်းစာလေ့လာခြင်းက အကြောင်းအရာတစ်ခုခုကို အဆုံးတိုင်ဖော်ပြပေးလေ့ရှိရာ၊ ဘုရားသခင်သည် အခြေအနေအရပ်အရပ်အတွက် အကောင်းဆုံးဖြစ်သည်ကို ဖော်ပြပေးပါသည်။ ဘုရားသခင်၏အုပ်စိုးတော်မူခြင်းကို ငြင်းပယ်ခဲ့ပြီး လူသားရှင်ဘုရင်ကို တောင်းဆိုခဲ့သည့် ဣသရေလလူတို့၏မိုက်မဲခြင်းသည် လူသားဘုရင်များ နန်းတက်အုပ်စိုးလာသည့်အခါတွင် သိရှိခဲ့ရသည်။ တပါးအမျိုးသားများနှင့် လက်ထပ်ထိမ်းမြားခြင်းကို တားမြစ်ခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် ဘုရားသခင်၏ ဥာဏ်တော်သည်လည်း ရှောလမုန်မင်းကြီး၏မိဖုရားများစွာက ဘုရားသခင်ထမှံစိတ်လွဲစေရန် လုပ်ဆောင်ခဲ့ခြင်း၌ ထင်ရှားခဲ့သည်။ ဓမ္မဟောင်းကျမ်းရှိ မေရှိယနှင့်သက်ဆိုင်သော ကတိတော်များသည် အသက်ရှင်သော ဘုရားသခင်၏သားတော်ယေရှု၌ ပြီးပြည့်စုံလာသည်ကို တွေ့မြင်သည့်အခါ ဘုရားသခင်သည် ကတိတော် စောင့်ထိန်းတော်မူသောအရှင်ဖြစ်ကြောင်း ရှိသေလေးမြတ်ခြင်းရှိပါသည်။

သမ္မာကျမ်းစာက ဘုရားသခင်သည် မည်သူဖြစ်ကြောင်းနှင့် ဤလောကတွင် မည်သည့်အရာများ လုပ်ဆောင်နေ သည်ကို အဆင့်ဆင့်ဖော်ပြထားသောကြောင့် နှစ်ကာလအလိုက် သမ္မာကျမ်းစာကိုလေ့လာခြင်းသည် သိရှိနားလည်ထားသောအခြေခံအချက်များအပေါ် တည်ဆောက်ခြင်းဖြစ်၍ ယုံကြည်ခြင်းကိုလည်း ရင့်ကျက်စေ ပါသည်။ သမ္မာကျမ်းစာပါ ကြီးမားသောအဖြစ်အပျက်၏ တစိတ်တပိုင်းကို မည်သူကလွဲချော်စေလိုပါမည်နည်း။ သမ္မာကျမ်းစာကို အစီအစဉ်မကျတစိတ်တပိုင်းကွက်၍ လေ့လာခြင်းအားဖြင့် ဘုရားသခင်၏သမ္မာတရား အချို့တို့ကို အဘယ့်ကြောင့်လွဲချော်စေပါမည်နည်း။ နက်နဲစွာနားလည်ရသောအခွင့်နှင့် ယုံကြည်ခြင်းအတွက် အကျိုးပေးသည့်လမ်းစဉ်များရှိနေပါလျက်နှင့် ဘုရားသခင်၏ဆက်လက်လုပ်ဆောင်မှုကို တပိုင်းတစလေ့လာခြင်း၌ အဘယ်ကြောင့်ရပ်တန့်နေရမည်နည်း။ ထာဝရဘုရားသခင်၏သဘောသဘာဝနှင့် စိတ်သဘောထားကို သိမြင်နိုင်ပါလျက်နှင့် လူပုဂ္ဂိုလ်များ၊ အဖြစ်အပျက်များကိုသာ အဘယ့်ကြောင့် အလေးပေးကြည့်ရှုနေရမည်နည်း။

## သင်ရိုးညွှန်းတမ်း

သင်ခန်းစာ ၆၄ ခုရှိသည့် “ဘုရားသခင် တည်ထောင်ခဲ့သောသက်သေတရား” စာအုပ်အား အသုံးပြုပြီး သည်နှင့် “သားတော်အားဖြင့် စကားပြောတော်မူခြင်း” ဆိုသည့် ဤစာအုပ်ကို အသုံးပြုရန် ရည်ရွယ်ထား ပါသည်။ ဤစာအုပ်တွင် ယေရှုရှင်၏သဘောသဘာဝကို ဖော်ပြပေးထားသော သမ္မာကျမ်းစာမှ အဓိကပုံပြင် အဖြစ်အပျက် ၅၂ ခုကို အစဉ်လိုက် ရွေးနုတ်ထည့်သွင်းထားပါသည်။ ဤသင်ရိုးညွှန်းတမ်းစာအုပ်ကို တစ်နှစ်စာ တစ်ပတ်ကို အခန်းတစ်ခုစာအဖြစ် ပြင်ဆင်ပေးထားပါသည်။ အိမ်၌အသုံးပြုမည်ဆိုလျှင်လည်း သင်ခန်းစာများကို အကြိမ်ကြိမ် ပြန်လည်ကြည့်ရှုသင်ပေးနိုင်ပါသည်။
သင်ခန်းစာ တစ်ခုစီတိုင်းသည် အောက်ပါအတိုင်း ပိုင်းခြားထားပါသည်

### ခေါင်းစဉ်

သမ္မာကျမ်းစာ အဖြစ်အပျက်များတွင် ဘုရားသခင်သည် အဓိကဇာတ်ကောင်အဖြစ်ပေါ်လွင်စေရန် ခေါင်းစဉ် များကို စနစ်တကျ ရွေးချယ်ပြင်ဆင်ထားပါသည်။ ဥပမာ –

> *အသက်မှန့်ဖြစ်သော ယေရှုရှင်က လူပေါင်းငါးထောင်ကို ကျွေးမွေးခဲ့သည်* (လူငယ်လေးက သူ၏ နေ့လယ်စာကို မျှဝေခဲ့သည်ဟူ၍ ခေါင်းစဉ်မပေးထား)
>
> *သစ္စာရှိသောဖခင်က ပျောက်သောသားကို ပြန်လည်ကြိုဆိုခဲ့သည်* (ပျောက်သောသားဟူ၍ ခေါင်းစဉ် မပေးထား။)
>
> *ယေရှုရှင်က ဇက္ခဲကို ရှာဖွေကယ်တင်ရန် လာခဲ့သည်* (အရပ်ပုပုဇက္ခဲဟူ၍ ခေါင်းစဉ်မပေးထား)

ခေါင်းစဉ်များသည် ဆရာ၊မ များအတွက် ရေးသားထားခြင်းဖြစ်ပြီး ဘုရားသခင် ဗဟိုပြုချဉ်းကပ်နည်းများကို ပေါ်လွင်စေရန် ရည်ရွယ်ထားပါသည်။ ခေါင်းစဉ်များသည် ကျောင်းနေကလေးများအတွက် သင့်တော်သော်လည်း ကျောင်းမနေသေးသောကလေးငယ်များကို သင်ကြားသောအခါတွင်မူ ပိုမိုရိုးရှင်းသောစကားလုံးများဖြင့်လည်း ရှင်းပြပေးရန် လိုအပ်နိုင်ပါသည် (ဥပမာ – ယေရှုရှင်က လူငါးထောင်ကို ကျွေးမွေးခဲ့သည်)။

## ကျမ်းညွှန်းများ

သမ္မာကျမ်းစာအဖြစ်အပျက်ပုံပြင်များကို ပြောပြရန်ပြင်ဆင်ရာတွင် သမ္မာကျမ်းစာကို သင်ကိုယ်တိုင်လေ့လာရန် ကျွန်ုပ်တို့ ရည်ရွယ်ထားပါသည်။ ကျမ်းချက်များကို သေချာဆင်ခြင်အောက်မေ့ခြင်းနှင့် ဘုရားသခင်ကိုယ်တိုင်က သင်၏အသက်တာတွင် ထိုကျမ်းချက်ကိုအသက်ဝင်စေရန် ဆုတောင်းခြင်းအားဖြင့်သာ ကလေးများကို မိမိအသက်တာ နှလုံးသားမှလာသောသင်ကြားပေးခြင်းကို ပို့ချနိုင်မည်ဖြစ်သည်။ ဆန်းဒေးစကူးလ်တွင် သမ္မာကျမ်းစာပုံပြင်ကို ဖတ်ပေးရုံသက်သက်သည် ဘုရားသခင်မှုတ်သွင်းတော်မူသော နှုတ်ကပတ်တော်ကို ကိုယ်ကိုတိုင်အသက်တာတွင် အမှန်တကယ်နားလည်သဘောပေါက်၍ ပြန်လည်ပြောပြခြင်းကို မည်သို့နှင့်မျှ ယှဉ်နိုင်စွမ်းမရှိ။ ပထမသင်ကြားပုံမှာ ခေါင်းမှလာသောအသိအားဖြင့် သင်ကြားပေးခြင်းဖြစ်ပြီး၊ နောက်တစ်ခုမှာ နှလုံးသားမှလာသော သင်ကြားပေးခြင်းဖြစ်သည်။ ဆက်လက်တိုက်တွန်းလိုသည်မှာ သင်ကြားမည့်ကျမ်းပိုဒ်ကို တပတ်ခန့် ကြိုတင်ဖတ်ပါ။ တစ်ပတ်တာလုံး ပြန်လည်သုံးသပ်ဆင်ခြင်ပါ။ အချိန်ယူပါ၊ ဘုရားသခင်ထံမှ ပညာကိုရရှိရန် တစ်ပတ်တာလုံးဆုတောင်းဆက်ကပ်ပါ။ ထိုကျမ်းချက်သည်လည်း သင့်အသက်တာတွင် အမှန်တကယ်တို့ထိစေရန် ဆုတောင်းပါ။ အသင်းအဖွဲ့လိုက် သင်ကြားခြင်းစနစ်တွင်မူ တပတ်ခြားစီ သင်ကြားကြသောကြောင့် ဆရာ၊မ တစ်ယောက်အနေဖြင့် ပြင်ဆင်ချိန် ၂ ပတ် ရရှိမည်ဖြစ်သည်။

## အဓိကအချက်များ

သမ္မာကျမ်းစာအဖြစ်အပျက်ပုံပြင်များကို ပြောပြရာတွင် အလေးအနက်ထားသင်ကြားရမည့်အချက်များကို ပြင်ဆင်ထားပါသည်။ ပြင်ဆင်ထားသောအဓိကအချက်များကို စုံလင်စွာဖော်ပြထားခြင်းမဟုတ်ပဲ ဖြစ်နိုင်သည့် အဓိကအချက်များကို အကြံပြုချက်သဘောဖြင့် ဖော်ပြထားပါသည်။ အဓိကအချက်တိုင်းကို အလေးအနက် ထား၍ ပြောပြရန်မဟုတ်ပါသော်လည်း အဓိကအချက်တိုင်းက သင်၏နှုတ်ကပတ်တော်လေ့လာခြင်းအတွက် အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ကလေးငယ်များကို ပုံပြင်များပြောပြရာတွင် အဓိကအချက် တစ်ခု၊ နှစ်ခု ဆိုလျှင်ပင် လုံလောက်ပါသည်။ ပုံပြင်များကိုပြောသည့်အခါတိုင်း မတူညီသည့်အဓိကအချက်များကို ရွေးချယ် ပြောပြနိုင်ပါသည်။ ယခုတပတ်တွင် ကလေးများ မည့်သည့်အရာလိုအပ်နေကြောင်းနှင့် သူတို့အသက်တာ၏ မည်သည့်အပိုင်း၌ ဘုရားသခင်အလုပ်လုပ်နေကြောင်း သိမြင်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကို တောင်းခံပါ။ အဓိကအချက်များကို ပုံပြင်ပြောပြရင်း ထပ်ခါတလဲလဲထည့်သွင်း ပြောဆိုပါ။ အချို့သော အဓိကအချက်များသည် အစပိုင်းတွင်နားလည်ရန် ခက်ခဲမှုအချို့ရှိနိုင်ပါသော်လည်း ဂရုတစိုက်စဉ်းစားကာ ကလေးများနားလည်နိုင်အောင် ပြောပြလို့ရနိုင်ပါသည်။

ဥပမာ –

> ယေရှုရှင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင်ဖြစ်သည် – အမြင့်ဆုံးသောအခွင့်အာဏာရှင်ဖြစ်သည် – "ယေရှုရှင်သည် မုန်တိုင်းကို ငြိမ်သက်စေရန် မိန့်တော်မူခဲ့သည်။ ထိုသို့ပြုရန် နှုတ်တော်ထွက်စကား အားဖြင့် ဖြစ်သည်။ ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့ကို တတ်စွမ်းနိုင်သည်။ ယေရှုရှင်အတွက် မည်သည့်အရာမျှ ခက်ခဲသည်ဟူ၍မရှိ။ ယေရှုရှင်က မုန်တိုင်းကို ငြိမ်သက်စေရန် မိန့်တော်မူသောအခါ ငြိမ်သက်ခဲ့သည်။ မုန်တိုင်းကြီးက ယေရှုရှင်၏စကားကို နားထောင်ခဲ့သည်။ ယေရှုရှင်သည် ခပ်သိမ်းသော အရာတို့ အပေါ်၌ အစိုးရသူဖြစ်သည်။ ကိုယ်တော်သည် လေပြင်းမုန်တိုင်းများထက် တန်ခိုးစွမ်းအား ကြီးမြတ်တော်မူသည်။ လေပြင်းမုန်တိုင်းများပင်လျှင် ယေရှုရှင်၏စကားတော်ကို နားထောင်ကြရသည်။

ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့၏အစိုးရရှင်ဖြစ်သည်။ ယေရှုရှင်ထက် မည်သည့်အရာကမျှ ကြီးမြတ်သည်မရှိ။”

ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည် – “ယေရှုရှင်က သံမှိုရိုက်သွင်းထားသော သူ၏လက်ကိုကိုင်ရန် သောမကို ပြောခဲ့သည်။ သူ၏နံဘေးကို ကိုင်ရန်လည်းပြောခဲ့သည်။ သောမ မည်သည့်အရာပြောခဲ့သည်ကို ယေရှုရှင် သိနေခဲ့သည်။ သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည်ကို သောမ မယုံကြည်သည့်အကြောင်းအား ယေရှုရှင်သိနှင့်သည်။ ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည်။”

သို့မဟုတ် “ယေရှုရှင်က တပည့်တော်များကို “လှေ၏ညာဘက်ခြမ်းတွင် ငါးပိုက်ကိုချပါ။ ငါးများ ရှိလိမ့်မည်” ဟု ပြောခဲ့သည်။ ယေရှုရှင် မည်သို့ ထိုအရာကိုသိနေပါသနည်း။ သူသည် လှေထဲတွင်ပင် မရှိခဲ့ပေ။ ယေရှုရှင်သည် ခပ်သိမ်းသောအရာများကို သိတော်မူသည်။ ငါးများ မည်သည့်နေရာတွင် ရှိနေကြသည်ကိုလည်း သိတော်မူသည်။”

ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင်ဖြစ်သည် – “လူအုပ်ကြီးကို မြို့သို့ပြန်စေကာအစားအစာများ ဝယ်ယူသုံးဆောင်ကြရန်ပြောပါဟု ယေရှုရှင်အား တပည့်တော်များက ပြောခဲ့ကြသည်။ သို့သော်လည်း ယေရှုရှင်က တပည့်တော်တို့အား “စားဖို့ရန် တစ်စုံတစ်ခုကို ပေးပါ” ဟု ပြန်ပြောခဲ့သည်။ ထိုသို့လုပ်ရမည်ဟု ယေရှုရှင်က တပည့်တော်များကိုပြောရန် အခွင့်အာဏာရှိတော်မူသည်။ ဘုရားသခင်သည် လူသားအားလုံးထက် ကြီးမြတ်သောသူဖြစ်သည်။
သို့မဟုတ် “ဘုရားသခင်က အဲသယောပိ အမတ်ထံသို့ ဖိလိပ္ပုကိုသွား၍ သတင်းကောင်းပြောရန် မိန့်တော်မူခဲ့သည်။ ဘုရားသခင်က မှန်ကန်သည့်နေရာ၌ မှန်ကန်သည့်အချိန်တွင် ခရီးသွားနေသောသူကို တွေ့မြင်နိုင်ရန် ဖိလိပ္ပုအား ပြောဆိုခဲ့သည်။ ဘုရားသခင်သည် အရာရာတိုင်းကို ထိန်းချုပ်တော်မူသည်။”

အထက်ပါရှင်းပြချက်များက ရှုပ်ထွေးနေသည်ဟုထင်ရသည့်အဓိကအချက်များကို ရိုးရှင်းစွာရှင်းပြပေးပါသည်။ သင့်အနေနှင့်အဓိကအချက်များကို တိုက်ရိုက်ပြောပြနိုင်သကဲ့သို့၊ လိုအပ်သလိုအနည်းငယ်ရှင်းပြ၍လည်း ပြောနိုင်ပါသည်။ အဓိကအချက်များကို ဖော်ပြပါအတိုင်း နှုတ်တိုက်ပြောပြရုံနှင့်မလုံလောက်ပေ။ သို့သော် အချို့သောအကြောင်းအရာများတွင် “ထာဝရဘုရားသည် အလုံးစုံတတ်စွမ်းတော်မူသည်” ဟူသော အချက်တစ်ခုတည်းဖြင့် အခြားရှင်းပြစရာမလိုတော့ပဲ လုံလောက်တတ်လေ့ရှိပါသည်။ အဓိကအချက်များကို ပုံပြင်ပြောပြနေစဉ်အတွင်း ထပ်ခါထပ်ခါပြောပြခြင်းကလည်း ကလေးများကို အမှတ်ရစေပါသည်။ ငယ်ရွယ်သောကလေးများအတွက်မူ အဓိကအချက် တစ်ချက် သို့မဟုတ် နှစ်ချက်လောက်သာပြောပြရန် ရွေးချယ်နိုင်ပြီး အသက်အရွယ်ရပြီးသောကလေးများအတွက် အဓိကအချက်များကို ပို၍များများသင်ကြားပေးနိုင်ပါသည်။
အဓိကအချက်များကိုအလေးထားခြင်းဖြင့် ကလေးများကို သမ္မာကျမ်းစာပါအဖြစ်အပျက်များနှင့် ကျွမ်းဝင်မှုရှိလာစေသည်သာမက ဩဝါဒများကိုလည်းသင်ကြားပေးနိုင်ပါသည်။ ကြွေးဆပ်စရာမရှိ၍ သားနှစ်ယောက်ကို အကြွေးအစား သိမ်းခံရတော့မည့်မုဆိုးမအား ဘုရားသခင်က ဆီများမကုန်နိုင်အောင် ထောက်ပံ့ပေးခြင်း အဖြစ်အပျက်သည် ဘုရားသခင်ကောင်းမြတ်တော်မူသည်ဟူသည့်အချက်သည် သီအိုလော်ဂျီဖြစ်သည်။ ဘုရားသခင်၏သဘောသဘာဝကို ဖော်ပြပေးခြင်းအားဖြင့် အကြောင်းအရာနှစ်ခုလုံးကို တပြိုင်တည်း သင်ကြားပေးနိုင်ပါသည်။ အကယ်၍ မတူညီသည့်အဖြစ်အပျက်များတွင် ဤအဓိကအချက်များကို ထပ်ခါတလဲလဲ သင်ကြားပေးမည်ဆိုလျှင် ကျောင်းမနေသေးသောကလေးများသည်ပင်လျှင် ရိုးရှင်းသည့်သီအိုလော်ဂျီကို

သင်ယူတတ်သွားကြပါလိမ့်မည်။ သင်ရိုးညွှန်းတမ်းတစ်ခုလုံးတွင် အလေးထားသည့်အဓိကအချက်များကို ဖြည့်စွက်ချက် (**Appendix**) တွင် ဖော်ပြပေးထားပါသည်။

**အချိတ်အဆက်များ (Hooks)**

သင်ခန်းစာတစ်ခုစီတိုင်းတွင် အဖြစ်အပျက်များကို မိတ်ဆက်ပေးခြင်းအတွက် အကြံပြုချက်အနည်းဆုံးတစ်ခုစီ ပါရှိပါသည်။ (ရှင်းလင်းချက်အပြည့်အစုံအား **"သင်ခန်းစာတစ်ခုအား တည်ဆောက်ခြင်း"** ဆိုသည့်ခေါင်းစဉ် အောက်တွင် ကြည့်ရှုနိုင်ပါသည်။)

**ကြည့်ရှုဆင်ခြင်ခြင်း (Looks)**

ဤအခန်းတွင် ကလေးများအား ၎င်းတို့၏အသက်တာနှင့် နှုတ်ကပတ်တော်တို့၏ဆက်နွယ်မှုကို သတိပြုလာမိစေရန် ကူညီပေးမည့် အကြံပြုချက်များပါဝင်သည်။ (ရှင်းလင်းချက်အပြည့်အစုံအား **"သင်ခန်းစာ တစ်ခုအား တည်ဆောက်ခြင်း"** ဆိုသည့်ခေါင်းစဉ်အောက်တွင် ကြည့်ရှုနိုင်ပါသည်။)

# သင်ခန်းစာတစ်ခု တည်ဆောက်ခြင်း

Larry Richards ဆိုသူက ၎င်း၏ <u>Creative Bible Teaching</u> စာအုပ်တွင် ကောင်းမွန်သောသင်ခန်းစာ တစ်ခုအတွက် လိုအပ်ချက် ၄ ခု ဖော်ပြထားသည်။ ၎င်းတို့မှာ **အချိတ်အဆက်၊ စာအုပ်၊ ကြည့်ရှုဆင်ခြင်ခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်း** (HOOK, BOOK, LOOK, and TOOK) တို့ ဖြစ်ကြသည်။

**၁။ အချိတ်အဆက် (Hook)**

သင်ခန်းစာ၏အချိတ်အဆက်ဆိုသည်မှာ သင်ခန်းစာအပေါ်အာရုံစူးစိုက်မှုရရှိရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ ကလေးတစ်ယောက်၏အာရုံစိုက်မှုကို ဖမ်းဆုပ်ပြီး ထိုမှတဆင့် သင်ခန်းစာဘက်သို့ ခေါ်ဆောင်သွားရန်ဖြစ်သည်။ ၎င်းသည် ကျန်ရှိနေသေးသောသင်ခန်းစာများအားလုံးကို ကလေးများစိတ်ဝင်စား နားထောင်လာစေရန်ဖြစ်သည်။ အကြောင်းအရာအဖြစ်အပျက်ပါအဖြစ်အပျက်များမှ နားလည်ရမည့်အရာ များကို ကလေးများနားလည်စေရန် ကူညီပေးပါသည်။ (အောက်တွင် ဖော်ပြထားသောပထမဥပမာကဲ့သို့ ဖြစ်ပါသည်။)

အချို့သော ဥပမာများမှာ –

- ကလေးငယ်ဦးရေထက် ပိုမိုနည်းသည့်ချိုချဉ်အလုံးရေကို အတန်းထဲသို့ယူလာပါ။ ချိုချဉ်အလုံးရေ နည်းပါးသည့်အကြောင်း ကလေးများကို ပြောပြလိုက်ပါ။ ထို့နောက် ကလေးများကိုမေးပါ "ဆရာ/မ အနေနဲ့ ဘယ်လိုလုပ်ပြီး ချိုချဉ်တွေရနိုင်အုံးမလဲ။ ချိုချဉ်တွေ အများကြီးရဖို့ဆိုရင် ဆရာ/မ က အလုပ် အများကြီးလုပ်ရမှာပေါ့။ "ချိုချဉ်တွေ အများကြီးရှိပါစေ" ဆိုပြီးတော့ရော အမိန့်ပေးလို့ရမလား။ ဒီပန်းကန်ပြားထဲမှာ ချိုချဉ်တွေများကြီးရှိလာဖို့ ဆရာ/မ က အမိန့်ပေးလို့မရပါဘူး။ "အသက် မုန့်ဖြစ်သောယေရှုရှင်က လူပေါင်းငါးထောင်ကို ကျွေးမွေးခဲ့သည်" ဆိုသည့်အကြောင်းအား ပြောပြရန် ဤဥပမာကို အသုံးပြုပါ။
- ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပါ။ နူနာဆယ်ဦးကို ပျောက်ကင်းကျန်းမာစေခဲ့သည့်အကြောင်း ကို ပြောပြဖို့ရန်အတွက် အနာ (သို့မဟုတ်) အမာရွတ် တစ်ခုရှိသောကလေးတစ်ယောက်ကို ရှေ့ထွက် လာစေပြီး ထိုအမာရွတ်ကိုပြ၍ အနာများစွာရှိနေပါက မည်သို့ဖြစ်မည်နည်းကို မေးကြည့်ပါ။ သားတို့သမီးတို့ရဲ့လက်မောင်းမှာ အနာတွေအများကြီးရှိမယ်ဆိုရင် ဘယ်လိုလုပ်မှာလဲ။ တကယ်လို့ သားတို့သမီးတို့ရဲ့လက်တွေ၊ ခြေတွေ၊ မျက်နှာတွေမှာ အနာတွေနဲ့ပြည့်နေတယ်ဆိုရင် ဘယ်လိုဖြစ်မလဲ။

အဲဒီအနာတွေက ပျောက်မသွားတော့ပဲ၊ ဘယ်ဆရာဝန်ကမှ မကုပေးနိုင်တော့ဘူးဆိုရင် ဘယ်လိုလုပ်ကြမလဲစသည်ဖြင့် မေးခွန်းများမေးရင်း အချိတ်အဆက်အဖြစ်အသုံးပြုသွားပါ။

- ကလေးများကို သော့တစ်လုံးနှင့်သံကြိုးကိုပြပါ။ "အကယ်၍ သားတို့သမီးတို့ကို ဒီသံကြိုးနဲ့အတူ သော့ခတ်ထားမယ်ဆိုရင် လွတ်အောင်လုပ်နိုင်မယ်လို့ထင်သလား။" ကလေးတစ်ဦး သို့မဟုတ် နှစ်ဦးလောက်ကို စမ်းကြည့်စေပါ။ "သန်မာတဲ့ဖေဖေတို့လိုတောင် ဒါကိုဖျက်ဆီးနိုင်မယ်လို့ ထင်ပါသလား။" လူကြီးတစ်ဦးကို ထိုသံကြိုးအားဖျက်စေရန် စမ်းခိုင်းကြည့်ပါ။ "ဘယ်သူက ဒီသံကြိုးကို ဖျက်နိုင်မယ်လို့ထင်သလဲ။ ဤအကြောင်းအရာကို အချိတ်အဆက်အဖြစ်အသုံးပြုရင်း ပေတရုကို ဘုရားသခင်က ထောင်မှလွတ်စေခဲ့သည့်အကြောင်းအားပြောပြပါ။

သတိပြုမည့်အချက်တစ်ခုမှာ အချိတ်အဆက်အတွက် အချိန်များများမသုံးမိစေရန်ဖြစ်သည်။ သို့မဟုတ်ပါက ကျန်ရှိသောသင်ခန်းစာများကိုပြောပြရန်အတွက် အချိန်မလောက်ပဲဖြစ်သွားနိုင်ပါသည်။ "အချိတ်အဆက်"ကို လျင်လျင်မြန်မြန်ပြုလုပ်ရမည်။ ၎င်းသည် သင်ခန်းစာကို အစပျိုးခြင်းသာဖြစ်သည်။
အချိတ်အဆက်သည် ပုံပြင်အဖြစ်အပျက်ထဲတွင်ပါဝင်မည့်အကြောင်းအရာရှုထောင့်များကို ကလေးများ နားလည်လာစေရန် ကြိုတင်မိတ်ဆက်ရှင်းပြထားသည့်သဘောမျိုးမရှိပါက ရိုးရိုးရှင်းရှင်းဖြစ်သင့်ပါသည်။
ပုံပြင်အဖြစ်အပျက်ကို သင်ပြောပြလိုသည့်ပုံစံအပေါ်မူတည်၍ အကောင်းဆုံးသောအချိတ်အဆက်ကို အသုံးပြုသွားပါ။ သင်ရိုးညွှန်းတမ်းထဲတွင် ဖော်ပြပေးထားသည့်အချိတ်အဆက်များသည် ယေဘုယျသဘောမျှသာ ပေးထားသည်ဖြစ်ရာ သင်ပြောပြမည့်ကျမ်းစာပုံပြင်နှင့်ကိုက်ညီသော ပိုမိုကောင်းမွန်သည့်ချိတ်အဆက်များကိုလည်း ကိုယ်တိုင်ကြံစအသုံးပြုနိုင်ပါသည်။ ပြင်ဆင်ထားပေးသောအချိတ်အဆက်များကို အသုံးပြုရင်း ပိုမိုကျွမ်းဝင်လာပါက ကိုယ်ပိုင်အချိတ်အဆက်များကိုလည်း လွယ်ကူစွာစဉ်းစားလာနိုင်ပါလိမ့်မည်။

## ၂။ စာအုပ် (Book)

"စာအုပ်" ဆိုသည်မှာ ကျမ်းစာအဖြစ်အပျက်များကို ပြောပြခြင်းဖြစ်သည်။ သမ္မာကျမ်းပိုဒ်များကို ဂရုတစိုက် အကြိမ်ကြိမ်လေ့လာခြင်းသည် သမ္မာကျမ်းစာပါအဖြစ်အပျက်အကြောင်းအရာများကို ပြောပြရန်အတွက် မရှိမဖြစ်လိုအပ်သောပြင်ဆင်မှုတစ်ရပ် ဖြစ်ပါသည်။ ကျမ်းချက်များအတွင်း ဘုရားသခင်က သူ၏အကြောင်းကို မည်ကဲ့သို့ဖော်ပြနေသည်ကိုသိရန် ဆုတောင်းလျက်ဆင်ခြင်ကာ နှုတ်ကပတ်တော်၌ အချိန်ယူရပါမည်။ သမ္မာကျမ်းစာပါအကြောင်းအရာများသည် သင်၏အသက်တာတွင် အမှန်တကယ်ထိမိတည်ဆောက်စရာ ဖြစ်လာစေရန်နှင့် မည်သို့ကလေးများကို ပြန်ပြောပြရမည်ဆိုသည်ကို သိရှိစေရန်ဆုတောင်းပါ။ ကျမ်းစာပုံပြင်စာအုပ်တစ်ခုခုမှပုံပြင်ကို ဖတ်ပြလိုက်ခြင်းထက် သမ္မာကျမ်းစာကို ကိုယ်တိုင်ဖတ်ရှုတ်ပြင်ဆင် သင်ကြားပေးခြင်းက နှလုံးသားထိရောက်စေနိုင်ပါသည်။ ဦးခေါင်းဖြင့်သိထား၍ ပြောပြခြင်းမျိုးမဟုတ်တော့ပဲ မိမိကိုယ်တိုင် နှုတ်ကပတ်တော်နှင့်အချိန်ယူ၍ အသက်တာတွင်ခံစားလာသည့်အရာကို ပြောပြခြင်းဖြစ်ရာ နှလုံးသားမှလာသောသင်ကြားပေးခြင်းမျိုး ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် ကျမ်းပိုဒ်ရှည်ကြီးများအား မည်သို့အကျဉ်းချုပ်ရမည်ကို သိစေရန်လေ့လာသည့် **<u>အနေဖြင့်သာ</u>** သမ္မာကျမ်းစာ ပုံပြင်စာအုပ်များကို အသုံးပြုပါ။

သမ္မာကျမ်းစာပုံပြင်အဖြစ်အပျက်များကို ပြောကြားချိန်တွင် အောက်ပါမေးခွန်းဖြင့် ဆန်းစစ်ပြီးမှ ပြောသင့်သည် –
*"ဒီကျမ်းချက်က ဘုရားသခင်နှင့်ပတ်သက်လို့ ဘာပြောထားသလဲ။"* သမ္မာကျမ်းစာသည် ဘုရားသခင်၏ သဘောသဘာဝကိုပြောပြသဖြင့် သမ္မာကျမ်းစာ၏အဓိကပုဂ္ဂိုလ်မှာ ထာဝရဘုရားသခင်ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာပုံပြင်ကို ပြောပြသည်တွင် ဘုရားသခင်၏သဘောသဘာဝနှင့်လုပ်ဆောင်မှုများကို ဖော်ပြသည့် သဘောဖြင့် ပြောပြရပါမည်။

**ကျမ်းစာပုံဝတ္ထုများကို ပြောကြားရန် ပြင်ဆင်ခြင်း အဆင့်ဆင့်–**

- ရွေးချယ်ထားသည့်ကျမ်းပိုဒ်ကို အကြိမ်ကြိမ်ဖတ်ပါ။ အကြောင်းအရာများနှင့်အလွန်ရင်းနှီးကျွမ်းဝင်မှု ရှိပါစေ။
- ကျမ်းပိုဒ်တွင် အဓိကအချက်များကို တွေ့ရှိရန်ကြိုးစားပါ။
- ကျမ်းပိုဒ်နှင့်အတူ အဓိကအချက်များအပေါ်ဆင်ခြင်ရင်း သင်၏အသက်တာတွင် တို့ထိမှုရှိစေရန် ဘုရားသခင်ထံပါး ဆုတောင်းပါ။
- အထူးပြုသင်ကြားပေးမည့်အဓိကအချက်များကို ရွေးချယ်ဆုံးဖြတ်ပါ။
- ပုံပြင်အကြောင်းအရာကို မည်သို့ပြောမည်နည်းဟူ၍ ဆုံးဖြတ်ပါ။ အောက်ပါမေးခွန်းများကို မိမိကိုယ်ကို မေးပါ။

  ၁) မည်သည့်အသေးစိတ်အချက်အလက်တွေကို ချန်ထားခဲ့ရမလဲ။ ဘယ်ဟာတွေကိုဘယ်လို အကျဉ်းချုပ်ရမလဲ။

  ၂) ရှင်းပြရမည့် အဓိကအချက်တွေ ရှိပါသလား။ ဘယ်လိုရှင်းပြမလဲ။

  ၃) ပြန်လည်ပြောပြရမည့်အရာတစ်ခုခု ရှိသလား။ အဲဒါကို ဘယ်လိုပြောပြရမလဲ။

  ၄) မေးရမည့်မေးခွန်းတွေရော ရှိပါသလား။ ဘယ်မေးခွန်းတွေက အဖြေပေးဖို့မလိုတဲ့ မေးခွန်းတွေလဲ။ ဘယ်မေးခွန်းက အဖြေလိုပါသလဲ။ မေးခွန်းတွေကို ကလေးတွေ ပြန်ဖြေတဲ့အခါ ဘယ်လိုမျှော်လင့်ထားရမလဲ။ ကလေးတွေ နားလည်သဘောပေါက်လို့ မေးခွန်းများကို လွယ်ကူစွာ မေးပါသလား။

  ၅) အဖြစ်အပျက်တွေကို ပြောပြသည့်အခါ ဘယ်စကားလုံးတွေကို သုံးရမလဲ။ ကလေးတွေအတွက် ခက်ခဲမည့်စကားလုံးတွေကို သုံးမိနေသလား။ (အကယ်၍ ကျောင်းမနေသေးသော ကလေးများကို သင်ကြားပေးနေသည်ဆိုလျှင် အတတ်နိုင်ဆုံး ရိုးရှင်းလွယ်ကူသည့် စကားလုံးများကို သုံးပါ။ ကလေးအရေအတွက်များသည့် အတန်းတွင် စွမ်းရည်ကွာခြားမှု ကျယ်ကျယ်ပြန့်ပြန့် ရှိနိုင်သည်ကို သတိပြုပါ။ ထို့ကြောင့် ကလေးများနားလည်နိုင်မည့် အရှင်းဆုံးစကားလုံးများကို ရွေးချယ်အသုံးပြုပါ။ ထိုသို့ပြုပါမှ ကလေးများသည် အကြောင်းအရာများကို ရှင်းလင်းစွာနားလည်နိုင် ကြမည်ဖြစ်သည်။)

  ၆) ပုံပြင်ပြောပြနေစဉ် ကျမ်းစာမှ တိုက်ရိုက်ဖတ်ပေးရမည့်ကျမ်းချက်များရှိပါသလား။ ထိုကျမ်းချက်များကို မည်သို့ဖတ်ပေးရမည်နည်း။ (ကလေးသူငယ်များအား သမ္မာကျမ်းစာဖတ်ရွတ်ပေးခြင်း ခေါင်းစဉ်အောက်တွင် ကြည့်ပါ။)

  ၇) ပုံပြင်အဖြစ်အပျက်များတွင် ကလေးများပါဝင်လာဖို့ ဘယ်လိုဆွဲခေါ်တိုက်တွန်းရမလဲ။

  ၈) သင်ထောက်ကူပြုပစ္စည်းတွေကို ဘယ်လိုအသုံးပြုရမလဲ။ (**"သင်ထောက်ကူပစ္စည်းများ"** ခေါင်းစဉ်အောက်တွင်ကြည့်ပါ။)

  ၉) ကလေးများ၏အသက်တာတွင် မည်သည့်လိုက်လျှောက်ကျင့်သုံးခြင်းကို ထည့်သွင်းရမလဲ။

- ပုံပြင်အဖြစ်အပျက်အတွက် အသုံးပြုမည့်အချိတ်အဆက်ကို ရွေးချယ်ဆုံးဖြတ်ပါ။
- ပုံပြင်ပြောပြနေစဉ် လိုက်လျှောက်ရမည့်အချက်အလက်များကို ပြင်ဆင်ထားပါ။
- လိုအပ်မည့်သင်ထောက်ကူပြုပစ္စည်းများကို စုဆောင်းထားပါ။
- ပုံပြင်ပြောခြင်းကို အသံထွက်လေ့ကျင့်ပြောဆိုပါ။

## ကျမ်းစာပုံဝတ္ထုများကို အကျဉ်းချုပ်ပြောပြနည်း

ကလေးများအား ပုံပြင်အဖြစ်အပျက်များပြောပြရာတွင် အချို့အချက်အလက်များသည် သင်ခန်းစာနှင့်ဆက်စပ်မှု မရှိပါက ကလေးများအား ပြောပြရန်မကြိုးစားပါနှင့်။ ပုံဝတ္ထုများအတွက် ကျွန်ုပ်တို့ရွေးချယ်ထားသောကျမ်းချက် အချို့တို့သည် အလွန်ရှည်လျားကြသည်ဖြစ်ရာ အသေးစိတ်ပြောပြမည်ဆိုပါက ကလေးများအတွက်ငြီးငွေ့စရာ ဖြစ်သွားပါလိမ့်မည်။ ဥပမာ – ကောနေလိ၏ဆုတောင်းသံကိုကြားပြီးနောက် ပေတရုကို ဘုရားသခင်စေလွှတ် ခဲ့သည့်အကြောင်းအရာတွင် ပေတရု မြင်မက်ခဲ့သည့်အိမ်မက်အား ကလေးများကို အသေးစိတ်ပြောပြမည် ဆိုလျှင် ရှုပ်ထွေးသွားပါလိမ့်မည်။ ကလေးများအနေနှင့် ဓမ္မဟောင်းကျမ်းမှ သန့်ရှင်းသောအစားအစာများ အကြောင်း ကြားသိခဲ့ဖူးခြင်းမရှိ၍ "မသန့်ရှင်းသောအစားအစာများ" အကြောင်းကို နားလည်နိုင်ကြမည် မဟုတ်ပေ။ ထို့ကြောင့် "ဘုရားသခင်က မတူညီတဲ့အကောင်တွေကို ဗန်းထဲမှာထည့်ပြီးတော့ ပေတရုကို ပေးခဲ့တယ်ဆိုတာက မတူညီတဲ့လူမျိုးတွေဆီကို သတင်းကောင်းဟောရမယ်ဆိုတဲ့သဘောကို ပြောတာ ဖြစ်တယ်" ဟူ၍ ရိုးရှင်းစွာပြောပြနိုင်ပါသည်။ ထိုသို့ပြောကြားခြင်းက ပုံပြင်၏အဓိကအချက်ကို ရှုပ်ထွေးခြင်း မရှိစေပဲ ကလေးများနားလည်ရန်ဖြစ်စေပါသည်။ သို့သော် သင်၏အကျဉ်းချုပ်ခြင်းက သမ္မာကျမ်းစာပါ ပုံပြင်အတိုင်းဖြစ်ရန် သတိပြုရပါမည်။

သမ္မာကျမ်းစာပုံပြင်များအား မည်သို့အကျဉ်းချုပ်ထားသည်ကို လေ့လာရန်အတွက် အချို့သောသမ္မာကျမ်းစာ ပုံပြင်စာအုပ်များသည်လည်း အထောက်အကူဖြစ်စေပါသည်။ သို့သော်လည်း သမ္မာကျမ်းစာပုံပြင်စာအုပ် အများစုသည် ဘုရား–ဗဟိုပြုစာအုပ်များ မဟုတ်ကြပေ။ ထို့ပြင်သြဝါဒများကိုလည်း အလေးအနက်မထား။ ထို့ကြောင့် ထိုကဲ့သို့သောစာအုပ်များကို လမ်းညွှန်လက်ဆွဲအဖြစ် အသုံးမပြုသင့်ပေ။

## ပြန်လှန်နွှေးပေးခြင်း

ဤစာအုပ်ပါပုံပြင်အချို့တို့သည် ပုံဝတ္ထုရှည်ကြီးတစ်ခုကို အစိတ်အပိုင်းများခွဲ၍ သို့မဟုတ် အခန်းလိုက်ခွဲ၍ ဖော်ပြထားသည်။ ထိုပုံဝတ္ထုများတွင် ပါဝင်သောဇာတ်ကောင်များ၊ အဖြစ်အပျက်များ တူညီနေတတ်ပါသည်။ ကျမ်းစာပုံဝတ္ထုများသည် အပိုင်းတစ်ခုပြီးသွားတိုင်း နောက်တစ်ပိုင်းသို့ အလိုအလျောက်ရွှေ့ပြောင်းသွားသည်။ (ဥပမာ – ယေရှုရှင်မွေးဖွားခြင်းပုံဝတ္ထုများ သို့မဟုတ် ယေရှုရှင်သေခြင်းမှရှင်ပြန်ထမြောက်ခြင်းပုံဝတ္ထုများ)။ အကယ်၍ သင်ကြားပေးသူ ဆရာ၊မ များသည် အဖွဲ့တစ်ဖွဲ့ (ဆရာ၊မ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်) အနေဖြင့် အတန်းတစ်တန်းကို သင်ကြားပေးနေသည်ဆိုလျှင် ဆရာ၊မ တစ်ဦးစီက အခန်းတစ်ခန်းစီ အပတ်စဉ်အလှည့်ကျ တာဝန်ယူသင်ကြားပေးနိုင်ပါသည်။ ထိုသို့ပြုခြင်းအားဖြင့် သင်ကြားပေးမည့်ဆရာ၊မ အနေနှင့် အဓိက အချက်များနှင့် သင်ကြားရန်ပြင်ဆင်ချိန် ပို၍ရရှိနိုင်မည်ဖြစ်သည်။

သမ္မာကျမ်းစာကို တစ်ပိုင်းပြီးတစ်ပိုင်းသင်ကြားပေးခြင်းက သမ္မာကျမ်းစာကိုအဆက်အစပ်ရှိစွာ ကလေးများသိမြင် သင်ယူနိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် သင်ခန်းစာအသစ်တစ်ခုအစပြုလေတိုင်း ပြန်လှန်နွှေးပေးခြင်းများပြုလုပ် ပေးနိုင်ပါက ပို၍ထိရောက်မည်ဖြစ်သည်။ သမ္မာကျမ်းစာအဖြစ်အပျက်များကို အစီစဉ်ကျမသိ နားမလည်ထား ကြပါသော်လည်း ကလေးများအနေနှင့် သမ္မာကျမ်းစာ၏ကျိုးကြောင်းညီညွတ်ခြင်းနှင့်အဆက်အစပ်ရှိခြင်းတို့ကို နားလည်လာကြရန် လမ်းညွှန်ပေးနိုင်သည့်အခွင့်အရေးကို ဖန်တီးပေးနိုင်သည်မှာ ဤသင်ရိုးညွှန်းတမ်းစာအုပ်၏ ထူးခြားချက်ဖြစ်ပါသည်။

အကယ်၍သင့်အနေဖြင့် ပုံပြင်အခန်းရှည်ကြီးတစ်ပုဒ်၏အပိုင်းတစ်ခု (သို့) အဖြစ်အပျက်အတွဲတစ်ခုကိုသာ သင်ကြားပေးနေသည်ဆိုပါက ထိုအခန်းမတိုင်ခင်ထိ မည်သည့်အရာများဖြစ်ပျက်ခဲ့သည်ကို ပြန်လည်နွှေးပေး သင့်ပါသည်။ ဤနေရာတွင် ရောင်ခြယ်စာအုပ်ပါရုပ်ပုံများသည် ပြန်လည်နွှေးပေးခြင်းအတွက် များစွာ အထောက်အကူဖြစ်စေပါလိမ့်မည်။

သင်ပြောပြမည့်အဖြစ်အပျက်ပုံပြင်နှင့် တိုက်ရိုက်ဆက်နွယ်မှုရှိသော ဘုရားသခင်၏ကတိတော်များရှိနေပါက ထိုကတိတော်များကို ပြန်နွှေးပေးခြင်းသည် အလွန်အကျိုးရှိစေပါသည်။ ဥပမာ – ယေရှုရှင်မွေးဖွားခြင်း အကြောင်းပြောကြားရာတွင် ဘုရားသခင်က ကယ်တင်ရှင်စေလွှတ်မည့်အကြောင်း ကတိပေးထားသည်ကို ပြန်ပြောပြပေးပါ။ တ္တသရေလလူမျိုးတို့ပေါ် ဘုရားသခင်၏သစ္စာတည်တော်မူခြင်းကိုပြောပြရင်း အာဗြဟံ၊ တ္တဇက်၊ ယာကုပ်တို့အပေါ်၌ ကတိပေးခဲ့သည့်အရာများကို ဆင့်ကဲပြန်နွှေးပေးပါ။ ရှင်ပြန်ထမြောက်ခြင်းအဖြစ်အပျက်ကို ပြောပြသည့်အချိန်တွင်လည်း ကတိထားတော်မူခဲ့သည့်အတိုင်းချက်ခြင်းဆိုသလို ရှင်ပြန်ထမြောက်ခဲ့ခြင်း ဖြစ်သည်ကိုပြန်ပြောပြပါ။ ပေတရုငြင်းပယ်ခဲ့သည့်အကြောင်းကိုပြောပြစဉ်တွင် ထိုသို့မပြုမီကတည်းက ယေရှုရှင် ကြိုတင်ပြောထားသည့်အကြောင်းကို နွှေးပေးပါ။

လက်ရှိပြောပြနေသည့်ပုံပြင်မှ သိစေလိုသည့်အချက်ကို ပိုမိုနားလည်စေရန်အတွက် သင်ကြားခဲ့သည့်ပုံပြင်မှ အဓိကအချက်ကို ပြန်လည်ထောက်ပြနွှေးပေးခြင်းများလည်း ပြုလုပ်နိုင်ပါသည်။

> ဥပမာ – မုန်တိုင်းများကို ငြိမ်းစေခဲ့သည့်အဖြစ်အပျက်တွင် အဓိကပြောလိုသည့်အချက်မှာ "ယေရှုရှင် ဘုရားဖြစ်သောကြောင့်" ဖြစ်သည့်နည်းတူ အရင်ကပြောခဲ့သည့် ရေမှစပျစ်ရည်ပြောင်းလဲစေခဲ့ခြင်း၏ အဓိကအချက်ဖြစ်သော "ယေရှုရှင်သည် ဘုရားဖြစ်သောကြောင့်" ဆိုသည့်အချက်ကို ပြန်လည်နွှေးပြခြင်းအားဖြင့် ကလေးများ၏အသိကို သာ၍ခိုင်မာစေရန် အထောက်အကူပြုမည်ဖြစ်သည်။ ခြေမသန်စွမ်းသောသူ၏အပြစ်ကို ခွင့်လွှတ်နိုင်ရခြင်းမှာလည်း ယေရှုရှင်သည် ဘုရားသခင်ဖြစ်သောကြောင့်ဖြစ်သည်။ ခပ်သိမ်းသောအမှုအရာတို့ကို ယေရှုရှင်တတ်စွမ်းနိုင်ခြင်းမှာ သူသည်ဘုရားသခင် ဖြစ်သောကြောင့် ဖြစ်ပါသည်။

အထက်ဖော်ပြပါနည်းလမ်းပုံစံများက သမ္မာကျမ်းစာသည် အဆက်ဆက်ရှိသောသမိုင်းပုံပြင်ဖြစ်သည်ကို ကလေးများနားလည်စေရန် အထောက်အကူပြုပေးပါသည်။

ပြန်လည်နွှေးပေးခြင်းသည် ကျမ်းစာအဖြစ်အပျက်တစ်ခုနှင့်တစ်ခု၏ဆက်နွယ်မှုများကို ထိန်းသိမ်းရာလည်းရောက် ပေသည်။ အထူးသဖြင့် သမိုင်းကြောင်းအပြောင်းအလဲရှိလာသည့်အခန်းမျိုးကို ဆရာ၊မ တို့က ပြောပြရာတွင် သော်လည်းကောင်း၊ သင်ကြားပေးသူ အလှည့်ကျပြောင်းသင်ပေးချိန်တွင်သော်လည်းကောင်း၊ အဖြစ်အပျက်၏ ဇာတ်ကောင်များပြောင်းလဲသွားလျှင်ပင် အပြစ်အပျက်သမိုင်းတစ်ခုစီတိုင်းတွင် မပြောင်းလဲသောအရာ အချို့ရှိ နေမည်ဖြစ်သည်။ ဘုရားသခင်သည်အစဉ်မပြောင်းလဲပဲရှိနေသည်။ သူ၏သဘောသဘာဝများ၊ လုပ်ဆောင်ခြင်း များနှင့်အကြံအစည်တော်များသည် မည်သည့်အခါမျှမပြောင်းလဲပေ။ သင်ကြားပေးနေသော ဆရာ၊မ များ အနေဖြင့် ဤအချက်ကို ပေါ်လွင်အောင်သင်ကြားပေးနိုင်ရန် ပြင်ဆင်ရပါမည်။

အဖြစ်အပျက်တစ်ခုနှင့်တစ်ခုစပ်ကြားရှိ အဆက်အစပ်များသည် ရှုပ်ထွေးရှည်လျားနေစရာမလိုအပ်ပေ။ ပြန်လည် နွှေးပေးသည့်အခါတိုင်း ပြီးခဲ့သည့်သင်ခန်းစာမှအကြောင်းအရာအချို့လောက်သာ လိုအပ်မည်ဖြစ်ပြီး ရိုးရှင်း လွယ်ကူစွာပြင်ဆင်နိုင်ပါသည်။ ဥပမာအားဖြင့် ယခင်သင်ခန်းစာမှ ရောင်ခြယ်စာအုပ်ပါရုပ်ပုံများကို အစပြုပြသပြီး လက်ရှိသင်ကြားပေးမည့် သင်ခန်းစာထဲသို့ဆွဲခေါ်နိုင်စေရန် မေးခွန်းတစ်ခု၊ နှစ်ခုလောက်ကို မေးမြန်းနိုင်ပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် သင်ခန်းစာစတင်သည့်အချိန်မှစ၍ ကလေးများ၏အာရုံကို ဆွဲယူနိုင်မည်ဖြစ်သည်။

### ကလေးသူငယ်များအား သမ္မာကျမ်းစာဖတ်ရွတ်ပေးခြင်း

သမ္မာကျမ်းစာကိုဖွင့်ပြ၍ သင်ပြောပြနေသောအကြောင်းအရာများသည် သမ္မာကျမ်းစာမှအကြောင်းအရာများ ဖြစ်သည်ဟု ပြောပြရုံတင်မက သမ္မာကျမ်းစာကိုလည်းဖတ်ပေးခြင်းရန်မှာ အလွန်အရေးကြီးပါသည်။ ကလေးများ အားလုံး သမ္မာကျမ်းစာပါကျမ်းချက်တို့ကို စုံလင်စွာနားလည်နိုင်စွမ်းမရှိကြပါသော်လည်း သမ္မာကျမ်းစာသည်

တန်ခိုးကြီးခြင်း၊ အကျိုးကြီးခြင်းကိုသိမှတ်၍ ကလေးများနားလည်နိုင်မှတ်နိုင်သလောက် ပြောပြ၊ ဖတ်ပြရန်အလွန်အရေးကြီးပါသည်။ သမ္မာတရားသည် ဆရာ၊မ ၏နှုတ်မှထွက်လာခြင်းမဟုတ်ဘဲ ဘုရားသခင်၏သမ္မာကျမ်းစာမှဖြစ်သည်ကို ကလေးများသိရှိရန်မှာလည်း အရေးကြီးလှပါသည်။ သမ္မာကျမ်းစာကို ဖတ်ပေးခြင်းက ထိုအရာများသည် ဆရာ၊မ ၏စကားမဟုတ် ဘုရားသခင်၏စကားတော်များဖြစ်သည်ကို နားလည်လာကြမည် ဖြစ်သည်။ သမ္မာကျမ်းစာကိုလှန်ဖတ်ခြင်းအလေ့အထသည် ငယ်ရွယ်စဉ်ကတည်းက ကလေးများသိမြင်သင့်သောအရာဖြစ်ပါသည်။

ကျမ်းချက်ဖတ်ပုံဖတ်နည်းက ထိုကျမ်းချက်ကို ကလေးများအားနားလည်လွယ်ကူစေပါသည်။ ဟန်ပန်အမူအရာမပါပဲ မြန်မြန်ဖတ်မည်ဆိုပါက ကလေးငယ်များအဖို့ ကျမ်းပိုဒ်၏အချက်အလက်အနည်းငယ်ကိုသာ နားလည်စေလိမ့်မည်။ ထို့ကြောင့် အရေးပါသောအချက်များကိုဖတ်ရွတ်သည်တွင် အသက်ပါပါဖြည်းဖြည်းခြင်း ဖတ်ပါလျှင်ပို၍နားလည်စေပါလိမ့်မည်။

အချို့သောကျမ်းချက်များသည် ကလေးများကိုဖတ်ပေးရန် အလွန်အရေးကြီးပါသည်။ အဖြစ်အပျက်၊ အကျိုးအကြောင်းများဆက်စပ်မှုကို ဖော်ပြပေးသောစကားလုံးများကို ဖတ်ပြခြင်းသည် အဓိကကျသောအချက် (သို့) ဘုရားသခင်ကိုယ်တိုင် ပြောပြသည့်အဓိကအချက်များကို ဖတ်ရွတ်ခြင်းလောက်အရေးမကြီးပါပေ။ ဥပမာအားဖြင့် မုန်တိုင်းကို ငြိမ်သက်စေခဲ့သည့်အကြောင်းကိုပြောပြစဉ်တွင် သင့်အနေဖြင့် မာကု၊ ၄း၃၉ သို့မဟုတ် ၄၀ ကို ဖတ်ပေးနိုင်ပါသည် –

> မာကု၊ ၄း၃၉ – ကိုယ်တော်သည်ထ၍ တိတ်ဆိတ်ငြိမ်ဝပ်စွာနေဟု လေနှင့်ပင်လယ်ကို ဆုံးမတော်မူသဖြင့် လေသည်ငြိမ်၍ အလွန်သာယာလေ၏။ (ကျမ်းချက်၏ပထမအပိုင်းကို လေသံမာမာဖြင့်ဖတ်ပါ။ ဒုတိယအပိုင်းကို အခွင့်အာဏာသံဖြင့်ဖတ်ပါ။ နောက်ဆုံးပိုင်းကို အံ့သြသည့်လေသံနှင့်အတူ သာယာအေးချမ်းသွားသည့်အသံမျိုးဖြင့် လေယူလေသိမ်းကိုပြုလုပ်ပါ။)
>
> မာကု၊ ၄း၄၀ – ကိုယ်တော်ကလည်း၊ သင်တို့သည် အဘယ်ကြောင့် ဤမျှလောက်ကြောက်တတ်သနည်း။ အဘယ်ကြောင့် ယုံကြည်ခြင်းစိတ်နှင့်ကင်းသနည်း။ (ဤကျမ်းချက်ကိုမူ ဝမ်းနည်းအံ့သြသည့်လေသံမျိုးဖြင့် ဖတ်ပေးပါ။)

ဇာခရိ၏ဆုတောင်းခြင်းနှင့်သားရမည်ဆိုသည့် ဘုရားသခင်၏ကတိတော်ပေးခြင်းကို ပြောပြသည့်အခါတွင် အောက်ပါအလွတ်ကျက်ရမည့်ကျမ်းချက်ကို ရောယှက်၍ဖတ်ပေးပါ။

> လုကာ၊ ၁၈း၂၇ – လူမတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်တော်မူသည်

ထိုအကြောင်းကိုပင်ဆက်ပြောရာတွင် လုကာ၊ ၁း၁၃–၁၆ ကိုလည်း ဖတ်ပေးနိုင်ပါသည်။ ကျမ်းပိုဒ်မှ ကျမ်းချက်တစ်ချက်စီတိုင်းအား ကလေးများအတွက် ဖတ်ရွတ်ပေးရန်မလိုအပ်ပေ။ အချို့သောအပိုင်းများကို ချန်လှပ်ထားနိုင်ပါသည်။ အောက်တွင် ဥပမာအနေဖြင့်ပြသထားပါသည် (ချန်လှပ်ထားရမည့် ကျမ်းချက်များကို ကွင်းစကွင်းပိတ်ဖြင့် ဖော်ပြထားပါသည်) –

> ကောင်းကင်တမန်ကလည်း၊ ဇာခရိ၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်ပြုသောပဌနာကို နာခံတော်မူပြီ။ သင်၏ခင်ပွန်းဧလိရှဗက်သည် သားယောက်ျားကို ဘွားမြင်လိမ့်မည်။ ထိုသားကို ယောဟန်အမည်ဖြင့် မှည့်ရမည်။ (သင်သည် ဝမ်းသာရွှင်မြူးခြင်းရှိလိမ့်မည်။) ထိုသားကို ဘွားမြင်သောကြောင့် လူအများတို့သည်လည်း ဝမ်းမြောက်ခြင်းသို့ရောက်ကြလိမ့်မည်။ အကြောင်းမူကား၊ ထိုသားသည် ထာဝရဘုရားရှေ့၌ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ (စပျစ်ရည်နှင့်ယစ်မျိုးကို မသောက်ဘဲနေ၍၊ အမိဝမ်းထဲကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလိမ့်မည်။) ဣသရေလအမျိုးသားအများတို့ကို သူတို့ဘုရားသခင် ထာဝရဘုရားထံသို့ ပြောင်းလဲစေလိမ့်မည်။

ကျမ်းချက်များကိုဖတ်ပြီးနောက်တွင် အဓိကအချက်အချို့ကို ကလေးများက နားလည်မလည်သေချာစေရန် အနည်းငယ်ရှင်းပြခြင်း သို့မဟုတ် မေးခွန်းမေးခြင်းများ ပြုလုပ်သင့်ပါသည်။ ဥပမာ – "လေဝီရှဗက်က သားရမယ် ဆိုတာက သားမွေးမယ်ကိုဆိုလိုတာ။" "ယောဟန်ကဘာလုပ်မှာလဲ။" စသည်ဖြင့် ဖြည်းဖြည်းခြင်းမေးမြန်းရှင်းပြ ပေးရပါမည်။ ကလေးများအား သမ္မာကျမ်းစာ၌အာရုံစိုက်စေရန်နှင့် သမ္မာကျမ်းစာကို မည်သို့ပိုင်းခြားရမည်ကို သင်ပေးရာလည်းရောက်ပါသည်။ ကလေးငယ်များသည် သမ္မာကျမ်းစာမှ "ဘုရားသခင်က ဘာကတိတော် ပေးခဲ့သလဲ။ သို့မဟုတ် သူတို့ကို ဘာလုပ်ဖို့မိန့်တော်မူသလဲ" စသည့်မေးခွန်းများကို ဖြေကြားရန် သင်ယူလာကြ မည်ဖြစ်သည်။

## သင်ထောက်ကူပြုပစ္စည်းများ အသုံးပြုခြင်း

ငယ်ရွယ်သောကလေးများကိုသင်ကြားရာတွင် သင်ထောက်ကူပြုပစ္စည်းများကိုအသုံးပြုရန် အလွန်အရေးကြီး ပါသည်။ သင်ထောက်ကူပြုပစ္စည်းများက ကလေးများ၏အာရုံစိုက်မှုကို ထိန်းချုပ်ရယူနိုင်သလို၊ ပုံပြင်၏ အဖြစ်အပျက်အခြေအနေများကို စိတ်ကူးပုံဖော်နိုင်ရန် ၎င်းတို့ကိုကူညီပေးပါသည်။ သချိုင်းဂူပုံစာရွက် သို့မဟုတ် ဖလန်ထည်များဖြင့်ပြသပေးခြင်းအားဖြင့် အရင်ခေတ်ခါကသချိုင်းဂူပုံမှာ မည်သို့ဖြစ်ကြောင်း၊ ပိတ်ထားသော ကျောက်တုံးကြီးကိုဖယ်ရန်မှာ လွယ်ကူသည့်အရာမဟုတ်ကြောင်းတို့ကို ကလေးများ သိလာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် "Betty Luken" ၏ရုပ်ပုံများနှင့်တကယ်ပစ္စည်းအစစ်များကို အသုံးပြုရန်တိုက်တွန်းလိုပါသည်။ ကလေးများ၏စိတ်ဝင်စားမှုကို ရယူနိုင်ရန်အတွက် သင်ကြားပေးပုံကို လိုအပ်သလိုပြောင်းလဲလုပ်ဆောင်နိုင် ပါသည်။ ပုံဝတ္ထုတစ်ခုထဲတွင် မတူညီသောသင်ထောက်ကူပြုအမျိုးမျိုးကို လိုအပ်သလိုအသုံးပြုနိုင်ပါသည်။ ပုံဝတ္ထုများကို တိကျစွာဥပမာပြပုံဖော်ပေးနိုင်လေလေ ပို၍ထိရောက်မှုရှိလေလေဖြစ်သည်။

## ဖလန်ထည်ကားချပ် (Flannelgraph)

ဖလန်ထည်ကားချပ်များအသုံးပြုခြင်းသည် ကျမ်းစာပုံဝတ္ထုများအား ကလေးများနားလည်စေရန် အလွန် အထောက်အကူပြုပါသည်။ သို့သော်လည်း ရုပ်ပုံကားချပ်များကိုအသုံးပြုသည်တွင် သတိပြုရမည့်အချက် တစ်ချက်မှာ သင်ထောက်ကူပြုရုပ်ပုံများဖြင့် သမ္မာကျမ်းစာပုံဝတ္ထုကိုပုံဖော်ရန် အလုပ်ရှုပ်နေရင်းက ကျမ်းစာ၏ အဓိကအချက်ကို လက်လွှတ်သွားသည့်အခြေအနေမျိုး ဖြစ်သွားစေနိုင်သည်။ ထို့ပြင် အသေးစိတ်အချက် အလက်များက ကလေးများကိုအာရုံပြောင်းသွားစေနိုင်ကြောင်းကိုလည်း သတိထားရပါမည်။ ဥပမာအားဖြင့် အောက်ပါမေးခွန်းများကို တွေ့မြင်ရမည်ဖြစ်သည် –

> "ဆရာမ ယေရှုရှင်ကို လက်ဝါးကပ်တိုင်ပေါ်မှာ ကြိုးနဲ့ချည်ထားတာပဲ၊ သံရိုက်ထားတာမှမဟုတ် တာ။" "ဒါမှမဟုတ် သံချောင်းတွေက ကြိုးအောက်မှာရှိနေလို့ မပေါ်တာနေမှာနော် ဆရာမ" ထို့ပြင် "ပေတရု" အဖြစ်သုံးထားသောပုံကို "ပေါလု" အဖြစ် ပြန်လည်အသုံးပြုပါက ကလေး များက သတိထားမိကြမည်ဖြစ်သည်။

ထိတွေ့မြင်နိုင်သည့်ရုပ်ပုံများသည် ဝိညာဉ်ပိုင်းဆိုင်ရာသမ္မာတရားများကိုဖော်ပြရန် ရည်ရွယ်ဖန်တီးထားခြင်း မဟုတ်ပေ။ ထို့ကြောင့်ရုပ်ပုံများကို ပြောပြသွန်သင်ရမည့်ကျမ်းစာပုံဝတ္ထုများပြင်ဆင်ရာတွင် မည်သည့်ရုပ်ပုံများ အသုံးပြုရမည်ကို ကြိုတင်၍ပြင်ဆင်ထားရပါမည်။ အကယ်၍ပြောပြမည့်ပုံဝတ္ထုအတွက် လုံလောက်သောရုပ်ပုံ ကားချပ်များမရှိပါက ကလေးများ၏စိတ်ကူးတွင် မြင်ယောင်နိုင်အောင်ပြောပြရန် ပြင်ဆင်ထားရပါမည်။

ဖလန်ထည်ကပ်ပုံများအသုံးပြုရာတွင် အခက်အခဲအချို့ရှိနိုင်သည့်အတွက်ကြောင့် အကျိုးရှိရှိသုံးတတ်ရန် အချိန်ပေးလေ့ကျင့်ရန် လိုအပ်ပါသည်။ ဖလန်ထည်ကပ်ပုံများဖြင့်ပြောပြရာတွင် အကျယ်တဝင့်အသေးစိတ် စီစဉ် ပြောပြရန်မလိုအပ်ပေ။ အချို့သောပုံဝတ္ထုများသည် နောက်ခံကားချပ်တစ်ခုထက်မက ပါဝင်နိုင်ပါသော်လည်း နောက်ခံကားချပ်တစ်ခုထဲကို အသုံးပြုခြင်းအားဖြင့်လည်း ပို၍ရိုးရှင်းစေတတ်ပါသည်။ နောက်ခံကားချပ်များကို

ပုံပြင်ပြောပြနေစဉ်အတွင်း ပြောင်းလဲအသုံးပြုနေခြင်းက အချိန်အလွန်ကုန်ဆုံးစေတတ်ပါသည်။ ထို့ကြောင့် သင်ခန်းစာမစတင်မီကတည်းက နောက်ခံကားချပ်များ၊ ရုပ်ပုံများကို အစီစဉ်ကျနေရာချထားရပါမည်။

ရုပ်ပုံများအသုံးပြုခြင်း၌ ပို၍ကျွမ်းကျင်ပိုင်နိုင်မှုရှိလာလေလေ ပြောနေသည့်ပုံဝတ္ထုများကို ပို၍ပုံဖော်တတ်လာလေလေဖြစ်လိမ့်မည်။ သို့သော်လည်းအစပြုခါစတွင် လိုအပ်သည့်အဓိကရုပ်ပုံများကိုအသုံးပြု၍ ရိုးရှင်းစွာအစပြုပါ။ ကျောင်းမတက်သေးသောကလေးများ၏ အချိန်တိုအာရုံစူးစိုက်နိုင်သည့်အတောအတွင်း ပုံဝတ္ထုတွင်သော်လည်းကောင်း၊ ပုံဝတ္ထု၏ပြင်ပ၌သော်လည်းကောင်း ဖြစ်ပျက်နေသည့်အကြောင်းအရာများကို စနစ်တကျဖော်ကျူးပြောပြနေသည်ထက် ဘုရားသခင်နှင့်စပ်ဆိုင်သည့်အဓိကအချက်များကို ၎င်းတို့အာရုံ၌ အမိအရရိုက်ထည့်ရန်မှာ ပို၍အရေးကြီးသည်ကို နောက်ထပ်တစ်ကြိမ်သတိပေးလိုပါသည်။
(ဖလန်ထည်ရုပ်ပုံကားချပ်များနှင့်ပတ်သက်၍ www.bettylukens.com တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။ www.ntm.org တွင်လည်း ကြည့်ရှုလေ့လာနိုင်ပါသည်။

### *သားတော်အားဖြင့် စကားပြောတော်မူခြင်း ရောင်ခြယ်စာအုပ်*

ပုံဝတ္ထုများကိုပြောပြနေစဉ် ကိုက်ညီသင့်လျော်သည့်အချိန်၌ ရောင်ခြယ်စာအုပ်ရှိရုပ်ပုံများအား ပြသပေးခြင်းသည် များစွာအထောက်အကူဖြစ်စေပါသည်။ ထိုသို့ပြုခြင်းအားဖြင့် ကလေးများကို ရောင်ခြယ်စာအုပ်ပေးလိုက်သည့်အခါတွင် ရင်းနှီးပြီးသားဖြစ်နေပါလိမ့်မည်။ ဥပမာ – သူငယ်တော်ယေရှု၏ပုံသည်လည်း ဘုရားသခင်က ကယ်တင်ရှင် စေလွှတ်ပေးမည်ဆိုသည့်ကတိတော်ကို အမြဲတမ်းအမှတ်ရစေပါလိမ့်မည်။ ကလေးငယ်များသည် ထိုပုံကိုတွေ့မြင်သည့်အခါတိုင်း ဓမ္မသစ်ကျမ်းစာတလျှောက် ကယ်တင်ရှင်စေလွှတ်ရန် ဘုရားသခင်၏ကတိတော်ဖြစ်သည်ကို ရှင်းပြပေးနိုင်ပါသည်။ ထိုသို့ပြုခြင်းဖြင့် ကလေးငယ်များသည် ထိုရုပ်ပုံကိုတွေ့သည်နှင့် အလိုလိုပင် ဘုရားသခင်သည် ကယ်တင်ခြင်းပြင်ဆင်ပေးရန် ကတိတော်ရှိကြောင်းကို သိလာကြမည်ဖြစ်သည်။
သင်ခန်းစာသင်ကြားနေစဉ်တွင် ထိုသင်ခန်းစာအတွက် ပြင်ဆင်ထားသည့်ရောင်ခြယ်စာအုပ်ရှိ စာမျက်နှာပါရုပ်ပုံများကို သင်ထောက်ကူအဖြစ်အသုံးပြုခြင်းသည် အဖွဲ့ငယ်များခွဲ၍ဆွေးနွေးခြင်းအတွက် အကူအညီများစွာဖြစ်စေပါသည်။ ရုပ်ပုံများကိုပြသနေစဉ်တွင် ပုံဝတ္ထု၏အဓိကအချက်များကို ထပ်ခါတလဲလဲပြောပြပါ။ ပုံပြင်ပြောပြနေစဉ်တွင် ရုပ်ပုံများကိုမလိုအပ်သည် သို့မဟုတ် အသုံးမပြုသည်ဆိုအုံးတော့ နောက်ဆုံးတွင် ပုံဝတ္ထုကိုအဆုံးသတ်ချိန်၌ ပြန်လည်အနှစ်ချုပ်နွေးပေးရန်အတွက် အသုံးပြုနိုင်ပါသည်။

အကယ်၍ကလေးများသည် ရုပ်ပုံများရောင်ခြယ်နေကြစဉ်တွင် ပုံဝတ္ထု၏အဓိကအချက်များကို ဆွေးနွေးစေပါက ရောင်ခြယ်စာအုပ်သည် ဆရာ၊မ များအတွက် သင်ခန်းစာပြန်လည်နွေးခြင်းနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထိုမျှမက ရောင်ခြယ်စာအုပ်ကို ကလေးများက အိမ်သို့ပြန်ယူသွားချိန်တွင် သင်ခန်းစာများ ပြန်လည်နွေးပေးဖို့ မိဘများက အသုံးပြုရန်ဖြစ်သည်။ ဥပမာအားဖြင့် ယေရှုရှင်သည် ဘုရားဖြစ်တော်မူကြောင်းကို ပြန်လည်နွေးပြရာတွင် ယေရှုရှင်ဗိမာန်တော်၌ သင်ကြားပေးနေပုံ (သင်ခန်းစာ ၆၉)၊ ရေမှစပျစ်ရည် ပြောင်းလဲစေပုံ (သင်ခန်းစာ ၇၃)၊ မုန်တိုင်းကို ငြိမ်သက်စေပုံ (သင်ခန်းစာ ၇၇)၊ ဗာတိမဲကို ကျန်းမာစေပုံ (သင်ခန်းစာ ၈၈) တို့ကို ပြန်လှန်ပြပြီးနောက် ပုံတစ်ပုံခြင်းသည် ယေရှုရှင်၏ဘုရားဖြစ်ခြင်းကိုဖော်ပြနေကြောင်း ပြန်လည်ပြောပြနွေးပေးနိုင်ပါသည်။

## ရုပ်လုံးအရွယ်အစားပြပေးသော သင်ထောက်ကူပြုပစ္စည်းများ

## (Three-demensional visual aids)

ကျောင်းမနေသေးသောကလေးငယ်များအား ပုံဝတ္ထုများပြောရာတွင် ရုပ်လုံးအရွယ်အစားပြပေးသော သင်ထောက်ကူပြုပစ္စည်းများအသုံးပြုခြင်းမှာ အရေးပါလှပါသည်။ ကလေးငယ်လေးများသည် လက်တွေ့ဆန်ဆန်စဉ်းစားတတ်သူများဖြစ်၍ သူတို့၏အာရုံငါးပါးလှုပ်ရှားစေခြင်းသည် တစ်စုံတစ်ခုကို နားလည်စေရန်နှင့်

မှတ်မိစေရန် သော့ချက်ဖြစ်ကြောင်းသိထားရပါမည်။ ထောင်ထဲ၌ ပေတရုသံကြိုးများဖြင့် အချုပ်ကျနေသည့်ပုံကို ပြသပေးခြင်းအားဖြင့် အချုပ်ကျသည်မှာ မည်သို့သောပုံစံဖြစ်သည်ကို ကလေးများမျက်စိထဲတွင် မြင်ယောင်လာနိုင်မည်ဖြစ်သည်။ သံချိန်းကြိုးတစ်ခု လောက်ကိုယူလာပြီး ကလေးများကို ကိုယ်တိုင်ထိတွေ့စေခြင်းအားဖြင့် လက်တွေ့ရှိလာကာ၊ ပေတရု ထောင်မှလွတ်မြောက်ခဲ့သည့်အကြောင်းကို ပြောပြသည့်အခါ အံ့သြစရာအမှန်တကယ်ဖြစ်သည်ကို ကလေးများ နားလည်သဘောပေါက်လာကြမည်ဖြစ်သည်။ ဆူးသရဖူ (သံဆူးကြိုးဖြင့်လုပ်ထားသောသရဖူ) ကို အတန်းသို့ယူလာက ကလေးများကို စမ်းကိုင်စေခြင်းမျိုးကလည်း လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုရင်မည်မျှနာကျင်မည်ကို ကလေးများမြင်ယောင်ခံစားနိုင်မည်ဖြစ်သည်။ မာရိက ယေရှုရင်ကို အမွှေးနံ့သာဖြင့်ဘိသိက်ပေးသည့်ပုံဝတ္ထုအား ပြောပြရာတွင် အတန်းသို့ရေမွှေးပုလင်းတစ်လုံးလောက်ယူလာက ကလေးများအားအနံ့ခံစေခြင်းမျိုးကလည်း ၎င်းတို့ နားလည်လာစေရန်အတွက် အလွန်ထိရောက်စေမည်ဖြစ်သည်။

## ကိုယ်ခန္ဓာဟန်ပန်အမူအရာအား သင်ထောက်ကူအဖြစ် အသုံးပြုခြင်း

ဘုရားသခင်ကိုချစ်သောပါရမီရှင် ဆရာ၊မ များသည် အကောင်းဆုံးသင်ထောက်ကူပြုများပင်ဖြစ်သည်။ ရုပ်ပုံ၊ ဖလန်ထည်ရုပ်ပုံများနှင့် အခြားသောသင်ထောက်ကူပြုပစ္စည်းများက ဘုရားသခင်အတွက် စိတ်အားအလွန်ကြီးသော လူတစ်ယောက်၏မျက်နှာ၊ အသံ၊ လက်များနှင့်ခန္ဓာကိုယ်လှုပ်ရှားမှုထက် သာ၍ပိုကောင်းအောင် လုပ်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် သမ္မာကျမ်းစာပုံဝတ္ထု၏အဓိကအချက်များသည် ထိုပုံဝတ္ထုကို ဖော်ပြရန်အတွက် ပြင်ဆင်ခြင်းများကြားထဲ ပျောက်ဆုံးသွားခြင်းမရှိစေရန် သတိထားပြင်ဆင်ရမည်။ ပုံဝတ္ထုများ၏အဓိကအချက်များကိုပြောပြနေစဉ် ကလေးငယ်များ၏မျက်လုံးတည့်တည့်ကြည့်ကာ “ဘုရားသခင်က သူလုပ်မယ်လို့ပြောတဲ့အရာတွေကို အမှန်တကယ်လုပ်တဲ့ဘုရားသခင်ဖြစ်တယ်။ ဆရာ၊မ တို့မှာ *သစ္စာရှိတဲ့*ဘုရားသခင်ရှိတယ်” ဟု နှလုံးသားပါလျက် ပြောပြနိုင်ရမည်။

နည်းပညာများ၊ မီဒီယာများ တိုးတက်ပြောင်းလဲအသုံးပြုနေကြသော်လည်း ကလေးငယ်များသည် အသက်ရှင်သောလူသား၏ပုံဝတ္ထုပြောဆိုခြင်းကို စွဲမက်နေကြဆဲပင်ဖြစ်သည်။ နှုတ်၊ခန္ဓာဖြင့် ပုံပြင်ပြောပြခြင်းသည် နည်းပညာအရနိမ့်ချနေသည်ဟု ထင်မှတ်ရပါသော်လည်း ၎င်းသည် ဆရာ၊မ များ၏နှလုံးသားထဲတွင် ဘုရားသခင်ပြောပြစေလိုသောအရာများကို တိတိကျကျပြောပြစေနိုင်ပါသည်။

ကောင်းမွန်သောပုံဝတ္ထုပြောခြင်းသည် ပြဇာတ်ဆန်ဆန်ပြောဆိုနိုင်ခြင်းဖြစ်သည်။ သို့သော် သမ္မာကျမ်းစာပုံဝတ္ထုများကိုပြောပြရာတွင် ပြောပြသူဆရာ၊မသည် ပုံဝတ္ထုပါဇာတ်ကောင်အားလုံးနေရာတွင် ကိုယ်တိုင်တစ်ယောက်တည်းက သရုပ်ဆောင်ရသကဲ့သို့ ကိုယ်တိုင်ကလည်း ထိုဇာတ်ကြောင်းကို ပြောပြနေရသူဖြစ်သည်။ ပုံဝတ္ထုကို လိုအပ်သည့်ပုံဖော်ချက်များအချို့နှင့်အတူ အတိုချုပ်၍ပြောပြသင့်ပါသည်။ သင်သည် သမ္မာကျမ်းစာပုံဝတ္ထုနှင့် သမ္မာကျမ်းစာသြဝါဒများကို ပြောပြနေခြင်းဖြစ်သည်ကို အမြဲတမ်းအမှတ်ရပါ။

## ပုံဝတ္ထုများပြောခြင်းအတွက် အကြံဉာဏ်များ

၁) ပုံဝတ္ထုများကို ဖော်ကျူးရန်နှင့်အာရုံစိုက်မှုရရှိစေရန် ကိုက်ညီသည့်သင်ထောက်ကူပြုပစ္စည်းများကို အသုံးပြုပါ။

၂) ပုံဝတ္ထုများကိုပြောပြရာတွင် သင့်တင့်လျောက်ပတ်သည့်အမြန်နှုန်းဖြင့်ပြောပြပါ။ လျင်မြန်လွန်းခြင်းက ပုံဝတ္ထုများကို နားမလည်ပဲဖြစ်စေနိုင်ပြီး အလွန်နှေးကွေးခြင်းက ငြီးငွေ့စေနိုင်ပါသည်။

၃) ပုံဝတ္ထုများ၏အဖြစ်အပျက်အခြေအနေများအရ သို့မဟုတ် စိတ်ခံစားချက်များဖြစ်လာစေရန် စကားပြောဆိုခြင်းမြန်နှုန်းကို လိုအပ်သလိုအချိန်ကိုက်ပြောင်းလဲပေးပါ။ ဥပမာ – ဘုရားသခင်မိန့်စေသောစကားကို ဖာရောဘုရင်ရှေ့ရပ်၍ မောရှေကပြောပြသည့်အကြောင်းကိုပြောပြရာတွင် ဖြည်းဖြည်းနှင့်

အခွင့်အာဏာအပြည့်ပါသည့်ပုံစံဖြင့် “ငါ့လူများကို လွှတ်ပေးစေ” ဟူ၍လည်းကောင်း၊ ယေရှုရှင်က မုန်တိုင်းကို ငြိမ်းစေသည့်အကြောင်းပြောရာတွင် မြန်မြန်နှင့်ပြဇာတ်ဆန်ဆန်ပြောရန် လိုအပ်ပါသည်။

၄) အလွယ်တကူကြားသိနိုင်ရန် လုံလောက်သည့်အသံမျိုးဖြစ်ပါစေ။

၅) ပုံဝတ္ထုများ၏အနေအထားအတိုင်း အသံကိုအတိုးအကျယ် ပြောင်းလဲပြောဆိုပါ။

၆) ပုံဝတ္ထုပြောကြားခြင်း အဆင်ပြေချောမွေ့နေစေရန် သင်ထောက်ကူပြုပစ္စည်းများကို အစီစဉ်တကျပြင်ဆင်ထားပါ။ (ဥပမာ – ဖလန်ထည်ရုပ်ပုံများကို အသုံးပြုသည့်အခါ မည်သည့်ပုံကို မည့်သည့်အခါတွင်၊ မည်သည့်ပုံပြီးမှ သုံးမည်ဟူ၍ ပြင်ဆင်ထားရမည်။)

၇) ကလေးများက အဓိကအချက်များကို စိတ်တွင်စွဲသွားသည်အထိ ထပ်ကာတလဲပြောပြပါ။

၈) ကိုက်ညီသည့်အခါတိုင်း အသံအမျိုးမျိုးဖြင့် သရုပ်ဖော်ပေးပါ (ဥပမာ – မြည်းကလေးလမ်းလျှောက်သည့်အကြောင်းကို ပြောပြစဉ်တွင် “တစ်ကလုတ်၊ တစ်ကလုတ်” ဟူ၍အသံပြုပါ။)

၉) အသံတုများကို လုပ်ဆောင်နိုင်ပါက လုပ်ဆောင်အသုံးပြုပါ။

၁၀) အခွင့်သင့်တိုင်း ကလေးများ၏အာရုံ (၅) ပါးကို ဆွဲဆောင်နိုင်ပါစေ။

၁၁) ပုံဝတ္ထုများပြောကြားရာတွင် ကလေးငယ်များကို သင်နှင့်အတူပါဝင်လာစေရန် တိုက်တွန်းပါ။ ထိုသို့ဆိုရာတွင် ဘုရားသခင်ပြုသောအမှုအရာကို လက်ခုပ်တီးလျက် ချီးမွမ်းခြင်းဖြင့်သော်လည်းကောင်း၊ အသံတုများ အတူတကွလုပ်ဆောင်ရန်သော်လည်းကောင်း၊ အမူအရာသရုပ်ဖော်ခြင်းများဖြင့်သော်လည်းကောင်း ပါဝင်စေရန်ဖြစ်သည်။ ဥပမာ – ဘုရားသခင်၏တန်ခိုးတော်ကို ဖော်ပြလျက်ရှိသော ပုံဝတ္ထုကို ပြောပြနေစဉ်တွင် “ဘုရားသခင်က ခွန်အားနည်းပါသလား” ဟူ၍ မေးခွန်းမေးပါ။ ကလေးများဘက်မှ “ဘုရားသခင်ဟာ သန်မာတယ်၊ အရာခပ်သိမ်းကိုတတ်စွမ်းနိုင်တယ်” ဟု တုံ့ပြန်ရန်သင်ထားပါ။ သို့မဟုတ် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကိုပြောပြရာတွင် “သခင်ထမြောက်ပြီ” ဟူ၍ ဝမ်းမြောက်စွာကြွေးကြော်ရန် ကလေးများကိုတိုက်တွန်းပါ။ ယေရှုရှင် ကမ်းနဘေးတွင်ပေါ်လာသည့်အကြောင်းအားပြောနေစဉ် သင်နှင့်အတူကလေးများ ငါးဖမ်းပိုက်ကိုဆွဲနေသကဲ့သို့ သရုပ်ဖော်ရန်ဖိတ်ခေါ်ပါ။

၁၂) ပုံဝတ္ထုကိုမပြောမီ နှစ်ကြိမ်သုံးကြိမ်ခန့် အစမ်းလေ့ကျင့်ပြောဆိုပါ။ အခြားသူတစ်ယောက်ယောက်ကို ပြောပြခြင်းဖြင့်သော်လည်းကောင်း၊ မှန်ရှေ့တွင်တစ်ယောက်တည်းရပ်၍ ပြောဆိုခြင်းဖြင့်သော်လည်းကောင်း လေ့ကျင့်ပါက အကျိုးရှိသည်ကိုတွေ့ရပါသည်။

၁၃) ရိုးရှင်းသည့်စကားလုံးများကို သုံးပါ။ ကလေးငယ်များကို သင်ကြားပေးသောဆရာ၊မ များတွင် ရှိလေ့ရှိထပြဿနာမှာ ကလေးငယ်များ မရင်းနှီးသောစကားလုံးများကို အသုံးပြုမိခြင်းပင်ဖြစ်သည်။ အရိုးရှင်းဆုံးစကားလုံးများကို အသုံးပြုနိုင်ရန်ကြိုးစားပါ။ ဘုရားသခင်က “မိန့်တော်မူတယ်” ဆိုပြီး ပြောတာမျိုးထက် ဘုရားသခင်က ပြောတယ်ဟူ၍သော်လည်းကောင်း ဘုရားသခင်က သူ့ရဲ့ကတိတော်တွေအားလုံးကို တည်စေတယ်ဆိုတာထက် ဘုရားသခင်ကပြောတဲ့အတိုင်း လုပ်တယ်ဟူ၍သော်လည်းကောင်း ရိုးရှင်းစွာပြောပြပါ။

နောက်ဆက်တွဲ (Appendix) တွင် ပုံပြင်ပြောပုံပြောပြနည်းအချို့ကို ဖော်ပြပေးထားပါသည်။

## ၃။ ကြည့်ရှုဆင်ခြင်ခြင်း (Look)

“ကြည့်ရှုဆင်ခြင်ခြင်း” အပိုင်းကို သင်ကြားပေးရာတွင် အတန်းရှိကလေးများအားလုံးကို တစ်ဖွဲ့တည်းအဖြစ် (သို့) အဖွဲ့ငယ်များခွဲ၍သော်လည်းကောင်း သင်ကြားပေးနိုင်ပါသည်။ အဖွဲ့ငယ်များခွဲ၍ သင်ကြားပေးနိုင်ပါက ပို၍ထိရောက်မှုရှိပါသည်။ “ကြည့်ရှုဆင်ခြင်ခြင်း” ဆိုသည်မှာ ကလေးငယ်များ၏အသက်တာတွင် သမ္မာတရားသွန်သင်ချက်များကို မည်သို့လက်တွေ့လိုက်လျှောက်ကျင့်သုံးရမည်ကို ရှာဖွေတွေ့ရှိစေသောအချိန်ဖြစ်ပါသည်။ နှုတ်ကပတ်တော်သမ္မာတရားက သူ၏အသက်တာတွင် မည်သို့ဆက်နွယ်မှုရှိသည်ကို သိရှိလာစေရန် မေးခွန်းများ

မေးမြန်းချိန်ဖြစ်ပါသည်။ ဘုရားသခင်က မည်သည့်အရာတောင်းဆိုနေသည်ကို ကလေးများသိနားလည်စေရန် ကူညီပေးခြင်းဖြစ်သည်။

ဤသို့ မေးမြန်းဆွေးနွေးကြရာတွင် ဆရာ၊မ များအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုကို မှီခိုရန် လိုအပ်ပါသည်။ မှန်ကန်သောမေးခွန်းများကို မေးနိုင်ရန်အတွက် ဝိညာဉ်တော်ဘုရားသခင်၏ ဦးဆောင်မှုကို ထိတွေ့ခံစားရမှုရှိရန် ဆုတောင်းပါ။ ပုံဝတ္ထုက သူတို့၏အသက်တာနှင့်မည်သို့သက်ဆိုင်ကြောင်းကို ပြောပြခြင်းထက်၊ ၄င်းတို့၏နှလုံးသားတွင် ဘုရားသခင်က မည်သည့်နေရာ၌ အလုပ်လုပ်နေသည်ကိုသိနိုင်ရန် မေးခွန်းများပိုမေးသင့်ပါသည်။

ဥပမာ – မွေးကတည်းကမျက်စိကန်းသောသူကို ယေရှုရှင် ကျန်းမာစေခဲ့သောအဖြစ်အပျက် (ယော၊ ၉) ၌ ကျွန်ုပ်တို့အတွက် နာခံရမည့်အချက်များစွာရှိသည် – ယေရှုရှင်၏စကားအား နာခံခြင်း၊ ကျွန်ုပ်တို့၏အသက်တာ၌ ယေရှုရှင်ပြုတော်မူသောအမှုအရာတို့အား အခြားသူများထံပြန်လည်ပြောကြားခြင်း၊ ယေရှုရှင်ပြုခဲ့သောအမှုအရာများအတွက် ကျေးဇူးတော်ချီးမွမ်းကိုးကွယ်ခြင်း၊ မှန်ကန်သည့်အရာပေါ်တွင် မားမားမတ်မတ်ရပ်တည်အသက်ရှင်ခြင်းစသည့်အချက်များတွေ့ရသည်။ သင်ကြားပေးသော ဆရာ၊မ များက မည်သည့်အရပ်သို့ ဘုရားသခင် ဦးဆောင်နေသည်ကိုမသိပေ။ ထို့ကြောင့်အချိန်တိုင်း သန့်ရှင်းသောဝိညာဉ်တော်ကို အမှီပြုရန်မှာ အလွန်ပင်အရေးကြီးပါသည်။

မေးသင့်မေးထိုက်သည့်မေးခွန်းများမှာ – "တစ်ခါတစ်ရံမှာ ယေရှုရှင်ရဲ့စကားကို နာခံဖို့ဟာခက်ခဲပါသလား။ နာခံဖို့ခက်ခဲတဲ့အရာက ဘာပါလိမ့်။ ဆရာ၊မ တို့အတွက် ဘာကြောင့်အဲဒီအရာက ခက်ခဲရတာလဲ။" မေးမြန်းနိုင်သည့်အခြားမေးခွန်းများမှာ – "သားတို့သမီးတို့အတွက် ယေရှုရှင် လုပ်ဆောင်ပေးတဲ့အရာ တစ်စုံတစ်ခုကို ပြောပြလို့ ရမလား။ အဲဒီအရာက ယေရှုရှင်ဟာ ဘယ်လိုမျိုးဖြစ်သလဲဆိုတာကို ထင်ရှားစေသလဲ။ အဲဒီအကြောင်းကို ဘယ်သူက သားတို့သမီးတို့ကို ပြောပြနိုင်သလဲ။"

ကလေးတစ်ယောက်သည် နှုတ်ကပတ်တော်တရားကို လက်တွေ့မကျင့်သုံးမီ ထိုတရားကို အရင်နားလည်သဘောပေါက်ရန် အရေးကြီးလှပါသည်။ အဖွဲ့လိုက်သင်ကြားပေးသည်တွင် ကလေးငယ်တစ်ဦးချင်းစီတိုင်းက နားလည်ကြသလားဆိုသည်ကို သိရန်ခက်ခဲလှပါသည်။ ထို့ကြောင့် အဖွဲ့ငယ်များ ခွဲ၍ (သို့) တစ်ဦးချင်း ပုံဝတ္ထုပါအဓိကအချက်အလက်များကို မေးမြန်းရန်မှာ အလွန်အရေးကြီးလှပါသည်။ ရောင်ခြည်စာအုပ်၏ဘယ်ဘက်ခြမ်းစာမျက်နှာတွင် သင်ခန်းစာကို လက်တွေ့လိုက်လျှောက်ခြင်းနှင့် နားလည်သဘောပေါက်ခြင်းရှိစေရန် အကြံပြုချက်များဖော်ပြပေးထားပါသည်။ ထိုဖော်ပြပါအချက်အလက်များသည် အကြံပြုသည့်သဘောသက်သက်ဖြစ်ရာ သမ္မာကျမ်းစာ လေ့လာခြင်းအတွက်သော်လည်းကောင်း ကလေးများ လက်တွေ့လိုက်လျှောက်ကျင့်သုံးရမည့် အချက်များအတွက်သော်လည်းကောင်း ဆုတောင်းခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုကို မှီခိုအားထားရပါမည်။ အခြားအစားထိုးနိုင်သည့် နည်းလမ်းကောင်းမရှိတော့ပေ။ ဖော်ပြထားသောအကြံပေးချက်များသည် သင်ခန်းစာကို မည်သို့ရှင်းပြလိုက်လျှောက်စေရမည်နှင့်ပတ်သက်၍ လေ့လာရာတွင် ကျွမ်းကျင်မှုရှိလာစေရန် အထောက်အကူအဖြစ် ပြင်ဆင်ပေးထားခြင်းဖြစ်သည်။ အသက်အရွယ်ပိုရသောကလေးများအနေနှင့် အထက်ဖော်ပြပါ လိုက်လျှောက်ကျင့်သုံးခြင်းများထက် သမ္မာကျမ်းစာတော်မြတ်ကို ပို၍နက်နဲစွာလိုက်လျှောက်နိုင်ရပါမည်။

### ၄။ လိုက်လျှောက်ကျင့်သုံးခြင်း (Took)

ဆရာသမားကောင်းများသည် ဘုရားသခင်၏သမ္မာတရားကို ကလေးငယ်များ မည်သို့လိုက်လျှောက်ကျင့်သုံးရမည်ကို သိမြင်နိုင်ရန် ကူညီပေးတတ်ကြသော်လည်း တုံ့ပြန်ရမည့်တာဝန်မှာ ကလေးများ၏အပိုင်းဖြစ်သည်။ ၎င်းသည် သင်တန်းချိန်ပြင်ပတွင် ဖြစ်ပျက်တတ်ပြီး၊ ဘုရားသခင်၏နှုတ်တော်ထွက်စကားအား ကလေးငယ်များ တုံ့ပြန်လာနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်က အခြေအနေအမျိုးမျိုးကို ဖြစ်ပေါ်စေတတ်သည်။ ကလေးတစ်ဦးက တုံ့ပြန်လိုက်သည့်အခါ ထိုသမ္မာတရားသည် ၎င်း၏အသက်တာတွင် အမှန်ဖြစ်လာပြီး၊ နှုတ်ကပတ်တော်ကို ဦးခေါင်းဖြင့် သိနားလည်ရုံတင်မဟုတ်တော့ပဲ နှလုံးသားဖြင့်ခံစားနားလည် အလေးအမြတ်ထားမိလာစေပါသည်။ ထိုသို့အားဖြင့် ဘုရားသခင်၏ဘုန်းတော်သည်လည်း ထင်ရှားလျက်ရှိပါသည်။

## ရောင်ခြယ်စာအုပ်များ

"သားတော်အားဖြင့် စကားပြောတော်မူခြင်း" ပါ သင်ခန်းစာတိုင်း ရောင်ခြယ်စာအုပ်ပါရုပ်ပုံများနှင့်အခန်းလိုက်ကိုက်ညီစွာ ပြင်ဆင်ထားပါသည်။ ရောင်ခြယ်စာအုပ်များသည် အတန်းပုံမှန်တက်ရောက်သောကလေးငယ်တစ်ယောက်စီတိုင်းအတွက်ဖြစ်ပြီး အတန်းတွင်သိမ်းထားရန်နှင့်စာအုပ်တစ်အုပ်လုံးပြီးသွားခါမှ မိမိအိမ်သို့ယူဆောင်သွားရန် ရည်ရွယ်ပြင်ဆင်ထားပါသည်။ ကလေးငယ်တစ်ယောက်စီတိုင်း၌ ရောင်ခြယ်စာအုပ်တစ်အုပ်စီရှိရပါမည်။

ရောင်ခြယ်စာအုပ်တွင် ရည်ရွယ်ချက်နှစ်ခုရှိပါသည်။ ပထမရည်ရွယ်ချက်မှာ အကြောင်းအရာအဖြစ်အပျက်များကို မှတ်မိစေရန်၊ ကလေးများကိုယ်တိုင် လှုပ်ရှားပါဝင်လာစေရန်နှင့်လိုအပ်သည့်မေးခွန်းများ မေးမြန်းနိုင်ရန်အတွက်သော်လည်းကောင်း၊ ကလေးငယ်များက ရောင်စုံများခြယ်သနေစဉ် လိုက်လျှောက်ကျင့်သုံးရမည့်အချက်များကို ပြောပြနိုင်ရန် ရွယ်ရွယ်ပါသည်။

ဒုတိယရည်ရွယ်ချက်မှာ သင်ရိုးညွှန်းတမ်းပြီးဆုံးသွားသည့်အခါ မိဘများမှရောင်ခြယ်စာအုပ်ကို အသုံးပြု၍ မိမိ၏သားသမီးများကို သင်ခန်းစာ၏အဓိကအချက်များအား ပြန်လည်နွှေးပေးနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် ရောင်ခြယ်စာမျက်နှာများကို တစ်ရွက်စီပြင်ဆင်ထားခြင်းမဟုတ်ပဲ စာအုပ်တစ်အုပ်ကဲ့သို့ ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ကျမ်းချက်နှင့် ဖြစ်နိုင်ချေရှိသည့် လိုက်လျှောက်ကျင့်သုံးရန်မေးခွန်းများကို စာအုပ်၏ဘယ်ဘက်ခြမ်းစာမျက်နှာတွင် ပုံနှိပ်ထားပါသည်။ ညာဘက်ခြမ်းစာမျက်နှာတွင် သမ္မာကျမ်းစာပုံဝတ္ထုကို အလွယ်တကူအမှတ်ရစေနိုင်မည့်ရုပ်ပုံများကို ထည့်သွင်းပေးထားပါသည်။

တခါတရံမှ အတန်းလာတက်သောကလေးများအတွက် ရောင်ခြယ်စာအုပ်အပိုအချို့ကို ဝယ်ယူထားပြီး ၎င်းတို့အတွက် သက်ဆိုင်သည့်သင်ခန်းစာပါ ရောင်ခြယ်ပုံများကို မိတ္တူကူးအသုံးပြုရန် ခွင့်ပြုထားပါသည်။

ကျောင်းတက်အရွယ်ကလေးများအတွက် ရောင်ခြယ်ကြရာတွင် ပျော်ရွှင်မှုရှိကြပြီး ကောင်းမွန်စွာရောင်ခြယ်နိုင်ကြပါသော်လည်း ကျောင်းနေအရွယ်မရောက်သေးသော ကလေးငယ်လေးများအတွက်မူ မည်သို့ခြယ်သရမည်၊ မည်သည့်အရောင်ခြယ်သရမည်စသည်ဖြင့် လိုအပ်သလိုအကြံပေးသွန်သင်ခြင်းများ လိုအပ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ရောင်ခြယ်စာအုပ်ကို ရောင်ခြယ်သရုံသက်သက်ထက်ပို၍ အသုံးဝင်အောင်သုံးရပါမည်။ ၎င်းကို စုပေါင်းလုပ်ဆောင်မှုဆိုင်ရာ စာအုပ်အဖြစ်လည်းအသုံးပြုနိုင်ပါသည်။ ထိုသို့ပြုလုပ်ရန် ဖန်တီးမှုအနည်းငယ်သာလိုအပ်ပါသည်။ ရောင်ခြယ်စာအုပ်နှင့်အတူ အခြားအခြားသောအရာများကို ဖြည့်ဆည်းအသုံးပြုခြင်းအားဖြင့် လုပ်ဆောင်နိုင်ပါသည်။ (မာကာများ၊ တံဆိပ်ခေါင်း မတ်ကာများ၊ တလက်လက်အရောင်ထွက်သောဘောလ်ပင်များ) ကပ်ခွါများနှင့် ဖြတ်ယူကပ်နိုင်သည့်ပစ္စည်းလေးများကို ဖြည့်စွက်အသုံးပြုနိုင်သည်။ ဥပမာ –

သင်ခန်းစာ ၆၈ – ပညာရှိများ ယေရှုရှင်ကို ဖူးတွေ့ကြသည် – ပညာရှိများ၏ခေါင်းပေါင်းတွင် တလက်လက် အရောင်များ ခြယ်သစေပါ၊ ထို့နောက် ကြယ်ကြီးတွင် ကပ်ခွါရွှေရောင်များကိုကပ်စေပါ။
သင်ခန်းစာ ၇၄ – ဖခမည်းတော်အိမ်တော်အတွက် စိတ်အားကြီးခြင်း – ငှက်များပေါ်တွင် ကြက်မွေး သို့မဟုတ် ငှက်မွေး အစစ်များကိုကပ်စေပါ – ငွေဒင်္ဂါးပြားများကို ငွေရောင်ခြယ်သစေပါ။
သင်ခန်းစာ ၇၇ – ယေရှုရှင်သည် မုန်တိုင်းကို နှုတ်တော်ထွက်စကားအားဖြင့် ငြိမ်သက်စေခဲ့သည် – ရေကို ပုံဖော်စေရန် အပြာနှင့်အစိမ်း စက္ကူများကို ဖြတ်၍ကပ်စေပါ။
သင်ခန်းစာ ၇၉ – အသက်မုန့်ဖြစ်သောယေရှုရှင်က လူပေါင်းငါးထောင်ကို ကျွေးမွေးခဲ့သည် – ကောက်ရိုးများကို ပိုင်းဖြတ်လိုက်ပြီး၊ ကလေးများကို တောင်းပုံများဆွဲစေကာ၊ ထိုကောက်ရိုးပိုင်းလေးများကိုကော်ဖြင့် တောင်းကွက် ဖော်စေပါ။
သင်ခန်းစာ ၉၄ – ပေတရုက ယေရှုရှင်ကို ငြင်းပယ်ခဲ့သည် – လိမ္မော်ရောင်နှင့်အနီရောင်စာရွက်ကို မီးတောက်လောင်သည့် ပုံစံဖြစ်အောင်ညှပ်စေပါ၊ ထို့နောက် ကြက်ဖကိုလည်း ကြက်မွေးများကပ်စေနိုင်ပါသည်။
သင်ခန်းစာ ၁၀၃ – အထက်အရပ်မှ တန်ခိုးတော် – မီးလျှံများကို တလက်လက် ကပ်ခွါများဖြင့်စီခြယ်စေပါ။

# အလွတ်ကျက်မှတ်ရမည့် ကျမ်းပိုဒ်များ

ကျောင်းမနေသေးသောကလေးများအား ကျမ်းပိုဒ်အလွတ်ကျက်စေရန် ကျွန်ုပ်တို့မစဉ်းစားမိကြပါသော်လည်း ထိုကလေးငယ်များသည် ကျမ်းစာကို မှတ်မိနိုင်သည့်စွမ်းရည် ရှိနေနှင့်ပြီးဖြစ်သည်။ တစ်ခါတစ်ရံ ၄င်းတို့သည် အထွေအထူးကြိုးစားစရာမလိုအပ်ဘဲ ပုံပြင်စာအုပ်တစ်ခုလုံးကိုပင် အလွတ်ရမှတ်မိ၍ ပြန်ပြောနိုင်ကြသည်။ ရိုးရှင်းသည့်ကျမ်းပိုဒ်များကို အလွတ်ကျက်မှတ်ရန် ၂ နှစ်အရွယ်ကလေးအတွက် ငယ်ပါသေးသည်ဟု ပြောမရတော့ပေ။ ကျမ်းပိုဒ်များကို လုံးလုံးနားမလည်ကြပါသော်လည်း ကျမ်းချက်၏အဓိကအချက်များကိုမူ ၄င်းတို့နားလည်နိုင်ပါသည်။ ကလေးတစ်ယောက်အရွယ်ရောက်လာသည်နှင့်အမျှ သမ္မာကျမ်းစာအပေါ် ၄င်း၏ နားလည်သဘောပေါက်ခြင်းသည်လည်း တိုးတက်ကြီးထွားလာပေသည်။ ငယ်ရွယ်စဉ်ကတည်းက သမ္မာကျမ်းစာ အလွတ်ကျက်မှတ်ခြင်းသည်လည်း တစ်သက်တာလုံး ကျမ်းချက်ကျက်မှတ်ခြင်းအလေ့အထဖြစ်စေရန် များစွာ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

သင်ရိုးညွှန်းတမ်းပါကျမ်းစာပုံဝတ္ထုများနှင့် တိုက်ရိုက်ဆက်နွယ်ကိုက်ညီမည့် ကျမ်းပိုဒ်ကို ရွေးချယ်ခြင်းထက် ကလေးများကို ကျယ်ပြန့်သောအခြေခံသမ္မာတရားများကို သွန်သင်ခြင်းသည် ပို၍အကျိုးဖြစ်ထွန်းလိမ့်မည်ဟု မြင်မိပါသည်။ ထို့ကြောင့် “ဘုရားသခင် ထူထောင်ခဲ့သောသက်သေတရား” နှင့် “သားတော်အားဖြင့် စကား ပြောတော်မူခြင်း” ဆိုသည့် သင်ရိုးနှစ်ခုလုံးအတွက် ပြင်ဆင်ထားသောအလွတ်ကျက်မှတ်ရမည့်အခြေခံကျမ်းပိုဒ် များကို အသုံးပြုရန်တိုက်တွန်းလိုပါသည်။ ဤပြင်ဆင်ပေးထားသောကျမ်းပိုဒ်လေးများသည် အထူးသဖြင့် ငယ်ရွယ်သောကလေးများအတွက် ရွေးချယ်ထားခြင်းဖြစ်ပြီး နားလည်မှတ်မိရန် လွယ်ကူသောအခြေခံသမ္မာ ကျမ်းပိုဒ်များဖြစ်ကြပါသည်။

အပတ်စဉ်တိုင်းမတူညီသည့်ကျမ်းချက်များကို သင်ကြားပို့ချပေးရင်း၊ သင်ကြားခဲ့ပြီးသည့် ကျမ်းချက်များကိုလည်း ပြန်လည်နွှေးပေးနိုင်ပါသည်။ ကျမ်းလွတ်ကျက်မှတ်စေခြင်းကို မိဘများကလည်း တာဝန်ယူကူညီကျက်မှတ်စေနိုင် ပါသည်။

ကျမ်းပိုဒ်ကိုရွတ်ဆိုရာတွင် ကျမ်းချက် (ဥပမာ –ရွှေကျမ်းချက် – ရှင်မဿဲ၊ ၇း၇) ကို ဦးစွာရွတ်ဆိုပြီးမှ ကျမ်းပိုဒ်ကို ဆိုရပါမည်။ နောက်ဆုံးတွင် ထိုကျမ်းချက်ကို ပြန်လည်ရွတ်ဆိုရမည်။ ဤသို့ရွက်ဆိုခြင်းက ကျမ်းချက်ကို မှတ်မိလွယ်ကူ စေမည်ဖြစ်သည်။

# အတန်းအပြင်အဆင်

**ပတ်ဝန်းကျင်အခြေအနေ**

စာသင်ခန်း၏ပတ်ဝန်းကျင်အခြေအနေသည် ဆိတ်ငြိမ်မှု၊ ဖော်ရွေမှုနှင့်စနစ်တကျဖွဲ့စည်းမှု ရှိသင့်ပါသည်။ ဆိုလိုသည်မှာ ကလေးများ အခန်းထဲသို့ဝင်လာသည်နှင့်တပြိုင်နက် ဖော်ဖော်ရွေရွေကြိုဆိုသင့်ပါသည်။ ထိုသို့ ပြုလုပ်နိုင်ရန် အပတ်စဉ်တိုင်း တစ်စုံတစ်ဦးကိုညွှေ့ကြိုအဖြစ် စီမံခွဲခန့်ထားနိုင်ပါသည်။ အခန်းအတွက်လိုအပ်ချက် အားလုံးကိုလည်း အတန်းချိန်မစမီ ကြိုတင်ပြင်ဆင်ပြီးဖြစ်နေရပါမည်။ ကျမ်းစာပုံဝတ္ထုများကိုပြောပြရန် အတန်း မစမီ ပြင်ဆင်ပြီးဖြစ်နေရမည်။ အတန်းထဲဝင်လာသည်နှင့် ကလေးများပါဝင်လုပ်ဆောင်ရမည့်အစီစဉ်များကို ကလေးများ အတန်းထဲဝင်မလာခင်ကတည်းက စီစဉ်ပြီးဖြစ်နေရမည်။

စာသင်ခန်းသည် ဘုရားဝတ်ပြုမွေ့လျော်သောအခြေအနေမျိုး ရှိနေရမည်။ ကလေးငယ်များ ရောက်မလာခင် ဆရာ၊မ များအားလုံး အတူတကွကြိုတင်ဆုတောင်းကြရန်လည်း တိုက်တွန်းလိုပါသည်။ ကြိုပို့ပေးသည့် မိဘ၊ အုပ်ထိန်းသူများကိုလည်း ကြိုပို့ချိန်သတ်မှတ်ပေး၍ ထိုအချိန်ပြင်ပတွင် အတန်းတံခါးများကို ပိတ်ထားသင့် ပါသည်။ (ထိုကဲ့သို့သောပြင်ဆင်မှုများကို ကြိုတင်လုပ်ဆောင်နိုင်ရန် ဆရာ၊မ တစ်ယောက်ယောက်က ကြိုတင် စောစီးစွာ အတန်းသို့ကြိုရောက်နှင့်နေရပါမည်။)

မိဘ (သို့) ကလေးငယ်များ အတန်းထဲသို့ဝင်လာကြသောအခါ အခန်း၏အပြင်အဆင်သည် ဘုရားသခင်နှင့် နှုတ်ကပတ်တော်ကို ဗဟိုပြုမှန်း သိသာထင်ရှားစေသင့်ပါသည်။ ဥပမာအားဖြင့် စာသင်ခန်းအားအဓိပ္ပါယ်မရှိ သည့် ကာတွန်းရုပ်ပုံများကပ်၍ တန်ဆာဆင်ခြင်းထက် သမ္မာကျမ်းစာပါရုပ်ပုံများဖြင့် ပြင်ဆင်သင့်ပါသည်။ ထိုသို့ သမ္မာကျမ်းစာပါရုပ်ပုံများကို တန်ဆာဆင်ရန် "ရောင်ခြယ်စာအုပ်" ပါရုပ်ပုံများကို ပုံကြီးချဲ့ကူးယူနိုင်ပါသည်။

**သင်ကြားရေးအဖွဲ့ခွဲပုံစံ**

ကျောင်းမတက်သေးသောကလေးများအတန်းအတွက် သင့်လျော်သောအချိုးအစားမှာ ကလေး ၆ ယောက်မှာ ဆရာ၊မ တစ်ယောက်ဖြစ်သင့်ပါသည်။ ကျောင်းမတက်သေးသောကလေးများအတန်းတွင် ကလေးဦးရေ ၁၅ မှ ၂၀ ယောက်ထက်မများလျှင် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ အတန်းထဲတွင် လူဦးရေများလွန်းနေသဖြင့် ဆူညံနေပါက ကလေးငယ်များသည် အာရုံစူးစိုက်ရန် အခက်အခဲရှိမည်ဖြစ်ပြီး ကောင်းမွန်စွာသင်ယူနိုင်ကြမည်မဟုတ်ပေ။ အကယ်၍ အတန်းထဲတွင်လူဦးရေနည်းနေမည်ဆိုပါက ဆရာ၊မ တစ်ယောက်တည်းဖြင့် သင်ကြားပေးနိုင်ပါသည်။ သို့သော် ထိုဆရာ၊မ အနေဖြင့် များစွာသောတာဝန်ကို တစ်ပြိုင်တည်းတာဝန်ယူရပါလိမ့်မည်။ အကယ်၍ အတန်းထဲတွင် ကလေးလူဦးရေများနေပါက သင်ကြားရေးအဖွဲ့ဖွဲ့ကာ တာဝန်များခွဲဝေနိုင်ပါသည်။
သင်ကြားရေးအဖွဲ့ခွဲရာတွင် အောက်ပါအတိုင်း တာဝန်များခွဲယူနိုင်ပါသည် –

**အဖွဲ့ခေါင်းဆောင်** – အဖွဲ့ခေါင်းဆောင်သည် စာသင်ခန်း၏ရည်မှန်းချက်ပန်းတိုင်ကို ပံ့ပိုးထိန်းသိမ်းရန် တာဝန်ရှိသူဖြစ်သည်။ အခြားအဖွဲ့ဝင်များ၏တာဝန်များနှင့်ပတ်သက်၍ ထောက်မဦးဆောင်လမ်းပြပေးရန်ဖြစ်ပြီး၊ မိဘ၊ အုပ်ထိန်းသူများနှင့် ပေါင်းသင်းဆက်သွယ်မှုများကိုလည်း တာဝန်ယူရမည့်သူဖြစ်သည်။

**သင်ကြားပေးသူ ဆရာ၊မ** – ဆရာ၊မ ၏တာဝန်မှာ သင်ခန်းစာပို့ချရန် ပြင်ဆင်ခြင်းနှင့် သင်ခန်းစာပို့ချခြင်းကို တာဝန်ယူရသူဖြစ်သည်။

**ဝတ်ပြုကိုးကွယ်ခြင်း ဦးဆောင်သူ** – ၎င်းတို့၏တာဝန်မှာ ကိုးကွယ်ဝတ်ပြုခြင်းကို အပတ်စဉ်တိုင်းဦးဆောင်ရန် ဖြစ်သည်။

**အဖွဲ့ငယ်ခွဲများကို ဦးဆောင်သူ** – ၎င်းတို့၏တာဝန်မှာ ဝိညာဉ်ရေးရာဦးဆောင်မှုပြုပေးရန်နှင့် ကလေးငယ်များ အကြား ပေါင်းသင်းဆက်ဆံရေးကို ထိန်းကြောင်းလမ်းညွှန်ပေးရန်ဖြစ်သည်။ ထို့ပြင် မိဘ၊ အုပ်ထိန်းသူများနှင့် ဆက်နွှယ်မှုကို ကောင်းမွန်စေရန် ထိန်းသိမ်းရမည့်သူများဖြစ်သည်။

ဤတာဝန်များကို ဆရာ၊မများ မလောက်ပါက အတူတကွမျှဝေလုပ်ဆောင်နိုင်သကဲ့သို့ (သို့) လူဦးရေ လောက်ပါက တစ်ဦးတစ်ယောက်ချင်း၏တာဝန်အဖြစ် သတ်မှတ်နိုင်ပါသည်။ ဥပမာ ဝတ်ပြုကိုးကွယ်ခြင်း ဦးဆောင်သူက အဖွဲ့ငယ်ခွဲများကိုဦးဆောင်သူ သို့မဟုတ် သင်ကြားပို့ချပေးသော ဆရာ၊မ အဖြစ်လည်း တာဝန် ဆက်ယူနိုင်ပါသည်။

ဤကဲ့သို့တာဝန်ခွဲ၍ သင်ကြားကြရာတွင် သတိပြုရမည့်အချက်တစ်ချက်မှာ ကလေးငယ်များ၏အာရုံပျက်ပြား သွားနိုင်သည့်အချက်ဖြစ်သည်။ သင်ကြားပေးသောအဖွဲ့တွင် ပါဝင်သောဆရာ၊မ များအနေဖြင့် ၎င်းတို့ သင်ကြား ရသည့်အပတ်မဟုတ်လျှင်လည်း အတန်း၌ မိမိလည်းတာဝန်ရှိသည်ဟူသောစိတ်ရှိသူများ ဖြစ်ရပါမည်။ သင်ကြားခြင်း၌ မိမိအလှည့်မဟုတ်သောဆရာ၊မ များအနေနှင့် အခြားသောတာဝန်များကို ကူညီပေးနိုင်ပါသည်။ အလှည့်ကျသင်ကြားပေးသည်ဟုဆိုရာတွင် အပတ်စဉ်အလှည့်ကျဆိုသည်ထက် သင်ခန်းစာအကြောင်းအရာ တစ်ခုလုံးကို အပြီးတိုင်သင်ကြားပေးခြင်းသည် ပို၍အကျိုးပြုနိုင်ပါသည်။

## အတန်းချိန် သတ်မှတ်ခွဲဝေခြင်း

ဘုရားကျောင်းတွင် ကလေးများရှိနေချိန်မှာ အလွန်နည်းသောကြောင့် ကျမ်းစာသင်ကြားခြင်းအပိုင်းနှင့် ယုံကြည် ခြင်းကို လက်တွေ့ကျင့်သုံးခြင်းအပိုင်းများကို ပိုမို၍အချိန်ပေးဦးဆောင်ခြင်းသည် အလွန်အကျိုးကြီးပါသည်။ ဆိုလိုသည်မှာ အတန်းချိန်အတွင်းလုပ်ဆောင်မှုမှန်သမျှတွင် ရည်ရွယ်ချက်ရှိရမည်။ ကျောင်းနေအရွယ် မရောက်သေးသောကလေးများအတွက် ကစားချိန်များရှိရမည်ဆိုသော်လည်း ထိုအချိန်များပင်လျှင် ဘုရား သခင်၏ နိုင်ငံတော်အတွက်ရည်ရွယ်၍ စီစဉ်ကြပ်မတ်ရပါမည်။

**"ဖြည့်စွက်ချက်"** ခေါင်းစဉ်အောက်တွင် အချိန်ဇယားနှင့်ပတ်သက်၍ အကြံပြုချက်များရှိပါသည်။ သင့်ကလေး များအပေါ်မူတည်၍ မည်သည့်အကြံပေးချက်က အကောင်းဆုံးဖြစ်သည်ကို စမ်းစစ်ရွေးချယ်နိုင်ပါသည်။ အချိန်ဇယားအားလုံးတို့တွင် အောက်ပါလုပ်ဆောင်များ ပါဝင်ကြပါသည် –

## လွတ်လပ်စွာဆော့ကစားခြင်း

လွတ်လပ်စွာဆော့ကစားခြင်း၌ "ပါဝင်လှုပ်ရှား သင်ယူများ" ပါဝင်ကြပါသည်။ ၎င်းတို့မှာ –

- ကစားစရာ ပလားစတစ်တုံးလေးများ (Manipulative toys)
- အနုပညာဆိုင်ရာလုပ်ဆောင်မှုများ (ရောင်ခြယ်ခြင်း၊ ပုံဆွဲခြင်း သင်ကြားပေးမည့် သင်ခန်းစာနှင့် ကိုက်ညီသည့် လုပ်ဆောင်ချက်များ)
- ဆက်စပ်ကစားရသသည့် အတုံးလေးများ
- ကားရုပ်လေးများ
- အရုပ်အိမ်
- စာဖတ်ချိန် (သင်ခန်းစာနှင့် ကိုက်ညီသည့်စာအုပ်များကို ထားပါ)
- ပဟေဠိများ (ကျမ်းစာနှင့်သက်ဆိုင်သည့် ပဟေဠိများရှိလျှင် ပို၍ကောင်းပါသည်။)

အကယ်၍အတန်းချိန်ကို လွတ်လပ်စွာဆော့ကစားခြင်း အစီအစဉ်ဖြင့်အစပြုပါက ကလေးများကို အခန်းထဲသို့ ဝင်မလာမီကတည်းက လိုအပ်သောပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။ သို့မှသာအတန်းထဲသို့ ဝင်လာ ကြသည်နှင့် ကလေးများကို မည်သည့်အရာများ လုပ်ဆောင်ရမည်ကို ချက်ခြင်းပြောဆိုလမ်းညွှန်နိုင်မည် ဖြစ်သည်။ လုပ်ဆောင်မှုပုံစံများသည် အပတ်စဉ်လိုက် အပြောင်းအလဲရှိနေသင့်ပါသည်။

ကလေးများကို တစ်ကြိမ်ကစားရာတွင် လုပ်ဆောင်မှုတစ်ခုတွင်သာ ပါဝင်ကစားစေရမည်ဖြစ်သော်လည်း၊ အခြား လုပ်ဆောင်မှုများတွင်လည်း တစ်ပတ်ခြား၊ နှစ်ပတ်ခြားဟူ၍ လွတ်လပ်စွာပြောင်းလဲပါဝင်ခွင့် ပေးနိုင်ပါသည်။ တစ်ကြိမ်တည်း၌ လုပ်ဆောင်ရမည့်အရာနှစ်မျိုးကို ပါဝင်ခွင့်တော့ မပေးပဲနေရမည်။

လွတ်လပ်စွာဆော့ကစားချိန်ကို အချိန်ဖြည့်သည့်သဘောကဲ့သို့ မမြင်သင့်ပေ။ ကျောင်းမနေသေးသော ကလေးများ၏ အာရုံစိုက်နိုင်မှုအချိန် အတိုင်းအတာကန့်သတ်ချက်ရှိသည့်အတွက် ထိုကစားချိန်အတွင်းပင် သင်ကြားပေးခြင်း၊ ထိုနေ့တွင် သင်ကြားပေးမည့်သင်ခန်းစာအတွက် ပြင်ဆင်ပြောဆိုခြင်းများ ပြုလုပ်ရပါမည်။ ဥပမာ –

ဆက်စပ်ရသသည့်အတုံးလေးများနှင့် ကလေးများကစားနေစဉ်တွင် အောက်ပါလမ်းညွှန်မှုများကို ပြုလုပ်ပေးနိုင်ပါသည်။ "မျှော်စင်အမြင့်ကြီးကို ကလေးတို့ဆောက်လုပ်နိုင်ပါသလား။ ဘယ်လောက် မြင့်မြင့် လုပ်နိုင်မလဲ။ သားတို့သမီးတို့ရဲ့မျှော်စင်ကြီးက မျက်နှာကျက်ထိရောက်နိုင်မလား။ သမ္မာကျမ်း စာထဲက အရမ်းမြင့်တဲ့မျှော်စင်ကြီးတစ်ခုအကြောင်း သားတို့သမီးတို့ မှတ်မိကြသေးသလား။" (ဓမ္မ ဟောင်းကျမ်းမှ သင်ယူခဲ့သည့်အကြောင်းအရာများကို ပြန်လည်နွှေးပေးပါ။)

ကလေးများသည် ၄င်းတို့၏လက်ချောင်းလေးများဖြင့် အနုပညာဆန်ဆန်လုပ်ဆောင်ရသည့်အရာ များကို လုပ်ဆောင်နေကြစဉ် ထိုလက်ချောင်းလေးများ၏အသုံးဝင်သန်မာပုံကို ထောက်ပြလိုက်ကာ ဖန်ဆင်းရှင်ဘုရားအကြောင်းအား ပြောပြနိုင်ပါသည်။ (ဥပမာ – အဲဒီလက်ချောင်းလေးတွေကို ဘယ်သူ ဖန်ဆင်းထားသလဲ။ တကယ်လို့ သားတို့သမီးတို့မှာ လက်မမရှိပဲနဲ့သာဖြစ်နေမယ်ဆိုရင် ဘယ်လို လုပ်မလဲ။" (ကလေးများကို လက်မမပါပဲ လုပ်ဆောင်စမ်းသပ်စေပါ။) "လက်မလေးတွေပါမှပဲ ပိုပြီး ကောင်းကောင်းလုပ်နိုင်တယ် မဟုတ်လား။ လက်မလေးတွေ ပေးထားတဲ့ဘုရားသခင်ရဲ့အကြံအစည် ဟာ ကောင်းမြတ်တယ်မဟုတ်လား။")

အကယ်၍ ကလေးငယ်တစ်ဦးက ရောင်စုံခဲတံအများစုကိုယူထားပြီး အခြားသူများအတွက် အနည်း ငယ်ကို ချန်ထားခဲ့သည်ဆိုပါက "သားက ရောင်စုံခဲတံတွေ အဲဒီလိုယူထားရင်တော့ ကျန်တဲ့သူငယ် ချင်းတွေအတွက် ဘယ်ကျန်တော့မလဲနော်။ တစ်ယောက်ယောက်ကို သားလက်ထဲက ရောင်စုံခဲတံ တွေကို ရွေးချယ်ခွင့်ပေးမလား။ သူငယ်ချင်းတစ်ယောက်စီတိုင်းမှာ ရောင်စုံခဲတံတစ်ချောင်းစီရှိရင်တော့ ပိုကောင်းတာပေါ့။" (အကယ်၍ ထိုကလေးငယ်က သင်၏စကားကို နားမထောင်လိုပါလျှင် ဆုံးမ သွန်သင်ခြင်းလုပ်ရပါမည်။) "အခြားသူတွေကို ခွဲမပေးချင်တဲ့အတွက် ဆရာ/မ စိတ်မကောင်းဘူး၊ ဒါပေမဲ့ အတန်းထဲမှာရှိတဲ့ သူတစ်ယောက်စီတိုင်း ရောင်စုံခဲတံတစ်ချောင်းစီတော့ရရမယ်၊ သားလဲပါတယ်။" ထို့နောက် ရောင်စုံခဲတံများကို ကလေးတစ်ယောက်စီတိုင်းအား မျှဝေလိုက်ပါ။ "တစ်ယောက်စီတိုင်းမှာ ရောင်စုံခဲတံတစ်ချောင်းစီရှိတာက ကောင်းမွန်တဲ့အရာပါ။ ဒီအတွက်ဘုရားသခင်လည်း ဝမ်းသာမှာပါ။"

အကယ်၍ ဦးဆောင်နေသည့်ဆရာ/မ သတိရှိနေမည်ဆိုလျှင် လွတ်လပ်စွာကစားသည့်အချိန်အတွင် သင်ကြား ပို့ချနိုင်သည့် အဖိုးတန်အချိန်ပိုင်းလေးများကို တွေ့မြင်ရမည်။ သင်ခန်းစာ၏အဓိကအချက်များကို အတန်းတစ် နေရာရာတွင် ချိတ်ဆွဲထားခြင်းကလည်း ဆရာ/မ များအနေဖြင့် အခွင့်ရှိသည့်အခါတိုင်း ထည့်ပြောပြနိုင်ရန် အထောက်အကူပြုပါလိမ့်မည်။ အကယ်၍ "လွတ်လပ်စွာကစားခြင်း" အစီအစဉ်ကို သင်ခန်းစာအပြီးတွင် လုပ်ဆောင်စေပါက သင်ခန်းစာ၏အဓိကအချက်များကို ပြန်လည်နွှေးသည့်ပုံစံဖြင့် အလျှင်းသင့်သလိုထည့်ပြော သွန်သင်ပေးနိုင်ပါသည်။ ကြားခဲ့ရသည့်အကြောင်းအရာများကို လက်တွေ့သရုပ်ဖော်ခြင်းကလည်း ကလေးများ အား သင်ခန်းစာကိုမှတ်မိစေရန် အထောက်အကူပြုပါသည်။ "လွတ်လပ်စွာကစားခြင်း" အစီစဉ်သည် ကျမ်းလွတ်ကျက်မှတ်ထားသည့်အရာများကို ပြန်လည်နွှေးပေးရန် အကောင်းဆုံးအချိန်လည်းဖြစ်နိုင်ပါသည်။

တရားလမ်းအတိုင်းသွန်သင်နိုင်ရန် "လွတ်လပ်စွာကစားခြင်း" အစီအစဉ်၌ များစွာအခွင့်အရေးရှိနေပါသည်။ ဤအချိန်အတောအတွင်း သိမ်မွေ့စွာပြုမူနေထိုင်ရမည့်အရာများကိုလည်း သင်ကြားပေးနိုင်ပါသည်။ အရေးကြီး ဆုံးအချက်မှာ ဤအစီအစဉ်တွင် ဦးဆောင်သည့် ဆရာ၊မ များအနေနှင့် အခွင့်အခါကို ကောင်းမွန်စွာ ဆုပ်ကိုင်လျက် လိမ္မာပါးနပ်စွာသွန်သင်ပေးနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် ဆရာ၊မ များသည် လွတ်လပ်စွာကစား ခြင်းကို ကစားပေးရုံမျှဖြင့်သာအချိန်ကုန်စေခြင်းမျိုးမဟုတ်ပဲ သင်ကြားပေးခြင်းအဖြစ်သို့ ပြောင်းလဲနိုင်သည့် သော့ချက်များဖြစ်ပါသည်။

## သင်ခန်းစာပို့ချချိန်

သမ္မာကျမ်းစာပုံဝတ္ထုများကို ပြောပြသည့်အချိန်သည် သင်ခန်းစာပို့ချချိန်ဟုခေါ်သည်။ ကလေးငယ်လေးများကို ကုလားထိုင်ငယ်လေးများပေါ်တွင် သို့မဟုတ် ကော်ဇောပေါ်တွင် ထိုင်နေစေသင့်ပါသည်။ ဆရာ၊မမှာမူ ခုံတစ်ခုံ ပေါ်တွင် ထိုင်ခြင်းအားဖြင့် ကလေးငယ်များအားလုံးကို မျက်စိဖြင့် ထိန်းကျောင်းစကားပြောနိုင်ရန် လွယ်ကူစေပါ လိမ့်မည်။ သင်ထောက်ကူပြုပစ္စည်းများအားလုံးကိုလည်း ကလေးများမြင်နိုင်သည့်အမြင့်တစ်နေရာတွင် အမြဲ ထားပါ။

ပုံဝတ္ထုပြောပြနေစဉ် ဂရုတစိုက်နားထောင်ရန် ကလေးများကိုပြောထားပါ။ ကလေးများအနက် တစ်ယောက် ယောက်က အနှောက်အယှက်ဖြစ်စေလာပါက အတန်းထဲရှိအခြားအကူ ဆရာ၊မ တစ်ယောက် တာဝန်ယူပေးရ ပါမည်။ ထိုသို့အားဖြင့် သင်ကြားပေးသူ ဆရာ၊မ အနေဖြင့် သင်ကြားပေးနေသည့်အရှိန်ကို ရပ်တန့်စရာမလိုပဲ သင်ခန်းစာထဲသို့ ထိုကလေးငယ်၏အာရုံကို အလွယ်တကူပြန်လည်ဆွဲယူနိုင်မည်ဖြစ်သည်။ အတန်း၌ ကူညီ ပေးနေသည့် ဆရာ၊မ အနေဖြင့် နှောက်ယှက်မှုရှိလာစေသည့်ကလေးငယ်အနီး သွားထိုင်ပေးခြင်း၊ ပေါင်ပေါ်တွင် ထိုင်စေခြင်း၊ သီးသန့်ထိုင်စေခြင်းများလည်း လုပ်ရမည်ဖြစ်သည်။ ကလေးများစနစ်တကျနားထောင်စေရန် အတန်းထဲမှ ကူညီပေးနေသည့် ဆရာ၊မက တာဝန်ယူရမည်ဖြစ်သည်။ ထိုသို့ပြုပါမှ သင်ကြားပေးသည့် ဆရာ၊မ သည်လည်း သင်ခန်းစာကို အာရုံစိုက်နိုင်မည်ဖြစ်သည်။ (ကူညီပေးနေသည့် ဆရာ၊မ တစ်ယောက်က ကလေး များနှင့်အတူနေပေးနေချိန် ကျန်အကူဆရာ၊မ တစ်ယောက်က ကလေးများအတွက် အစားအစာပြင်ဆင်ခြင်း များလုပ်ဆောင်ပေးနိုင်ပါသည်။)

မေးခွန်းများမေးရန်အတွက်သော်လည်းကောင်း၊ အဖြေပေးရန်အတွက်သော်လည်းကောင်း ယဉ်ယဉ်ကျေးကျေး လက်ထောင်အချက်ပြတတ်ရန် ကလေးများကို သင်ကြားပေးသင့်ပါသည်။ သင်ပေးနေသည့်ပုံဝတ္ထုနှင့်မဆိုင်သော အကြောင်းအရာများ (ဥပမာ – "မနေ့က သားတို့တိရစ္ဆာန်ရုံသွားကြတယ်ဟေ့") ပြောဆိုတတ်ကြရာ ယဉ်ကျေးသိမ်မွေ့စွာဖြင့် စကားလမ်းကြောင်းပြောင်းကာ သင်ခန်းစာထဲသို့ ဆွဲခေါ်တတ်ရပါမည်။ ("သား လေးရယ် – နောက်မှ အဲဒီအကြောင်းပြောရအောင်နော် (သို့) အဲဒီအကြောင်းကို အဖွဲ့ငယ်ခွဲတဲ့အခါကျရင် ပြောပြနော်" ဟူ၍ စကားလမ်းကြောင်းပြောင်းပေးရမည်။ သို့မဟုတ် ထိုကလေးငယ်ပြောနေသည့်အကြောင်း အရာကို ပုံဝတ္ထုထဲသို့ဆွဲထည့်၍ သင်ခန်းစာဆက်ပြောတတ်ရပါမည် ("ဟုတ်တယ် မနေ့ကသားတို့သွားခဲ့တဲ့ တိရစ္ဆာန်ရုံမှာ ယေရှုရှင်စီးခဲ့တဲ့ တိရစ္ဆာန်အကောင်မျိုးတွေ့ခဲ့သလား။)

ကလေးငယ်များ၏အာရုံစူးစိုက်နိုင်စွမ်းသည် ၁၀ မိနစ်မှ ၁၅ မိနစ်ကြားမျှသာရှိသည့်အတွက်ကြောင့် ပုံဝတ္ထုကို ပြောပြရာတွင် အချိန်တိုအတွင်း ထိရောက်စွာပြောတတ်ရန် လိုအပ်ပါသည်။ ကလေးများ၏အာရုံစိုက်နိုင်နိုင်မှု အတိုင်းအတာထက်လျော့၍ ပုံဝတ္ထုကိုတိုတိုနှင့်လိုရင်းကို ပြောပြခြင်းသည်လည်းအကျိုးမရှိပေ။ ကလေး တစ်ယောက်ယောက်ကပျင်းရိလာပြီး အခြားလူများ၏အာရုံစိုက်မှုကို ပျက်ပြားစေလိုက်သည်ဆိုသည်နှင့် ပုံဝတ္ထု၏ နိဂုံးအပေါ် အာရုံလွတ်သွားနိုင်ပါသည်။ အများသောအားဖြင့်နိဂုံးတွင် သင်ခန်းစာ၏အဓိကအချက်များပါရှိ တတ်သည်ဖြစ်ရာ အဆုံးတိုင် ကလေးများအာရုံစူးစိုက်နိုင်ရန်မှာ အလွန်အရေးကြီးလှပါသည်။ ကလေးများကို

နေရာတကျထိုင်စေ၍ သင်ကြားခြင်းကို နားထောင်စေခြင်းက အချိန်ကြာမြင့်စွာနားထောင်နိုင်ကြသည်ကို တွေ့မြင်ရပါသည်။ သို့သော် နေရာတကျထိုင်၍ နားထောင်တတ်လာစေရန်သွန်သင်ရာတွင် အချိန်အနည်းငယ်မျှ ယူရပါလိမ့်မည်။

### ဝတ်ပြုကိုးကွယ်ချိန်

သီချင်းသီဆိုရာတွင် သင်ခန်းစာနှင့်ကိုက်ညီမှုအနည်းငယ်ရှိသော လောကီကလေးသီချင်းများ သီဆိုခြင်းသည် မှားယွင်းသည်ဟု မဆိုပါသော်လည်း နှုတ်ကပတ်တော်သင်ခန်းစာအတွက် ထိရောက်မှုတော့အလွန်နည်းမည် ဖြစ်သည်။ ထိုကဲ့သို့ လောကီကလေးသီချင်းများကို နားထောင်၊ သီဆိုရန် ကလေးများအတွက် ပြင်ပတွင်များစွာ အခွင့်အရေးရှိပြီးဖြစ်သည်။ ဘုရားသခင်နှင့်ပတ်သက်၍ ဂုဏ်တော်ချီးမွမ်းခြင်းမှာမူ ၄င်းတို့အတွက် အခွင့်အရေး နည်းလှပါသည်။ ဆန်းဒေးစကူးလ်တွင် သီဆိုလေ့ရှိသည့်ကလေးသီချင်းများအချို့တို့သည်လည်း သမ္မာကျမ်းစာ ပုံဝတ္ထု၏အဖြစ်ကိုသာ ဖွဲ့ဆိုထားသောသီချင်းများ ဖြစ်နေတတ်သည်။ အချို့သီချင်းများမှာမူ နှုတ်ကပတ်တော်နှင့် ပတ်သက်၍ သွန်သင်မှုများလည်းပါရှိပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အတန်းချိန်အတွင်း ကလေးများအနေနှင့် ဘုရားသခင်ကို ဗဟိုပြုသောကိုးကွယ်ခြင်းမျိုးကို လုပ်ဆောင်ခံစားသင့်ပါသည်။

စစ်မှန်သောကိုးကွယ်ခြင်းသည် ဘုရားဗဟိုပြုသည်၊ လူကိုဗဟိုပြုခြင်းမဟုတ်။ "ဆန်းဒေးစကူးလ်သီချင်း" အများစုကို ပြန်လည်စစ်ဆေးကြည့်မည်ဆိုလျှင် လူသားဗဟိုပြုများဖြစ်ကြသည်။ ဇကွဲနှင့်သက်ဆိုင်သော သီချင်းဆိုလျှင် ဇကွဲကိုဗဟိုပြုသောသီချင်းများ ဖြစ်နေတတ်သည်။ တစ်ချို့သီချင်းများမှာမူ နှုတ်ကပတ်တော် တရားထက် ကလေးများကိုဖျော်ဖြေမှုပေးရန်အတွက် သီကုံးစပ်ဆိုထားသည့်အလားဖြစ်နေသည်။ ထိုကဲ့သို့ သောသီချင်းများကို "ဝတ်ပြုကိုးကွယ်ချိန်" တွင် သီဆိုလိုက်ခြင်းကြောင့် ထိုသီချင်းများသည်အကြောင်းအရာ ပြောင်းလဲစရာမရှိသော်လည်း ဝတ်ပြုကိုးကွယ်ခြင်း၏အနှစ်သာရသာ ပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် လူသားဗဟိုပြု၊ ဖျော်ဖြေရေးဆန်သောသီချင်းများကို ဝတ်ပြုကိုးကွယ်ချိန်တွင် အတတ်နိုင်ဆုံးရှောင်ကြဉ်ပြီး၊ နှုတ်ကပတ်တော်နှင့်ကိုက်ညီပြီး ဘုရားဗဟိုပြုသီချင်းများကို ရွေးချယ်သီဆိုသင့်ပါသည်။

ဝတ်ပြုကိုးကွယ်ချိန်၏ရည်ရွယ်ချက်မှာ ကလေးများအနေဖြင့် စစ်မှန်သော၊ အဓိပ္ပါယ်ရှိသောကိုးကွယ်ခြင်းကို မြည်းစမ်းမိစေရန်ဖြစ်သည်။ စစ်မှန်သောကိုးကွယ်ခြင်းသည် ဘုရားသခင်အားနှလုံးသားဖြင့်တုံ့ပြန်ခြင်းဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းတွင် ကျွန်ုပ်တို့လူကြီးများကဲ့သို့ ကလေးငယ်များသည်အသက်တာတွင် ဆင်ခြင်စရာများကို မမှီနိုင်ကြပါသော်လည်း ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကို ရှုမြင်ချီးမွမ်းနိုင်ကြပါသည်။

သင်ခန်းစာပို့ချပြီးနောက် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ပြုလုပ်ခြင်းသည်လည်း ကြားခဲ့ရသည့်အကြောင်း အရာများကို မည်သို့တုံ့ပြန်ရမည်ကိုသိရှိစေရန် ကူညီပေးပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းသီချင်းများကို သင်ကြားခဲ့သည့်ပုံဝတ္ထုများနှင့် ကိုက်ညီသည့်သံစဉ်၊ စာသားများကို ရွေးချယ်အသုံးပြုသင့်ပါသည်။

ဘုရားသခင်နှင့် သူ၏နှုတ်တော်ထွက်စကားတော်ကို ကလေးများမည်သို့တုံ့ပြန်ရမည်ကို သင်ကြားခွင့်ရရှိ ခြင်းသည် အလွန်မွန်မြတ်သောအခွင့်အရေးဖြစ်သည်ဟု သိမှတ်ရပါမည်။ ဤအခွင့်အရေးကို ကျွန်ုပ်တို့အား ပေးအပ်ထားသည့်အတွက် ဘုရားသခင်နှင့်ဆက်နွယ်ခြင်းမှ ဖြစ်ပေါ်လာသည့်စိတ်ခံစားချက်အတိုင်းအတာကို သတိထားတတ်၍ ထိုခံစားချက်ကို ဆီလျော်စွာမည်သို့ဖော်ပြရမည်ကို ကလေးများအတွက် ကျွန်ုပ်တို့ကိုယ်တိုင် စံပြဖြစ်နေရပါမည်။ ကလေးငယ်များ၏အသက်တာတွင် မည်သို့ခံစားနေရကြောင်းကို လမ်းညွှန်ပေးလျက် မည်သို့ ဆီလျော်စွာတုံ့ပြန်ရမည်ကို သင်ကြားပေးခြင်းသည် အလွန်အရေးကြီးပါသည်။

ဝတ်ပြုကိုးကွယ်ခြင်း၌ ကလေးငယ်များကိုဦးဆောင်ရာတွင် အရေးကြီးသောအရာမှာ သီဆိုမည့်သီချင်းနှင့် သင်ခန်းစာကိုက်ညီမှုရှိမရှိ၊ ထိုသီချင်းက ဘုရားသခင်၏အံ့ဖွယ်ရာကို မည်မျှလောက်ဖော်ကျူးပေးနိုင်သည် ဆိုသည့်အချက်ဖြစ်ပါသည်။ ထို့ကြောင့်သီချင်းများကို ဦးဆောင်နေစဉ်တွင် သင်ခန်းစာနှင့်ကိုက်ညီသည့် ရှင်းပြချက်များ၊ ခွန်အားပေးမှုများကို ကြားညှပ်၍ပြောကြားပေးသင့်ပါသည်။ ထို့ပြင် ဂုဏ်တော်ချီးမွမ်းကြရာတွင် လှုပ်ရှားမှုနှင့်ဟန်ပန်အမူအရာများသည် ကလေးများအတွက် သင်ခန်းစာကို ပိုမိုမှတ်မိလွယ်ကူစေတတ်ပါသည်။ သို့သော် ဟန်ပန်အမူအရာများ သင့်တင့်လျောက်ပတ်သောအမူအရာများ ဖြစ်ရပေမည်။ ထို့ကြောင့် ဟန်ပန်အမူအရာများကိုလည်း စနစ်တကျပြင်ဆင်ထားပြီး စနစ်တကျသင်ကြားပေးသင့်ပါသည်။ ဟန်ပန်အမူအရာများကြောင့် ဝတ်ပြုကိုးကွယ်ခြင်းပရမ်းပတာမဖြစ်စေရန် ဂရုစိုက်ပါ။

ထို့ပြင်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၏ အခြားသောရည်ရွယ်ချက်မှာ ကလေးငယ်များအား တသက်တာလုံး ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် ပြင်ဆင်ပေးခြင်းဖြစ်သည့်အတွက် အသင်းတော်ဝတ်ပြုချိန်၌ သီဆိုလျက်ရှိသောဓမ္မသီချင်းအချို့တို့ကိုလည်း သင်ခန်းစာနှင့်လျော်ညီစွာ သင်ကြားပေးသင့်ပါသည်။ ထိုသို့ ဓမ္မသီချင်းကြီးများကို သင်ကြားသီဆိုကြရာတွင် ကလေးငယ်များအနေဖြင့် စကားလုံးအသုံးအနှုန်းအချို့ကို ရှင်းပြပေးရန်လိုအပ်လေ့ရှိရာ၊ ၄င်းတို့နှင့်ရင်းနှီးခြင်းမရှိသေးသောစကားလုံးများကို ရှင်းပြရန်လည်းမမေ့အပ်ပေ။

ကလေးများကို ဝတ်ပြုကိုးကွယ်ခြင်းဦးဆောင်ရာတွင် မျက်လုံးဖြင့်အဆက်အသွယ်ပြုခြင်းသည် အလွန်အရေးကြီးလှပါသည်။ ကိုးကွယ်ခြင်းကိုဦးဆောင်သူ၏ မျက်နှာထားနှင့်ကိုယ်နေဟန်တို့ကို ကြည့်ရှုခြင်းအားဖြင့် ကိုးကွယ်ခြင်းအကြောင်းကို ကလေးများက များစွာသင်ယူမိကြပါသည်။ ကိုးကွယ်ခြင်းကို ဦးဆောင်နေသူသည် တူရိယာတစ်ခုခုကို တီးခတ်နေလျှင်ပင် ကလေးများဘက် မျက်နှာမူထားရပါမည်။ သင်ကြားပေးနေသော ကလေးများသည် ကျောင်းမနေသေးသောကလေးငယ်များဖြစ်သည့်အတွက် တူရိယာတစ်ခုခုတီးနေမှုဖြစ်မည်ဟူ၍မရှိပါ။ အဓိကကျသည်မှာ ဝတ်ပြုကိုးကွယ်ခြင်းကိုဦးဆောင်သူက စိတ်နှလုံးအကြွင်းမဲ့၊ လေးနက်သောမျက်နှာထားဖြင့် ဘုရားသခင်ကို ကိုးကွယ်သောသူဖြစ်ရပါမည်။

### အဖွဲ့ငယ်များခွဲ၍ ဆွေးနွေးချိန်

အတန်းတစ်ခုတွင် ကလေးဦးရေများပါက အောက်ပါအတိုင်းအဖွဲ့ခွဲ၍ ဆွေးနွေးအချိန်သုံးခြင်းများ ပြုလုပ်နိုင်ပါသည်။ အဖွဲ့ခွဲတစ်ခုတွင် ဦးဆောင်ပေးမည့် ဆရာ၊မ တစ်ယောက်နှင့်ကလေးငယ် ၆ ယောက်ခန့် ပါဝင်နိုင်ပါသည်။ အဖွဲ့ငယ်များခွဲလိုက်ခြင်း၏အားသာချက်သည် "ကြည့်ရှုခြင်း" အခန်းတွင် ပါရှိသောသင်ကြားပို့ချခြင်းများနှင့် ရောင်ခြယ်စာအုပ်တွင် ရောင်ခြယ်ရမည့်အရာများကို ကောင်းမွန်စုံလင်စွာလုပ်ဆောင်နိုင်ရန် အထောက်အကူဖြစ်စေပါသည်။ အပတ်စဉ်တိုင်း မိမိအဖွဲ့ခေါင်းဆောင် ဆရာ၊မ နှင့်သာ တစ်ဖွဲ့တည်းကလေးများကို ပါဝင်စေပါ။
အဖွဲ့ငယ်လေးများခွဲ၍ ဆွေးနွေးချိန်သည် ရောင်ခြယ်စာအုပ်ပါကျမ်းစာပုံဝတ္ထုများကို နှစ်ကာလအလိုက်ဖော်ပြထားသည့်အတိုင်း သမ္မာကျမ်းစာကို နှစ်ကာလအတိုင်းအစီစဉ်တကျသိနားလည်စေရန် အထောက်အကူများစွာပြုပါသည်။ ဤသို့ဆွေးနွေးကြရာတွင် သင်ခန်းစာအား မှတ်မိစေရုံမျှသာမဟုတ်စေပဲ အသက်တာတွင် လိုက်လျှောက်ကျင့်သုံးတတ်စေရန် အပြန်အလှန်ပြောဆိုမှုများ ပြုလုပ်ပေးရပါမည်။ အဖွဲ့ငယ်များခွဲ၍ ဆွေးနွေးချိန်ကို မုန့်ကျွေးခြင်း၊ ကျမ်းလွတ်များ ပြန်နွှေးခြင်းနှင့်အတူတကွ ဆုတောင်းခြင်းများဖြင့် အချိန်သုံးနိုင်ပါသည်။

## ဆုတောင်းခြင်း

ကလေးငယ်များကို ခြားနားစွာသင်ကြားပေးခြင်းမရှိပါက တူညီသည့်ဆုတောင်းခြင်းများသာ ဆုတောင်းတတ်ကြသည်။ ဥပမာ – "သာယာတဲ့နေ့လေးအတွက် ကျေးဇူးတင်တယ်" "ကိုယ်တော်ချပေး အစာကျွေး" "ဖေဖေနဲ့မေမေအတွက် ကိုယ်တော်ကိုကျေးဇူးတင်တယ်" စသည့်အရာများသာ ဖြစ်နေနိုင်သည်။ ဆုတောင်းချက်

တင်ပြခြင်းများ၊ တစ်ဦးအတွက်တစ်ဦး ဆုတောင်းပေးခြင်းများကို ကလေးငယ်များအား သင်ကြားပေးနိုင်ပါသည်။ ကလေးများလိုအပ်နေသည့်အရာမှာ ရှေ့မှစံပြလုပ်ဆောင်မှုများနှင့်ခွန်အားပေး တိုက်တွန်းခြင်းများသာဖြစ်သည်။ ကျမ်းချက်များကိုအသုံးပြု၍ ဆုတောင်းတတ်အောင်လည်း ကလေးများကိုသင်ကြားပေးနိုင်ပါသည် – "ကိုယ်တော်၏နှုတ်တော်ထွက်စကားပေါ်တွင် ယုံကြည်ကိုးစားတတ်အောင်ကူညီပါ ၊ ကိုယ့်ကိုကိုယ် အမှီမပြုအောင် လမ်းပြပေးပါ" သို့မဟုတ် "ကိုယ်တော်ဘုရား ဖြောင့်မတ်သောသူတို့ကို ကွယ်ကာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။" အခြားသူများအတွက် ဆုတောင်းချိန်တွင်လည်း သမ္မာကျမ်းချက်ကိုအသုံးပြု၍ ဆုတောင်းပေးနိုင်ကြောင်းကိုလည်း သင်ကြားပေးပါ။ ဥပမာ – "သူငယ်ချင်း *မောင်မောင်* ဖျားနေလို့ ကိုယ်တော့်ကို ယုံကြည်ကိုးစားဖို့ ကူညီပေးပါ။"

အတန်းရှေ့တွင်အသံထွက်၍ ဦးဆောင်ဆုတောင်းတတ်အောင်လည်း ကလေးများကို သင်ကြားပေးနိုင်ပါသည်။ တစ်စုံတစ်ယောက်၏မွေးနေ့မျိုးရှိခဲ့လျှင် ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး မွေးနေ့ရှင်အတွက် ဆုတောင်းပေးရန် တောင်းခံပြီးနောက် သင်ကိုယ်တိုင်လည်း ဆုတောင်းပေးခြင်းများ ပြုလုပ်နိုင်သည်။ အထူးလိုအပ်သည့်အရာများကို တောင်းခံရမည့်နည်းလမ်းများကိုလည်း သင်ကြားပေးနိုင်ပါသည်။
ဆုတောင်းခြင်း (၄) မျိုး ရှိကြောင်း ကလေးများကို ပြောပြသွန်သင်ပါ –

၁) "ကိုယ်တော်ကို ချစ်တယ်" ဆိုသည့်ဆုတောင်းခြင်း (ချီးမွမ်းကိုးကွယ်ခြင်း) – ဤဆုတောင်းခြင်းသည် ဘုရားသခင်၏ ကြီးမြတ်အံ့ဖွယ်ဖြစ်တော်မူခြင်းကိုဖော်ကျူးသည့် ဆုတောင်းခြင်းဖြစ်ပါသည်။
၂) "ကိုယ်တော် တောင်းပန်ပါတယ်" ဆိုသည့်ဆုတောင်းခြင်း (အပြစ်ဝန်ချတောင်းပန်ခြင်း) – ဤဆုတောင်းခြင်းသည် ကျွန်ုပ်တို့ပြုမိ၊ ကြံစည်မိသောအမှားများကို ဘုရားသခင်အားဝန်ချပြီး အပြစ်ခွင့်လွှတ်ပါရန် သနားခံတောင်းဆိုခြင်းဖြစ်သည်။
၃) "ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်" ဆိုသည့်ဆုတောင်းချက် (ကျေးဇူးတော် ချီးမွမ်းခြင်း) – ဤဆုတောင်းခြင်းသည် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းနှင့် ဆုတောင်းသည့်အဖြေများကို ပေးတော်မူခြင်းအပေါ် ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်သည်။
၄) "ကိုယ်တော် သနားတော်မူပါ" ဆိုသည့်ဆုတောင်းချက် (အသနားခံ တောင်းလျှောက်ခြင်း) – ဤဆုတောင်းခြင်းသည် ဘုရားသခင်ထံပါးတစ်စုံတစ်ခုကို တောင်းခံလျှောက်ခြင်းဖြစ်သည်။ ဘုရားသခင်ထံမှ အဖြေမှာ "ပေးမယ်၊" "မပေးဘူး" သို့မဟုတ် "စောင့်ဦး" ဟူ၍ဖြစ်နိုင်သည်။ သို့သော် ဘုရားသခင်သည် အမြဲတမ်းဆုတောင်းခြင်းကို အဖြေပေးပါသည်။

ကလေးငယ်များအနေဖြင့် အများရှေ့တွင် ပထမဆုံးအကြိမ်ဆုတောင်းရန် ရှက်ကောင်းရှက်နေနိုင်ပါသည်။ သို့မဟုတ် ၄င်းတို့၏ဆုတောင်းခြင်းများသည် စကားလုံးများထပ်နေသည့်ပုံစံများလည်း တွေ့ရတတ်သည်။ သို့သော်သင်ကိုယ်တိုင် ပုံသက်သေ၊ ဥပမာပြ၍၊ ကလေးများကို ဆုတောင်းခြင်းပုံစံများ သင်ကြားပေးမည်ဆိုလျှင် ဆုတောင်းခြင်း၌ ဖြည်းဖြည်းခြင်း တိုးတက်လာကြမည်ဖြစ်သည်။

## အဖွဲ့လိုက်ကစားခြင်း

ပျော်ရွှင်စေရန်အတွက်သာမဟုတ်ပဲ အဖွဲ့လိုက်ကစားခြင်း၏ရည်ရွယ်ချက်သည် ကလေးငယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာတတ်ရန်ဖြစ်ပါသည်။ အဆိုပါအရည်အချင်းများ အားလုံးသည် စုပေါင်းဝတ်ပြုကိုးကွယ်ခြင်းတွင်ပါဝင်တတ်လာစေရန် ကလေးများအတွက်မဖြစ်မနေ သင်ယူရန် အရေးကြီးပါသည်။

ကျောင်းမနေသေးသောကလေးငယ်လေးများကို သင်ကြားပေးခြင်း၏ ရည်ရွယ်ချက်များအနက်တစ်ချက်မှာ ၎င်းတို့ကို လူကြီးဝတ်ပြုကိုးကွယ်ခြင်းတွင် ပါဝင်လာနိုင်ရန်ပြင်ဆင်ခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်ဆုတောင်းနေစဉ် (သို့) ဆုတောင်းအဆုံးသတ်ကို နားထောင်နေစဉ်တွင် ကလေးငယ်တစ်ဦးက ကျယ်လောင်စွာအော်နေခြင်းမျိုးမပြုအပ်ပေ။ အချို့ကဂုဏ်တော်ချီးမွမ်းနေစဉ် ဟိုပြေးဒီပြေး မပြုအပ်ပေ။ ထို့ကြောင့် အကြိမ်ကြိမ်ကလေးငယ်များကို သွန်သင်ဖို့ရန်လိုအပ်ပါသည်။ ထိုသို့ သွန်သင်ပေးခြင်းများကို ကလေးငယ်များ သဘောပေါက်နားလည်လာကြသည့်အခါ ၎င်းတို့၏မိဘများနှင့်အတူ ဝတ်ပြုကိုးကွယ်ခြင်းတွင် ပါဝင်လာနိုင်ကြမည်ဖြစ်သည်။

ကစားနည်းများကိုရွေးချယ်ကြရာတွင် သင်ခန်းစာ သို့မဟုတ် အသင်းတော်နှင့်ပတ်သက်၍ ကိုက်ညီသောကစားနည်းများကို ရွေးချယ်သင့်ပါသည်။ အဖွဲ့လိုက်ကစားခြင်းမျိုးဖြစ်သည့်အတွက် ကလေးငယ်လေးများနားလည်လွယ်သည့်ရိုးရှင်းသောကစားနည်းမျိုး ဖြစ်သင့်ပါသည်။ မည်မျှပင်ရိုးရှင်းနေပါစေ အစပိုင်းကစားကြရာတွင် ရှုပ်ထွေးမှုများရှိနိုင်ပါသော်လည်း ကစားကြိမ်ရေများလာသည်နှင့်အမျှ အချို့တို့သည် နားလည်လာပြီးပူးပေါင်းတွဲခေါ်ကစားတတ်လာကြမည်ဖြစ်သည်။ ထို့ကြောင့် ရှုပ်ထွေးမှုများစွာမရှိရလေအောင် တစ်ပတ်တွင်တစ်ကြိမ်ကစားကြရာ ကစားနည်းတစ်မျိုးတည်းကိုသာ လမ်းညွှန်ကစားစေသင့်ပါသည်။ ကစားနည်းတစ်မျိုးကိုအားလုံးနားလည်သဘောပေါက်ပြီးနောက်မှ အခြားသောကစားနည်းကို မိတ်ဆက်ကစားစေသင့်ပါသည်။
လေးနှစ်အရွယ်ကလေးများအတွက် အဖွဲ့လိုက်ကစားကြခြင်းသည် အခက်အခဲသိပ်မရှိပါသော်လည်း၊ သုံးနှစ်သားအရွယ်များအတွက် ခက်ခဲမှုအချို့ရှိနိုင်ပါသည်။ ထို့ကြောင့် သုံးနှစ်အရွယ်ကလေးများပါနေမည်ဆိုလျှင် ကစားနည်းကို အတတ်နိုင်ဆုံးအရိုးရှင်းဆုံးဖြစ်စေကာ ရှင်းပြပေးရမည်။ ဝတ်ပြုကိုးကွယ်ခြင်းအတွက် သီချင်းများကို သတိထားရွေးချယ်ရန်လိုအပ်သည့်နည်းတူ၊ ကစားနည်းများလည်းသတိဖြင့် ရွေးချယ်ကစားစေသင့်ပါသည်။

## နိဂုံး

ကလေးများကိုသင်ကြားပေးခြင်းသည် "အခုရေတွင်းတူး အခုရေကြည် သောက်လို့မရဘူး" ဟူသည့်စကားပုံအတိုင်း ချက်ခြင်းအသီးအပွင့်ကို တွေ့မြင်ရမည်တော့မဟုတ်သော်လည်း တသက်တာလုံးသစ္စာရှိစွာ မျိုးစေ့ကြဲသည့်အခါ အကျိုးရလဒ်များတွေ့ရစမြဲဖြစ်ပါသည်။ ဤအလုပ်က "ဆက်ကပ်တာနဲ့တန်ရဲ့လား" ဟူ၍သံသယ၊ စုံစမ်းခြင်းများ ရှိလာနိုင်ပါသည်။ ပုံမှန်သင်ကြားပေးခြင်းသည် ကြီးမားသည့်ဆက်ကပ်မှုဖြစ်ပါသည်။ ကလေးများကိုသင်ကြားပေးသည်တွင် စိတ်နှလုံးအပြည့်မဟုတ်ပဲနှင့်သော်လည်းကောင်း၊ စိတ်နှလုံးအပြည့်အဝအားဖြင့်သော်လည်းကောင်း သင်ကြားပေးနိုင်ပါသည်။ ကြီးမားသောဆုလဒ်ဆောင်များသည် နှစ်ကာလရှည်ကြာသစ္စာရှိရှိ၊ တည်ကြည်စွာဆက်ကပ်ခြင်းအားဖြင့်သာဖြစ်သည်။

"အနည်းငယ်ကိုသာ ကြဲသောသူသည် စပါးအနည်းငယ်ကိုသာ ရိတ်သိမ်းရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ကို သိမှတ်ကြလော့" (၂ကော၊ ၉း၆)။ ဤကျမ်းချက်သည် ငွေကြေးနှင့်ပတ်သက်၍ ပြောနေခြင်းဖြစ်သော်လည်း နိုင်ငံတော်အတွက် စိုက်ပျိုးရိတ်သိမ်းခြင်းအမှုအရာ၌လည်း မှန်ကန်ပါသည်။ နောက်ဆုံးအချိန်ရောက်လာပါမှ သင်ခန်းစာကိုကောက်ယူပြီး နောက်ဆုံးမိနစ်၌မျိုးစေ့များကို ဖြစ်သလိုကြဲလိုက်သည်ဆိုလျှင် သင်၏အတွင်းစိတ်အတွက်သော်လည်းကောင်း၊ သင်ကြားပေးသောကလေးငယ်များ၏ နှလုံးသားတွင်အနည်းငယ်သာရိတ်သိမ်းရမည်ဖြစ်သည်။ သို့သော်သင်ကြားပေးမည့်သင်ခန်းစာအား မိမိအသက်တာတွင်အမှန်နားလည်သဘောပေါက်ရန်အတွက် ဘုရားသခင်ထံပါး ဆုတောင်းခံရင်း၊ အစွမ်းကုန်ပြင်ဆင်ရင်း၊ သင်ကြားပေးသည့်အခါတွင်လည်း အကောင်းဆုံးသင်ကြားပေးရင်း၊ ကလေးများ၏နှလုံးသားများသည်လည်းနှုတ်ကပတ်တော်ခံယူနိုင်ရန်နှင့် ဘုရားသခင်ကိုယ်တိုင် ၎င်းတို့၏နှလုံးသားထဲတွင် သမ္မာတရားတော်ကိုသွန်းလောင်းပေးပါရန် ဆုတောင်းပေးပါမည်ဆိုလျှင် ရရှိမည့်အကျိုးကျေးဇူးသည် အလွန်ကြီးပါလိမ့်မည်။ *"သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်၏ သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့"* (မဿဲ၊ ၂၅း၁၁) ဟူ၍ချီးမွမ်းဖိတ်ခေါ်ခြင်း ခံရသည်ထက် အခြားထိုက်တန်သည့်အရာ ရှိပါအုံးမည်လော။

# နောက်ဆက်တွဲ
## (Appendix)

## "ဘုရားသခင် ထူထောင်ခဲ့သောသက်သေတရား"
နှင့်
## "သားတော်အားဖြင့် စကားပြောတော်မူခြင်း"
သင်ရိုးညွှန်းတမ်း စာအုပ်များမှ

# အဓိကအချက်များ

**ဘုရားသခင်သည် စစ်မှန်သည့်တစ်ဆူတည်းသောဘုရားဖြစ်သည်။**

**ဘုရားသခင်သည် အလုံးစုံကို ဖန်ဆင်းတော်မူသည်။**
*ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်းဆင်းသောပိုင်ရှင်ဖြစ်သည်။*

**ဘုရားသခင်သည် ပုဂ္ဂိုလ်တိုင်းထက် ကြီးမြတ်တော်မူသည်** *(ဘုရားသခင်သည် အကြီးမြတ်ဆုံးဖြစ်သည်)*

**ဘုရားသခင်သည် အရာခပ်သိမ်းကို စိုးပိုင်သောသူဖြစ်သည်။**

**ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တော်မူသည်။** *(ဘုရားအတွက် ခက်ခဲသည့်အရာတစ်စုံတစ်ခုမျှ မရှိပါ)*

**ဘုရားသခင်သည် မည်သည့်အရာမျှ မလိုအပ်ပါ။**

**ဘုရားသခင်သည် သန့်ရှင်းတော်မူသည်** *(သူသည် မည်သူနှင့်မျှမတူပါ။ မည်သည့်အခါမျှ အပြစ်မလုပ်ခဲ့သလို၊ လုပ်မည့်သူလဲမဟုတ်ပါ)။ ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် အပြစ်ကို မုန်းတီးသည်။*

**ဘုရားသခင်သည် နေရာအရပ်တိုင်းတွင် ရှိတော်မူသည်။**

**ဘုရားသခင်သည် ကောင်းမြတ်တော်မူသည်။**

**ဘုရားသခင်သည် ဘယ်သောအခါမျှ မပြောင်းလဲနိုင်ပါ။**

**ဘုရားသခင်သည် သစ္စာရှိတော်မူသည်** *(သူလုပ်မည်ဆိုသောအရာကိုလုပ်ပြီး ကတိတော်ကို စောင့်ထိန်းသော ဘုရားဖြစ်သည်)*

**ဘုရားသခင်သည် ဂရုဏာနှင့်ပြည့်ဝတော်မူသည်** *(သူသည် မေတ္တာထားကြင်နာသူဖြစ်သည်)။*

*ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်။*

*လူတိုင်း အပြစ်သားဖြစ်သည်*
*အပြစ်သည် တရားစီရင်ခြင်းခံရမည်။*
*အပြစ်၏အခသည် သေခြင်းဖြစ်သည်။*

**ဘုရားသခင်သည် တရားမျှတတော်မူသည်** *(သူ၏လုပ်ဆောင်မှုတိုင်းတွင် မှန်ကန်လျက်တရားမျှတမှုရှိသည်)*

**ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည်။**

**ဘုရားသခင်သည် လူနှင့် ဆက်သွယ်နီးနှောတော်မူသည်** *(ကျွန်ုပ်တို့အား စကားပြောသည်)*

**စာတန်သည် ဘုရားသခင်၏ ရန်သူဖြစ်သည်။**

*စာတန်သည် ဘုရားသခင်ကို မုန်းတီးပြီး ဘုရားသခင်ကို ဆန့်ကျင်သည်။*

*စာတန်သည် မုသာပြောသောသူဖြစ်သည်။*

**ယေရှုသည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည်**

**ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ ဘုရားရှင်ယေရှု နားညောင်းတော်မူသည်။**

**ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူသည်။**

**ယေရှုရှင်သည် လူသားဖြစ်သည်။**

**ယေရှုရှင်သည် ထာဝရစိုးစံတော်မူလိမ့်မည်။**

**ယေရှုရှင်သည် သန့်ရှင်းဖြောင့်မတ်တော်မူသည်။**

**ယေရှုရှင်၌ ဘုရားသခင် ပြုတော်မူသော ကယ်တင်ခြင်းသည် လူသားတိုင်းအတွက်ဖြစ်သည်။**

**ယေရှုရှင်သည် ဘုရားသခင် ကတိပေးတော်မူသော ကယ်တင်ရှင်ဖြစ်သည်။**

**ယေရှုရှင်သည် တစ်ပါးတည်းသော ကယ်တင်ရှင်ဖြစ်သည်။**

**ယေရှုရှင်ကို ကျွန်ုပ်တို့ ယုံကြည်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်က ကူညီဆောင်မပေးသည်။**

*(ဝိညာဉ်တော်က ဖွင့်ပြမှသာလျှင် ယေရှုရှင်အား မည်သူမည်ဝါဖြစ်ကြောင်း ကျွန်ုပ်တို့သိမြင်နိုင်သည်။)*

**ဝိညာဉ်တော်ဘုရားက တန်ခိုးကိုပေးသည်။**

**ဝိညာဉ်တော် ဆုကျေးဇူးသည် ယုံကြည်သောသူတိုင်းအတွက်ဖြစ်သည်။**

**ယေရှုရှင် နောက်တဖန် ပြန်ကြွလာမည်။**

# ပုံဝတ္ထုပြောဆိုနည်းဥပမာ
# (Sample Story)

## ယေရှုရှင်သည် မုန်တိုင်းကို နှုတ်တော်ထွက်စကားအားဖြင့် ငြိမ်သက်စေခဲ့သည်

by Sally Michael

(မှတ်ချက်။ ။ လိုအပ်လျှင် အလိုက်သင့်ကိုက်ညီသည့်ရုပ်ပုံများကို အသုံးပြုပါ)

### အချိတ်အဆက် (Hook)

(လှေအရုပ်တစ်ခုကို ပြလိုက်ပါ။ ထို့နောက် ထိုလှေရုပ်လေးကို ရေဖြည့်ထားသောဇလုံထဲတွင် ထားလိုက်ပါ။)
ဆရာ/မ ရဲ့ လှေလေးကို ကြည့်ပါအုံး။ ရေပေါ်မှာ ပေါ်နေတယ်။
တကယ်လို့ လှေလေးထဲကိုရေဝင်သွားမယ်ဆိုရင် ဘယ်လိုဖြစ်မလဲ။ (ရေထဲသို့ လှေနစ်သွားသည်အထိ လှေထဲသို့ ရေများဖြည့်လိုက်ပါ။)
အို့ အို!
ရေတွေ တဖြည်းဖြည်းစိမ့်ဝင်လာတဲ့လှေအကြောင်း သားတို့သမီးတို့ နားထောင်ချင်ကြလား။

### စာအုပ် (Book)

အဲဒီအဖြစ်အပျက်ဟာ သမ္မာကျမ်းစာထဲက အဖြစ်အပျက်တစ်ခုဖြစ်တယ်။
သမ္မာကျမ်းစာထဲမှာ ရှိသမျှအရာတွေလုံးဟာ အဖြစ်မှန်တွေဖြစ်ပါတယ်။
ယေရှုရှင်နဲ့ သူ့ရဲ့တပည့်တော်တွေဟာ လှေတစ်စင်းနဲ့ခရီးသွားကြတယ်။
သူတို့ဟာ ကမ်းတဘက်ကို လှေနဲ့ကူးကြတာဖြစ်တယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ လေမုန်တိုင်းတိုက်ပါလေရော။ လေမုန်တိုင်းက အရမ်းကိုကြီးတာ။
အဲဒီလေမုန်တိုင်းရဲ့အရှိန်ကြောင့် လှေထဲကိုရေတွေ ဖြည်းဖြည်းချင်းဝင်လာခဲ့တယ်။ ရေက တဖြည်းဖြည်းများများ လာခဲ့တယ်။ ရေတွေများများလာတော့ လှေထဲမှာ ရေတွေပြည့်မတတ်ဖြစ်လာတယ်။ လှေကလည်း ဖြည်းဖြည်းချင်း ရေထဲကို နစ်တော့မလိုလိုဖြစ်လာတယ်။

တပည့်တော်တွေက လေမုန်တိုင်းဒဏ်ကြောင့် ကြောက်စိတ်တွေဝင်လာကြတယ်။ လှေထဲမှာရေတွေကလည်း များလာတော့ လှေနဲ့အတူ ရေနစ်ရတော့မယ်ဆိုပြီး တွေးပူစိုးရိမ်နေခဲ့ကြတယ်။

ယေရှုရှင် ဘယ်များရောက်နေသလဲ။ ယေရှုရှင်က အိပ်စက်အနားယူနေတယ်။ ယေရှုရှင်ကတော့ ကြောက်မနေပါဘူး။

"ယေရှုရှင် ကိုယ်တော်၊ ယေရှုရှင် ထပါတော့၊ ထပါအုံး။" တပည့်တော်တွေက ကြောက်လန့်တကြားအော်ခေါ်ခဲ့ကြတယ်။ သူတို့တွေက "ကိုယ်တော်ရှင် ကျွန်တော်တို့ ရေနစ်တော့မယ်လေ၊ ကယ်ပါအုံး။" ဆိုပြီး အော်ခေါ်ကြတယ်။

ယေရှုရှင်ဟာ သူ့လူတွေကို အမြဲတမ်းဂရုစိုက်ပါတယ်။ ယေရှုရှင်က ဘာလုပ်ရမလဲဆိုတာကို အမြဲသိပါတယ်။ ယေရှုရှင်ဟာ ခပ်သိမ်းသောအရာကို သိတော်မူတယ်။

ယေရှုရှင်ဟာ မတ်တပ်ရပ်လိုက်ပြီးတော့ မုန်တိုင်းနဲ့ရေပြင်ကို ကြည့်လိုက်တယ်။

နောက်ပြီး "ငြိမ်သက်စေ" ဆိုပြီးတော့ အမိန့်ပေးလိုက်တယ်။

လေမုန်တိုင်းလည်း ငြိမ်သက်သွားပါတော့တယ်။

ယေရှုရှင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်တော်မူတယ်။ လေမုန်တိုင်းတောင်မှ သူ့ရဲ့စကားကို နာခံခဲ့တယ်။ ရေပြင်ကြီးကလည်း ယေရှုရှင်ရဲ့စကားကို နားထောင်ခဲ့တယ်။ မုန်တိုင်းနဲ့ရေပြင်အပေါ်မှာ ယေရှုရှင် အစိုးရတော်မူတယ်။ အရာတိုင်းအပေါ်မှာ ဘုရားသခင်က အစိုးရတော်မူတယ်လေ။

## ကြည့်ရှုဆင်ခြင်ခြင်း (Look)

## ရောင်ခြယ်စာအုပ် (Coloring Book)

လှေက ဘယ်မှာရှိနေသလဲ။

လေမုန်တိုင်းကြီး ရှိနေသလား။

လှေထဲကို ရေတွေဝင်နေပြီလား။ မုန်တိုင်းနဲ့ရေပြင်ကြီးဟာ ဘယ်လိုငြိမ်သက်သွားခဲ့ကြသလဲ။

ယေရှုရှင်က ခပ်သိမ်းသောအရာကို တတ်စွမ်းတော်မူတယ်။ အရာရာကို ကိုယ်တော်ရှင် ထိန်းချုပ်တော်မူတယ်။ သားတို့သမီးတို့ရဲ့အသက်တာကိုလည်း ယေရှုရှင်က အစိုးရထိန်းချုပ်နိုင်ပါသလား။

# ပုံဝတ္ထု ပြောဆိုနည်း ဥပမာ

## ယေရှုရှင်က မျက်မမြင်ဗာတိမဲအပေါ် ကရုဏာထားခဲ့သည်

by Sally Michael

(မှတ်ချက်။ ။ လိုအပ်လျှင် အလိုက်သင့်ကိုက်ညီသည့်ရုပ်ပုံများကို အသုံးပြုပါ)

### အချိတ်အဆက် (Hook)

သားတို့သမီးတို့ရဲ့မျက်စိကို မှိတ်ထားလို့ရမလား။ (ကလေးအယောက်စီတိုင်း မျက်စိမှိတ်ထားစေပါ။)
သားတို့သမီးတို့ တံခါးပေါက်ကို မြင်နိုင်သေးသလား။ ပြတင်းပေါက်ကိုလည်း မြင်နိုင်သေးသလား။
ဆရာမ ကိုလည်း မြင်နိုင်သလား။
အခုတော့ မျက်စိပြန်ဖွင့်လိုက်ပါဦး။ အခုတော့ ဆရာမ ကို ပြန်မြင်နိုင်ပြီမဟုတ်လား။
မျက်စိမမြင်တဲ့သူတစ်ယောက်အကြောင်းကို သားတို့သမီးတို့ နားထောင်ချင်ပါသလား။

### စာအုပ် (Book)

ဒီအကြောင်းအရာကတော့ သမ္မာကျမ်းစာထဲက အပြစ်အပျက်လေးတစ်ခုဖြစ်တယ်။
သမ္မာကျမ်းစာမှာ ဖော်ပြထားတဲ့အရာတိုင်းဟာ သေချာမှန်ကန်မှုရှိပါတယ်။

ဒါကတော့ ဗာတိမဲဖြစ်ပါတယ်။ သူကတော့ မျက်စိမမြင်ဘူး။ မျက်စိကန်းသူဖြစ်တဲ့အတွက်ကြောင့် အလုပ်လည်း မလုပ်နိုင်ဘူး။ ဒါပေမဲ့ သူဟာနားတော့ကြားတယ်။

လူအုပ်ကြီးလာနေတဲ့အသံကို ဗာတိမဲ ကြားတယ်။ နောက်ပြီးတော့ သူတို့ပြောနေတဲ့အကြောင်းအရာကိုလည်း ကြားတယ်။
ဗာတိမဲကို ယေရှုရှင် ကူညီမှာလား။

သူ့ကိုယေရှုရှင် ကူညီပေးနိုင်တယ်ဆိုတာ ဗာတိမဲက ကောင်းကောင်းသိတယ်။ "ယေရှုရှင် ကျွန်တော့်ကိုကယ်ပါ၊ ယေရှု ကျွန်တော့်ကိုသနားပါ" ဆိုပြီးတော့ ဗာတိမဲ အသနားခံခဲ့တယ်။

လူအုပ်ကြီးကတော့ "ဗာတိမဲ တိတ်တိတ်နေစမ်း" ဆိုပြီးတော့ အော်ငေါက်ကြတယ်။
ဒါပေမဲ့ ဗာတိမဲဟာ တိတ်ဆိတ်မနေခဲ့ပါဘူး။
"ယေရှုရှင် ကျွန်တော့်ကို သနားပါ၊ ကူညီပါ။" ဆိုပြီး ဆက်တိုက်အော်ခေါ် အသနားခံခဲ့တယ်။

ယေရှုရှင်ကတော့ ဗာတိမဲကို တိတ်ဆိတ်နေဖို့မပြောခဲ့ပါဘူး။
ယေရှုရှင်ကတော့ ဗာတိမဲကို ကျော်မသွားခဲ့ပါဘူး။
ယေရှုရှင်ဟာ သနားကြင်နာတတ်သလို၊ မေတ္တာထားတဲ့သူလည်း ဖြစ်တယ်။
ယေရှုရှင်ကတော့ ဗာတိမဲကို ကြည့်ပြီးတော့ "မင်းအပေါ်မှာ ဘာလုပ်စေချင်လဲ" ဆိုပြီးမေးခဲ့တယ်။
"ကျွန်တော် မျက်စိမြင်ချင်ပါတယ်" ဆိုပြီးတော့ ဗာတိမဲက ပြန်ဖြေခဲ့တယ်။
ဗာတိမဲရဲ့မျက်စိကို ယေရှုရှင် ပြန်မြင်စေနိုင်ပါသလား။
ယေရှုရှင်အတွက် ခက်ခဲတဲ့အရာတစ်ခုမှမရှိပါဘူး။
အရာခပ်သိမ်းကို ယေရှုရှင်တတ်စွမ်းနိုင်ပါတယ်။

ယေရှုရှင်တတ်စွမ်းနိုင်တဲ့အကြောင်းကို ဗာတိမဲ ယုံကြည်တဲ့အပေါ် ယေရှုရှင် ဝမ်းမြောက်တော်မူတယ်။
ယေရှုရှင်ဟာ သနားကြင်နာပြီး မေတ္တာထားတဲ့အတွက် ဗာတိမဲရဲ့မျက်စိကို ပြန်မြင်စေခဲ့တယ်။
အခုတော့ ဗာတိမဲက မျက်စိပြန်မြင်နိုင်သွားပြီ။

ယေရှုရှင်ဟာ သနားကြင်နာပြီး မေတ္တာထားတဲ့သူဖြစ်တယ်ဆိုတာကို ဇာတိမဲသိတယ်။
ယေရှုရှင်ဟာ အရာခပ်သိမ်းတတ်စွမ်းနိုင်တယ်ဆိုတာကို ဇာတိမဲ သိတယ်။
အခုမှာ ဇာတိမဲဟာ ယေရှုနောက်ကို လိုက်တော့မှာဖြစ်တယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Look)

ဇာတိမဲအကြောင်း ကြားရတာ ဝမ်းသာစရာကောင်းပါသလား။
ယေရှုရှင်ဟာ တတ်စွမ်းနိုင်တယ်ဆိုတာ သားတို့သမီးတို့သိပါသလား။
ယေရှုရှင်ဟာ သနားကြင်နာတတ်သူဖြစ်တယ်ဆိုတာ သားတို့သမီးတို့သိပါသလား။
ယေရှုရှင်နောက်ကို လိုက်ချင်ပါသလား၊

## ရောင်ခြယ်စာအုပ် (Cooloring Book)

ဇာတိမဲ ဘယ်မှာရှိနေသလဲ။
ယေရှုရှင်ရော ဘယ်ရောက်နေသလဲ။
ဇာတိမဲ တစ်ယောက် ဘာဖြစ်နေသလဲ။
ဇာတိမဲရဲ့မျက်စိကို ဘယ်သူမြင်စေနိုင်သလဲ။
ယေရှုရှင်ဟာ သန်မာတော်မူတယ်။
ယေရှုရှင်ဟာ သနားတော်မူတယ်။
ယေရှုရှင်နောက်ကို ဇာတိမဲလိုက်မှာဖြစ်တယ်။
သူကတော့ ယေရှုရှင်ကို ချစ်ပြီး၊ ယေရှုရှင်ရဲ့စကားကို နားထောင်မှာဖြစ်တယ်။

# ပုံဝတ္ထု ပြောဆိုနည်း ဥပမာ

## အသက်မုန့်ဖြစ်သော ယေရှုရှင်က လူပေါင်းငါးထောင်ကို ကျွေးမွေးခဲ့သည်

by Sally Michael

(မှတ်ချက်။ ။ လိုအပ်လျှင် အလိုက်သင့်ကိုက်ညီသည့်ရုပ်ပုံများကို အသုံးပြုပါ)

### အချိတ်အဆက် (Hook)

အို အိုး – ဆရာ၊မ မုန့် တစ်ချို့ရှိတယ်၊ ဒါပေမဲ့ အားလုံးအတွက်တော့ လုံလောက်မှာမဟုတ်ဘူး။ *(မုန့်တစ်ချို့ကို ပြလိုက်ပါ။)*
အတန်းထဲမှာရှိတဲ့ သားတို့သမီးတို့အားလုံးအတွက် လုံလောက်တဲ့မုန့်အရေအတွက်တော့မရှိဘူး။ – နောက်ပြီးတော့ ဆရာ၊မ မှာ အတန်းထဲမှာရှိတဲ့ လူဦးရေ စာရင်းတော့မရှိဘူးဆိုတာ ဒုက္ခပါပဲ။
အဲဒီလို ပြဿနာမျိုးကြုံခဲ့ဖူးတဲ့ လူတစ်ယောက်အကြောင်းကို သားတို့သမီးတို့ ကြားချင်ပါသလား။

### စာအုပ် (Book)

ဒီအကြောင်းအရာကတော့ သမ္မာကျမ်းစာထဲက အပြစ်အပျက်လေးတစ်ခုဖြစ်တယ်။
သမ္မာကျမ်းစာမှာ ဖော်ပြထားတဲ့အရာတိုင်းဟာ သေချာမှန်ကန်မှုရှိပါတယ်။

ယေရှုရှင်နဲ့သူ့ရဲ့တပည့်တော်တွေက ဘုရားသခင်အကြောင်းကို လူပေါင်းများစွာဆီမှာ ပြောခဲ့ကြတယ်။ ဖျားနာတဲ့လူတွေများစွာလည်း ကျန်းမာခြင်းရရှိခဲ့ကြတယ်။
ဒီလိုနဲ့ သူတို့တွေဟာ တစ်မြို့ဝင်တစ်မြို့ထွက် ခရီးအဝေးကြီးသွားခဲ့ကြတယ်။ ခရီးဝေးတော့ မောပန်းလာကြတာပေါ့။
ယေရှုရှင်နဲ့စကားပြောချင်တဲ့သူ အများကြီးရှိနေသလို၊ ကျန်းမာစေခြင်းတန်ခိုးကို ခံစားချင်တဲ့လူတွေကလည်း အများကြီးပါပဲ။
လူပေါင်းများစွာ သူတို့ဆီကို အဆက်မပျက်လာကြတဲ့အတွက် ယေရှုရှင်နဲ့တပည့်တော်တွေဟာ ထမင်းစားချိန်တောင်မရှိတော့ပါဘူး။
တပည့်တော်တွေ အရမ်းမောနေပြီဆိုတာကို ယေရှုရှင်သိနေတယ်။
ဒါနဲ့ ယေရှုရှင်က "လာပါ တိတ်ဆိတ်တဲ့တစ်နေရာရာမှာ သွားနားကြရအောင်" ဆိုပြီးပြောခဲ့တယ်။
ဒါနဲ့ပဲ တိတ်ဆိတ်တဲ့အရပ်ဆီကို ယေရှုရှင်နဲ့အတူတပည့်တော်တို့ လှေနဲ့သွားခဲ့ကြတယ်။

ဒါပေမဲ့ အဲဒီတိတ်ဆိတ်တဲ့နေရာမှာ လူတွေက ယေရှုရှင်နဲ့စကားပြောချင်တော့ လိုက်လာခဲ့ကြပြန်တယ်။ ဒါကြောင့်မို့ အဲဒီနေရာဟာ တိတ်ဆိတ်တဲ့နေရာမဟုတ်တော့ဘူး။ လူတွေများစွာနဲ့ ပြည့်နေခဲ့တယ်။

ယေရှုရှင်က "ငါတို့ အရမ်းပင်ပန်းနေပါပြီ၊ ထွက်သွားကြပါတော့၊ နားပါရစေ" လို့ ပြောခဲ့သလား။
အဲဒီလို မပြောခဲ့ပါဘူး။ သူတို့တွေ ဘာလုပ်လို့လုပ်ရမှန်းမသိတဲ့အဖြစ်ကို ယေရှုရှင် သနားနေခဲ့တယ်။ သူတို့တွေ ဘုရားသခင်အကြောင်းကို မသိကြတာကိုလည်း ယေရှုရှင်သိပြီးတော့ သူတို့တွေကို ဘုရားသခင်အကြောင်း ပိုသိစေချင်ခဲ့တယ်။
ယေရှုရှင်ဟာ ကောင်းမြတ်တော်မူပြီးတော့ လူတွေကိုချစ်ပါတယ်။ ဒ့ါပြင် သူတို့တွေကို ဘုရားသခင်အကြောင်း ပိုသိစေချင်ခဲ့တယ်။ ဘုရားသခင်ကို ပိုချစ်စေချင်ခဲ့တယ်။
ဒီလိုနဲ့ယေရှုရှင် ဘုရားသခင်အကြောင်းကို စပြောပြပြန်ရော။

ဒီလိုနဲ့ တဖြည်းဖြည်းအချိန်နောက်ကျလာခဲ့တယ်။ သူတို့တွေရှိတဲ့ နေရာကလည်း မြို့နဲ့အဝေးကြီးပဲ။

အဲဒီမှာရှိတဲ့ လူထုကြီးဟာလည်း ဗိုက်ဆာလာကြတယ်။ ဒါပေမဲ့ အဲဒီအနီးအနားမှာ စားစရာတစ်ခုမှမရှိဘူး။
ဒါကြောင့်မို့ တပည့်တော်တွေက လူအုပ်ကြီးကို ပြန်ခိုင်းဖို့ ယေရှုရှင်ကို ပြောခဲ့ကြတယ်။
"ကိုယ်တော် လူအုပ်ကြီးကို ပြန်ခိုင်းပါတော့၊ မြို့ထဲမှာ အစားအစာတွေ သွားဝယ်စားကြပါစေ" ဆိုပြီး ပြောခဲ့ကြတယ်။

တပည့်တော်တွေမှာ ပြဿနာရှိနေတယ်လေ။
ဒါပေမဲ့ ယေရှုရှင်အတွက်ကတော့ ပြဿနာမဟုတ်ပါဘူး။
ယေရှုရှင်အတွက် ပြဿနာဆိုတာမရှိပါဘူး။

အစားအစာ ဘယ်လောက်ရှိသလဲဆိုတာကို တပည့်တော်တွေကို ယေရှုရှင်က စစ်ဆေးခိုင်းတယ်။
မုန့်အနည်းငယ်နဲ့ ငါးအနည်းငယ်ရှိတယ်ဆိုပြီးတော့ ပြန်ပြောကြတယ်။
မုန့်ဘယ်နှစ်ခုရှိတယ်ဆိုတာ ရေကြည့်ရအောင် – ၁၊၂၊၃၊၄၊၅ – မုန့် ငါးလုံး ရှိတယ်။
မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ပဲရှိတယ်လေ။
အဲဒီမုန့်ပမာဏဟာ လူအုပ်ကြီးကိုကျွေးဖို့ လုံလောက်ပါသလား။
တကယ်တော့ ဆရာမ ရဲ့သရေစာလောက်ပဲရှိတယ်။ လူအုပ်ကြီးက အရေအတွက်အရမ်းများတဲ့အတွက် ရှိတဲ့အစားအစာနဲ့လောက်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒါဟာ ယေရှုရှင်အတွက်ပြဿနာမဟုတ်ပါဘူး။
ယေရှုရှင်အတွက် ပြဿနာဆိုတာမရှိပါဘူး။
ယေရှုရှင်ဟာ ခပ်သိမ်းသောအရာကိုတတ်စွမ်းနိုင်တယ်။

ယေရှုရှင်ဟာ မုန့်ငါးလုံးနဲ့ငါးနှစ်ကောင်ကိုယူပြီးတော့ ဖဲ့လိုက်တယ်။ *(သရုပ်ပြနိုင်ပါသည်။)*
ဖဲ့လိုက်တဲ့ အစားအစာကို တပည့်တော်တို့ကို ပေးလိုက်တယ်။
"ကဲ မင်းတို့ လူအုပ်ကြီးကို ဒီအစားအစာတွေ သွားဝေလိုက်ပါ" လို့ ပြောလိုက်တယ်။

မုန့်နဲ့ငါးအရေအတွက်က အဲဒီလူအုပ်ကြီးအတွက် လုံလောက်ပါ့မလား။
လူအားလုံးကို ယေရှုရှင် ကျွေးမွေးနိုင်ပါသလား။
ယေရှုရှင်က မုန့်နဲ့ငါးတွေကို တိုးပွားစေနိုင်သလား။
ယေရှုရှင်ဟာ အရာရာကိုတတ်စွမ်းနိုင်ပါတယ်၊ သူ့အတွက်ခက်ခဲတဲ့အရာ မရှိပါဘူး။

တပည့်တော်တွေက အဲဒီမုန့်နဲ့ငါးကို တစ်ယောက်ပြီးတစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် အကုန်လိုက်ဝေခဲ့ကြတယ်။
အကုန်လုံးကို လိုက်ဝေပြီးတာတောင် အစားအစာတွေက ကျန်နေသေးတယ်။
အစားအစာတွေက ကုန်မသွားပါဘူး။

အဲဒီမှာ ရှိတဲ့လူတိုင်းစားစရာ ကိုယ်စီနဲ့ဖြစ်သွားတယ်။
ပိုတဲ့ အစားအစာတွေကို တောင်းထဲထည့် သိမ်းထားကြတယ်။
ဘယ်နှစ်တောင်းတောင် ကျန်သလဲ ရေကြည့်ရအောင် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂
ခြင်း ဆယ့်နှစ်တောင်းတောင် ကျန်နေသေးတယ်။

ယေရှုရှင်က အဲဒီမှာ ရှိတဲ့သူတွေကို လုံလောက်တဲ့အစားအစာ ပေးခဲ့သလား။
လုံလောက်တာထက် ပိုပြီးတော့ ပေးခဲ့တာဖြစ်တယ်။
ယေရှုရှင်က သူဟာ အရာခပ်သိမ်းတတ်စွမ်းနိုင်ကြောင်းကို ပြသခဲ့တယ်။
သူတို့လိုအပ်တာထက် ပိုပေးနိုင်တဲ့အကြောင်းကို ပြသခဲ့တယ်။

သူတို့တွေဆာလောင်တဲ့အခါမှာ ယေရှုရှင်က ဖြည့်ဆည်းပေးနိုင်တယ်။
သူတို့တွေဝမ်းနည်းနေတဲ့အခါမှာ ယေရှုရှင် နှစ်သိမ့်ပေးနိုင်တယ်။
သူတို့တွေဆိုးသွမ်းတဲ့အခါမှာ ယေရှုရှင် ခွင့်လွှတ်ပေးနိုင်တယ်။
သူတို့တွေအကြောင်း အကုန်လုံးကို ယေရှုရှင်သိနေသလို သူတို့တွေ ဘာလိုသလဲဆိုတာကိုလည်း သိတော်မူတယ်။

သူတို့တွေ ဗိုက်ဆာတယ်။ ဗိုက်ပြည့်ဖို့ အစားအစာစားဖို့လိုတယ်လေ။
ဒါ့အပြင် သူတို့ဗိုက်ပြည့်ဖို့ထက် ပိုတဲ့အရာကို လိုအပ်နေတယ်ဆိုတာ ယေရှုရှင်သိနေတယ်။
သူတို့တွေ ဘုရားကို သိဖို့လိုတယ်။
သူတို့တွေ ဘုရားကို ချစ်ဖို့လိုတယ်။
သူတို့တွေ ဗိုက်အတွက် ယေရှုရှင်က အစားအစာပေးခဲ့တယ်။
သူတို့တွေကို ဘုရားအကြောင်း ယေရှုရှင်ပြောခဲ့တယ်။
ဘုရားသခင်ကို သိရှိခြင်းက အစားအစာရှိခြင်းထက် ပိုကောင်းပါတယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Look)

ဆရာ၊မ တို့ လိုအပ်တဲ့အရာတွေကိုလည်း ယေရှုရှင် သိတော်မူတယ်။
ဆရာ၊မ တို့ သားတို့သမီးတို့ လိုအပ်နေတာထက်ပိုပြီးတော့ ယေရှုရှင်ပေးနိုင်တယ်။
ယေရှုရှင်အတွက် ခက်ခဲတယ်ဆိုတာမရှိဘူး။
ယေရှုရှင်ဟာ လူသားတိုင်းကို မေတ္တာထားတော်မူတယ်။
ဘယ်အရာအတွက် သားတို့သမီးတို့ တွေးပူစိုးရိမ်နေသလဲ။
တစ်စုံတစ်ရာက သားတို့သမီးတို့အတွက်ပြဿနာများဖြစ်နေသလား။
အဲဒီအရာက ယေရှုရှင်အတွက်ပြဿနာ ဟုတ်ပဲ့မလား၊
သားတို့သမီးတို့ လိုအပ်တာထက်ယေရှုရှင်က ပိုပြီးပေးနိုင်ပါတယ်။

## ရောင်ခြယ်စာအုပ် (Coloring Book)

တောင်းထဲမှာ ရှိတဲ့မုန့်နဲ့ငါးတွေကို ကြည့်ပါအုံး။
ဒါဟာ ပိုလျှံနေတဲ့ မုန့်နဲ့ငါးတွေပါ။
လူအုပ်ကြီး မစားနိုင်တော့လို့ပိုတဲ့ ငါးတွေပါ။
အစတုန်းက တပည့်တော်တွေဆီမှာ မုန့်ဘယ်နှစ်လုံးနဲ့ ငါးဘယ်နှစ်ကောင်ရှိခဲ့ပါသလဲ။
မုန့် ငါးလုံးနဲ့ငါးနှစ်ကောင်တည်းနဲ့ လူများစွာကို ဝအောင်ကျွေးနိုင်ပဲ့မလား။
ယေရှုရှင်က လူဦးရေ ၅၀၀၀ ကျော်ကိုကျွေးမွေးခဲ့တယ် – ဒါတောင်မှ အပိုကျန်နေသေးတယ်။
သားတို့သမီးတို့ရော အဲဒီလိုလုပ်နိုင်သလား။
သားတို့သမီးတို့ရဲ့ ပါးပါးကရော အဲဒီလို လုပ်နိုင်သလား။
ယေရှုရှင်အတွက် ခက်ခဲတယ်ဆိုတာမရှိပါဘူး။

# အတန်းတစ်ခုအတွက် အကြံပြုအစီအစဉ်များ

အောက်ပါတို့သည် ကျောင်းမတက်သေးသော (မူကြိုအရွယ်) ကလေးများနှင့်သင့်တော်ဆီလျော်သော အစီအစဉ်များ (အချိန်ဇယားများ) ဖြစ်ပါသည်။ မည်သည့်ပုံစံက မိမိအဖွဲ့နှင့်အသင့်တော်ဆုံးဖြစ်သည်ဆိုသည်ကို သိနိုင်ရန် စမ်းသပ်လုပ်ဆောင်လိုပါက လုပ်ဆောင်နိုင်ပါသည်။ ကလေးများနှင့်အသင့်တော်ဆုံးသော အစီအစဉ်ကို သိရှိပြီးနောက် ထိုအစီအစဉ်ကိုသာ ဆက်လက်ကျင့်သုံးခြင်းသည် အလွန်အထောက်အကူဖြစ်ပါသည်။

## အကြံပြုချက် ချိန်ဇယား # ၁ (မိနစ် ၉၀)

| | |
|---|---|
| ၁၅ မိနစ်၊ | လူစုချိန် (ဆော့ကစားချိန်) |
| ၅ မိနစ် ၊ | သန့်ရှင်းရေးဆောင်ရွက်ချိန် |
| ၁၅ မိနစ်၊ | သင်ခန်းစာပို့ချချိန် |
| ၅ မိနစ်၊ | ဆုတောင်းချိန် |
| ၁၀ မိနစ်၊ | အဖွဲ့ငယ်ခွဲ၍ ဆွေးနွေးချိန်နှင့် ရောင်ခြယ်စာအုပ်၌ ရောင်ခြယ်ချိန် |
| ၁၅ မိနစ်၊ | ဝတ်ပြုကိုးကွယ်ချိန် |
| ၁၀ မိနစ်၊ | အလွတ်ကျက်မှတ်ထားသည့်ကျမ်းပိုဒ်များ ပြန်လှန်ချိန် |
| ၁၀ မိနစ်၊ | အဖွဲ့ငယ်ခွဲ၍ ကျမ်းလွတ်ကျက်မှတ်ချိန်၊ မုန့်စားချိန် |
| ကျန်ရှိသည့် အချိန်များ၊ | ၊လူစုချိန် (ဆော့ကစားချိန်) |

## အကြံပြုချက် ချိန်ဇယား # ၂ (မိနစ် ၇၅)

| | |
|---|---|
| ၁၅ မိနစ်၊ | လူစုချိန် (ဆော့ကစားချိန်) |
| ၅ မိနစ် ၊ | သန့်ရှင်းရေးဆောင်ရွက်ချိန် |
| ၁၅ မိနစ်၊ | သင်ခန်းစာပို့ချချိန်နှင့် ဆုတောင်းချိန် |
| ၁၀ မိနစ်၊ | အဖွဲ့ငယ်ခွဲ၍ ဆွေးနွေးချိန်နှင့် ရောင်ခြယ်စာအုပ်၌ ရောင်ခြယ်ချိန် |
| ၁၀ မိနစ်၊ | ဝတ်ပြုကိုးကွယ်ချိန် |
| ၅ မိနစ်၊ | အလွတ်ကျက်မှတ်ထားသည့်ကျမ်းပိုဒ်များ ပြန်လှန်ချိန် |
| ၁၀ မိနစ်၊ | အဖွဲ့ငယ်ခွဲ၍ ကျမ်းပိုဒ်များ အလွတ်ကျက်မှတ်ချိန်၊ မုန့်စားချိန် |
| ကျန်ရှိသည့်အချိန်များ၊ | ၊လူစုချိန် (ဆော့ကစားချိန်) |

## အကြံပြုချက် ချိန်ဇယား # ၃ (မိနစ် ၆၀)

| | |
|---|---|
| ၂၀ မိနစ်၊ | လူစုချိန် (ဆော့ကစားချိန်) |
| ၂၀ မိနစ် ၊ | ကျမ်းစာပုံဝတ္ထု ပြောကြားချိန်နှင့် ဝတ်ပြုကိုးကွယ်ချိန် |
| ၁၀ မိနစ်၊ | ရောင်ခြယ်ချိန်နှင့် မုန့်စားချိန် |
| ၁၀ မိနစ်၊ | ဆုတောင်းချိန်နှင့် ကျမ်းလွတ်ကျက်မှတ်ချိန် ဆုတောင်းတင်ပြချက်များ ပြောပြရန် ကလေးသူငယ်များကို တိုက်တွန်းပြီး ဆုတောင်းပါ။ အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်း ကောင်း ကျမ်းပိုဒ်များဝေမျှရန် တိုက်တွန်းပါ။ |
| ကျန်ရှိသည့်အချိန်များ၊ | ၊လူစုချိန် (ဆော့ကစားချိန်) ဤအချိန်ကို ကျက်မှတ်ထားသောကျမ်းပိုဒ်များ ပြန်လှန်ရန်၊ ရုပ်ပုံများဖြင့် ကစားခြင်း၊ အဖွဲ့လိုက်ကစားခြင်းများ လုပ်ဆောင်နိုင်သည်။ |

## အကြံပြုချက် ချိန်ဇယား # ၄ (မိနစ် ၇၅–၉၀)

| | |
|---|---|
| ၂၀ မိနစ်၊ | ကစားချိန် |
| ၅ မိနစ် ၊ | သန့်ရှင်းရေး ဆောင်ရွက်ချိန် |
| ၅–၁၀ မိနစ်၊ | စုပေါင်းလုပ်ဆောင်ချိန် (ကျမ်းလွတ်ကျက်မှတ်ခြင်း၊ ကြေငြာခြင်း၊ မွေးနေ့ပွဲ ကျင်းပခြင်း) |
| ၁၀–၁၅ မိနစ်၊ | ဝတ်ပြုကိုးကွယ်ချိန် |
| ၁၅–၂၀ မိနစ်၊ | ကျမ်းစာပုံဝတ္ထု ပြောကြားခြင်း |
| ၁၅ မိနစ်၊ | အဖွဲ့ငယ်ခွဲ၍ လုပ်ဆောင်ခြင်း |

# ကလေးများနှင့် ကျမ်းလွတ်ကျက်မှတ်ခြင်း

ကျမ်းပိုဒ် အလွတ်ကျက်မှတ်ရခြင်းနှင့်စပ်လျဉ်း၍ ကလေးများအား တိုက်တွန်းရန်အကြောင်းအရင်း ၄ ခုကို ဖော်ပြလိုပါသည်။

**၁။ ကလေးများတွင် အံ့သြစရာကောင်းလောက်အောင် မှတ်မိနိုင်စွမ်းရှိကြပါသည်။**

ကလေးများသည် လွယ်ကူစွာအလွတ်ကျက်မှတ်နိုင်ကြသည်။ အကယ်စင်စစ် ၄င်းတို့သည် အားထုတ်စရာပင်မလိုပဲ အလွတ်ကျက်မှတ်နိုင်ကြသည်။ အလွတ်ကျက်မှတ်နိုင်ခြင်းသည် ၄င်းတို့အတွက် လွန်စွာလွယ်ကူနေသောကြောင့်၊ ကလေးများသည် အရာရာတိုင်းကို အဆက်မပြတ်မှတ်မိလျက်ရှိကြသည်။ ကလေးများက အပြင်လောက၏သင်ကြားပေးမှုများကို မှတ်မိနေမည်လား (သို့) ကျွန်ုပ်တို့သင်ပေးသောအရာများကိုမှတ်မိမည်လား – ဤနှစ်ခုထဲကတစ်ခုခုကို စွဲစွဲလန်းလန်းမှတ်မိနေကြမည်အမှန်ဖြစ်သည်။ ဘုရားပေးထားသည့် လက်ဆောင်ဖြစ်သော ကလေးများ၏လွယ်ကူစွာအလွတ်ကျက်မှတ်နိုင်ခြင်းကို ၄င်းတို့၏ဝိညာဉ်ရေးရာကြီးထွားခြင်း အကျိုးအမြတ်အတွက် အဘယ့်ကြောင့်အသုံးမချပဲနေကြရမည်နည်း။ ထိုအခွင့်အရေးတံခါးကြီးသည် တစ်ဆယ့်နှစ်နှစ်မျှသာ ဖွင့်လှစ်လျက်ရှိသည်။ အလွတ်မှတ်မိစေခြင်းဆိုင်ရာ အလေ့အထများကို ကလေးများအား မသွန်သင်ပေးခဲ့ပါက အသက်တစ်ဆယ့်နှစ်နှစ်နောက်ပိုင်းတွင် အလွတ်ကျက်မှတ်မိခြင်းသည် ပို၍ခက်ခဲလာပါလိမ့်မည်။

**၂။ ကလေးဘဝတွင် သင်ယူခဲ့သောအရာများသည် တစ်ဘဝလုံးစာကျန်သွားနိုင်သည်။**

အရွယ်ရောက်ပြီးသူများသည်ကလေးများထက် အလွတ်ကျက်မှတ်ရန် ပို၍ခက်ခဲလေ့ရှိကြပါသည်။ ကျမ်းပိုဒ်များစွာအလွတ်မရသောကြောင့် ကျွန်တော်တို့ တခါတရံစိတ်အနှောက်အယှက် ဖြစ်ရလေ့ရှိသည်။ အရွယ်ရောက်ပြီးသူအတော်များများတွင် ကောင်းစွာမှတ်မိသောကျမ်းပိုဒ်များသည် ငယ်စဉ်ကသင်ယူခဲ့သည့် ကျမ်းပိုဒ်များ ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် ထိုအချိန်ကာလကို အမိအရဖမ်းဆုပ်ကြပါစို့။

**၃။ ကျမ်းပိုဒ်အလွတ်ကျက်မှတ်ခြင်းက ကလေးများကို အစဉ်အမြဲလမ်းညွှန်ပေးသူနှင့်ကာကွယ်စောင့်ရှောက်ပေးသူအဖြစ် ရပ်တည်ပေးသည်။**

ကလေးများနှင့်ကျွန်တော်တို့ အမြဲအတူရှိမနေနိုင်ပါ။ အကယ်၍ ဘုရားသခင်၏နှုတ်ကပတ်တော်သာ သူတို့အထဲတွင် ကြွယ်ဝစွာတည်ရှိနေပါက အချိန်တိုင်းလမ်းညွှန်ပေးသူရှိနေလျက်ဖြစ်သည်။ အကယ်စင်စစ် ဘုရားသခင်၏စကားလုံးများသည် ကျွန်တော်တို့၏စကားလုံးများထက် ပို၍တန်ခိုးရှိပါသည်။ ၄င်းအပြင် ထိုနှုတ်ကပတ်တော်သည် ကလေးများကို ရန်သူတိုက်ခိုက်ခြင်းမှ ကာကွယ်ပေးအုံးမည်ဖြစ်သည်။

**၄။ ကျမ်းပိုဒ် အလွတ်ကျက်မှတ်ခြင်းက သမ္မာကျမ်းစာသွန်သင်ချက်များကို လက်တွေ့ကျင့်သုံးခြင်းနှင့်တုံ့ပြန်ခြင်းများကို ဖြစ်ပေါ်စေပါသည်။**

ဝိညာဉ်ရေးဆိုင်ရာသမ္မာတရားကို ထင်ရှားစေရမည့်အခြေအနေ (သို့) သမ္မာကျမ်းစာ၏လမ်းညွှန်ခြင်းလိုအပ်သည့်အခြေအနေများ ကျွန်ုပ်တို့အသက်တာ၌ ဖြစ်ပေါ်တတ်သည် (ဥပမာ – တစ်စုံတစ်ယောက်က သင့်ကို ကြမ်းကြမ်းတမ်းတမ်း စကားပြောလာခဲ့ပါလျှင် သင်မည်ကဲ့သို့ပြုလုပ်မည်နည်း)။ ထိုအခြေအနေမျိုးတွင် သန့်ရှင်းသောဝိညာဉ်တော်က သင်အလွတ်ကျက်မှတ်ခဲ့သည့်ကျမ်းပိုဒ်ကို သတိရစေပါသည် (ဥပမာ – *ဖြည်းညင်းသောစကားသည် စိတ်ကိုဖြေတတ်၏။ ကြမ်းတမ်းသောစကားမူကား အမျက်ကိုနှိုးဆော်တတ်၏။ သုတ္တံ ၁၅း၁*)။ အလွတ်ကျက်မှတ်ထားသည့်ကျမ်းပိုဒ်များ အနည်းငယ်သာရှိပါက ထိုကဲ့သို့ဖြစ်ရန် ဖြစ်နိုင်ချေအရမ်းနည်းပါသည်။ နှလုံးသားထဲ၌ စွဲလန်းသည့်သမ္မာတရားတစ်ခုကို ကျွန်ုပ်တို့အသက်၌ ဖြစ်ပျက်သည့်အခြေအနေတစ်ခုခုတွင် ထင်ရှားစေသည့်အခါ ဘုရားသခင်နှစ်သက်သည့်တုံ့ပြန်မှုများ ပေါ်ထွက်လာမည်ဖြစ်သည်။ ထိုတုံ့ပြန်မှုများသည် ဆီလျော်သောအပြုအမူများနှင့် မှန်ကန်သော စိတ်နေသဘောထားများအနေဖြင့် ပေါ်လွင်လာနိုင်သည်။ ထိုမျှမက ဘုရားသခင်၏စကားတော်ကို ရှိသေလေးမြတ်ပြီး ဘုရားသခင်ကိုစိတ်နှလုံးအမှန်ကိုးကွယ်ခြင်းအဖြစ်ကဲ့သို့လည်း ပေါ်လွင်နိုင်ပါသည်။

# အလွတ်ကျက်မှတ်ရမည့် အခြေခံအုတ်မြစ်ကျမ်းပိုဒ်များ

အချို့ကျမ်းပိုဒ်များသည် သင်ရိုးညွှန်းပါပုံဝတ္ထုများနှင့် တိုက်ရိုက်ပတ်သက်သည်။ အချို့မှာပုံဝတ္ထုများနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသည့်အတွက် ပုံဝတ္ထုသင်ကြားချိန်ပြင်ပ၌ သင်ကြားပေးရမည်။ ရည်ရွယ်ချက်သည် ကလေးများ၌ ကျမ်းလွတ်ကျက်မှတ်ခြင်း အလေ့အထကိုတိုးတက်စေရန်၊ ကျက်မှတ်ထားသောကျမ်းပိုဒ်များနှင့် လက်တွေ့ဘဝ၏ ဆက်နွယ်မှုကို မြင်တွေ့လာစေရန် ကူညီပေးခြင်းဖြစ်သည်။

ကျမ်းပိုဒ်များအားလုံးကို တစ်နှစ်စာအတွက် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ အကယ်၍ ကျမ်းပိုဒ်တစ်ပိုဒ်ကို သင်ပေးရန် မေ့ကျန်ခဲ့ပါလျှင် ပြန်လည်ဆွေးပေးခြင်းအပတ်၌ ထိုကျမ်းပိုဒ်ကို သင်ပေးနိုင်ပါသည်။

ကျမ်းပိုဒ် သင်ပေးသည့်အခါ (သို့) ပြန်ဆိုစေသည့်အခါ ကျမ်းညွှန်းကို ဦးစွာပြောပါ။ နောက်ဆုံးတွင်လည်း ကျမ်းညွှန်းကို ထပ်၍ပြန်ပြောပါ။

**ပုံဝတ္ထု – ၆၅ – ဘုရားသခင်သည် ဇာခရိ၏ဆုတောင်းခြင်းကို နားထောင်တော်မူပြီး သားယောကျ်ားပေးမည်ဟု ကတိပေးခဲ့သည်**

**လုကာ၊ ၁၈း၂၇** – ကိုယ်တော်ကလည်း၊ လူမတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။ **လုကာ၊ ၁၈း၂၇**

**ပုံဝတ္ထု – ၆၆ – ကယ်တင်ရှင် ဆင်းကြွလာခြင်းအား ကြေငြာခဲ့သည်**

**ယော၊ ၃း၁၆** – ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့ မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ **ယော၊ ၃း၁၆**

**ပုံဝတ္ထု – ၆၇ – ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း**

**ဆာလံ၊ ၁၀၀း၁–၂** – မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား ကြွေးကြော်ကြလော့။ ထာဝရဘုရား၏အမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ကြလော့။ ရွှင်လန်းစွာသီချင်းဆိုလျက်၊ အထံတော်သို့ ဝင်ကြလော့။ **ဆာလံ၊ ၁၀၀း၁–၂**

**ပုံဝတ္ထု – ၆၈ – ပညာရှိများ ယေရှုရှင်ကို ဖူးတွေ့ကြသည်**

**ဆာလံ၊ ၁၀၀း၃** – ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ကို သိမှတ်ကြလော့။ ထာဝရဘုရားသည် ငါတို့ကို ဖန်ဆင်းတော်မူ၍၊ ငါတို့၏အရှင်ဖြစ်တော်မူ၏။ ငါတို့သည်လည်း၊ ထာဝရဘုရား၏လူဖြစ်ကြ၏။ အထံတော်၌ ကျက်စားသောသိုးစုလည်း ဖြစ်ကြ၏။ **ဆာလံ၊ ၁၀၀း၃**

**ပုံဝတ္ထု – ၆၉ – ခမည်းတော်ဘုရား၏အိမ်တော်၌ ယေရှုရှင်က ကျမ်းတတ်ပုဂ္ဂိုလ်များကို အံ့သြစေခဲ့သည်**

**ဆာလံ၊ ၁၀၀း၄** – ကျေးဇူးတော်ကို ကြီးမားပါသည်ဟုဝန်ခံလျက်၊ တံခါးတော်တို့ကိုငင်း၊ ဂုဏ်တော်ကို ချီးမွမ်းလျက်၊တန်တိုင်းတော်တို့ကိုငင်း ဝင်ကြလော့။ ကျေးဇူးတော်ကိုချီးမွမ်း၍ နာမတော်ကို ကောင်းကြီးပေးကြလော့။ **ဆာလံ၊ ၁၀၀း၄**

**ပုံဝတ္ထု – ၇၀ – "နောင်တရကြလော့ နိုင်ငံတော်တည်လုနီးပြီ"**

**ဆာလံ၊ ၁၀၀း၅** – အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။ ကရုဏာတော်သည် အစဉ်အမြဲရှိ၍၊ သစ္စာတော်သည် ကာလအဆက်ဆက်တည်လေသတည်း။ **ဆာလံ၊ ၁၀၀း၅**

**ပုံဝတ္ထု – ၇၁ – "ကျမ်းစာလာသည်ကား"**

**ယာကုပ်၊ ၄း၇–၈** – ထိုကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံကပြေးသွားလိမ့်မည်။ ဘုရားသခင့်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ **ယာကုပ်၊ ၄း၇–၈**

**ပုံဝတ္ထု – ၇၂ – ယေရှုရှင်က သူ၏တပည့်တော်များကို ရွေးချယ်ခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၇၃ – ယေရှုရှင်က သူ၏ပထမဆုံး နမိတ်လက္ခဏာကို လုပ်ဆောင်ခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၇၄ – ဖခမည်းတော် အိမ်တော်အတွက် စိတ်အားကြီးခြင်း**

**သုတ္တံ၊ ၃း၁၁–၁၂** – ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။ သင်၏အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်စေနှင့်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။ နှစ်သက်တော်မူသောသားကို ဒဏ်ခတ်တော်မူတတ်၏။ **သုတ္တံ၊ ၃း၁၁–၁၂**

**ပုံဝတ္ထု – ၇၅ – ယေရှုရှင်သည် အနာရောဂါများကို ပျောက်ကင်းစေခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။ (သုတ္တံ၊ ၃း၁၁–၁၂ ကို အလွတ်ရရန် နှစ်ပတ်ကြာနိုင်ပါသည်။)

**ပုံဝတ္ထု – ၇၆ – "သင်၏အပြစ်ကို လွှတ်စေပြီ"**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၇၇ – ယေရှုရှင်သည် မုန်တိုင်းကို နှုတ်တော်ထွက်စကားအားဖြင့် ငြိမ်သက်စေခဲ့သည်**

**၁ပေ၊ ၅း၇** – သင်တို့ကို သတိနှင့်ကြည့်ရှုတော်မူသောကြောင့်၊ သင်တို့၌ စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌ အပ်နှံကြလော့။ **၁ပေ၊ ၅း၇**

**ပုံဝတ္ထု – ၇၈ – ယေရှုရှင်သည် ကျန်းမာစေနိုင်သောတန်ခိုးကို ပြသသည်**

**ဖိလိ၊ ၄း၁၁** – ငါသည် တွေ့ကြုံသမျှသောအခြင်းအရာတို့၌ ရောင့်ရဲသောစိတ်ရှိအံ့သောငှါ သင်မိပြီ။ **ဖိလိ၊ ၄း၁၁**

**ပုံဝတ္ထု – ၇၉ – အသက်မုန့်ဖြစ်သောယေရှုရှင်က လူပေါင်းငါးထောင်ကို ကျွေးမွေးခဲ့သည်**

**သုတ္တံ၊ ၂၉း၁၁** – မိုက်သောသူတို့သည် မိမိကြံစည်သမျှကို ဘော်ပြတတ်၏။ ပညာရှိသောသူမူကား၊ အဆင်မသင့်မှီ ထိမ်ဝှက်တတ်၏။ **သုတ္တံ၊ ၂၉း၁၁**

**ပုံဝတ္ထု – ၈၀ – ဘုရားသခင်၏သားတော် ရေပေါ်တွင် လမ်းလျှောက်ခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၈၁ – ယေရှု၊ ဘုရားသခင်၏သားတော်**

**တရား၊ ၆း၅** – သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ **တရား၊ ၆း၅**

**ပုံဝတ္ထု – ၈၂ – သင်၏ဘုရားသခင်နှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကိုချစ်လော့**

**ဝတ်ပြု၊ ၁၉း၁၈** – ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ **ဝတ်ပြု၊ ၁၉း၁၈**

**ပုံဝတ္ထု – ၈၃ – လောက၏အလင်းဖြစ်သူက မျက်မမြင်သောသူအား မျက်စိအလင်းပေးခဲ့သည်**

**ဖိလိ၊ ၂း၃ –** အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တယောက်ကိုတယောက် ထင်မှတ်ကြလော့။ **ဖိလိ၊ ၂း၃**

**ပုံဝတ္ထု – ၈၄ – ယေရှုရှင်က ကလေးသူငယ်များကို လက်ခံခဲ့သည်**

**ဖိလိ၊ ၂း၄ –** ကိုယ်အမှုအရာကိုသာမရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။ **ဖိလိ၊ ၂း၄**

**ပုံဝတ္ထု – ၈၅ – ယေရှုရှင်က ပျောက်သောသူကို ရှာဖွေသည်**

**သုတ္တံ၊ ၁၇း၁၇ –** အဆွေခင်ပွန်းသည် အခါခပ်သိမ်းချစ်တတ်၏။ ညီအစ်ကိုသည် ဒုက္ခကာလအဘို့ မွေးဖွားလျက် ရှိ၏။ **သုတ္တံ၊ ၁၇း၁၇**

**ပုံဝတ္ထု – ၈၆ – သစ္စာရှိသောဖခင်က ပျောက်သောသားကို ပြန်လည်ကြိုဆိုခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွေးပေးပါ။

**ပုံဝတ္ထု – ၈၇ – လာဇရုအား ရှင်ပြန်ထမြောက်စေခြင်းအားဖြင့် ယေရှုရှင် ဘုန်းတော်ထင်ရှားခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွေးပေးပါ။

**ပုံဝတ္ထု – ၈၈ – ယေရှုရှင်က မျက်မမြင်ဗာတိမဲအပေါ် ကရုဏာထားခဲ့သည်**

**၁ကော၊ ၁၃း၄ –** မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ **၁ကော၊ ၁၃း၄**

**ပုံဝတ္ထု – ၈၉ – ယေရှုရှင်က ဇက္ခဲကိုရှာဖွေကယ်တင်ရန် လာခဲ့သည်**

**၁ကော၊ ၁၃း၅ –** လျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ **၁ကော၊ ၁၃း၅**

**ပုံဝတ္ထု – ၉၀ – “ထာဝရဘုရား၏အခွင့်နှင့်ကြွလာသောသူသည် မင်္ဂလာရှိစေသတည်း”**

**၁ကော၊ ၁၃း၆ –** မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ **၁ကော၊ ၁၃း၆**

**ပုံဝတ္ထု – ၉၁ – ယေရှုရှင်သည် တန်ဖိုး ကြီးသောအမွှေးနံ့သာနှင့်ဘိသိက်ပေးခြင်း ခံထိုက်သူဖြစ်သည်**

**၁ကော၊ ၁၃း၇ –** ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသော အရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ **၁ကော၊ ၁၃း၇**

**ပုံဝတ္ထု – ၉၂ – ယေရှုရှင်သည် သူ၏တပည့်တော်များနှင့်အတူ ပသခါပွဲကို အတူတကွသုံးဆောင်ခဲ့သည်**

အလွတ်ကျက်မှတ်ထားသော ကျမ်းပိုဒ်များကို ပြန်လည်နွေးပေးပါ။

**ပုံဝတ္ထု – ၉၃ – “အကျွန်ုပ် အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်၊ ကိုယ်တော် အလိုရှိသည်အတိုင်းဖြစ်ပါစေ”**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွေးပေးပါ။

**ပုံဝတ္ထု – ၉၄ – ပေတရုက ယေရှုရှင်ကို ငြင်းပယ်ခဲ့သည်**

**၁ပေ၊ ၅း၈** – သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသောမာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ **၁ပေ၊ ၅း၈**

**ပုံဝတ္ထု – ၉၅ – "သူ့ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပါ "**

**ရောမ၊ ၃း၂၃** – အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။ **ရောမ၊ ၃း၂၃**

**ပုံဝတ္ထု – ၉၆ – "ယုဒရှင်ဘုရင်"**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွေးပေးပါ။

**ပုံဝတ္ထု – ၉၇ – ယေရှုရှင်၏ နောက်ဆုံးသောစကားများ**

**ဖိလိ၊ ၄း၁၃** – ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။ **ဖိလိ၊ ၄း၁၃**

**ပုံဝတ္ထု – ၉၈ – ယေရှုရှင်၏သူငယ်ချင်း များက ကိုယ်တော်ကို သင်္ဂြိုဟ်ခဲ့ကြသည်**

**ရောမ၊ ၆း၂၃** – အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ **ရောမ၊ ၆း၂၃**

**ပုံဝတ္ထု – ၉၉ – "မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ"**

**ဆာလံ၊ ၁၁၈း၂၄** – ဤနေ့ရက်သည် ထာဝရဘုရား စီရင်တော်မူသောနေ့ရက်ဖြစ်၍ ယနေ့ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ **ဆာလံ၊ ၁၁၈း၁၄**

**ပုံဝတ္ထု – ၁၀၀ – မောက်ရှာလမ်းတွင် ယေရှုရှင်ကိုယ်ထင်ပြခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွေးပေးပါ။

**ပုံဝတ္ထု – ၁၀၁ – "ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏"**

**ဖိလိ၊ ၂း၁၄** – သင်တို့သည် ပြုလေသမျှတို့၌ မြည်းတမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲပြုကြလော့။ **ဖိလိ၊ ၂း၁၄**

**ပုံဝတ္ထု – ၁၀၂ ယေရှုရှင် ကမ်းနားတွင် ကိုယ်ထင်ပြခဲ့သည်၊ ယေရှုရှင် ကောင်းကင်သို့ ပြန်တက်ခဲ့သည်**

**သုတ္တံ၊ ၁၆း၂၄** – သာယာသောစကားသည် ပျားလပို့ကဲ့သို့ဖြစ်၍၊ စိတ်ဝိညာဉ်၌ ချိုမြိန်လျက်ကိုယ်အရိုးကို ကျန်းမာစေလျက်ရှိကြ၏။ **သုတ္တံ၊ ၁၆း၂၄**

**ပုံဝတ္ထု – ၁၀၃ – အထက်အရပ်မှတန်ခိုးတော်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွေးပေးပါ။

**ပုံဝတ္ထု – ၁၀၄ – "ငါတို့သည်ကြားလျက်၊ မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်ဟု ထိုသူတို့အားဆိုကြ၏။"**

**လုကာ၊ ၆း၃၈** – သူတပါးအားပေးကြလော့။ ပေးလျှင်သူတပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင်ချိန်၊ တင်းပမာဏနှင့်သင်တို့သည် သူတပါးအားပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။ **လုကာ၊ ၆း၃၄**

**ပုံဝတ္ထု – ၁၀၅ – ဘုရားသခင်သည် လိမ်ညာသောသူနှစ်ဦးကို ပြစ်ဒါဏ်ပေးခဲ့သည်**

**ယောဖြ၊ ၁၃း၅ –** သင်တို့၏ ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့်ကင်းလွတ်၍၊ ကိုယ်၌ရှိသော ဥစ္စာနှင့်ရောင့်ရဲခြင်း ရှိကြလော့။ အကြောင်းမူကား၊ ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍ မထားဟု ဂတိတော်ရှိ၏။ **ယောဖြ၊ ၁၃း၅**

**ပုံဝတ္ထု – ၁၀၆ – "လူ၏ စကားထက် ဘုရားသခင်၏စကားတော်ကို နားထောင်သင့်ပါ၏။"**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၁၀၇ – "သူတို့ပြုသောဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်"**

**ယာကုပ်၊ ၁း၁၉ –** သို့ဖြစ်၍၊ ငါချစ်သောညီအစ်ကိုတို့၊ ခပ်သိမ်းသောသူတို့သည် နားကြားခြင်း၌ လျင်မြန်ကြစေ။ စကားပြောခြင်း၌ရင်း၊ အမျက်ထွက်ခြင်း၌ရင်းနှေးကြစေ။ ယာကုပ်၊ ၁း၁၉

**ပုံဝတ္ထု – ၁၀၈ – ဘုရားသခင်ရဲ့ဆုကျေးဇူးတွေကို ငွေနဲ့ဝယ်ယူလို့မရ**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၁၀၉ – ဘုရားသခင်က ဖိလိပ္ပုကို အဲသယောပိပြည်သားထံ စေလွှတ်ခဲ့သည်**

**ဆာလံ၊ ၁၁၉း၁၀ –** အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှ လွဲစေတော် မမူပါနှင့်။ **ဆာလံ၊ ၁၁၉း၁၀**

**ပုံဝတ္ထု – ၁၁၀ – ယေရှုရှင်က ရှောလုကို စကားပြောခဲ့သည်**

**ဆာလံ၊ ၁၁၉း၁၁ –** ကိုယ်တော်ကို မပြစ်မှားဘဲနေနိုင်မည်အကြောင်း ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ။ **ဆာလံ၊ ၁၁၉း၁၁**

**ပုံဝတ္ထု – ၁၁၁ – ရှောလု – ဘုရားသခင် ရွေးကောက်ထားသောတန်ဆာပလာ**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၁၁၂ – ယေရှုရှင်၏ နာမတော်အားဖြင့် ရှင်ပေါလုက ရဲရင့်စွာတရားဟောခဲ့သည်**

**ဖေက်၊ ၆း၁၀ –** ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်ရင်း၊ တန်ခိုးတော်အရှိန်အား ဖြင့်ရင်း၊ ခိုင်ခန့်ခြင်းရှိကြလော့။ **ဖေက်၊ ၆း၁၀**

**ပုံဝတ္ထု – ၁၁၃ – ဘုရားသခင်က ကော်နေလိ၏ဆုတောင်းခြင်းကို နားထောင်ခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၁၁၄ – ပေတရုကို ကယ်တင်ရန် ဘုရားသခင်က ကောင်းကင်တမန်စေလွှတ်ခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၁၁၅ – ဘုရားသခင်က ထောင်မှူးကို ကယ်တင်ခဲ့သည်**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**ပုံဝတ္ထု – ၁၁၆ – "ဘုရားသခင်ကျိန်းဝပ်တော်မူရာနေရာသည် လူတို့နှင့်အတူရှိပြီ ...ခင်ယေရှုကြွလာ တော်မူပါ။"**

အလွတ်ကျက်မှတ်ထားသောကျမ်းပိုဒ်များကို ပြန်လည်နွှေးပေးပါ။

**စိတ်တွင် စွဲမှတ်ပါ။** ။ကျမ်းချက်ကို သင်ပေးသည့်အခါ သို့မဟုတ် ပြန်လည်နွှေးပေးသည့်အခါ ကျမ်းညွှန်းကို အရင်ဆိုပါ၊ ပြီးမှကျမ်းပိုဒ်ကိုဆိုပါ။ နောက်ဆုံးမှာ ကျမ်းညွှန်းကို ပြန်ဆိုပါ **(လုကာ၊ ၁၈း၂၇** – ကိုယ်တော်ကလည်း၊ လူမတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။ **လုကာ၊ ၁၈း၂၇**)

သမ္မာကျမ်းစာအလွတ်ကျက်မှတ်စေခြင်းကို နည်းလမ်းပုံစံတစ်မျိုးတည်းမဟုတ်ပဲ နည်းလမ်းမျိုးစုံဖြင့် ကျက်မှတ်စေသင့်ပါသည်။ (ဥပမာ – ဝိုက်ဘုတ်ပေါ်တွင် ရေးသားထား၍ ကျက်မှတ်စေခြင်း၊ ကျမ်းချက်များကို အပိုင်းပိုင်း စာရွက်များပေါ်တွင် ရေးသား၍ ကျက်မှတ်စေခြင်း၊ ကလေးတစ်ယောက်ချင်းစီကို ကျက်မှတ်ရမည့်အပိုင်းများ ပေး၍ ကျက်မှတ်စေခြင်းစသည်ဖြင့် ကလေးများပျင်းရိမသွားလေရအောင် နည်းလမ်းများကို တီထွင်ကြံဆ၍ ကျက်မှတ်စေသင့်ပါသည်။)

ဓမ္မသစ်
ပုံဝတ္ထုများ

65

## ဘုရားသခင်သည် ဇာခရိ၏ဆုတောင်းခြင်းကို နားထောင်တော်မူပြီး သားယောက်ျားပေးမည်ဟု ကတိပေးခဲ့သည်။

**ကျမ်းညွှန်း – လုကာ၊ ၁း၅–၂၅**

### အဓိကအချက်များ

- ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည်။
  ဇာခရိနှင့်ဧလိဇဗက်တို့ ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့ကြသည်။ ဘုရားသခင်၏စကားတော်ကို ယုံကြည်ပြီး မောရှေပညတ်ထားသည့်အတိုင်း ယဇ်ပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြသည်။
- ဘုရားသခင်၏အလိုတော်နှင့်အကြံစည်တော်အားဖြင့်သာ လူသားသည် ဘုရားသခင်ထံတော်ပါးသို့ ရောက်နိုင်သည်။
- ဘုရားသခင်သည် လူသားတို့နှင့် ပေါင်းသင်းဆက်နွယ်သည်။
  ကောင်းကင်တမန်တစ်ပါးက ဇာခရိကို ဘုရားသခင်၏အကြံအစည်အား ပြောပြခဲ့သည်။
- ဘုရားသခင်သည် သစ္စာရှိတော်မူသည်၊ ပြောထားသည့်အတိုင်း အမြဲတမ်းလုပ်ဆောင်တော်မူသည်။
  ဘုရားသခင်သည် သူ၏ကတိတော်များကို စောင့်ထိန်းသည့်နည်းတူ၊ ပရောဖက်ပြုချက်များကိုလည်း ပြည့်စုံစေသည်။
- ယေရှုခရစ်တော်သည် ဘုရားသခင် ဖြစ်သည်။
  အခန်းငယ် ၁၆–၁၇၊ ယေရှုရှင်အတွက် ယောဟန်သည် ဘုရားသခင်၏ လူများကို ပြင်ဆင်ခဲ့သည်။

### အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်၏မိသားစု ဓါတ်ပုံကို ပြပါ။)

(ထိုဓါတ်ပုံတွင်တွေ့ရသောသူများမှာ မည်သူမည်ဝါဖြစ်သည်ကို ရှင်းပြပေးပါ။) သမ္မာကျမ်းစာထဲမှာ အလွန်သေးငယ်တဲ့ မိသားစုတစ်စုအကြောင်းကို ပြောပြထားတယ်။ အဲဒီမိသားစုမှာ ခင်ပွန်းသည်နဲ့ဇနီးသည်ပဲ ရှိကြတယ်။ သူတို့မှာ သားသမီးမရှိဘူး။ (ပြောနေစဉ် သင်အသုံးပြုသောဓါတ်ပုံမှ ကလေးများပုံကို လက်ဖြင့် အုပ်ထား နိုင်ပါသည်။)

*ဒါပေမယ့် အဲဒီလင်မယား နှစ်ယောက်ဟာ ကလေးအရမ်းလိုချင်ခဲ့ကြတယ်။ ဘုရားသခင်က သူတို့ကို ကလေး ပေးမယ်လို့ ထင်ပါသလား။ အဲဒီမိသားစုငယ်လေးအကြောင်း နားထောင်ကြည့်ကြရအောင်။*

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၆၅ ရှိ ရုပ်ပုံများကို ပြသပါ)။

ဒီပုံမှာ တွေ့ရတဲ့သူက ဘယ်သူလဲ။ ဇာခရိဟာ ဘယ်လိုလူမျိုး ဖြစ်ပါသလဲ။ (ဘုရားသခင်ကို ယုံကြည်ပြီး နာခံတဲ့သူ)။

ဇာခရိရဲ့ ဇနီးနာမည်က ဘယ်လိုခေါ်သလဲ။ ဧလိရှဗက်ဟာ ဘယ်လိုလူမျိုး ဖြစ်ပါသလဲ။

ဇာခရိနဲ့ ဧလိရှဗက်တို့က ဘာကို လိုချင်နေခဲ့ကြတာလဲ။

ဒါပေမယ့် သူတို့တွေ ကလေးမရနိုင်ဘူး။ အဲဒီပြဿနာအတွက် သူတို့ဘာလုပ်ခဲ့ကြသလဲ။

ဇာခရိနဲ့ဧလိရှဗက်တို့ ဆုတောင်းတာကို ဘုရားသခင် နားထောင်ပါသလား။ နားထောင်တာပေါ့ – ဘုရားသခင်က သူ့ရဲ့သားသမီးတွေရဲ့ ဆုတောင်းသံကို နားထောင်နေတယ်။

ဇာခရိနဲ့ဧလိရှဗက်တို့ သားလေးရဖို့ ဆုတောင်းသံကို ကြားတဲ့အကြောင်းပြောဖို့ ကောင်းကင်တမန်တစ်ပါးကို ဘုရားသခင် စေလွှတ်ခဲ့တယ်။

ဇာခရိကို ကောင်းကင်တမန်က ဘာပြောခဲ့သလဲ။ (ဇာခရိရဲ့ဆုတောင်းသံကို ဘုရားသခင်နားထောင်ပြီ၊ ဧလိရှဗက် ကလေးရလိမ့်မယ်။)

ဇာခရိနဲ့ဧလိရှဗက်တို့ သူ့ဆီကို ဆုတောင်းတဲ့အပေါ် ဘုရားသခင် ဝမ်းမြောက်ပါသလား။

ဇာခရိနဲ့ဧလိရှဗက်တို့ ကလေးရဖို့ နှစ်ပေါင်းများစွာ ဆုတောင်းခဲ့ကြမယ်လို့ ထင်ပါသလား။ သူတို့တွေ အသက်ကြီးနေပြီဖြစ်တဲ့အတွက်ကြောင့် ဆုတောင်းခဲ့တာ ကြာနိုင်လောက်တယ်။ ဘုရားသခင်က သူတို့ကို ကလေးပေးမှာဖြစ်ပေမယ့် သူတို့တွေ အချိန်ကြာမြင့်စွာ စောင့်ခဲ့ရတယ်။

ဇာခရိနဲ့ဧလိရှဗက်တို့အတွက် ဘုရားသခင်က ကလေးပေးဖို့စောင့်ရတာဟာ အရမ်းခက်ခဲမယ်လို့ ထင်ပါသလား။ ဒါပေမယ့် သူတို့တွေ ဘုရားသခင်ကိုယုံကြည်ပြီး ကလေးရဖို့ ဆက်ဆုတောင်း ခဲ့ကြတယ်။

ဇာခရိနဲ့ဧလိရှဗက်တို့ ဆက်ပြီးတော့အားမလျော့ပဲ ဆုတောင်းကြတာကို ဘုရားသခင် ဝမ်းမြောက်မယ်လို့ ထင်ပါသလား။

ဆရာ၊မ တို့ရဲ့ ဆုတောင်းခြင်းကို ဘုရားသခင်က နားထောင်တယ်ဆိုပေမယ့် တစ်ခါတစ်ရံမှာ စောင့်ရတဲ့အချိန် တွေလည်း ရှိပါတယ်။

ဆရာ၊မ တို့ရဲ့ ဆုတောင်းခြင်းအဖြေတွေကို စောင့်ရတာ တစ်ခါတစ်ရံမှာ အရမ်းခက်တယ် မဟုတ်လား။ တစ်ခါတစ်ရံမှာ တစ်စုံတစ်ခုရဖို့အတွက် အချိန်ကြာမြင့်စွာ ဆုတောင်းရတယ်။ အားမလျော့ပဲနဲ့ဆက်ပြီး ဆုတောင်းနေတာမျိုးဖြစ်ပြီး ဘုရားသခင်က အဖြေပေးမှာပါဆိုပြီးတော့ ယုံကြည်ချက် ထားတာကို ဘုရာသခင် နှစ်သက်မယ်လို့ ထင်သလား။

သားတို့သမီးတို့ရဲ့ အသက်တာမှာလည်း တစ်စုံတစ်ခုရဖို့ နှစ်လာကြာရှည်စွာ ဆုတောင်းဖူးတာမျိုး ရှိပါသလား။

(မှတ်ချက် – ကလေးများအနေနှင့်ဘုရားသခင်၏ အဖြေပေးခြင်းသည် – "ဟုတ်ပြီ"၊ "မပေးဘူး"၊ "စောင့်ဦး" ဟူ၍ ဖြစ်နိုင်ကြောင်းကို နားလည်ရန် သတိပြုပေးပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၆၅ ရှိ ရုပ်ပုံများကို ပြသပါ)။

ဒီပုံမှာ တွေ့ရတဲ့သူက ဘယ်သူလဲ။ (ကောင်းကင်တမန် ဂါဗြေလပုံကို ပြပါ။)

ဘယ်သူက ဒီကောင်းကင်တမန်ကို ဇာခရိဆီ စေလွှတ်ခဲ့တာလဲ။ ဘာကြောင့်မို့လဲ။

ဇာခရိကို ဘုရားသခင်က ဘာကတိပေးထားသလဲ။

ဘုရားသခင်က သူ့ရဲ့ကတိတော်တွေကို အမြဲတမ်းတည်စေပါသလား။

ဧလိရှဗက်က ကလေးရခဲ့ပါသလား။ ရခဲ့ပါတယ်၊ ဘုရားသခင်က သူ့ရဲ့ကတိတော်ကို တည်စေတယ်။ ဘုရားသခင်ဟာ သစ္စာရှိတော်မူတယ်။ သူပြောတဲ့အတိုင်း အမြဲတမ်းလုပ်တော်မူတယ်။

ဘုရားသခင်က ပြောထားသည့်အတိုင်း ဧလိရှဗက်က ကလေးရခဲ့တယ်။ ဘုရားသခင်ကတိထားတဲ့အတိုင်း အမှန်ဖြစ်လာခဲ့တယ်။

ဓမ္မသစ်
ပုံဝတ္ထုများ

66

# ကယ်တင်ရှင် ဆင်းကြွလာခြင်းအား ကြေငြာခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၁း၂၆–၈၀၊ မဿဲ၊ ၁း၁၈–၂၅

## အဓိကအချက်များ

- ဘုရားသခင်သည် လူသားနှင့်ဆက်သွယ်နီးနှောတော်မူသည်။
  လုကာ၊ ၁း၂၆–၃၆ – ကယ်တင်ရှင်နှင့်ပတ်သက်၍ ဘုရားသခင်ပေးထားသောကတိတော် ပြည့်စုံရန် အချိန်ရောက်လာခဲ့သည်။
  လုကာ၊ ၁း၅၇ – ဇာခရိအားပေးထားသည့် ကတိတော်ကိုတည်စေပြီး၊ ယောဟန်ကို ဖွားမြင်စေခဲ့သည်။
  မဿဲ၊ ၁း၂၂ – ဘုရားသခင်သည် သူ၏ပရောဖက်ပြုခြင်းများအားလုံးကို ပြည့်စုံစေခဲ့သည်။
- ဘုရားသခင်သည် လူသားများနှင့်ဆက်နွှယ်မှုရှိသည်။
- ဘုရားသခင်သည် အစိုးရရှင်ဖြစ်သည်။
  ကယ်တင်ရှင်၏ မိခင်ဖြစ်ရန် မာရိကို ရွေးချယ်ခဲ့သည်။
- ဘုရားသခင်သည် မေတ္တာ၊ ကျေးဇူးဂရုဏာတော်နှင့်ကြွယ်ဝသူ ဖြစ်သည်။
- ယေရှုရှင်က အပြစ်သားများကို ၎င်းတို့နှင့်ထိုက်တန်သော ပြစ်ဒဏ်မှ ကယ်တင်တော်မူမည်။
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူ၏။
  လုကာ၊ ၁း၃၂၊ ဘုရားသခင်၏ သားတော်၊ လုကာ၊ ၁း၃၅ – လောကီခန္ဓာ ဖခင်မရှိ။
- ယေရှုရှင်သည် လူသား ဖြစ်တော်မူ၏ – သူသည် မာရိ၏သားဖြစ်သည်။
- ယေရှုရှင်သည် သန့်ရှင်း၍ ဖြောင့်မတ်တော်မူသည်။
  ဘုရားသခင်၏ သားတော်ဖြစ်သည်နှင့်အညီ အာဒံထံမှ အပြစ်ကို အမွေခံတော်မမူ။
- ဘုရားသခင်သည် အရာခပ်သိမ်း တတ်စွမ်းနိုင်သောတန်ခိုးရှင် ဖြစ်သည်။
  အပျိုစင်ဖြစ်သည့်မာရိကို ကလေးမွေးစေနိုင်သကဲ့သို့ အသက်ကြီးပြီဖြစ်သည့် ဧလိရှဗက်ကို ကလေးမွေးစေနိုင်သည်။ လုကာ၊ ၁း၃၇ – ဘုရားသခင် မတတ်စွမ်းနိုင်သောအမှု တစ်စုံတစ်ခုမျှမရှိ။
  ဘုရားသခင်ကို ကျေနပ်စေရန်နှင့် အစေခံနိုင်ရန် လူသားသည် ယုံကြည်ခြင်း ရှိရမည်။
  လုကာ၊ ၁း၃၈ တွင် မာရိက ဘုရားသခင်ကို ယုံကြည်ကိုးစားကာ ဘုရားသခင်၏ အလိုတော်အတိုင်း ကယ်တင်ရှင်၏ မိခင်ဖြစ်ဖို့ရန် နာခံခဲ့သည်။
- လူသည် အပြစ်သားဖြစ်သည်။ မိမိကိုယ်ကို မကယ်တင်နိုင်သောကြောင့် ဘုရားသခင်ကို လိုအပ်လျက်ရှိသည်။
  မဿဲ၊ ၁း၂၁
- ယေရှုရှင်သည် ထာဝရ စိုးစံလိမ့်မည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်**

(သင်ထောက်ကူပြုစာအုပ်တွင်ပါရှိသည့် မွေးဖွားခြင်း ကြေငြာစာကို ပြပါ။)

ကလေးတစ်ယောက်မွေးပြီဆိုရင်တော့ မိဘတွေက ကလေးမွေးပြီဆိုတာကို အခြားလူတွေကို အသိပေးချင်ကြတယ်။ ဒါကြောင့်မို့ ကလေးမွေးတဲ့အကြောင်း သူတို့ရဲ့သူငယ်ချင်းတွေကို ပြောပြ၊ ကြေငြာစာ ပို့ကြတယ်။

## အချိတ်အဆက်များ (Hooks – Cont.)

အဲဒီကြေငြာစာမှာ ဘယ်တုန်းက မွေးသလဲ၊ နာမည်ဘယ်လိုခေါ်သလဲ၊ ကလေးက ဘယ်လောက်ကြီးသလဲ၊ သေးသလဲစတဲ့အကြောင်းအရာတွေ ပါတတ်တယ်။ (သင့်အနေနှင့် ကြေငြာစာကို ဖတ်ပေးနိုင်ပါသည်။

ကလေးမမွေးခင် ကလေးမွေးဖွားခြင်း ကြေငြာစာကို မိဘတွေက ကြိုတင်ပို့ထားတာမျိုး ရှိပါသလား။ အဲဒီလို မျိုးမရှိဘူး၊ ဘာလို့လဲဆိုရင် ကလေးဘယ်အချိန်မွေးမယ်ဆိုတာကိုမသိ၊ ဘယ်လောက်ကြီးမလဲဆိုတာ လည်းကြိုတင်မသိဘူး။ ယောကျ်ားလေးဖြစ်မလား၊ မိန်းကလေး ဖြစ်မလားဆိုတာတောင် ကြိုတင်မသိ ထားကြပါဘူး။ ကလေးမွေးဖွားခြင်း ကြေငြာစာကို မိဘတွေက ကလေးမွေးပြီးမှပဲ ပေးပို့ကြတာပါ။

ဒါပေမယ့် ကလေးမမွေးခင်ကတည်းကနေ ကလေးမွေးတဲ့ ကြေငြာခြင်းမျိုး ပြုလုပ်တာကို သမ္မာကျမ်းစာထဲမှာ ပြောပြထားတယ်။ ကလေးတောင် မမွေးသေးပဲနဲ့ အဲဒီကလေးကို ဘယ်သူက သိနိုင်သလဲ။ အဲဒီအကြောင်းကို ကြားချင်ကြသလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၆၆ ရှိ ရုပ်ပုံများကို ပြသပါ၊ မာရိပုံကို ထောက်ပြပါ။) ဒီအမျိုးသမီးကဘယ်သူလဲ။ သူ့ရဲ့နာမည်ကို မှတ်မိကြသလား။

(ကောင်းကင်တမန်ပုံကို ထောက်ပြပါ။) သူကဘယ်သူလဲ။

သူက ဘာပြောခဲ့သလဲ။ (မာရိ ကလေးရလိမ့်မယ်လို့ ပြောခဲ့တယ်။)

အဲဒီကလေးက သာမန်ကလေးတစ်ယောက်လိုပဲ ဖြစ်မှာလား။

မာရိရဲ့ ကလေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုထူးခြားမှုတွေ ရှိတယ်ဆိုတာကို ဘယ်သူပြောပြနိုင်မလဲ။ (ကလေး များအနေဖြင့် အဖြေလိုအပ်မည်ဆိုလျှင် သမ္မာကျမ်းစာထဲမှ ကြည့်ပါ – လုကာ၊ ၁း၃၂ နှင့် ၃၃)

ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်သလို ဘုရားသခင်လည်း ဖြစ်တယ်။

အကယ်၍ ယေရှုရှင်ဟာ လူသားတစ်ဦးသာဖြစ်မယ်ဆိုရင် သားတို့သမီးတို့နဲ့အမြဲအတူရှိနိုင်ပါ့မလား။ ရှိနိုင်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ယေရှုရှင်ဟာဘုရားသခင်ဖြစ်မယ်ဆိုရင် သားတို့သမီးတို့နဲ့အတူအမြဲရှိနိုင် ပါ့မလား။

အကယ်၍ယေရှုရှင်ဟာ လူသားတစ်ယောက်သာဖြစ်ခဲ့မယ်ဆိုရင် သားတို့သမီးတို့ကို ဂရုစိုက်နိုင်လောက်အောင် တန်ခိုးစွမ်းအင်ရှိပါ့မလား။ ဂရုစိုက်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ယေရှုရှင်ဟာ ဘုရားဖြစ်မယ်ဆိုရင် သားတို့သမီးတို့ကို ဂရုစိုက် ကာကွယ်ပေးနိုင်မယ်လို့ ထင်ပါသလား။

ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်သလို၊ ဘုရားသခင်လည်းဖြစ်တယ်။ သူဟာတန်ခိုးရှိသောသူဖြစ်တယ်၊ သားတို့သမီးတို့နဲ့အတူရှိပြီး အမြဲတမ်းဂရုစိုက်ပေးလိမ့်မယ်။

သားတို့သမီးတို့ကို ကွယ်ကာဆောင်မပေးလို့ ယေရှုရှင်ကို ကျေးဇူးတင်ပါသလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ မာရိပုံကို ထောက်ပြပါ။) သူမက ဘယ်သူလဲ။ သူမရဲ့နာမည်ကို မှတ်မိကြသေးလား။

(ကောင်းကင်တမန် ပုံကို ထောက်ပြပါ။) သူက ဘယ်သူလဲ။ ကောင်းကင်တမန်က မာရိကို ဘာပြောသလဲ။

မာရိက ဘုရားသခင်ပြောတာကို ယုံကြည်ပါသလား။ အခြားလူတွေပြောတိုင်းကို သားတို့သမီးတို့ ယုံကြည်လို့ ရပါသလား။ ဘာလို့ယုံမရတာလဲ။ ဘုရားသခင်ပြောတာကို သားတို့သမီးတို့ ယုံကြည်လို့ရသလား။

ဘာကြောင့်လဲ။ (ဘုရားသခင်က သူပြောတာကို အမြဲတမ်းအမှန်တကယ်လုပ်တယ်။)
ဘုရားကို ယုံကြည်တာက ဘာကြောင့် အရေးပါတာလဲ။ (ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေတယ်။)
ဘုရားသခင်က သားတို့သမီးတို့ကိုပြောတဲ့အခါမှာ ယုံကြည်ကြပါသလား။
ဘုရားသခင်ကစကားပြောတယ်ဆိုတာကို ဆရာ၊မ တို့ ဘယ်လိုသိနိုင်မလဲ။ ဘုရားသခင် စကားတော်ကို ပြောပြပေးတဲ့စာအုပ်မျိုး သားတို့သမီးတို့ စဉ်းစားနိုင်ပါသလား။ (မှန်တာပေါ့ – သမ္မာကျမ်းစာ ဖြစ်တယ်။)

(အကယ်၍သင်သည် ကလေးများကို အခြေခံကျမ်းချက်များ သင်ကြားပေးနေသည်ဆိုလျှင် ယနေ့အတွက် ပြင်ဆင်ထားသည့်ကျမ်းချက် (ယော၊ ၃း၁၆)ကို ပြန်လည်နွေးပေးရင်း ထိုကျမ်းချက်ပါအကြောင်းအရာများကို ပြန်လည်ရှင်းပြ ပြောဆိုနိုင်ပါသည်။)

ဓမ္မသစ်
ပုံဝတ္ထုများ

# 67 ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း

## ကျမ်းညွှန်း – မဿဲ၊ ၁း၁၈–၂၅၊ လုကာ၊ ၂း၁–၃၈

## အဓိကအချက်များ

- ဘုရားသခင်သည် သူ၏ကတိတော်များကို စောင့်ထိန်းတော်မူသည်။
  လုကာ၊ ၂း၇ – ဘုရားသခင် ကြိုတင်ပြောခဲ့သည့်နည်းတူ ယေရှုရှင် ဖွားမြင်ခဲ့သည်။ လုကာ၊ ၂း၁၆–၁၇၊ သိုးကျောင်းသားများသည်လည်း ကောင်းကင်တမန်ပြောထားသည့်အတိုင်း ယေရှုရှင်ကို တွေ့မြင်ကြသည်၊ လုကာ၊ ၂း၂၆–၂၈၊ ရှိမုန်သည်လည်း ဘုရားသခင် ကတိပေးထားသည့်အတိုင်း ယေရှုရှင်ကို မြင်တွေ့ရန် အသက်ရှင်နေဆဲ ဖြစ်သည်။
- ဘုရားသခင်သည် လူသားများနှင့်ဆက်နွယ်မှုရှိတော်မူသည်။
  ကောင်းကင်တမန်များက သိုးကျောင်းသားများထံသို့ ပေါ်လာကြသည်၊ ရှိမုန်၏ ပရောဖက်ပြုခြင်း
- ယေရှုရှင်၏ ဆင်းကြွလာခြင်းက ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသည်။
- ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည်။
  မာရိနှင့်ယောသပ်တို့က မောရှေအား ဘုရားသခင်မိန့်တော်မူခဲ့သည့်အတိုင်း ယေရှုရှင်ကို အရေဖြားလှီးရန် ခေါ်ဆောင်လာပြီး၊ ယဇ်ပူဇော်ခြင်းအမှုကိုလည်း လုပ်ဆောင်ကြသည်။
- ယေရှုရှင်၌ထားရှိသည့် ဘုရားသခင်၏ကယ်တင်ခြင်းသည် လူသားတိုင်းအတွက် ဖြစ်သည်။
  လုကာ၊ ၂း၁၀၊ ၃၀–၃၂
- ယေရှုရှင်၌ ထားရှိသည့် ဘုရားသခင်၏ကယ်တင်ခြင်းသည် ဝမ်းမြောက်ခြင်း၏အမြစ်တည်ရာ ဖြစ်သည်။
  လုကာ၊ ၂း၁၀

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်**

(ခရီးဆောင်အိတ် တစ်ခုကို ပြပါ။) ဒါက ဘာလဲ။ ဘယ်အချိန်မှာ အသုံးပြုတာလဲ။ ခရီးတစ်ခုကို သွားခဲ့တဲ့ ပုဂ္ဂိုလ်နှစ်ဦးရဲ့အကြောင်းကို ကြားချင်ကြသလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၆၇ ရှိ ရုပ်ပုံကိုပြပါ။) ဒီပုံမှာတွေ့ရတဲ့ မိခင်နဲ့ကလေးဟာ ဘယ်သူတွေလဲဆိုတာ သိတဲ့သူ ရှိသလား။

အဲဒီကလေးနဲ့ပတ်သက်ပြီးတော့ ကောင်းကင်တမန်တွေက ဘာပြောခဲ့ကြသလဲ။ အဲဒီကလေးက ဘယ်သူလဲ။ အဖြေကို သမ္မာကျမ်းစာထဲမှာ ကြည့်ကြရအောင်။ (ပြန်လည်အမှတ်ရစေရန် လုကာ၊ ၂း၁၀–၁၁ ကို ဖတ်ပေးပါ။)

အပြစ်တွေကို ယူဆောင်သွားပေးမယ့်ကယ်တင်ရှင်ကို စေလွှတ်ပေးမယ်ဆိုပြီးတော့ ဟိုးလွန်ခဲ့တဲ့အချိန်တုန်းက တည်းကနေ ဘုရားသခင်က ကတိပေးထားတဲ့တယ်။

ဘုရားသခင်ရဲ့လူတွေက အဲဒီကယ်တင်ရှင်ကို အချိန်ကြာမြင့်စွာ စောင့်ခဲ့ကြရတယ်။
ရှုမောင်နှင့်အန္နတို့သည်လည်း စောင့်နေခဲ့ကြသည်။ သူတို့တွေ ဘယ်လောက်ကြာကြာ စောင့်ခဲ့ပြီလို့ ထင်သလဲ။
သူတို့အတွက်စောင့်ရတာ လွယ်ကူမယ်လို့ ထင်ပါသလား။ စောင့်ရတာဟာ လွယ်ကူပါသလား။
ကယ်တင်ရှင်ကို စေလွှတ်မယ်လို့ ဘယ်သူက ကတိပေးထားတာလဲ။ ဘုရားသခင်က သူပြောတဲ့အတိုင်း
အမြဲတမ်း လုပ်ဆောင်ပါသလား။ (မှန်တာပေါ့ – ဘုရားသခင်က သူ့ရဲ့ကတိတော်တွေကို
အစဉ်တည်စေတယ်။)
ရှုမောင်အပေါ်မှာ ထားတဲ့ကတိတော်ကို ဘုရားသခင် ပြည့်စုံစေသလား။
ကယ်တင်ရှင် စေလွှတ်မယ်ဆိုတဲ့ကတိတော်ကို ဘုရားသခင်တည်စေပါသလား။
သားတို့သမီးတို့အပေါ်မှာလည်း သူ့ရဲ့ကတိတော်တွေကို ဘုရားသခင်တည်စေမှာလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၆၇ ရှိ ရုပ်ပုံကို ပြပါ။ ယေရှုရှင်ကို ထောက်ပြပါ။) သူက ဘယ်သူလဲ။ (မာရိကို
ထောက်ပြပါ။) သူမက ဘယ်သူလဲ။
သိုးကျောင်းသားတွေဆီမှာ ကောင်းကင်တမန်တွေပြောပြခဲ့တဲ့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းက
ဘာလဲဆိုတာ သိသလား။ မှန်ပါတယ် – ဘုရားသခင်က ကယ်တင်ရှင်ကို စေလွှတ်ခဲ့ပြီဆိုတဲ့သတင်း
ဖြစ်တယ်။
အဲဒီသတင်းကောင်းက သိုးကျောင်းသားတွေ အတွက်ပဲလား။ သတင်းကောင်းက ဘယ်သူတွေအတွက်လဲ။
(ကလေး များကို ကူညီပေးရန် လိုအပ်မည်ဆိုလျှင် လုကာ၊ ၂း၁၀–၁၁ ကို ဖတ်ပေးပါ။)
အဲဒါဆို သတင်းကောင်းက ဆရာ၊မ တို့နဲ့သားတို့သမီးတို့အတွက်ဖြစ်တယ်လို့ ဆိုလိုတာလဲ။
(ပြီးခဲ့သည့်အပတ်တွင် သင်ကြားခဲ့သည့်အခြေခံကျမ်းချက် – ယော၊ ၃း၁၆ ကို ပြန်လည်နွှေးပေးပါ။)
ဘုရားသခင်က သူ့ရဲ့မေတ္တာတော်ကို ကယ်တင်ရှင်သခင်သားတော်ကို စေလွှတ်ခြင်းအားဖြင့် ဖော်ပြခဲ့တယ်။
သူ့ကိုသိဖို့ရန်နှင့်၊ အပြစ်ခွင့်လွှတ်ခြင်း ရရှိဖို့ရန်၊ နောက်ပြီးတော့ ကောင်းကင်မှာ ထာဝရဝင်စားဖို့ရန်လမ်းကို
ဘုရားသခင်က ဆရာ၊မ တို့နဲ့သားတို့သမီးတို့အတွက် လမ်းပြင်ဆင်ပေးခဲ့တယ်။
(ဤအပတ်အတွက် သတ်မှတ်ထားသည့်ကျမ်းချက် – ဆာလံ၊ ၁၀၀း၁–၂ ကို အသုံးပြုရင်း ကျွန်ုပ်တို့အတွက်
ကယ်တင်ရှင်ယေရှုကို စေလွှတ်ပေးသည့်ဘုရားသခင်အား ချီးမွမ်းခြင်းအားဖြင့် အဆုံးသတ်နိုင်သည်။
လက်ခုပ်တီး ဂုဏ်တော်ချီးမွမ်းသီချင်းဆိုရင်းဖြင့် အဆုံးသတ်နိုင်ပါသည်။)

ဓမ္မသစ်
ပုံဝတ္ထုများ

# 68 ပညာရှိများ ယေရှုရှင်ကို ဖူးတွေ့ကြသည်

## ကျမ်းညွှန်း – မဿဲ၊ ၂

## အဓိကအချက်များ

- ဘုရားသခင်သည် သစ္စာရှိတော်မူသည် – ပြောသည့်အတိုင်း အမြဲလုပ်သည်။
  အခန်းငယ်၊ ၆၊ ၁၅၊ ၂၃ – ကျမ်းစကားပြည့်စုံ
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင် ဖြစ်သည်။
  ဟေရုဒ်မင်းကြီးကလည်း ဘုရားသခင်၏ရည်ရွယ်ချက် ပြည့်စုံစေရန် မတားဆီးနိုင်ခဲ့ပေ။
- ဘုရားသခင်သည် လူသားနှင့်ဆက်နွယ်တော်မူသည်။
  ယောသပ်၏ အိပ်မက်များ
- ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်။
  ဟေရုဒ်မင်းကြီး၏ အကြံအစည်ကို ဘုရားသခင် ကြိုတင်သိထားသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်**

(ထုပ်ပိုးထားသော လက်ဆောင်တစ်ခုကို ပြပါ။) ဒါက ဘာလဲ။ ဘယ်သူတွေကို လက်ဆောင်ပေးတတ်သလဲ။
(မိသားစု၊ သူငယ်ချင်းတွေနဲ့ချစ်ရတဲ့ သူတွေကို လက်ဆောင်ပေးကြပါတယ်။)

ကျမ်းစာထဲမှာ ခရီးဝေးကနေ လက်ဆောင်ပစ္စည်းတွေနဲ့လာတဲ့ လူပုဂ္ဂိုလ်တွေအကြောင်း ပြောထားပါတယ်။
သားတို့သမီးတို့ ငြိမ်ငြိမ်လေးထိုင်မယ်ဆိုရင် အဲဒီလူတွေရဲ့အကြောင်းကို ပြောပြမယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၆၈ ရှိ ရုပ်ပုံကို ပြပါ။) ဒီလူတွေ ဘာလုပ်နေကြသလဲ။
ဘုရင်သစ်တစ်ပါး ဖွားမြင်ပြီဆိုတာကို သူတို့တွေသိအောင် ဘုရားသခင်က ဘယ်လိုပြသခဲ့သလဲ။ (ကလေးများ မသိပါက ကြယ်ပုံကို ထောက်ပြပေးပါ။)
ဘုရင်ကိုဖူးတွေ့ဖို့ သူတို့တွေ ဘယ်ကိုသွားခဲ့ကြသလဲ။
ဟေရုဒ်ဘုရင်က ဘာလုပ်ချင်ခဲ့သလဲ။
ဆိုးရွားတဲ့ဟေရုဒ်ဘုရင်ရဲ့ အကြံအစည်ကို ဘုရားသခင် သိထားပါသလား။
ဘုရားသခင်လား ဒါမှမဟုတ် ဟေရုဒ်ဘုရင်လား – ဘယ်သူက အရေးကြီးသလဲ။ ဘယ်သူက အသန်မာဆုံးလဲ။
သူငယ်တော် ယေရှုကို ဟေရုဒ်မင်းကြီးအား ဘုရားသခင်က သတ်ခွင့်ပေးမလား။
ဘုရားသခင်က သူငယ်တော်ယေရှုကို ကွယ်ကာဆောင်မတော်မူလိမ့်မယ်။
ဘုရားသခင်က ပညာရှိတွေကို ဟေရုဒ်မင်းကြီးဆီ မပြောဖို့ မှာထားခဲ့တယ်။
ဘုရားသခင်က ယောသပ်ကို မာရိနဲ့သူငယ်တော်ယေရှုအား လုံခြုံတဲ့နေရာဆီ ခေါ်ဆောင်သွားဖို့ ပြောခဲ့တယ်။

ဘုရားသခင်က တာဝန်ရှိတဲ့သူ၊ အသန်မာဆုံးသောသူ၊ ဘုရားသခင်က အရာရာကို သိတော်မူသောသူ ဖြစ်တယ်။
ဘုရားသခင်က သူငယ်တော်ယေရှုကို ကွယ်ကာစောင်မခဲ့တယ်။
သားတို့သမီးတို့ကိုလည်း ဘုရားသခင်က ကွယ်ကာစောင်မပေးနိုင်မယ်လို့ ထင်ပါသလား။ ဘာကြောင့်လဲ။
ဘုရားသခင်က သားတို့သမီးတို့ကို ဘယ်လိုကွယ်ကာပေးပါသလဲ။ (ကလေးများအပေါ် ဘုရားသခင်၏ကွယ်ကာစောင်မပေးမှု ထင်ရှားစွာသိလာကြစေရန်အတွက် အကြောင်းအရာအချို့ကို ပြောပြပေးပါ – ဥပမာ – မိခင်၊ ဖခင် ကောင်းများကို ဘုရားသခင်က ပြင်ဆင်ပေးထားကြောင်း၊ စားဖို့သောက်ဖို့ ပေးထားကြောင်း၊ ဝတ်ဆင်ဖို့ အဝတ်အစားတွေ ပေးထားကြောင်း၊ ဖျားနာသည့်အခါ ဆေးဝါးများ ပြင်ဆင်ပေးထားကြောင်း စသည်ဖြင့် ပြောပြပါ။ သင့်အနေနှင့်သင်၏အသက်တာတွင် အံ့ဖွယ်ကြုံတွေ့ရသည့် ဘုရားသခင်၏ ကွယ်ကာပေးမှု အတွေ့ကြုံများကိုလည်း ပြောပြနိုင်ပါသည်။)
(ဘုရားသခင်၏ ကွယ်ကာစောင်မပေးမှုအပေါ်တွင် ကျေးဇူးတော်ချီးမွမ်းခြင်းအားဖြင့် အဆုံးသတ်ပါ၊ ကလေးများလည်း ကိုယ်တိုင်ကျေးဇူးတော်ချီးမွမ်း ဆုတောင်းလာစေရန် တိုက်တွန်းပြောဆိုပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၆၈ ရှိ ရုပ်ပုံကို ပြပါ။) ဒီပုံထဲမှာ ပညာရှိတွေက ယေရှုရှင်ကို ကိုးကွယ်နေကြတာ တွေ့ရပါတယ်။ သူတို့ဟာ ခရီးအဝေးကြီးကနေ လာခဲ့ကြတာဖြစ်တယ်။
ဘုရင်သစ်တစ်ပါး ဖွားမြင်ပြီဆိုတာကို ဘယ်သူက ပြောတာလဲ။
သူတို့တွေ ယေရှုရှင်ကို ဘယ်လိုရှာတွေ့ကြတာလဲ။
ကောင်းကင်ပေါ်က ကြယ်ကို ဘယ်သူက တောက်ပစေတာလဲ။
သားတို့သမီးတို့ ကြယ်ကို ဖန်ဆင်းနိုင်သလား။ ဘုရားသခင်ကလွဲပြီးတော့ ကြယ်တစ်လုံးကို ဘယ်သူက ဖန်ဆင်းနိုင်မလဲ။
ဘုရားသခင်က ကြယ်ကို သူသွားစေချင်တဲ့နေရာကို သွားခိုင်းခဲ့တယ်။ ကြယ်တွေတောင်မှ ဘုရားသခင်ရဲ့စကားကို နာခံကြရတယ်။
ဘုရားသခင်ဟာ ခပ်သိမ်းသောအစိုးရရှင် ဖြစ်တယ် – ဆိုလိုတာက အရာရာတိုင်းဟာ ဘုရားသခင်ရဲ့ထိန်းချုပ်မှုအားဖြင့် ဖြစ်တယ်။
တောက်ပနေတဲ့ ကြယ်တွေကိုတောင် ဘုရားသခင် ထိန်းချုပ်တော်မူတယ်၊ အရာရာတိုင်းကို ဘုရားသခင် ထိန်းချုပ်တယ်။
သားတို့သမီးတို့ရဲ့ အသက်တာမှာ ဖြစ်စေချင်တဲ့အရာတွေကို ဘုရားသခင် လုပ်နိုင်ပါ့မလား။ (ဤအရာနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုနိုင်ပါသည် – သားတို့သမီးတို့ရဲ့ ဆံပင်အရောင်၊ မိဘတွေ၊ နေထိုင်တဲ့နေရာစသည်ဖြင့် ခွဲခန့်တော်မူတယ်။ ကျွန်ုပ်တို့ အကြိုက်မနှစ်သက်သည့်အရာများ သို့မဟုတ် ကျွန်ုပ်တို့မကောင်းဘူးဟု ထင်သည့်အရာများကိုပင်လျှင် ဘုရားသခင် ထိန်းချုပ်တော်မူသည်။)
ဘုရားသခင်က ဆရာ၊မ တို့အပေါ်မှာ သူကြိုက်သလို ဘာလို့လုပ်ပိုင်ခွင့်ရှိတာလဲ။ (ဆရာ၊မ တို့ကို သူဖန်ဆင်းထားလို့။)
ဘုရားသခင်က အရာရာတိုင်းကိုသော်လည်းကောင်း၊ လူတိုင်းကိုသော်လည်းကောင်း ထိန်းချုပ်တော်မူတယ်။
ဘုရင်သစ်တစ်ပါး ဖွားမြင်ပြီဆိုတာကို သူတို့တွေသိအောင် ဘုရားသခင်က ဘယ်လိုပြသခဲ့သလဲ။ (ကလေးများ မသိပါက ကြယ်ပုံကို ထောက်ပြပေးပါ။)
ကလေးများအနေနှင့်ဘုရားသခင်သည် အရာရာတိုင်းကို ထိန်းချုပ်သောသူ (ကြယ်များပင်လျှင် ဘုရားသခင်၏ စကားကို နားထောင်ကြောင်း) ဖြစ်သည်ကို ကလေးများ သိမှတ်နိုင်အောင် ဆုတောင်းပေးပါ။ ထို့ပြင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ထိန်းချုပ်ရုံတင်မက ကွယ်ကာစောင်မပေးသည့်အတွက်ကြောင့် ကျေးဇူးတော် ချီးမွမ်းပါ။
(ဤသင်ခန်းစာနှင့်ကိုက်ညီသည့် သီချင်းတစ်ပုဒ်ကို အတူတကွသီဆိုချီးမွမ်းပါ။)

ဓမ္မသစ်
ပုံဝတ္ထုများ

**69**

# ခမည်းတော်ဘုရား၏အိမ်တော်၌ ယေရှုရှင်က ကျမ်းတတ်ပုဂ္ဂိုလ်များကို အံ့သြစေခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၂း၄၁–၅၂

## အဓိကအချက်များ

- ယေရှုရှင်သည် ဘုရားသခင်သည်။
  အခန်းငယ် ၄၉ – အဘ၏ အိမ်တော်
- ယေရှုရှင်သည် လူသား ဖြစ်တော်မူသည်။
  အခန်းငယ် ၅၂ – လူသားတစ်ဦးကဲ့သို့ပင် ယေရှုရှင် ကြီးထွားလာခဲ့သည်။
- ယေရှုရှင်သည် နှိမ့်ချတော်မူသည်။
  အငယ် ၅၁ – မိဘများ၏ ဦးဆောင်မှုကို ဝန်ခံတော်မူသည်။
- ယေရှုရှင်သည့် အံ့ဖွယ်ဖြစ်သည်။
  အငယ် ၄၇ – ကိုယ်တော်၏ ဉာဏ်တော်သည် လူသားအားလုံးအထက်မှာ ရှိနေသည်။

## အချိတ်အဆက်များ (Hook)

(သင်ထောက်ကူပြု စာအုပ်ထဲမှ လူအများကြီးရှိသည့် ပုံကိုပြပါ။ ထို့နောက် ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး ထိုပုံထဲမှ ပုဂ္ဂိုလ်တစ်ဦးကို ရှာစေပါ။)

ဆရာရှာခိုင်းတဲ့ ------ ပုံကို ရှာဖို့ အချိန်အနည်းငယ် ယူရတယ်မဟုတ်လား။ ------ ပုံကို တွေ့တဲ့အထိ အချိန်အများကြီး ယူရတယ်မဟုတ်လား။

သမ္မာကျမ်းစာထဲမှာ တစ်စုံတစ်ယောက်ကိုရှာတဲ့အကြောင်းကို ပြောထားတာရှိတယ်။ အဲဒါက ဘယ်လို အကြောင်းအရာမျိုး ဖြစ်မလဲဆိုတာကို ကြည့်ကြရအောင်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

သားတို့သမီးတို့ လမ်းပျောက်ဖူးပါသလား။ အဲဒီလို လမ်းပျောက်တဲ့အခါမှာ ကြောက်ကြသလား။ သားတို့သမီးတို့ရဲ့ မိဘတွေရော စိတ်ပူကြတယ်မဟုတ်လား။

ဒီနေ့ပြောမယ့် အကြောင်းအရာကတော့ ယေရှုရှင်ရဲ့ မိဘတွေက ယေရှုပျောက်သွားတယ်လို့ ထင်ခဲ့ကြတဲ့ အကြောင်း ဖြစ်တယ်။

ယေရှုရှင် တကယ်ပဲလမ်းပျောက်သွားခဲ့သလား။ သူဘယ်ရောက်နေခဲ့သလဲ။ (သင်ခန်းစာ ၆၉ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှ ရုပ်ပုံကို ပြပါ။)

ယေရှုရှင်က အဲဒီမှာရှိတဲ့ လူတွေကို ဘာပြောနေမယ်လို့ထင်သလဲ။

အဲဒီကလူတွေ ဘာကြောင့် အံ့သြနေကြရတာလဲ။ (ယေရှုရှင်ဟာ သမ္မာကျမ်းစာကို အများကြီး သိထားတယ် –

ယေရှုရှင်ဟာ အဲဒီတုန်းက အသက် ၁၂ နှစ်ပဲ ရှိသေးပေမယ့် သမ္မာကျမ်းစာကို လူကြီးတွေဆီ ပြန်သင်ပေးနိုင်လောက်အောင်ကို သိထားတယ်။)

မှန်ပါတယ် – ယေရှုရှင်ဟာ သမ္မာကျမ်းစာကို သိထားတယ် – ကျမ်းချက်တွေကို သိရုံတင်မဟုတ်ဘဲ အဓိပ္ပါယ်ဆိုလိုရင်းတွေကိုလည်း နားလည်ပြီးတော့ သူတစ်ပါးကို ပြန်လည် သင်ကြားပေးနိုင်ခဲ့တယ်။

ဘယ်လိုလုပ်ပြီးတော့ ယေရှုရှင်က သမ္မာကျမ်းစာတွေကို အဲဒီလောက် သိထားရတာလဲ။ (ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တယ်၊ အရာခပ်သိမ်းကို သိတော်မူတယ်။)

ယေရှုရှင်ဟာ လူသားဖြစ်သကဲ့သို့ ဘုရားသခင်လည်း ဖြစ်တော်မူတဲ့အတွက်ကြောင့် ခပ်သိမ်းသောအရာကို သိတယ် – ကမ္ဘာမြေကြီးကို ဘယ်လို ဖန်ဆင်းရမလဲ၊ နေမင်းကြီးကို ဘယ်လိုထွန်းလင်းစေမလဲ ဆိုတာတွေကို သူသိသလို ပန်းပွင့်တိုင်းကိုလည်း သိတယ်။ ဒါ့အပြင် သားတို့သမီးတို့ရဲ့ ခေါင်းပေါ်က ဆံပင်တွေနဲ့ (ကလေးတစ်ယောက်ကို ညွှန်လိုက်ပါ) ဆရာမ ရဲ့ ခေါင်းပေါ်က ဆံပင်တွေ (မိမိခေါင်းကို ပုတ်ပြလိုက်ပါ) ဘယ်လောက်ရှိတယ်ကအစ သူသိတော်မူတယ်။

ဒါဟာ အံ့သြစရာကောင်းတယ် မဟုတ်လား။ ဂုဏ်တော်ချီးမွမ်းခြင်းအားဖြင့် အဆုံးသတ်လိုက်ပါ။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ယေရှုရှင်ရဲ့ မိဘတွေက ယေရှုကို ပျောက်သွားပြီလို့ ထင်ခဲ့ကြတယ်။ သူတို့တွေ အရမ်းစိတ်ပူသွားခဲ့ကြတယ်။ သုံးရက်လုံးလုံး ယေရှုကို သူတို့ရှာခဲ့ကြတယ်။

ယေရှု ဘယ်ရောက်နေခဲ့သလဲ။ (သင်ခန်းစာ ၆၉ အတွက် ပြင်ဆင်ထားသော ရောင်ခြယ်စာအုပ်မှ ပုံကိုပြပါ။)

ယေရှုဟာ ဗိမာန်တော်မှာ ဘာလုပ်နေတာလဲ။ (ကျမ်းတတ်ပုဂ္ဂိုလ်တွေနဲ့ စကားပြောနေတယ်။)

မှန်ပါတယ် – ယေရှုဟာ ဗိမာန်တော်မှာ သင်ကြားပေးနေတယ်။ ဒါပေမယ့် သူပဲ စကားပြောနေတာမျိုး မဟုတ်ပါဘူး၊ အခြားလူတွေရဲ့ ပြောစကားကိုလည်း သူနားထောင်ခဲ့တယ်။

ယေရှုရှင်လောက် သူတို့တွေ သမ္မာကျမ်းစာကို သိကြမယ်လို့ ထင်ပါသလား။ ယေရှုရှင်က သမ္မာကျမ်းစာအားလုံးကို သိထားတယ်။ သူဟာအရာရာကို သိထားတော်မူတယ် – ဒါပေမယ့် သူဟာအရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်တယ်ဆိုပြီးတော့ မာန်တက်မနေပါဘူး။ သူဟာနှိမ့်ချတယ် – အခြားသူများကို အရေးကြီးသောပုဂ္ဂိုလ်များကဲ့သို့ ဆက်ဆံခဲ့တယ်။ အခြားသူများသည်လည်း အကြောင်းအရာအချို့ကို သိထားကြတာပဲဆိုသည့် စိတ်နှင့် ဆက်ဆံပြောဆိုပေးသည်။ အခြားသူများကို ဂရုစိုက်နားထောင်ပေးပြီးတော့ သူတို့တွေ ပိုမိုသင်ယူလာနိုင်အောင် ကူညီပေးတယ်။

နှိမ့်ချခြင်းအသက်တာက ခက်ခဲပါသလား။ သင်သိထားသော်လည်း အခြားတစ်ယောက်က မသိသည့်အခါတွင် ထိုသူကို စိတ်ရှည်သည်းခံပေးရင်း ကူညီတာမျိုးက ခက်ခဲပါ့မလား။

ဘယ်အရုပ်တွေနဲ့ သားတို့သမီးတို့ ကစားရမယ်ဆိုတာကို သူငယ်ချင်းကို ရွေးချယ်ခွင့်ပေးတာမျိုးက ခက်ခဲပါသလား။ ဒါမှမဟုတ် သူတို့ကို မုန့်ဝေစုများတဲ့အပိုင်းကို ပေးလိုက်ရတာမျိုးက ခက်ခဲပါသလား။

ဆရာမ တို့အားလုံး အရေးပါဆုံးသူတွေ ဖြစ်ချင်ကြတယ် မဟုတ်လား။ ဒါပေမယ့် ယေရှုကတော့ အဲဒီလို မဟုတ်ပါဘူး။ သူဟာ ဘုရားသခင်ဖြစ်ပြီးတော့ အရေးကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်ပေမယ့် အခြားလူတွေကိုလည်း အရေးကြီးတဲ့သူတွေကဲ့သို့ ဆက်ဆံခဲ့တယ်။ ယေရှုရှင်ဟာ နှိမ့်ချတဲ့သူ ဖြစ်တယ်။

ဆရာမ တို့လည်း နှိမ့်ချသော အသက်တာရှိဖို့အတွက် ဘုရားသခင်ထံပါး တောင်းလျှောက်ကြရအောင်။

ဓမ္မသစ်
ပုံဝတ္ထုများ

70

# "နောင်တရကြလော့ နိုင်ငံတော်တည်လုနီးပြီ"

ခမည်းတော် ဘုရားသခင်က သားတော်လာရန်
လမ်းကိုပြင်ဆင်ပေးခဲ့ပြီး သူ၏သားဖြစ်သည်ကို သက်သေပြခဲ့သည်။

## ကျမ်းညွှန်း – မဿဲ၊ ၃

## အဓိကအချက်များ

- ဘုရားသခင်သည် လူသားနှင့်ဆက်သွယ်နိုးနေသည်။
  ယောဟန်သည် ဘုရားသခင်၏ သတင်းစကားကို ကြားပြောခဲ့သည်။
- လူသည် အပြစ်သားဖြစ်သည်။
- ဘုရားသခင်သည် သစ္စာရှိတော်မူသည်။
  ဘုရားသခင်သည် ပြောထားတဲ့အတိုင်း အမြဲတမ်းလုပ်ဆောင်တော်မူသည်။
- ဟေရှာယ၏ ပရောဖက်ပြုခြင်းက ယောဟန်၌ ပြည့်စုံခဲ့သည်။
  ဘုရားသခင်ကို ကျေနပ်စေရန်နှင့် ကယ်တင်ခြင်းရရှိရန် လူသည် ယုံကြည်ခြင်းရှိရမည်။
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူသည်။
  အခန်းငယ် ၃၊၁၁၊၁၇
- ယေရှုရှင်သည် သန့်ရှင်းဖြောင့်မတ်တော်မူသည်
  အခန်းငယ် ၁၇ – ယေရှုရှင်သည် ဘုရားသခင် ရှေ့တော်၌ စုံလင်တော်မူသည်။

## အချိတ်အဆက်များ (Hooks)

ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး မျက်စိမှိတ်စေပါ။ ထို့နောက် တစ်စုံတစ်ခုကို မြည်းစမ်းခိုင်းမည် ဖြစ်ပြီး၊ ထိုအရာသည် မည်သည့်အရာဖြစ်သည်ကို ခန့်မှန်းရမည်ဟု ထိုကလေးအားပြောပါ။
ဇွန်းတစ်ချောင်းဖြင့် ပျားရည်အနည်းငယ်ကို ကလေးအား မြည်းစမ်းစေပြီး မည်သည့်အရာဖြစ်သည်ကို သိမသိ မေးကြည့်ပါ။ ထို့နောက် တစ်တန်းလုံး ထိုအရာသည် ပျားရည်ဖြစ်ကြောင်းကို ပြောပြလိုက်ပါ။
သမ္မာကျမ်းစာထဲမှာ ပျားရည်စားတဲ့ သူတစ်ယောက်အကြောင်း ပြောပြထားတယ်။ အဲဒီလူက ဘယ်သူလဲဆိုတာ သားတို့သမီးတို့ သိကြသလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၇၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှ ပုံကို ပြပါ။) ဤပုံမှာ ဗတ္တိဇံဆရာယောဟန် ဖြစ်သည်။

ယေရှုရှင်အတွက် လူများအဆင်သင့်ဖြစ်နေစေရန်အတွက် ကြိုတင်ပြင်ဆင်ရန် ဘုရားက ယောဟန်ကို စေလွှတ်ခဲ့သည်။

လူတွေကို ဘုရားသခင်က ဘာဖြစ်စေချင်တယ်လို့ ယောဟန်က ပြောကြားခဲ့သလဲ။

လူသားအားလုံး သူတို့အပြစ်အတွက် နောင်တရကြသလား။ အချို့လူတွေက ဟန်ဆောင်ကြတယ်မဟုတ်လား။

ဒါကို ယောဟန် သိပါသလား။ သူ ဘယ်လိုသိတာပါလိမ့်။

ဘုရားသခင်က ဘာကြောင့်မို့ လူသားတွေကို အပြစ်မှနောင်တရစေချင်ရတာလဲ။ မှန်တယ် – ဘုရားသခင်က သန့်ရှင်းတယ်၊ အပြစ်ကိုလည်းမုန်းတယ်။ အပြစ်ကလူတွေကို ဘုရားနဲ့ဝေးစေတယ်။

နောင်တရမှသာလျှင် လူသားတွေက ဘုရားသခင်ဆီ ပြန်လာလို့ရမယ့်အတွက်ကြောင့် ဖြစ်ပါတယ်။

ဘုရားသခင်က သားတို့သမီးတို့ အမှန်တကယ် နောင်တရမရကို သိပါသလား။ ဘယ်လိုသိသလဲ။

တကယ်ပဲ အပြစ်အတွက် နောင်တရမယ်ဆိုရင် လူတွေက ဘာလုပ်ရမယ်လို့ ယောဟန်က ပြောထားသလဲ။

အချို့လူတွေက ဟန်ဆောင်ဖို့ ကြိုးစားကြသလား။ ဘုရားသခင်က သူတို့ရဲ့နှလုံးသားကို သိပါသလား။

သားတို့သမီးတို့ရဲ့နှလုံးသားကို ဘုရားသခင် သိပါသလား။

သားတို့သမီးတို့လည်း နောင်တရဖို့ လိုအပ်ပါသလား။ သားတို့သမီးတို့ ဘာလုပ်နိုင်မလဲ။

(အပြစ်ကျူးလွန်မိသည့်အခါတိုင်း နောင်တရဖို့ရန်အတွက် ဘုရားသခင်ထံ ဆုတောင်းခြင်းအားဖြင့် အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၇၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှ ပုံကို ပြပါ။) ဒီလူက ဘယ်သူလဲ။ မှန်တယ် – ဗတ္တိဇံဆရာယောဟန်။ ယောဟန်က လူသားတွေအနေနဲ့ ယေရှုရှင်လာချိန်မှာ အဆင်သင့်ဖြစ်နေရအောင် ကူညီပေးတယ်။

သူတို့ကို အပြစ်ကနေ နောင်တရဖို့ ဟောပြောခဲ့တယ်။

နောင်တရတယ်ဆိုတာက သားတို့သမီးတို့ရဲ့ အပြစ်အတွက် အလွန်ဝမ်းနည်းပြီးတော့ အဲဒီအပြစ်ကို ဆက်မလုပ်ချင်တော့တဲ့ အသက်တာဖြစ်တယ်။ နောင်တရတယ်ဆိုတာက သားတို့သမီးတို့ရဲ့ အပြစ်ပြဿနာအတွက် ယေရှုရှင်ကို ကူညီတောင်းခံခြင်းဖြစ်တယ်။ ဆိုလိုတာက အပြစ်ကိုမုန်းပြီးတော့ ယေရှုသခင်ကို လိုချင်တော့တပြီး၊ သူ့ရဲ့စကားတော်ကို နာခံခြင်းဖြစ်တယ်။

ဥပမာ သားတို့သမီးတို့ရဲ့ အမေက သားတို့သမီးတို့ကို သူ့ဆီလာဖို့ ခေါ်ပေမယ့်၊ ထွက်ပြေးသွားကြတယ်ဆိုပါစို့။

အဲဒါကို အပြစ်လို့ ပြောရမလား။ အဲဒါကို ဘုရားသခင် နှစ်သက်မလား။

"သား၊သမီးက ခေါ်တာကို မကြားလို့ပါ" လို့ ဆင်ခြေပေးလိုက်ခြင်းက ဘုရားသခင်နဲ့ ကျေအေးမှာလား။

သားတို့သမီးတို့ ကြားလားမကြားဘူးလားဆိုတာကို ဘုရားသခင် သိပ့်မလား။ သိတာပေ့ါ – ခပ်သိမ်းသောအရာကို ဘုရားသခင် သိနေတယ်လေ။

"တောင်းပန်ပါတယ်" ဆိုပြီးတော့ တကယ်စိတ်မကောင်းမဖြစ်ပဲနဲ့ ပါးစပ်နဲ့ပဲပြောတာမျိုးကို ဘုရားသခင် လက်ခံပ့ါ မလား။

အခြေအနေအရပ်ရပ်ကို ဘုရားသခင် သိပ့်မလား။

သားတို့သမီးတို့က အပြစ်အတွက် အမှန်တကယ် နောင်တရတယ်ဆိုရင် ဘုရားသခင် သိပ့်မလား။

ဘုရားသခင် ဘယ်လို သိမလဲ။ မှန်ပါတယ် – ဘုရာသခင်က သား၊သမီးတို့ရဲ့ စိတ်ထဲကို မြင်နိုင်တယ်လေ။

အပြစ်ကို နောင်တရတဲ့အခါမှာ ဘုရားသခင်က အပြစ်ကို ခွင့်လွှတ်ပေးမလား။

ဒီနေ့ နားထောင်ခဲ့တဲ့ ပုံပြင်ထဲမှာ ဘုရားသခင် အပြစ်ခွင့်လွှတ်ခဲ့တဲ့သူတွေ ရှိပါသလား။

ရှိပါတယ် – ဘုရားသခင်က သစ္စာရှိတော်မူသောဘုရားဖြစ်တယ်။ သူကပြောရင် ပြောတဲ့အတိုင်း လုပ်တယ်။

သားတို့သမီးတို့ရဲ့ အသက်တာမှာ နောင်တရရမယ့်အရာတွေ ရှိနေသေးသလား။

(ကလေးများနှင့်အတူ အဖွဲ့လိုက် ဆုတောင်းခြင်းအားဖြင့် အဆုံးသတ်ပါ။)

ဓမ္မသစ် ပုံဝတ္ထုများ

# 71

## "ကျမ်းစာလာသည်ကား"

နှုတ်ကပတ်တော်အားဖြင့် ယေရှုရှင်က စာတန်ကို အနိုင်ယူခဲ့သည်

**ကျမ်းညွှန်း – မဿဲ၊ ၄း၁–၁၁**

### အဓိကအချက်များ

- စာတန်သည် ဘုရားသခင်နှင့် သူ၏အလိုတော်ကို ဆန့်ကျင်တိုက်ခိုက်သည် – စာတန်သည် မုသာပြောသော သူဖြစ်သည်။
- ယေရှုရှင်သည် လူသား ဖြစ်တော်မူ၏
  အခန်းငယ် ၂ – ကိုယ်တော်သည် ဗိုက်ဆာ၍ စုံစမ်းခြင်းကို ခံစားရသည်။
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူ၏
  ကိုယ်တော်သည် အပြစ်ကျူးလွန်ခြင်း မရှိ၊ အရာရာတိုင်း၌ ဘုရားသခင်ကို နာခံတော်မူသည်။
- လူသည် ဘုရားသခင်ကို လိုအပ်သည်။
  အငယ် ၄
- ဘုရားသခင်သည် သစ္စာရှိသော ဘုရားဖြစ်သည်။
  ဘုရားသခင်သည် ယေရှုရှင်အား ပြုစုရန် ကောင်းကင်တမန်များကို စေလွှတ်ခဲ့သည်
- ထာဝရဘုရားသည် တန်ခိုးတော်အလုံးစုံတို့၏အရှင် အခွင့်အာဏာအမြင့်ဆုံးသောသခင် ဖြစ်သည်။
  ယေရှုရှင်က ထွက်သွားရန် အမိန့်ရှိသောအခါ စာတန် ထွက်သွားခဲ့သည်။

### အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်ထောက်ကူပြုစာအုပ်မှ သဲကန္တာရပုံကို ပြပေးပါ။) ဒီပုံမှာ ပျော်စရာကောင်းတဲ့ပုံပေါ်သလား။ ဒီနေရာမှာ အေးမလား၊ ပူမလား။ ငှက်ပျော်ပင်တို့၊ ပန်းသီးပင်တို့ သို့မဟုတ် လိမ္မော်သီးပင်တို့ ဒီလိုနေရာမျိုးမှာ ရှိပါသလား။ မရှိပါဘူး – ထူထပ်တဲ့ သဲတွေနဲ့အတူ ပူပြင်းတဲ့နေမင်းကြီးပဲ ရှိတယ်။ အဲဒီနေရာမျိုးကို သဲကန္တာရလို့ ခေါ်တယ်။

သမ္မာကျမ်းစာထဲမှာ အဲဒီလိုသဲကန္တာရထဲကို အချိန်ကြာကြာ ယေရှုရှင် သွားခဲ့တဲ့အကြောင်းကို ပြောပြထားတယ်။ သဲကန္တာရထဲရောက်သွားတဲ့ ယေရှုရှင်ရဲ့အကြောင်းကို သားတို့သမီးတို့ နားထောင်ချင်ကြလား။

### ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ယေရှုရှင်ကို မာန်နတ်က ဘယ်လိုတိုက်ခိုက်ခဲ့သလဲ။ ယေရှုကို ဘာလုပ်ဖို့ ပြောခဲ့သလဲ။

ယေရှုရှင်က လုပ်ခိုင်းတဲ့အတိုင်း လုပ်ခဲ့သလား။

ယေရှုရှင် အရမ်းဗိုက်စာနေတဲ့အခါ၊ ကျောက်ခဲကို မုန့်အဖြစ်ပြောင်းလဲပြီး စားရမယ်ဆိုတာက ကောင်းမွန်တဲ့ အကြံအစည် မဟုတ်ဘူးလား။ ယေရှုရှင်က အဲဒီအချိန်မှာ မုန့်စားချင်မယ်လို့ ထင်သလား။

သားတို့သမီးတို့ မလုပ်ချင်တဲ့အရာတွေကို အရမ်းလုပ်ချင်တဲ့ အချိန်မျိုး ရှိဖူးပါသလား။
ယေရှုရှင်က အဲဒါကို နားလည်ပါတယ်။
ယေရှုရှင် ဘာလုပ်ခဲ့သလဲ။ စာတန်က လုပ်စေချင်တဲ့အရာကို သူလုပ်ခဲ့သလား။
စာတန်ကို ဘယ်လို ပြန်ပြီးတိုက်ခိုက်ခဲ့သလဲ။
ယနေ့အတွက် သတ်မှတ်ထားတဲ့ကျမ်းချက်ကို သားတို့သမီးတို့ မှတ်မိသေးပါသလား။ ရှာဖတ်ကြည့်ရအောင်
ယာကုပ်၊ ၄း၇–၈က – ထိုကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကိုဆီးတားကြလော့။
သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။ ဘုရားသခင့်၌ ချဉ်းကပ်ကြလော့။
ယေရှုရှင်က စာတန်ကို ဘယ်လိုပြန်ပြီး တိုက်ခိုက်ခဲ့သလဲ။ မှန်တယ် – ဘုရားသခင်ရဲ့စကားတော်၊
သမ္မာကျမ်းစာကို အသုံးပြုခဲ့တယ်။
သားတို့သမီးတို့ မလုပ်ချင်တဲ့အရာတွေကို အရမ်းလုပ်ချင်တဲ့အချိန်မျိုး ရှိဖူးပါသလား။
အဲဒီလို အခြေအနေမျိုးအားဖြင့် စာတန်က သားတို့သမီးတို့ကို တိုက်ခိုက်နိုင်တယ်နော်။
သားတို့သမီးတို့ကို စာတန်က ဘာလုပ်ဖို့ ဖြားယောင်းသွေးဆောင် နိုင်ပါသလဲ။ (မိဘစကား နားမထောင်ဖို့၊
လိမ်ညာဖို့၊ သူများဥစ္စာကိုယူဖို့၊ တကိုယ်ကောင်းဆန်ဖို့နဲ့ သူတစ်ပါးအပေါ် မေတ္တာမထားဖို့။)
စာတန်မာရ်နတ်က သားတို့သမီးတို့ကို မမှန်တဲ့အရာတွေ လုပ်ဆောင်ဖို့ ခိုင်းစေတဲ့အခါမှာ နာခံသင့်ပါသလား။
ဘုရားသခင်က အလိုရှိတာလား၊ စာတန်က အလိုရှိတာလား။
သားတို့သမီးတို့ စာတန်မာရ်နတ်ကို တိုက်ခိုက်ဖို့ ဘာလုပ်နိုင်သလဲ။
ယေရှုရှင် ဘာလုပ်ခဲ့သလဲ။ မှန်ပါတယ် – ယေရှုရှင် ဘုရားသခင်ရဲ့ နှုတ်တော်ထွက်သမ္မာကျမ်းစာကို အသုံးပြု
ခဲ့တယ်။
စာတန်မာရ်နတ်ကို တိုက်ခိုက်လို့ရမယ့် ကျမ်းချက်တစ်ချက်လောက် သားတို့သမီးတို့ စဉ်းစားနိုင်မလား။
(အကယ်၍ ကလေးငယ်များက အခြေခံကျမ်းချက်များကို အလွတ်ကျက်ထားမည်ဆိုလျှင် – ဖေက်၊ ၆း၁
"သားသမီးတို့ ဘုရားသခင်၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ကြလော့" သို့မဟုတ်
ဟေဗြဲ၊ ၁၃း၁၆ "ကျေးဇူးပြုခြင်း၊ ဥစ္စာဝေမျှခြင်းအမှုတို့ကို မမေ့မလျော့ကြနှင့်။ ထိုသို့သောယဇ်ကို
ဘုရားသခင်သည် အားရနှစ်သက်တော်မူ၏။" စသည့် ကျမ်းပိုဒ်များဖြစ်နိုင်သည်။ အကယ်၍
ကလေးများက ကျမ်းချက်တစ်ခုကိုမျှမပြောနိုင်ပါက သင့်အနေနှင့်ကူညီပေးရန်လည်း လိုအပ်နိုင်ပါသည်။)

မွေသစ်
ပုံဝတ္ထုများ

72

# ယေရှုရှင်က သူ၏တပည့်တော်များကို ရွေးချယ်ခဲ့သည်

## ကျမ်းညွှန်း – ယော၊ ၁း၃၅–၅၁

## အဓိကအချက်များ

- ယေရှုရှင်သည် သူ့နောက်လိုက်မည့်သူများကို ရွေးချယ်ခဲ့သည်။
- ယေရှုရှင်သည် ဘုရားသခင်ကတိပေးထားသည့် ကယ်တင်ရှင် ဖြစ်သည်။
  အခန်းငယ် ၃၆ – ဘုရားသခင်၏ သိုးသူငယ်၊ အခန်းငယ်၊ ၄၁ – မေရှိယ
- ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်။
  အခန်းငယ်၊ ၄၈
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

ဆရာ၊မ သားတို့သမီးတို့ကို ခေါ်လိုက်မယ်၊ အခေါ်ခံရတဲ့သူက လက်ထောင်ပြီးတော့ နာမည်ပြောပြရမယ်။
(ကလေး ၄၊ ၅ ယောက်လောက်ကို ခေါ်လိုက်ပါ။)

ရှမောင်ဆိုတဲ့ နာမည်မျိုး ရှိသလား။ အဲဒီနာမည်က တမူထူးခြားတယ် မဟုတ်လား။

ဒီနေ့တော့ “ရှိမုန်” ဆိုတဲ့ လူတစ်ယောက်အကြောင်းကို ပြောထားမယ်၊ နောက်ပြီးတော့ သူ့နာမည်ပြောင်းသွားတဲ့ အကြောင်းလဲပါမယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

နာသနေလ တစ်ယောက်တည်း သင်္ဘောသဖန်းပင်အောက်မှာ ထိုင်နေတာကို ယေရှုရှင် တွေ့မြင်ခဲ့တယ်။
နာသနေလ ဘာတွေလုပ်ပြီး၊ ဘာတွေစဉ်းစားနေတာကို ယေရှုရှင် သိတော်မူတယ်။ ယေရှုရှင်က အဲဒီမှာ မရှိပေမဲ့၊ သိနေခဲ့တယ်။

အကယ်၍ သားတို့သမီးတို့ရဲ့ ညီမလေး၊မောင်လေးတွေက အခြားအတန်းမှာ ရှိနေတယ်ဆိုရင်၊ မြင်ရပါ့မလား။

သူတို့တွေ ဘာလုပ်နေကြသလဲ၊ ဘာတွေ စဉ်းစားနေသလဲဆိုတာကို သိနိုင်မလား။

ဘယ်သူက အဲဒါမျိုး လုပ်နိုင်မလဲ။ လုပ်နိုင်တဲ့သူကို တွေ့ဖူးပါသလား။

ယေရှုရှင်က နာသနေလနဲ့အတူ မရှိခဲ့ပေမဲ့ ဘယ်လိုမြင်နိုင်တာလဲ။

မှန်တာပေါ့ – ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တယ်။ ယေရှုရှင်က အရာခပ်သိမ်းကို သိတော်မူတယ်။

နာသနေလရဲ့ စိတ်သဘောထားက ဘယ်လိုဖြစ်တယ်ဆိုတာကိုလည်း ယေရှုရှင်က ပြောခဲ့သေးတယ်။
သူဘာပြောခဲ့သလဲဆိုတာကို သိသလား။

နာသနေလကို ယေရှုရှင်က သူသည် လိမ်ညာသောသူမဟုတ် သမ္မာတရားပြောသောသူ ဖြစ်သည်ဟု ပြောခဲ့သည်။
ယေရှုရှင်က အဲဒါကို ဘယ်လိုသိနိုင်သလဲ။
ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တဲ့အတွက်ကြောင့် လူတွေရဲ့စိတ်နှလုံးသားထဲမှာ ဘာရှိနေသလဲဆိုတာကို သိတယ်။
အခုချိန်မှာလည်း သားတို့သမီးတို့ကို ယေရှုရှင် မြင်ပါသလား။ မနက်စာအတွက် ဘာစားခဲ့သလဲဆိုတာကို ယေရှုရှင် မြင်ပါသလား။
မနေ့ညက သားတို့သမီးတို့ အိပ်တဲ့အချိန်မှာလည်း ဘာတွေစဉ်းစားနေခဲ့သလဲဆိုတာကို ယေရှုရှင်မြင်ပါသလား။
သားတို့သမီးတို့ရဲ့နှလုံးသားမှာ ဘာဖြစ်နေသလဲဆိုတာကို မြင်ပါသလား။
သားတို့သမီးတို့နဲ့ပတ်သက်ပြီး ယေရှုရှင် မသိတဲ့အရာ ဘာရှိမလဲ။
နာသနေလကို မြင်တွေ့ခဲ့သလိုပဲ ဆရာ၊မ နဲ့ သားတို့သမီးတို့ကို ယေရှုရှင် မြင်တွေ့တော်မူတယ်။
ယေရှုရှင်ဟာ အရာခပ်သိမ်းကို မြင်ပြီး၊ သိတော်မူတဲ့အတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်း ဆုတောင်းရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့မှာ ယေရှုရှင်က သူ့နောက်လိုက်မယ့်သူတွေကို ရွေးချယ်ခဲ့တဲ့အကြောင်းကို သင်ကြားခဲ့တယ်။
ယေရှုရှင်က သူတို့ကိုခေါ်တဲ့အခါမှာ ဘယ်လိုခေါ်ခဲ့သလဲ။ (သမ္မာကျမ်းစာထဲမှ ယေရှုရှင်၏ ခေါ်ဆိုခြင်းနှင့် ပတ်သက်၍ ဥပမာ သုံးမျိုးလောက်ကို ပြောပြလိုက်ပါ။)
ယေရှုရှင်က “ငါ့နောက်သို့ လိုက်လော့” ဟု တစ်ခါတစ်ရံခေါ်၍၊ “လာ၍ ကြည့်လှည့်ပါ” ဟူ၍ သူနေသည့် နေရာသို့ ဖိတ်ခေါ်မှုတွေ လုပ်တတ်ပါတယ်။
ယနေ့ထိအောင် ယေရှုရှင်က သူ့နောက်လိုက်မယ့်သူတွေကို ခေါ်နေသေးသလား။
တစ်ခါတစ်ရံမှာ ယေရှုရှင်က နှလုံးသားထဲမှာ တိတ်တဆိတ်စကားပြောခြင်းအားဖြင့် ခေါ်တတ်သလို၊ တစ်ခါတစ်လေမှာတော့ ဒီနေ့ကြားတဲ့ ပုံပြင်ထဲကအတိုင်း သူငယ်ချင်းကနေတဆင့် ခေါ်တာမျိုးရှိပါတယ်။
သူ ရွေးချယ်ထားတဲ့သူတွေကို ယေရှုရှင်ခေါ်တဲ့အခါမှာ နည်းလမ်းများစွာ ရှိပါတယ်။
ယေရှုရှင်ရဲ့ ဖိတ်ခေါ်သံကို သားတို့သမီးတို့ နားထောင်နေသလား။
ယေရှုရှင်ရဲ့ ဖိတ်ခေါ်မှုကို တုံ့ပြန်ဖို့ နည်းလမ်းနှစ်မျိုးရှိပါတယ် – “Yes” နဲ့ “No”
သားတို့သမီးတို့ရော ဘယ်လိုအဖြေပေးကြမလဲ။
ကလေးအယောက်စီတိုင်းအား ယေရှုရှင်က ဖိတ်ခေါ်မည်အကြောင်းနှင့် ကလေးများကလည်း ထိုဖိတ်ခေါ်မှုကို ကြား၍ တုံ့ပြန်ကြမည်အကြောင်း ဆုတောင်းပေးပါ။

မွေ့သစ်
ပုံဝတ္ထုများ

73

# ယေရှုရှင်က သူ၏ပထမဆုံး နမိတ်လက္ခဏာကို လုပ်ဆောင်ခဲ့သည် – ရေမှ အပျစ်ဝိုင်

## ကျမ်းညွှန်း – ယော၊ ၂း၁–၁၁

## အဓိကအချက်များ

- ဘုရားသခင်သည် တန်ခိုးတော်အလုံးစုံတို့၏ အရှင်ဖြစ်သည်။ ခပ်သိမ်းသော အရာတို့ကို တတ်စွမ်းနိုင်သည်။
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူ၏။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ရေကရားတစ်ခုကို ရေအနည်းငယ် ဖြည့်ထား၍ ဖန်ခွက်များကို ပို၍ယူလာခဲ့ပါ။) ဆရာ၊မမှာ ရေကရားတစ်ခု ပါလာတယ်။ ခွက်တွေထဲကို ရေဖြည့်လိုက်မယ်။ (ရေဖြည့်နေစဉ် စကားဆက်ပြောလိုက်ပါ။ ဥပမာ – တစ်ခွက်ကိုတော့ ရေဖြည့်ပြီးပြီ။ နောက်တစ်ခွက်ကို ဆက်ဖြည့်ရမယ်စသည်ဖြင့် ပြောပါ။)

အို မဟုတ်သေးပါဘူး – ဖြည့်စရာ ရေလည်းမရှိတော့ဘူး။ အခြားခွက်တွေကို ဆက်ဖြည့်နိုင်တော့မှာ မဟုတ်ဘူး။ ရေကုန် သွားပြီလေ။ အဲဒီလိုမျိုး ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက် သမ္မာကျမ်းစာထဲမှာ ပြောပြထားတယ်၊ ဒီနေ့ အဲဒီအကြောင်းအရာကို ပြောပြပေးမယ်။

**အချိတ်အဆက် –**

(မင်္ဂလာဆောင်ဓါတ်ပုံအနည်းငယ်ကို ယူဆောင်လာပြီး ကလေးများကို ပြလိုက်ပါ။) ဒီပုံတွေက မွေးနေ့မှာ ရိုက်ထားတဲ့ပုံတွေဟုတ်ပါသလား။ မဟုတ်ပါဘူး – ဒါဆိုရင်ဘာပုံတွေလဲ။ မှန်တယ် – မင်္ဂလာဆောင်ပွဲက ပုံတွေဖြစ်တယ်။

သမ္မာကျမ်းစာထဲမှာ မင်္ဂလာဆောင်ပွဲတစ်ခုအကြောင်း ပြောပြထားတယ် – နောက်ပြီးတော့ အဲဒီမင်္ဂလာဆောင်ပွဲမှာ အထူးပုဂ္ဂိုလ်တစ်ဦး သွားရောက်ပါဝင်တဲ့အကြောင်းကိုလည်း ပြောထားတယ်။ နားထောင်ချင်ကြလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ယေရှုရှင်ဟာ မင်္ဂဆောင်ပွဲတစ်ခုကို သွားရောက်ခဲ့တယ်။ အဲဒီမင်္ဂလာဆောင်ပွဲမှာ အခက်အခဲတစ်ခုရှိခဲ့တယ်။

အဲဒီအခက်အခဲက ဘာလဲဆိုတာ သားတို့သမီးတို့ သိကြပါသလား။

ယေရှုရှင်ရဲ့ အမေက ယေရှုကို ဘာလုပ်ဖို့ပြောခဲ့သလဲ။

(ရောင်ခြယ်စာအုပ်ပါ သင်ခန်းစာ ၇၃ အတွက်ပြင်ဆင်ထားသော ရုပ်ပုံကို ပြပါ။) ယေရှုရှင် ဘာလုပ်နေသလဲ။

သူဘာလို့ ဆုတောင်းနေရတာလဲ။

အိုးထဲက ရေတွေ ဘာဖြစ်ကုန်သလဲ။

သားတို့သမီးတို့ရော ပြဿနာအခက်အခဲတွေ ကြုံတဲ့အခါ ဘာလုပ်ကြသလဲ။

ပြဿနာတွေရှိတဲ့အခါမှာ ဘုရားသခင်ထံပါး ဆုတောင်းခြင်းက ကောင်းတဲ့အကြံဉာဏ်ဟုတ်ပါသလား။
ဘာကြောင့်လဲ။ (ဘုရားသခင်ဟာ ပြဿနာတွေကို ဂရုစိုက်သလို၊ အရာခပ်သိမ်းကို တတ်စွမ်းနိုင်တယ်။)

**ကြည့်ရှုဆင်ခြင်ခြင်း –**
ယနေ့ကြည့်ခဲ့တဲ့ပုံမှာ ဘာတွေတွေ့ရသလဲ။ (ယေရှုရှင်၊ အိုးခြောက်လုံးနှင့်အခြားလူ ၃ ယောက်။)
အစေခံကျွန်တွေက အိုးထဲမှာ ဘာတွေကိုထည့်ကြသလဲ။
သောက်ဖို့ ပေးလိုက်တဲ့အခါမှာ အဲဒီမှာရှိတဲ့သူက ဘာကိုမြည်းစမ်းခဲ့သလဲ။
အဲဒါက ရေဟုတ်နေဆဲလား။ ရေက ဘာဖြစ်သွားခဲ့သလဲ။ ဘယ်လိုဘာတွေ ဖြစ်ခဲ့တာလဲ။
စကားပြောလိုက်ရုံနဲ့ ရေကနေ အခြားတစ်စုံတစ်ခုဖြစ်သွားအောင် သားတို့သမီးတို့ လုပ်နိုင်ပါသလား။
အဲဒီလို လုပ်နိုင်တဲ့သူကို သိတဲ့သူ ရှိလား။
မှန်တာပေါ့ – ယေရှုရှင် တတ်နိုင်ပါတယ်။
အခြားလူတွေ မလုပ်နိုင်တဲ့အရာကို ယေရှုရှင်က ဘာကြောင့်လုပ်နိုင်ရတာလဲ။ မှန်တာပေါ့ ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တယ်လေ။
ကိုယ်တော်ကို ချီးမွမ်းကြရအောင်။ ချီးမွမ်းသီချင်း ဆိုခြင်းအားဖြင့် အဆုံးသတ်ပါ။

ဓမ္မသစ်
ပုံဝတ္ထုများ

74

# ဖခမည်းတော် အိမ်တော်အတွက် စိတ်အားကြီးခြင်း

## ဗိမာန်တော်ကို ယေရှုရှင် သန့်ရှင်းစေခဲ့သည်

**ကျမ်းညွှန်း – ယော၊ ၂း၁၃–၂၂**

## အဓိကအချက်များ

- ဘုရားသခင်သည် သန့်ရှင်းတော်မူသည့်အတွက်ကြောင့် အပြစ်ကို ရွံရှာမုန်းတီးသည်
  အခန်းငယ် – ၁၄–၁၆
- အပြစ်သည် စီရင်ခြင်း အမှန်ခံရမည်။
  အခန်းငယ် – ၁၄–၁၆
- ဘုရားသခင်သည် ပြောသည့်အတိုင်း အမြဲလုပ်ဆောင်တော်မူသည်။
  အခန်းငယ် – ၂၂
- ယေရှုရှင်သည် ဘုရားသခင် ကတိပေးထားသော ကယ်တင်ရှင် ဖြစ်သည်။
  အခန်းငယ် – ၁၉–၂၂

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ကြိုးတစ်ချောင်းကို ပြလိုက်ပါ။ ကလေးများနှင့်အဝေးတစ်နေရာတွင် ရပ်၍ကြိုးကို ဝှေ့ရမ်းလိုက်ပါ။) တကယ်လို့ ဆရာမ သားတို့သမီးတို့အနားကို ဒီကြိုးဝှမ့်ရမ်းရင်းနဲ့လာမယ်ဆိုရင် ဘာလုပ်ကြမလဲ။ မှန်ပါတယ် – သားတို့သမီးတို့ ထွက်ပြေးကြမယ်လို့ ဆရာမ ထင်ပါတယ်။

သမ္မာကျမ်းစာထဲမှာ အဲဒီလိုထွက်ပြေးရတဲ့ လူတစ်ချို့အကြောင်းကို ပြောပြထားတယ်။ အဲဒီပုံပြင်ကို ဆရာမ ပြောပြမယ်။ နားထောင်ကြမလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်ပါ သင်ခန်းစာ ၇၄ အတွက်ပြင်ဆင်ထားသောရုပ်ပုံကို ပြပါ။)

ဒီပုံထဲမှာ ယေရှုရှင်က ဘယ်မှာရှိနေသလဲ။ ယေရှုရှင် ဘယ်လိုဖြစ်နေတာလဲ။

ဘုရားသခင်ရဲ့ အိမ်တော်ထဲမှာ ဘာတွေဖြစ်နေလို့ ယေရှုရှင် စိတ်ဆိုး (အမျက်ထွက်) နေရတာလဲ။

ယေရှုရှင် စိတ်ဆိုး (အမျက်ထွက်) သင့်ပါသလား။ ဘာကြောင့်လဲ။

ဘုရားသခင်ရဲ့ အိမ်တော်မှာ သူတို့ရဲ့လုပ်ပုံက ဘုရားသခင်ကို မလေးမစားလုပ်နေတာဖြစ်တယ်။

ဘုရားသခင်ဟာ အရေးမကြီးဘူးဆိုတဲ့သဘောနဲ့ အသက်ရှင်နေကြတာ။

ဘုရားသခင်ရဲ့ကြီးမြတ်တော်မူခြင်းကို သူတို့တွေ လေးစားမှုမရှိဘူး။
ဘုရားသခင်ကို သူတို့ဆက်ဆံတဲ့ပုံက အပြစ်ဖြစ်တယ်။ အပြစ်နဲ့ပတ်သက်ပြီးတော့ ဘုရားသခင် ဘယ်လိုခံစားရသလဲ။ အပြစ်အပေါ်မှာ ဘုရားသခင် အမျက်ထွက်တော်မူတယ်။ အပြစ်ကို သူရွံ့မုန်းတယ်။
ဘုရားသခင်ဟာ အပြစ်နဲ့သီးခြားနေတယ်။ အပြစ်နဲ့ဘယ်သောအခါမှ မပတ်သက်ဘူး။ ဘုရားသခင်ဟာ သန့်ရှင်းတော်မူတယ်။
ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်းနဲ့ ထူးမြတ်တော်မူခြင်းတွေကို အလေးအထားတဲ့အနေနဲ့ဘုရားကျောင်းမှာ သားတို့သမီးတို့ ဘယ်လိုနေထိုင် ပြုမူနိုင်သလဲ။
အကယ်၍ သားတို့သမီးတို့က ဘုရားသခင်ကို လေးစားမှုမပြုပြီးဆိုရင် ဘာလုပ်ရမလဲ။ (နောင်တရပါ။ ဘုရားသခင်ထံမှာ ခွင့်လွှတ်ခြင်းတောင်းခံပါ)
ဘုရားသခင် ဘာလုပ်မှာလဲ။
သားတို့သမီးတို့က အပြစ်ခွင့်လွှတ်ဖို့ ဆုတောင်းတဲ့အခါမှာ ဘုရားသခင်က ဘာလို့ခွင့်လွှတ်တယ်ဆိုတာကို သိသလား။
ဘာလို့လဲဆိုတော့ အပြစ်အပေါ်မှာ အမျက်ထွက်တဲ့ယေရှုရှင်က (ပုံကို ထောက်ပြပါ။) အပြစ်သားတွေကို ချစ်လွန်းတဲ့အတွက်ကြောင့် အပြစ်သားတွေ ခံစားရမယ့်ပြစ်ဒဏ်ကိုခံယူကာ လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံခဲ့လို့ ဖြစ်တယ်။ အဲဒါကြောင့်မို့ ဘုရားသခင်က အပြစ်ဝန်ချတဲ့အခါ ခွင့်လွှတ်ပေးရတာ ဖြစ်တယ်။
အကယ်၍ သားတို့သမီးတို့က ဘုရားသခင်ကို မလေးမစားလုပ်ခဲ့တယ်ဆိုရင်တော့ အပြစ်ဝန်ချတောင်းပန်ဖို့ ဆုတောင်းရပါမယ်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်ပါ သင်ခန်းစာ ၇၄ အတွက်ပြင်ဆင်ထားသောရုပ်ပုံကို ပြပါ။)
ယေရှုရှင် ဘာကြောင့်စိတ်ဆိုး (အမျက်ထွက်) ရတာလဲ။ အဲဒီမှာ ရှိနေတဲ့သူတွေ ဘာအမှားလုပ်ခဲ့ကြတာလဲ။
ဘုရားကျောင်းမှာလာပြီးတော့ ဘုရားသခင် ကြီးမြတ်တော်မူခြင်းကို ဆင်ခြင်တာထက် ပစ္စည်းတွေရောင်းတာကို ပိုစိတ်ဝင်စားတယ်ဆိုတာက မှားပါတယ်။
ဒီမှာရှိတဲ့သူတွေက ဘုရားသခင်ရဲ့ကြီးမြတ်တော်မူခြင်းကို အရေးမစိုက်ကြဘူး။ ဘုရားသခင်ဟာ အရေးကြီးဆုံးဖြစ်တယ်ဆိုတာကို အလေးမထားဘူး။ ဘုရားသခင်ရဲ့ဘုန်းတော်ကို သူတို့တွေ ဂရုမစိုက်ကြဘူးလေ။
ဘုရားသခင်ထက် တစ်စုံတစ်ခုကို ဂရုစိုက်တဲ့ အသက်တာက အပြစ်ဖြစ်ပါတယ်။
ယေရှုရှင်က ဘာကို အလေးထားဆုံးလဲ။ ဘုရားသခင်ရဲ့ကြီးမြတ်တော်မူခြင်းကို ယေရှုရှင် အလေးထားဆုံးဖြစ်တယ်။ ဘုရားသခင်ရဲ့ ဘုန်းတော်ကိုသာ ယေရှုရှင် ဂရုစိုက်တော်မူတယ်။
သားတို့သမီးတို့ရော ဘယ်အရာကို အလေးအထားဆုံးလဲ။
ဘုရားသခင်ရဲ့ ကြီးမြတ်တော်မူခြင်း၊ ထူးမြတ်တော်မူခြင်းနဲ့ အရေးကြီးဆုံးဖြစ်ခြင်းတို့ကို အမြဲတမ်း ဂရုစိုက် အလေးထားတတ်ဖို့ ဘုရားသခင်ထံ တောင်းလျှောက်ကြရအောင်။ (ကလေးများကို ဆုတောင်းခြင်းအားဖြင့် ဦးဆောင်ပါ။)

မမွေသစ်
ပုံဝတ္ထုများ

75

# ယေရှုရှင်သည် အနာရောဂါများကို ပျောက်ကင်းစေခဲ့သည် – ယေရှုရှင်သည် နူနာ၊ အစေခံကျွန်နှင့် ပေတရု၏ယောက္ခမတို့ကို ကျန်းမာစေခဲ့သည်

## ကျမ်းညွှန်း – မဿဲ၊ ၈း၁း၁၇

## အဓိကအချက်များ

- ဘုရားသခင်သည် ကြင်နာခြင်းဂရုဏာ၊ ချစ်ခြင်းမေတ္တာတော်နှင့် ပြည့်စုံတော်မူသည်။
  ယေရှုရှင်သည် ဖျားနာသူများကို ကျန်းမာစေခဲ့သည်
- ဘုရားသခင်ကို ကျေနပ်စေရန် လူသည် ယုံကြည်ခြင်း ရှိရမည်။
  အခန်းငယ် – ၁၀
- ဘုရားသခင်သည် အပြစ်ကို စီရင်တော်မူသည်။
  အခန်းငယ် – ၁၇ – ကျမ်းစာ ပြည့်စုံခဲ့သည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

ဒီနေတော့ ဆရာမ "အကြောသေ" ဆိုတဲ့ ရောဂါတစ်မျိုးအကြောင်း ပြောပြမယ်။ "အကြောသေ" ဆိုတာ ဘာလဲ – သိတဲ့သူရှိလား။

တစ်စုံတစ်ယောက်က အကြောသေတယ်ဆိုရင် လှုပ်လို့မရတော့ဘူး။ လက်မောင်းက အကြောသေသွားပြီးဆိုရင် အဲဒီလက်ကလှုပ်လို့ မရတော့ဘူး၊ နောက်ပြီးတော့ သားတို့သမီးတို့ရဲ့ ခြေထောက် အကြောသေသွားတယ်ဆိုရင်လည်း အဲဒီခြေထောက်ကလှုပ်လို့ မရတော့ဘူး။ (လက်လှုပ်၍ မရသည့်ပုံစံဖြင့် လမ်းလျှောက်ပြလိုက်ပါ။)

အကယ်၍ သားတို့သမီးတို့ရဲ့ ခြေထောက်သာ အကြောသေသွားမယ်ဆိုရင် အတော်ခက်ခဲမယ်လို့ ထင်ပါသလား။ သားတို့သမီးတို့ အခုလို ပြေးလို့ရတော့မှာမဟုတ်ဘူး၊ လမ်းလျှောက်လို့လည်း ရမှာမဟုတ်ဘူး၊ အရမ်းကို ခက်ခဲမှာ ဖြစ်တယ်။

သမ္မာကျမ်းစာထဲမှာ အကြောသေတဲ့သူတစ်ယောက်နဲ့ အခြားရောဂါသေတွေအကြောင်းလဲ ပြောပြထားသေးတယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

သားတို့သမီးတို့ ဖျားဖူးပါသလား။ ဖျားတယ်ဆိုတာ နှစ်သက်ဖွယ် မကောင်းဘူးမဟုတ်လား။ (ရောင်ခြယ်စာအုပ်ပါ သင်ခန်းစာ ၇၅ အတွက်ပြင်ဆင်ထားသောရုပ်ပုံကို ပြပါ။) ပုံမှာတွေ့ရတဲ့ ဒီလူနဲ့ ပုံပြင်ထဲက ဖျားတဲ့သူတွေ ဘယ်လိုခံစားရမယ်လို့ ထင်သလဲ။

ယေရှုရှင်က သူတို့ကိုသနားတယ်လို့ ထင်ပါသလား။ ဘယ်လိုသိနိုင်သလဲ။ ယေရှုရှင် ဘာလုပ်ပေးခဲ့သလဲ။

ဘာလို့ အဲဒီလိုလုပ်နိုင်ခဲ့တာလဲ။ မှန်ပါတယ် – ယေရှုရှင်ဟာ ဘုရားသခင်ဖြစ်တော်မူတယ်၊ ဖျားနာခြင်းတွေထက် ပိုပြီးတန်ခိုးကြီးတဲ့သူ ဖြစ်ပါတယ်။

ယေရှုရှင်ကအဲဒီလူတွေကို ကျန်းမာစေဖို့ တာဝန်ဝတ္တရားရှိပါသလား။ ဘာကြောင့်သူတို့ကို ကျန်းမာစေရတာလဲ။
ယေရှုရှင်ဟာ ဘယ်လိုမျိုးပုဂ္ဂိုလ် ဖြစ်ပါသလဲ။ မှန်ပါတယ် ယေရှုရှင်ဟာသနားကြင်နာပြီး မေတ္တာထားတဲ့သူ ဖြစ်တယ်။
သားတို့သမီးတို့ကိုလည်း ယေရှုရှင်က ဂရုစိုက်သိမှတ်ပါသလား။
(ယေရှုရှင်၏ ကရုဏာတော်နှင့်မေတ္တာတို့ကို သိရှိရန်နှင့် ကျန်းမာခြင်းအခွင့် ရရှိစေရန်အတွက် ဖျားနာနေသော သူတစ်စုံတစ်ဦးအတွက် ဆုတောင်းပေးပါ။)
(တစ်ခါတစ်ရံတွင် ဘုရားသခင်က ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို အဖြေပေးရာ၌ "Yes" သို့မဟုတ် "No"ဟူ၍လည်းကောင်း၊ "စောင့်အုံး" ဟူ၍လည်းကောင်း အဖြေပေးတတ်သည်ကို ကလေးများအား ရှင်းပြပေးပါ။ မည်သို့ပင်ဖြစ်စေကာမူ ဘုရားသခင်က အမြဲတမ်းကျွန်ုပ်တို့ကို ဂရုစိုက်တော်မူကြောင်းကို လည်း ရှင်းပြပေးပါ။ သူသည်သာ ဘုရားသခင်ဖြစ်သည့်အတွက် ကျွန်ုပ်တို့အတွက် အကောင်းဆုံးကို သိထားတော်မူသည်။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ကြားခဲ့ရတဲ့ ပုံပြင်ထဲက စစ်သားတစ်ယောက်ရဲ့ အစေခံကျွန် ကျန်းမာခြင်းရသွားတဲ့အကြောင်း မှတ်မိသေးလား။ အဲဒီအဖြစ်အပျက်မှာ ဘာများထူးခြားမှုရှိသလဲ။ မှန်တယ် – ယေရှုရှင်က အဲဒီဖျားနာတဲ့သူဆီကို မသွား ခဲ့ပါဘူး၊ ဒါပေမယ့် အဲဒီလူ ကျန်းမာခြင်းရရှိခဲ့တယ်။
အဲဒီပုံပြင်ထဲက စစ်သားကြီးက ယေရှုရှင်ကို ဘာကြောင့်အံ့သြစေခဲ့တာလဲ။ ဘာကြောင့် ယေရှုရှင် အံ့သြခဲ့ရ တာလဲ။ (ဘာကြောင့်လဲဆိုတော့ ယေရှုရှင်ရဲ့ လူမျိုးဖြစ်တဲ့ ဂျူးလူမျိုးတွေ ကြားထဲမှာတောင်မှ အဲဒီလိုမျိုး ယုံကြည်ခြင်း မတွေ့ရသေးလို့ ဖြစ်တယ်။)
ယုံကြည်ခြင်းအားကြီးတဲ့ စစ်သားကြီးကိုမြင်တဲ့အခါမှာ ယေရှုရှင်ဘယ်လို ခံစားခဲ့သလဲ။ ဝမ်းမြောက်မယ်လို့ ထင်လား။
မှန်ပါတယ် – ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေပါတယ်။ သူ့ကို ယုံကြည်ကိုးစားတယ်ဆိုရင်လည်း ယေရှုရှင် ဝမ်းမြောက်ပါတယ်။
ဘုရားသခင်ကို ယုံကြည်ကိုးစားတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။
ဆိုလိုတာက ဘုရားသခင်ဟာ သမ္မာကျမ်းစာထဲမှာ ပြောတဲ့အတိုင်းဖြစ်တယ်ဆိုတာနဲ့ ဘုရားသခင်က ပြောတဲ့ အတိုင်း လုပ်တယ်ဆိုတာတို့ကို သိရှိနားလည်ပြီးတော့ သေချာတဲ့စိတ်သဘောမျိုးရှိတာကို ဆိုလိုပါတယ်။
စစ်သားကြီးက ယေရှုရှင်အပေါ် ယုံကြည်ခြင်းရှိခဲ့သည်နည်းတူ ကျွန်ုပ်တို့လည်း ယုံကြည်ခြင်းရှိရန် ဆုတောင်း လိုက်ပါ။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်ပါ သင်ခန်းစာ ၇၅ အတွက်ပြင်ဆင်ထားသောရုပ်ပုံကို ပြပါ။) ဒီလူကို ကြည့်လိုက်ပါအုံး။ သူ့ကိုသူ ကျန်းမာစေနိုင်သလား။
သူ့အတွက် ဆရာဝန်တွေနဲ့ဆေးဝါးတွေက သူ့ကိုကျန်းမာစေသလား။ မဖြစ်နိုင်ပါဘူး၊ အဲဒီလူရဲ့ ရောဂါဟာ ဆရာဝန်တွေအတွက် အရမ်းကို ခက်ခဲတဲ့ရောဂါမျိုး ဖြစ်တယ်။
သူ့ကို ဘယ်သူကူညီနိုင်မလဲ။
ဘယ်သူမှ မကူညီနိုင်တဲ့အခါမှာ ဘယ်သူက ကူညီခဲ့သလဲ။
အဲဒီလူ ကျန်းမာလာစေဖို့ ယေရှုရှင် ဘယ်လို လုပ်ခဲ့သလဲ။ ဘာလုပ်ခဲ့သလဲ။ မှန်တယ် – အဲဒီလူကို ထိပြီးတော့ "သန့်ရှင်းပါ" လို့ အမိန့်ပေးခဲ့တယ်။
ယေရှုရှင်အတွက် အနာရောဂါတွေကို ကျန်းမာစေဖို့က စကားလေးတစ်ခွန်းပြောလိုက်ရုံပါပဲ။

ဓမ္မသစ်
ပုံဝတ္ထုများ

**76**

# “သင်၏ အပြစ်ကို လွှတ်စေပြီ”

## ယေရှုရှင်သည် ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို ကျန်းမာစေသည်

### ကျမ်းညွှန်း – မာကု၊ ၂း၁–၁၂

### အဓိကအချက်များ

- ယေရှုရှင်သည် အခွင့်အာဏာအမြင့်ဆုံးသောပုဂ္ဂိုလ်ဖြစ်သည်။
  အခန်းငယ် ၁၀ – သူသည် အပြစ်များကို ခွင့်လွှတ်ပိုင်ခွင့် ရှိသည်
- ဘုရားသခင်ကို ကျေနပ်စေရန် လူသားသည် ယုံကြည်ခြင်း ရှိရမည်။
  အခန်းငယ် ၅
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူသည်
  အခန်းငယ် ၇
- ဘုရားသခင်သည် ခပ်သိမ်းသော တန်ခိုးတော်ရှင် ဖြစ်သည်။
  ကိုယ်တော်သည် အနာရောဂါများကို ကျန်းမာစေနိုင်သည်

### အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ကလေးများကို ဗူးတစ်ဗူးနှင့်အတူ ထိုဗူးထဲထည့်လျှင် ပိုလျှံသောအရေအတွက်ရှိမည့် မတ်ကာများကို ပြပါ။)

ဒီမတ်ကာတွေကို ဆရာ၊မ က ဒီဗူးထဲကို ထည့်လိုက်မယ်။ ဒီမှာက အနီရောင်၊ ဒါကတော့ အနက်ရောင်၊ မတ်ကာအားလုံးကို ထည့်လိုက်မယ်။ အာ မဟုတ်သေးပါဘူး၊ ဗူးထဲမှာကပြည့်နေပြီ၊ ထည့်ရအုံးမယ့် မတ်ကာတွေကလည်း ကျန်နေသေးတယ်။

ကျန်သေးတဲ့မတ်ကာတွေကို ဗူးထဲဆက်ထည့်လို့ရသေးလား။ ဘာလို့မရတော့တာလဲ။ ဗူးထဲမှာ မဆန့်တော့ဘူး မဟုတ်လား။ ဘယ်လိုမှ ဆက်ထည့်လို့မရတော့ဘူး။ နေရာလွတ် မရှိတော့ဘူး။

သမ္မာကျမ်းစာထဲမှာလဲ နေရာလွတ်မရှိတော့တဲ့အကြောင်းကို ပြောပြထားတယ်။ ဒါပေမယ့် “မတ်ကာ” ထည့်ဖို့ မဟုတ်ဘူး၊ လူတွေအတွက် နေရာလွတ်မရှိတော့တဲ့အကြောင်း ဖြစ်တယ်။

### ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(စာရွက်တစ်ရွက်ပေါ်တွင် ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ဆိုးခြင်းနှင့်ဖျားနာခြင်းတို့ကို ပေါ်လွင်စေမည့် မျက်နှာပုံများကို စာရွက်ပေါ်တွင် ကြိုတင်ရေးဆွဲထားပါ။ ထို့နောက် အောက်ပါအကြောင်းအရာများ ဖြစ်ခဲ့မည်ဆိုလျှင် မည်ကဲ့သို့ခံစားရမည်ကို ဖော်ပြရန် ရုပ်ပုံများကို ထောက်ပြပါဟု ကလေးများကို ပြောပြပါ။

သားတို့သမီးတို့ ဖျားတဲ့အခါ ဘယ်လိုခံစားရသလဲ။
သားတို့သမီးတို့ တစ်ခုခုလုပ်မှားတဲ့အခါမှာ ဘယ်လိုခံစားရသလဲ။
တစ်ခါတစ်ရံမှာ တစ်စုံတစ်ယောက်ရဲ့မျက်နှာကို ကြည့်ခြင်းအားဖြင့် သူဘာခံစားနေသလဲဆိုတာကို ခန့်မှန်းလို့ ရပါတယ်။
ဒါပေမယ့် အပြင်ပန်းကိုပဲ ဆရာ၊မတို့ မြင်နိုင်တယ်။
(သင်ခန်းစာ ၇၆ အတွက် ပြင်ဆင်ထားသည့် ရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီပုံထဲမှာ ဘာဖြစ်နေသလဲ။ ဒီပုံထဲကလူက ဘာဖြစ်နေသလဲ။
အဲဒီလူ ဖျားနေတယ်ဆိုတာ အားလုံးသိနိုင်ပါတယ်။
ယေရှုရှင်က အခြားဘာကို မြင်နေသေးသလဲ။ ကျန်းမာဖို့အပြင် အဲဒီလူမှာ ဘာလိုအပ်နေသေးသလဲ။
ဖျားနာနေတဲ့လူအတွက် ယေရှုရှင်က ဘာလုပ်ပေးခဲ့သလဲ။ ဘာအရင် လုပ်ခဲ့သလဲ။
ဖျားနာနေတဲ့ လူရဲ့အပြစ်ကို ဘာကြောင့်မို့ အရင်ခွင့်လွှတ်ရတာလဲ။
ယေရှုရှင်က အဲဒီလူ အလိုအပ်ဆုံးသောအရာကို သိပြီးတော့ ကူညီခဲ့တာဖြစ်တယ်။
သားတို့သမီးတို့ရဲ့အခြေအနေကို ယေရှုရှင် သိပါသလား။
သားတို့သမီးတို့ရဲ့အတွင်းစိတ်ကို ယေရှုရှင် မြင်နိုင်ပါသလား။
သားတို့သမီးတို့ရဲ့အလိုအပ်ဆုံးသောအရာကို ယေရှုရှင် သိပါသလား။
ယေရှုရှင်က သားတို့သမီးတို့ကို ကူညီနိုင်ပါသလား။ အကူအညီ တောင်းခံကြရအောင်။
(ကျွန်ုပ်တို့၏နှလုံးသားကို ရှုမြင်၍ ကျွန်ုပ်တို့၏ အလိုအပ်ဆုံးသောအရာကို ပေးသနားတော်မူရန် ကလေးများနှင့် အတူတကွ ဆုတောင်းခြင်းအားဖြင့် အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ယနေ့ပြောခဲ့တဲ့ပုံပြင်ထဲမှာ သူငယ်ချင်းလေးယောက်က သူတို့သူငယ်ချင်း တစ်ယောက်ကို သယ်ဆောင်လာခဲ့ ကြတယ်ဆိုတာ ပါတယ်။
ယေရှုရှင်ကို ဘယ်လိုမျိုး ပုဂ္ဂိုလ်ဖြစ်တယ်လို့ သူတို့တွေထင်ခဲ့ကြသလဲ။ (မေတ္တာထားသော၊ သနားကြင်နာတတ်သော၊ ကျန်းမာစေနိုင်သော၊ ကူညီလိုသော၊ ကူညီနိုင်သော သူကဲ့သို့ မြင်သည်။) အဲဒီလိုထင်တာ မှန်ပါသလား။
ယေရှုရှင်ကို သူတို့တွေ ယုံကြည်ကြပါသလား။ ဘယ်လို သိနိုင်သလဲ။
ယေရှုရှင်ဆီကို သူတို့သူငယ်ချင်း ခေါ်ဆောင်သွားဖို့ဆိုတာ လွယ်ကူပါသလား။ သူတို့ ဘာလုပ်ဖို့လိုအပ်သလဲ။
ယေရှုရှင်ကို တကယ်ယုံကြည်ကိုးစားဖို့ လိုအပ် ပါလိမ့်မယ်။ ယေရှုရှင်ဆီကို သူတို့သူငယ်ချင်း ရောက်သွားဖို့ များစွာ ကြိုးစားရမှာ ဖြစ်တယ်။
ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေပါတယ်။ သူတို့ရဲ့ ယုံကြည်ခြင်းကြောင့် ယေရှုရှင် ကျေနပ်ခဲ့ရတယ်။
ယေရှုရှင်ဟာ ဘယ်လိုမျိုး ပုဂ္ဂိုလ်ဖြစ်တယ်လို့ သားတို့သမီးတို့ ထင်ပါသလဲ။
ကိုယ်တော်ကို ယုံကြည်ပါသလား။
ယုံကြည်တယ်ဆိုတာ ဘယ်လိုသိနိုင်မလဲ။
ယေရှုရှင်ကို ယုံကြည်တဲ့အတွက် အရမ်းခက်ခဲတဲ့အရာ တစ်စုံတစ်ခု လုပ်ခဲ့ဖူးပြီလား။
(ကလေးများကို ဝေငှပြောဆိုခွင့်ပေးပါ သို့မဟုတ် သင့်အသက်တာတွင် လုပ်ဆောင်ခဲ့သည့်အရာကို ပြောပြနိုင် ပါသည်။)
ယေရှုရှင်အား သိကျွမ်းခြင်း၌၄င်း၊ ယုံကြည်ကိုးစားခြင်း၌၄င်း ကလေးများ ကြီးထွားလာစေရန် ဆုတောင်း ပေးလိုက်ပါ။

ဓမ္မသစ် ပုံဝတ္ထုများ 77

# ယေရှုရှင်သည် မုန်တိုင်းကို နှုတ်တော်ထွက်စကားအားဖြင့် ငြိမ်သက်စေခဲ့သည်

## ကျမ်းညွှန်း – မာကု၊ ၄း၃၅–၄၂

## အဓိကအချက်များ

- ယေရှုရှင်သည် လူသားတစ်ဦး ဖြစ်သည်။
  ကိုယ်တော်သည် အိပ်စက်နေခဲ့သည်
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူသည်။
- ဘုရားသခင်သည် အခွင့်အာဏာအမြင့်ဆုံးရှိသူ ဖြစ်သည်။
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည်။
  ပင်လယ်နှင့်လေပင်လျှင် သူ၏စကားကို နားထောင်ခဲ့သည်
- ဘုရားသခင်သည် အချိန်တိုင်း နေရာတိုင်း၌ ရှိ၍ အရာခပ်သိမ်းကို သိတော်မူသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ကလေးများကို ရေဖြည့်ထားသောဖန်ဇလုံတစ်ခု သို့မဟုတ် အရွယ်အစားအတန်ကြီးမားသည့် ဖန်ခွက်အကြည်တစ်ခွက်ကို ပြပါ။) ခွက်ထဲမှာ ရှိတဲ့ရေကတော့ ငြိမ်သက်နေတယ်။ လှုပ်ရှားမှု သိပ်မရှိဘူး။

(ထိုဖန်ခွက်ထဲရှိ ရေပေါ်တွင် သေးငယ်သောသစ်သားတုံးတစ်ခု (သို့မဟုတ်) ရေပေါ်တွင် ပေါ်နေမည့် အရာတစ်စုံတစ်ခုကို ထည့်လိုက်ပါ။) ဒီသစ်သားတုံးလေးကမနစ်ပဲနဲ့ ရေပေါ်မှာ ပေါ်နေတယ် ကြည့်ပါအုံး။

ဒါပေမယ့် ရေကို ဆရာ/မ လှုပ်စေမယ်ဆိုရင် သစ်သားတုံးလေး ဘာဖြစ်သွားမလဲ။ (ဇွန်းတစ်ချောင်းကိုယူပြီး ရေကို မွှေပစ်လိုက်ပါ။ ထို့နောက် သစ်သားတုံးတစ်ခုလုံး ရေစိုကုန်သည်ကို ပြပါ။ ထို့နောက်ရေကို ပြန်လည် ငြိမ်သပ်အောင်ထားလိုက်ပါ။)

သမ္မာကျမ်းစာထဲမှာ ငြိမ်သက်ခြင်းမရှိပဲ လှုပ်ခပ်နေတဲ့ ပင်လယ်ကြီးအကြောင်း ပြောထားတာရှိတယ်။ အဲဒီရေကတော့ ဒီလိုပဲ လှုပ်ရမ်းနေတယ်။ (ရေကို ပြန်မွှေလိုက်ပါ။)

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

သားတို့သမီးတို့ မုန်တိုင်းနဲ့ကြုံဖူးပါသလား။ ကြောက်ကြသလား။

ယေရှုရှင်ရဲ့တပည့်တော်တွေက မုန်တိုင်းနဲ့ ကြုံတဲ့အခါမှာ ကြောက်ရွံ့ကြပါသလား။

သူတို့တွေ ဘာကြောင့်မို့ ကြောက်ရွံ့ကြရတာလဲ။ ယေရှုရှင်က လှေထဲမှာရှိတယ်ဆိုတာကို သူတို့တွေ မသိကြဘူးလား။

ယေရှုရှင်ကလှေထဲမှာ အိပ်နေတဲ့အတွက်ကြောင့် မုန်တိုင်းတိုက်တာကိုလည်း သိမှာမဟုတ်ဘူး၊ ဘာမှလည်း လုပ်နိုင်မှာမဟုတ်ဘူးလို့ သူတို့တွေ ထင်ကောင်းထင်နိုင်ခဲ့တယ်။ အဲဒီလို ထင်မှတ်ခြင်းက မှန်ကန်ပါသလား။

ယေရှုရှင်က သူတို့ကို ဘာလုပ်စေချင်သလဲ။ (ယုံကြည်ကိုးစား စေချင်တယ်။)

ကြောက်စရာကောင်းတဲ့ အခြေအနေမျိုးတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ယေရှုရှင်ကို ကိုးစားခြင်းက လွယ်ကူမယ်လို့ ထင်ပါသလား။

သားတို့သမီးတို့ ကြောက်ရွံ့နေတဲ့အခါမှာ ယေရှုရှင်က ဘာလုပ်စေချင်သလဲ။

ဒီတစ်ပတ်အတွက် သတ်မှတ်ထားတဲ့ ကျမ်းပိုဒ်က ဘာကျမ်းပိုဒ်လဲ။ ပြန်ကြည့်ကြရအောင်။

(၁ပေ၊ ၅း၇ ကို ကလေးများနှင့် ပြန်လည်နွေးပေးပါ။)

(ကြောက်ရွံ့စရာများနှင့် ပတ်သက်၍ ကလေးများကို ဆုတောင်းပေးပါ။ ကြောက်ရွံ့စရာများ ကြုံတွေ့လေတိုင်း ယေရှုကို ကိုးစားယုံကြည်တတ်စေရန် ဆုတောင်းပေးပါ။

**ကြည့်ရှုဆင်ခြင်ခြင်း –**

သားတို့သမီးတို့ အရမ်းမောတဲ့အခါမှာ ဘာလုပ်လေ့ရှိလဲ။

ယေရှုရှင်ဟာ လှေထဲကို ဝင်သွားတဲ့အချိန်မှာ အရမ်းမောပန်းနေခဲ့ပြီ။ သူဘာလုပ်ခဲ့တယ်ဆိုတာကို မှတ်မိကြသေးလား။

ယေရှုရှင်ဟာ သားတို့သမီးတို့လိုပဲ လူသားတစ်ယောက်ဖြစ်တယ်။ မောပန်းတယ်ဆိုတာ ဘယ်လိုမျိုးလဲ ဆိုတာကို သူသိသလို၊ အိပ်စက်အနားယူခြင်းကိုလည်း သူလိုအပ်ပါတယ်။

ဒါပေမယ့်လည်း ယေရှုရှင်ဟာ လူသားတစ်ယောက်ထက်လည်း ပိုပြန်တယ်။

ဆရာ၊မ တို့၊ သားတို့သမီးတို့ မလုပ်နိုင်တဲ့ဘယ်အရာကို ယေရှုရှင် လုပ်ဆောင်ခဲ့သလဲ။ မုန်တိုင်းကို ငြိမ်သက်စေခဲ့တယ်။

မိုးနဲ့လေတွေကို ရပ်တန့်သွားအောင်လို့ သားတို့သမီးတို့ စကားနဲ့ပြောလို့ရသလား။

ယေရှုရှင်က ရပ်တန့်ဖို့ ပြောခဲ့အခါမှာ ဘာလို့ မိုးနဲ့လေတွေက ရပ်တန့်သွားရတာလဲ။ မှန်တယ် – ယေရှုရှင်ဟာ ဘုရားသခင်ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။

ယေရှုရှင်ဟာ မုန်တိုင်းလှိုင်းလေ၊ ပင်လယ်တို့ရဲ့အရှင်သခင် ဖြစ်တယ်။

ယေရှုရှင်ဟာ မုန်တိုင်းအပေါ်မှာ အခွင့်အာဏာရှိတဲ့သူ ဖြစ်တယ်။ သူ့အတွက် အရမ်းခက်ခဲတဲ့အရာရှိပါသလား။

သားတို့သမီးတို့ကို ယေရှုရှင်ကွယ်ကာဆောင်မပေးနိုင်သလား။

ယေရှုရှင် မထိန်းချုပ်တဲ့အရာမျိုး ရှိနိုင်ပါသလား။

သူ့ကိုယုံကြည်တဲ့ သူတိုင်းကို ယေရှုရှင် ကွယ်ကာစောင်မပေးမှာ ဖြစ်တယ်။

(မိုးနဲ့လေအပြင် အခြားသောအရာများအားလုံးအပေါ်မှာ အခွင့်အာဏာရှိတဲ့ ယေရှုရှင်ကို ဆုတောင်းချီးမွမ်းပါ၊ ထို့ပြင် ကျွန်ုပ်တို့ကို ကာကွယ်ဆောင်မပေးနိုင်တဲ့အတွက် အကလေးများနှင့်အတူ ကျေးဇူးတော် ချီးမွမ်းပါ။)

ဓမ္မသစ်
ပုံဝတ္ထုများ

78

# ယေရှုရှင်သည် ကျန်းမာစေနိုင်သော တန်ခိုးကို ပြသသည်

ယေရှုရှင်သည် အမျိုးသမီးငယ်လေးနှင့်အမျိုးသမီးတစ်ဦးကို
ကျန်းမာစေခဲ့သည်

## ကျမ်းညွှန်း – မာကု၊ ၅း၂၁–၄၃

## အဓိကအချက်များ

- ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည်။
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင်ဖြစ်သည်။
  အနာရောဂါများကို ပျောက်ကင်းစေနိုင်သလို၊ သေခြင်းတရားထက် ပိုပြီး တန်ခိုးကြီးသည်
- ဘုရားသခင်သည် အခွင့်အာဏာအမြင့်ဆုံးသောသူ ဖြစ်သည်။
  အနာရောဂါများ နှင့် သေခြင်းတရားအပေါ်တွင် အခွင့်အာဏာ ရှိသည်
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်သည်။
- ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်။
  အခန်းငယ် ၃၀

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**
သားတို့သမီးတို့ ၁ ကနေ ၁၂ ထိ ရေနိုင်သလား။ (ကလေးများနှင့်အတူ ၁၂ ထိ ရေတွက်ပါ။)
သမ္မာကျမ်းစာထဲမှာ ၁၂ နှစ်လုံးလုံး ဖျားနာနေတဲ့ အမျိုးသမီးတစ်ယောက်အကြောင်း ပြောပြထားတယ်။
၁၂ နှစ်ဆိုတာ အရမ်းကို ကြာတဲ့အချိန်ကာလ တစ်ခုဖြစ်တယ်။

**အချိတ်အဆက် –**
(ကလေးမလေး အရုပ်နှင့် အမျိုးသမီးအရုပ်တို့ကို ပြသပေးပါ။) ဆရာ၊မ မှာ အမျိုးသမီးနှစ်ယောက် ပုံရှိတယ်။
တစ်ခုကတော့ အသက်အရွယ်ရပြီးတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ပြီးတော့ နောက်တစ်ယောက်ကတော့ အမျိုးသမီးငယ်လေး တစ်ယောက်ဖြစ်တယ်။ ယနေ့ပြောမယ့် ပုံပြင်ဟာ အသက်အရွယ်ရပြီးတဲ့ အမျိုးသမီးတစ်ယောက်ရယ်၊ အမျိုးသမီးငယ်လေးတစ်ယောက်နဲ့ အရေးကြီးဆုံးသော ပုဂ္ဂိုလ်ဖြစ်တဲ့ ယေရှုရှင်ရဲ့အကြောင်းအရာ ဖြစ်ပါတယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ပြောခဲ့တဲ့ပုံပြင်ထဲမှာ အမျိုးသားတစ်ယောက်ရဲ့ သမီးလေးဟာ အရမ်းကိုဖျားနေတယ်ဆိုတာကို နားထောင်ခဲ့ကြပြီ။ အဲဒီအမျိုးသားကြီး ဘာလုပ်ခဲ့သလဲ။ အဲဒါက ကောင်းမွန်တဲ့အကြံဉာဏ် ဟုတ်ပါသလား။ ဘာကြောင့် ကောင်းမွန်တဲ့အကြံဉာဏ် လို့ပြောရတာလဲ။

ယေရှုရှင် ရောက်မလာခင်မှာ အဲဒီအမျိုးသမီးလေး ဘာဖြစ်သွားခဲ့သလဲ။ ဟုတ်တယ် – သေသွားခဲ့တယ်။

တစ်ခါတစ်ရံမှာ ဆရာ၊မ တို့ နားမလည်နိုင်တဲ့အခြေနေဆိုးတွေ ရောက်လာတတ်တယ်။

အဲဒီမှာရှိတဲ့လူတွေက ယေရှုရှင်အနေနဲ့ကူညီဖို့ နောက်ကျသွားပြီလို့ ထင်ခဲ့ကြတယ်။ နောက်ကျသွားပြီလေနော်။

ဘယ်သူကပဲ အသက်ပေးနိုင်တဲ့ တန်ခိုးရှိတာလဲ။ မှန်ပါတယ်။ ဘုရားသခင်ပဲ ဖြစ်တယ်။ ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တယ်။

ဘုရားသခင် မလုပ်နိုင်တဲ့အရာမျိုး သားတို့သမီးတို့ သိထားတာရှိသလား။

ဘုရားသခင်က တာဝန်မယူနိုင်တဲ့အရာမျိုး သားတို့သမီးတို့ရဲ့အသက်တာမှာ ဖြစ်နိုင်ပါသလား။

ဘုရားသခင်ကို ယုံကြည်လို့ရပါသလား။ (ဘုရားသခင်ဟာ တန်ခိုးတော်အလုံးစုံတို့ရဲ့အရှင်သခင်ပါ၊ အရာအားလုံးကို ထိန်းချုပ်တော်မူတယ်၊ ဘုရားသခင်ဟာ ကောင်းမြတ်တော်မူပြီးတော့ မေတ္တာထား တော်မူတယ်။)

အထက်ပါအကြောင်းအရာများကို ဆင်ခြင်၍ ဆုတောင်းခြင်းအားဖြင့် အဆုံးသတ်ပါ။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ပြောခဲ့တဲ့ ပုံပြင်ထဲမှာ ၁၂ နှစ်လုံးလုံး ဖျားနာတဲ့အမျိုးသမီးတစ်ယောက်အကြောင်းလည်းပါတယ်။ သူ့ကို ဘယ်သူ ကူညီနိုင်မယ်လို့ တွေးခဲ့သလဲ။ သူမ ဘာလုပ်ခဲ့သလဲ။

မှန်ပါတယ် – သူက ယေရှုရဲ့ဝတ်လုံကို သွားတို့ခဲ့တယ်။ ဘာဖြစ်မယ်လို့ သူမထင်ခဲ့သလဲ။ ဘာကြောင့်လဲ။

ယေရှုရှင်က သူမကို ကျန်းမာစေနိုင်တဲ့ တန်ခိုးရှိတယ်ဆိုတာကို ယုံကြည်တယ်။ ယေရှုရှင်ကို ယုံကြည်ကိုးစား ခဲ့တယ်။ သူမခံစားနေရတဲ့ရောဂါထက် ယေရှုရှင် ပိုစွမ်းတယ်ဆိုတာကို ယုံကြည်ခဲ့တယ်။

အဲဒီအမျိုးသမီးရဲ့နှလုံးသားထဲမှာ သူ့ကိုကျေနပ်စေတဲ့အရာကို ယေရှုရှင် မြင်သွားခဲ့တယ်။ အဲဒါက ဘာလဲဆိုတာ သိကြလား။ (ကလေးများ ဖြေဖို့ရန် ခက်နေသည်ဆိုလျှင် အောက်ပါအတိုင်း ပြောလိုက်ပါ "ကဲ ဒါဆိုရင် သမ္မာကျမ်းစာကို ပြန်ကြည့်ရအောင်" ထို့နောက် မာကု၊ ၅း၃၄ ကို ဖတ်ပေးလိုက်ပါ။) မှန်တာပေါ့ သူမရဲ့ယုံကြည်ခြင်း ဖြစ်တယ် – သူမဟာ ယေရှုရှင်ကို ယုံကြည်ကိုးစားခဲ့တယ်။

ယေရှုရှင်က သူမအပေါ် အလွန်ကျေနပ်ခဲ့တယ်။ ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေပါတယ်။

သားတို့သမီးတို့ရဲ့ နှလုံးသားထဲကိုလည်း ယေရှုရှင် မြင်နိုင်ပါသလား။

သူ့ကို ယုံကြည်မကြည်ဆိုတာကို သူ သိပါသလား။

သူပြောတဲ့အရာကို သားတို့သမီးတို့က ယုံမယုံကို သူ သိပါသလား။။

(ကလေးတစ်ယောက်စီတိုင်း ဘုရားသခင်ကို ယုံကြည်ကိုးစားမှုရှိ၍ ကျေနပ်စေရန် ဆုတောင်းပေးလိုက်ပါ။)

ဓမ္မသစ် ပုံဝတ္ထုများ **79**

# အသက်မုန့်ဖြစ်သော ယေရှုရှင်က လူပေါင်းငါးထောင်ကို ကျွေးမွေးခဲ့သည်

## ကျမ်းညွှန်း – မာကု၊ ၆း၃၄–၄၄၊ ယော၊ ၆း၁–၁၄၊ ယော၊ ၆း၂၂–၃၅

## အဓိကအချက်များ

- ဘုရားသခင်သည် ကြင်နာသနားခြင်း၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောသူ ဖြစ်သည်။
  မာကု၊ ၆း၃၄ "ယေရှုသည် ထွက်ကြွ၍ လူများအပေါင်းတို့ကို တွေ့မြင်တော်မူလျှင်သနားခြင်းစိတ်တော်ရှိ၍"
- ယေရှုရှင်သည် ဘုရားသခင် ဖြစ်တော်မူသည်။
- ဘုရားသခင်၏ ထောက်ပံ့ပေးတော်မူခြင်းသည် လုံလောက်လျှံပယ်လျက်ရှိသည်
  ယော၊ ၆း၁၃၊ မာကု၊ ၆း၄၂–၄၃
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည်။
  လူပေါင်း ၅၀၀၀ ကို မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်အားဖြင့် ကျွေးမွေးခဲ့သည်။
- လူသည်အပြစ်သားဖြစ်သည့်အတွက် မိမိကိုယ်ကို မကယ်တင်နိုင်သောကြောင့် ဘုရားသခင်ကို လိုအပ်သည်။
- ယေရှုရှင်သည် တစ်ပါးတည်းသောကယ်တင်ရှင်ဖြစ်သည်။
  ယေရှုရှင်သည် အစာထက် ပို၍အရေးကြီးသည် – ကိုယ်တော်သည် ကျွန်ုပ်တို့၏အတွင်းလူအတွက် အစာဖြစ်သည်။ အစား အစာက ခန္ဓာကိုယ်အတွက် ဖြစ်သည့်နည်းတူ၊ ယေရှုရှင်သည်လည်း ကျွန်ုပ်တို့ကို ထာဝရအသက်ဖြစ်သော ဝိညာဉ်သက်ကို ပေးတော်မူသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ပုံစံအမျိုးမျိုးရှိသော ခြင်းတောင်းများကို အစုံလိုက်ယူလာပါ။ ခြင်းတောင်းများကို ပြလိုက်ပါ။ ထိုနောက် အောက်ပါအတိုင်း ပြောလိုက်ပါ – ဆရာ၊မ ယူလာတဲ့တောင်းတွေကို ကြည့်လိုက်ပါအုံး၊ ပုံစံအမျိုးမျိုးရှိကြတယ်၊ တစ်ချို့ကတော့ လေးထောင့်ပုံစံ၊ တစ်ချို့က အဝိုင်းပုံစံ၊ တစ်ချို့ကတော့ ကြီးပြီးတော့၊ တစ်ချို့ကျတော့ သေးတယ်။ တောင်းတွေကတော့ အများကြီးပဲ။

ဒီနေ့ပြောမယ့် သမ္မာကျမ်းစာ ပုံပြင်ထဲမှာ တောင်းတွေအများကြီးအကြောင်းလည်းပါတယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၇၉ အတွက် ပြင်ဆင်ထားသည့် ရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဘာတွေ့ရသလဲ။ ဒီနေ့ပြောခဲ့တဲ့ ပုံပြင်ထဲမှာ ပါသလား။

ယေရှုရှင် ဘာလုပ်ခဲ့သလဲ။ ဘာလို့ ယေရှုရှင် အဲဒီလိုလုပ်ခဲ့တာလဲ။

သားတို့သမီးတို့ အဲဒီလို လုပ်နိုင်ပါသလား။ ဖေဖေနဲ့ မေမေရော လုပ်နိုင်မယ်လို့ ထင်သလား။ ယေရှုရှင်က ဘာလို့ အဲဒီလိုလုပ်နိုင်ရတာလဲ။

မှန်တယ် – ယေရှုရှင် အဲဒီလိုလုပ်နိုင်ရတဲ့ အကြောင်းအရင်းကတော့ သူဟာဘုရားသခင် ဖြစ်လို့ပါ။ ဘုရားသခင်အတွက် အရမ်းခက်ခဲတဲ့ အရာမှမရှိပဲ။

သူဟာ ဘယ်သူဖြစ်တယ်ဆိုတာကို လူတွေကို သိစေချင်ခဲ့တယ်။

အဲဒီက မုန့်ကို စားခဲ့တဲ့သူတွေက ယေရှုရှင်ကို နောက်တမနက်မှာ ပြန်ရှာခဲ့ကြတယ်။ အဲဒါက သူတို့တွေ ယေရှုရှင်ကိုချစ်လို့လား ဒါမှမဟုတ် အစားအစာကို လိုချင်လို့လား။

သူတို့တွေက ယေရှုရှင်ထက် မုန့်ကိုပိုလိုချင်ကြတယ်။ သူတို့တွေ မှန်ကန်ပါသလား။

ယေရှုရှင်လား ဒါမှမဟုတ် သူပေးတဲ့ကောင်းချီးတွေလား ဘယ်ဟာက ကျွန်တော်တို့အတွက် ပိုပြီးတော့ တန်ဖိုးကြီးသလဲ။

သူပေးတဲ့အရာတွေထက် ယေရှုရှင်ကိုပို၍ သိမှတ်ဆင်ခြင်ခြင်းက ခက်ခဲပါသလား။

သူပေးတဲ့အရာတွေထက် ယေရှုရှင်ကို ပိုချစ်နိုင်အောင်လို့ ဘုရားသခင်ထံ ဆုတောင်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဘုရားသခင်က သူ့လူတွေကို ဖာရောဘုရင်ရဲ့ လက်အောက်ကနေ ဘယ်လိုကယ်တင်ခဲ့တယ်ဆိုတာ မှတ်မိကြသေးလား။

သူတို့တွေ သဲကန္တာရထဲမှာ လျှောက်သွားနေကြတုန်းက၊ အစားရေစာ ပျက်သွားတဲ့အခါမှာ ဘုရားသခင်က သူတို့ကို ကောင်းကင်ပေါ်ကနေ မုန့်ပေးခဲ့တယ်။ အဲဒီမုန့်နာမည်ကို သားတို့သမီးတို့ မှတ်မိသေးသလား။

အဲဒီအချိန်တုန်းကသာ ဘုရားသခင်က မုန့်မပေးခဲ့ဘူးဆိုရင် ဘာဖြစ်ခဲ့မယ်လို့ ထင်သလဲ။

ဒီနေ့နားထောင်ခဲ့တဲ့ ပုံပြင်ထဲမှာလဲ လူတွေက ဗိုက်ဆာကြတယ်။ ယေရှုရှင်က သူတို့တွေ ဗိုက်ဆာနေတာကို ဂရုစိုက်ပါသလား။ သူဘာလုပ်ခဲ့သလဲ။ ဘုရားသခင်က သူ့ရဲ့လူတွေကို ဂရုစိုက်ပါတယ်။

ဒါပေမယ့် သူတို့တွေရဲ့ ဗိုက်အတွက်လိုအပ်နေတဲ့ အစာထက် ပိုအရေးကြီးတဲ့ အရာရှိတယ်ဆိုတာကို ယေရှုရှင် သိထားတော်မူတယ်။ အဲဒါကိုတော့ ဘုရားသခင်တစ်ပါးတည်းကပဲ ပေးနိုင်တယ်။

သားတို့သမီးတို့ရဲ့ အသက်တာမှာလည်း အစားအစာထက်အရေးကြီးတဲ့အရာ၊ ဘုရားသခင် တစ်ပါးတည်းကသာ ပေးနိုင်တဲ့အရာ ရှိပါသလား။

တကယ်လို့ ဆရာ၊မ က မုန့်တွေကို သားတို့သမီးတို့အတွက် စားပွဲပေါ်မှာတင်လိုက်တယ် ဆိုပါစို့။ (မုန့်အချို့ကို စားပွဲပေါ်တွင် တင်လိုက်ပါ။) အဲဒီမုန့်တွေ ဘယ်လောက်ထိခံမှာလဲ။ (ကလေးများကို ထိုမုန့်အား စားစေပြီးမှ သင်ခန်းစာကို ပြန်ဆက်ပါ။)

သားတို့သမီးတို့ ဗိုက်ပြန်ဆာ အုံးမှာလား။

ဆရာ၊မ တို့ စားလိုက်တဲ့ အစားအစာက ကြာရှည်မခံပါဘူး။ ဆရာ၊မ တို့အားလုံး ဗိုက်ပြန်ဆာနေကြတာပါပဲ။

ယေရှုရှင်က သူဟာ မုန့်ဖြစ်တယ်လို့ပြောတယ် – ဆရာ၊မ တို့ဟာ အစားအစာမုန့်တွေကို လိုသလို ယေရှုရှင်ကို လိုအပ်တဲ့အတွက်ကြောင့်မို့ သူဟာ မုန့်လိုပါပဲ။ ဒါပေမယ့် ယေရှုရှင်ဟာ ထာဝရ ခံပါတယ်။

ယေရှုရှင်ဟာ ထာဝရတည်တံ့တဲ့အတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၇၉ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါ ပုံကို ပြပါ။) ဘာကို မြင်ကြသလဲ။

မုန့်အနည်းငယ်နဲ့ ငါးနှစ်ကောင်ကို ယေရှုရှင်က ဘာလုပ်ခဲ့သလဲဆိုတာ မှတ်မိတဲ့သူ ရှိသေးလား။ အဲဒါကို သူ ဘယ်လိုလုပ်နိုင်တာလဲ။

အဲဒီအံ့ဖွယ်နမိတ်လက္ခဏာကို ယေရှုရှင် လုပ်ဆောင်ရတာက သူဟာဘယ်သူဖြစ်သလဲဆိုတာကို ပြသဖို့ ဖြစ်ပါတယ်။

မှန်တယ် – ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တယ်။ ဆရာ၊မ တို့ မလုပ်နိုင်တဲ့အရာတွေကို သူလုပ်နိုင်တယ်။

သူဟာ ဘယ်လိုမျိုးပုဂ္ဂိုလ် ဖြစ်သလဲ။ (သူဟာ သနားကြင်နာပြီး မေတ္တာထားတဲ့သူဖြစ်တယ် – ဗိုက်ဆာနေတဲ့သူတွေကို ယေရှုရှင် ဂရုစိုက်ခဲ့တယ်။ သူဟာ အစွမ်းတန်ခိုးနဲ့ ပြည့်စုံသူ ဖြစ်တယ် – အနည်းငယ်သော အစားအစာကို လူအားလုံးအတွက် လုံလောက်အောင် တိုးပွားစေနိုင်ခဲ့တယ်။)

ခန္ဓာအတွက် အစားအစာက အရေးကြီးသလား ဒါမှမဟုတ် ဘုရားသခင်နဲ့အတူ ထာဝရကောင်းကင်နိုင်ငံမှာ အသက်ရှိ ဖို့က အရေးကြီးသလား၊ ယေရှုရှင်က ဘယ်တစ်ခုကို ပိုအရေးကြီးတယ်လို့ ပြောခဲ့သလဲ။

မုန့်နဲ့ငါးက သားတို့သမီးတို့ ဗိုက်ဆာနေတဲ့အခါမှာ ဗိုက်ပြည့်စေနိုင်ပါတယ်။

ဒါပေမယ့် ဘုရားသခင်နဲ့ ထာဝရကောင်းကင်နိုင်ငံမှာနေရဖို့က ဘယ်သူ သို့မဟုတ် ဘယ်အရာက လုပ်ဆောင်ပေးနိုင်သလဲ။

မှန်တယ် – ယေရှုရှင် တစ်ပါးတည်းကသာလျှင် လုပ်ဆောင်ပေးနိုင်တယ်။

သားတို့သမီးတို့ကို ထာဝရအသက်ပေးဖို့ ယေရှုရှင်ကို ယုံကြည်ကိုးစား ပါသလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၇၉ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။)

ဒီနေ့ပြောခဲ့တဲ့ပုံပြင်ထဲမှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ။ (ပုံပြင်ကို အကျဉ်းချုပ် ပြန်ပြောပြပါ။)

"ငါသည် အသက်မုန့်ဖြစ်၏" လို့ ယေရှုရှင် ပြောခဲ့တာကို မှတ်မိသေးသလား။

အဲဒီလိုပြောတဲ့အခါမှာ ယေရှုရှင်က တကယ့်မုန့် ဖြစ်တယ်လို့ ဆိုလိုပါသလား။ မဟုတ်ပါဘူး – မဖြစ်နိုင်ပါဘူး။

အဲဒီလိုပြောတာက ပုံဆောင်တဲ့အနေနဲ့ ယေရှုရှင် ပြောခဲ့တာ ဖြစ်တယ်။

ဘာကို မြင်ကြသလဲ။ ပုံဆောင်တယ်ဆိုတာကို သားတို့သမီးတို့ နားလည်သလား။

ပုံဆောင်မှုတစ်ခုဆိုတာက စကားလုံးတစ်လုံး သို့မဟုတ် ပုံတစ်ပုံ သို့မဟုတ် တစ်စုံတစ်ခုက အခြားတစ်စုံတစ်ခုကို ညွှန်းဆိုတာကို ဆိုလိုတယ်။

မုန့်ဆိုတာက ယေရှုရှင်အတွက် ပမာနှိုင်းတဲ့အရာဖြစ်တယ် – အဲဒီအရာက ယေရှုရှင်ကို သတိရစေတယ်။

ဘာနဲ့တူသလဲဆိုရင် ဆရာ၊မ တို့ကို ပုံတစ်ပုံက အရေးကြီးတဲ့အရာများစွာ သင်ပေးသလိုမျိုးပါပဲ။

ယေရှုရှင်နဲ့ပတ်သက်ပြီးတော့ မုန့်ဆိုတဲ့အရာက ဆရာ၊မ တို့ကို ဘာသင်ခန်းစာ ပေးသလဲ။

သားတို့သမီးတို့ကသာ ဘယ်တော့မှ အစာပြန်မစားတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။

မှန်တယ် – ဗိုက်အရမ်းစာမှာပေါ့။ အားတွေနည်းလာမယ်။ ကြီးထွားမှုရှိတော့မှာ မဟုတ်ဘူး။ နောက်ဆုံးမှာ သေတဲ့အထိ ဖြစ်သွားလိမ့်မည်။

ဆိုတော့ မုန့်က ယေရှုရှင်နဲ့ပတ်သက်ပြီးတော့ ပုံဆောင်မှု ဘယ်လိုရှိသလဲ။

ဆရာ၊မ တို့ မုန့်နဲ့အစားအစာကို လိုအပ်ကြသလို အသက်မုန့်ဖြစ်တဲ့ ယေရှုရှင်ကို လိုအပ်ကြတယ်။

အစားအစာက အသက်ဆက်ရှင် စေနိုင်သလို – ယေရှုရှင်က ထာဝရအသက် ပေးနိုင်တယ်။

သားတို့သမီးတို့ရဲ့အပြစ်ကနေ ယေရှုရှင်က ကယ်တင်နိုင်တယ်ဆိုတာကို ယုံကြည်တယ်ဆိုရင် သားတို့သမီးတို့ရဲ့ ဘဝအသက်တာကို ကျေနပ်စေပြီးတော့ ဘုရားသခင်နဲ့အတူ ကောင်းကင်ဘုံဝင်စားနိုင်ဖို့ ထာဝရအသက်ကို ပေးပါလိမ့်မယ်။

ဓမ္မသစ် ပုံဝတ္ထုများ

80

# ဘုရားသခင်၏သားတော် ရေပေါ်တွင် လမ်းလျှောက်ခဲ့သည်

## ကျမ်းညွှန်း – မဿဲ၊ ၁၄း၂၂–၃၃

## အဓိကအချက်များ

- ယေရှုရှင်သည် ဘုရားသခင်သည်
  အခန်းငယ် – ၃၃
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည်။
  ရေပေါ်တွင် လမ်းလျှောက်တော်မူခဲ့သည်။
- ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့အပေါ် အခွင့်အာဏာရှိတော်မူသည်။
- ဘုရားသခင်ကို ကျေနပ်စေရန် ယုံကြည်ခြင်း လိုအပ်ပါသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ရေအပြည့် ဖြည့်ထားသော ရေဇလုံတစ်ခုကို ယူလာပါ။ ပုံပြင်မပြောခင် ကလေးတစ်ဦးကို ဖိနပ်ချွတ်ခိုင်းထားပါ။ ထို့နောက် ဘောင်းဘီခေါက်ထားခိုင်းပါ။ အတန်းစသည်နှင့် ထိုကလေးငယ်ကို အတန်းရှေ့သို့ ထွက်လာစေပါ။) *"ကလေးနာမည်"* ရေ သားအနေနဲ့ ဒီဇလုံထဲကရေပေါ်မှာ မတ်တပ်ရပ်နိုင်မလား။

*"ကလေးနာမည်"*ရယ် သားက ရေထဲမှာပဲ မတ်တပ်ရပ်နေတယ်။ ရေထဲမှာ မတ်တပ်ရပ်ဖို့ ပြောနေတာ မဟုတ်ဘူး။ ရေပေါ်မှာ မတ်တပ်ရပ်ဖို့ ပြောတာပါ။ (ရေပေါ်တွင် မတ်တပ်ရပ်၍ မရနိုင်ကြောင်းကို ကလေးများကို ပြောပြလိုက်ပါ။ ဘယ်သူမှ ရေပေါ်မှာ မတ်တပ်မရပ် နိုင်ကြဘူး။)

ဒီနေ့ပြောမယ့် ပုံပြင်ထဲမှာ ရေအကြောင်းပါတယ်။ ဒါပေမယ့် အရမ်းထူးဆန်းတယ်။ အဲဒီအကြောင်းကို ဆရာမ ပြောပြ ရမလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Hooks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ပေတရုရေပေါ်ကနေ လှမ်းလျှောက်လာတာကို ယေရှုရှင် ဝမ်းမြောက်မယ်လို့ ထင်ပါသလား။

ဘာကြောင့်လဲ။ အဲဒါက ပေတရုနဲ့ပတ်သက်ပြီးတော့ ဘာကိုပြောပြပါသလဲ။ မှန်ပါတယ် ပေတရုက ယေရှုရှင်ကို ယုံကြည်တယ်ဆိုတာကို ပြသနေပါတယ်။ ပေတရုရဲ့ယုံကြည်ခြင်းအပေါ် ယေရှုရှင် ကျေနပ်နေခဲ့တယ်။

ယေရှုရှင်အပေါ် အားကိုးမှုပျောက်သွားတဲ့ မိနစ်အနည်းငယ်အတွင်း ဘာဖြစ်သွားခဲ့သလဲ။ (သင်ခန်းစာ ၈၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။)

ရေနစ်တာနဲ့ ပေတရု ဘာလုပ်ခဲ့သလဲ။
သားတို့သမီးတို့မှာလည်း ပြဿနာရှိလာခဲ့အခါမှာ ဘာလုပ်မှာလဲ။
ပေတရုကို ယေရှုရှင် ကယ်တင်နိုင်ပါသလား။ ဘာကြောင့်လဲ။
ယနေ့ချိန်မှာလည်း ယေရှုရှင်က မပြောင်းလဲပဲရှိနေတယ်မလား – သားတို့သမီးတို့ကိုလည်း ကူညီနိုင်ပါသလား။
ပေတရုက သူ့ကို ယေရှုကူညီဖို့ ယုံကြည်ကိုးစားခဲ့တယ်။
ယေရှုရှင်က သူ့ကိုချစ်တယ် နောက်ပြီးတော့ သူ့ကိုကယ်တင်နိုင်တယ်ဆိုတာကို ပေတရု ယုံကြည်ခဲ့တယ်။
သားတို့သမီးတို့ကို ကယ်တင်ဖို့ ယေရှုရှင်ကို ယုံကြည်ပါသလား။
သားတို့သမီးတို့ကို ယေရှုရှင် ကူညီဖို့ဆိုရင် သားတို့သမီးတို့ဘက်ကနေ ဘာလိုအပ်ပါသလဲ။

**ကြည့်ရှုဆင်ခြင်ခြင်း –**
ဒီနေ့ကြားခဲ့တဲ့ ပုံပြင်ထဲမှာ အံ့ဖွယ်ရာတစ်ခုကို ယေရှုရှင် လုပ်ဆောင်ခဲ့တယ်။ သူဘာလုပ်ခဲ့သလဲ။
သားတို့သမီးတို့ ရေပေါ်မှာ လမ်းလျှောက်နိုင်ပါသလား။ ဘယ်သူလုပ်နိုင်သလဲ။ သိတဲ့သူ ရှိလား။
ရေပေါ်မှာ ယေရှုရှင် ဘာလို့လမ်းလျှောက်နိုင်ရတာလဲ။
ဘယ်သူက ရေကို ဖန်ဆင်းခဲ့တာလဲ။ ရေရဲ့သခင်က ဘယ်သူလဲ။ ယေရှုရှင် ပြောတဲ့အတိုင်း ရေက နာခံရမှာ ဖြစ်တယ်။
ယေရှုရှင် အစိုးရခြင်းမရှိတဲ့အရာ ဘာရှိသလဲ။
(သင်ကြားခဲ့သည့် သင်ခန်းစာများကို ပြန်နွှေးပေးပါ – သင်ကြားခဲ့သည့် သင်ခန်းစာများမှ ရုပ်ပုံများကို ပြန်၍ ပြသပေးပါ။ ကလေးများ ကြောက်ရွံ့မည့်သားရဲပုံများကိုလည်း ပြသနိုင်ပါသည်။)
မုန်နဲ့ငါးအပေါ်မှာ ဘယ်သူက အစိုးရသလဲ။
အသက်ရှင်ခြင်းနဲ့ သေခြင်းအပေါ်မှာ ဘယ်သူက အစိုးရသလဲ။
လေနဲ့မုန်တိုင်းအပေါ်မှာ ဘယ်သူက အစိုးရသလဲ။
အပြစ်ခွင့်လွှတ်ခြင်းအပေါ်မှာ ဘယ်သူက အစိုးရသလဲ။
ဖျားနာခြင်းနဲ့ကျန်းမာစေခြင်းအပေါ်မှာ ဘယ်သူက အစိုးရသလဲ။
(ဖြည့်စွက်ပြသပေးသည့်ရုပ်ပုံများကို အသုံးပြု၍ –––––– အပေါ် ဘယ်သူက အစိုးရသလဲဟူ၍ ဆက်ပေးနိုင်ပါသည်။)
ယေရှုရှင် အစိုးမရတဲ့အရာမျိုး သားတို့သမီးတို့ စဉ်းစားနိုင်ပါသလား။
(ကလေးငယ်တစ်ယောက်စီတိုင်း ယေရှုရှင်ကို ယုံကြည်ကိုးစားရင်း အသက်တာကို ဆက်ကပ်ရန် ဆုတောင်းပေးခြင်းအားဖြင့် အဆုံးသတ်ပါ။)

ဓမ္မသစ် ပုံဝတ္ထုများ

81

# ယေရှု၊ ဘုရားသခင်၏သားတော်

ရှိမုန် ပေတရုအား ယေရှုရှင်၏ဖြစ်တည်ခြင်း အမှန်ကို ဘုရားသခင် ဖော်ပြခဲ့သည် – ပုံသဏ္ဌာန်ပြောင်းလဲခြင်း

## ကျမ်းညွှန်း – လုကာ၊ ၉း၂၈–၃၆၊ မဿဲ၊ ၁၆း၁၃–၂၀ နှင့် ၁၇း၁–၈

## အဓိကအချက်များ

- ယေရှုရှင် လူသားတစ်ဦးဖြစ်သည်။
  ကိုယ်တော်သည် သာမန်လူသား တစ်ဦးသာ ဖြစ်သည်
- ယေရှုရှင်သည် ဘုရားသခင်သည်။
- ဘုရားသခင်သည် သစ္စာရှိတော်မူသည် – ပြောသည့်အတိုင်း အမြဲလုပ်ဆောင်တော်မူသည်
  မောရှေနှင့်ဧလိယ တို့သည်လည်း ကယ်တင်ရှင် ပေးမည်ဟု ဘုရားသခင် ကတိပေးထားသည့်အရာသည် ပြောသည့်အတိုင်း ဖြစ်လာမည်ကို သိထားကြသည်။
- ယေရှုရှင်သည် ဘုရားသခင်ကတိပေးထားသည့် တစ်ပါးတည်းသောကယ်တင်ရှင် ဖြစ်သည်။
  မဿဲ၊ ၁၆း၁၆
- ဘုရားသခင်သည် လူသားများနှင့် ဆက်နွှယ်မှုရှိတော်မူသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(“ငါဘယ်သူလဲ” ဆိုသည့် ကစားနည်းကို အနည်းငယ် အလုည့်ကျကစားစေပါ။ ငါ့မှာ ခြေလေးချောင်းရှိတယ်၊ ငါက မြက်စားတယ်၊ ငါကတော့ “ဝင်းဘဲ” ဆိုပြီး အော်တတ်တယ်။ ငါဘယ်သူလဲ။ – ကလေးများက “နွား” ဟု ဖြေပေးသည့်အခါတွင် “နွား” ရုပ်ကိုလည်း ပြသပေးနိုင်ပါသည်။)

ယေရှုရှင်ကလည်း “ငါဘယ်သူလဲ” ဆိုတဲ့ မေးခွန်းကို မေးခဲ့ဘူးပါတယ် – ဒါပေမယ့် တစ်ချို့လူတွေကတော့ အဖြေမသိခဲ့ကြပါဘူး။ အဲဒီပုံပြင်ကို ဆရာ၊မက သားတို့သမီးတို့ကို ပြောပြရမလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၈၁ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) တောင်ပေါ်မှာ ယေရှုရှင် ဘာဖြစ်ခဲ့သလဲ။

ယေရှုရှင် ဘယ်လိုဖြစ်ပုံ ပေါ်နေသလဲ။ အဲဒီလိုပုံပေါ်အောင်လို့ ဘုရားသခင်က ယေရှုရှင်ကို ဘာလို့လုပ်ခဲ့တာလဲ။ (ယေရှုရှင်၏ ကြီးမြတ်တော်မူခြင်းနှင့် ထိုက်တန်တော်မူခြင်းတို့ကို ဖော်ပြရန်။)

မောရှေနဲ့ဧလိယတို့လည်း ယေရှုနဲ့အတူ ရှိနေခဲ့ကြတယ်။ သူတို့တွေဟာ ကြီးမြတ်တဲ့သူတွေ ဖြစ်တယ်။ သူတို့တွေအားဖြင့် ဘုရားသခင်က အံ့ဖွယ်နမိတ်လက္ခဏာတွေများစွာ လုပ်ဆောင်ခဲ့တယ်။ သူတို့တွေက ယေရှုရှင်လောက်ကြီးမြတ်ပါသလား။

ယေရှုရှင်နဲ့အခြားမြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေရဲ့ ခြားနားချက်က ဘာလဲ။ (ယေရှုရှင်ဟာ ဘုရားဖြစ်တယ်။)
တိမ်တိုက်ထဲကနေ ဘုရားသခင်က စကားပြောတဲ့အခါမှာ ဘာပြောခဲ့သလဲ။ ယေရှုရှင်ကို ဘယ်သူဖြစ်တယ်လို့ ပြောခဲ့သလဲ။
ယေရှုရှင်လောက် ကြီးမြတ်တဲ့သူ ရှိပါသလား။ ယေရှုရှင်ထက် ပိုပြီးထိုက်တန်တဲ့သူ ရှိပါသလား။
အရာရာတိုင်းထက် ယေရှုရှင်ဟာ သားတို့သမီးတို့အတွက် တိုက်တန်ပါသလား။
(ယေရှုရှင်ကို အရာရာတိုင်းထက်သာ၍ တန်ဖိုးထားတတ်စေရန်အတွက် ကလေးများအား ဆုတောင်းပေးပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ကြားခဲ့ရတဲ့ ပုံပြင်ထဲမှာ ယေရှုရှင်က သူ့ရဲ့တပည့်တော်တွေကို "ငါကို ဘယ်သူလို့ထင်သလဲ" ဆိုပြီး မေးခွန်း မေးခဲ့တယ်။
အဲဒီမေးခွန်းကို သားတို့သမီးတို့ ဘယ်လိုဖြေမလဲ။
ယေရှုရှင်က အဲဒီမေးခွန်း မေးတဲ့အခါမှာ ပေတရုက ဘယ်လိုဖြေကြားခဲ့သလဲ။
ယေရှုရှင်ဟာ ဘုရားသခင်ရဲ့ သားတော်ဖြစ်တယ်ဆိုတာကို ပေတရု ဘယ်လိုသိသလဲ။ (မဿဲ၊ ၁၆း၁၇ ကို ဖတ်၍ ကလေးများ နားလည်အောင် ရှင်းပြပေးပါ။)
ယနေ့မှာ ဘုရားသခင်က သူ့ရဲ့လူတွေဆီမှာ စကားပြောပါသလား။ ဘုရားသခင်ရဲ့အသံကို သားတို့သမီးတို့ ကြားဖူးပါသလား။
ဘုရားသခင်က သားတို့သမီးတို့ကို တစ်စုံတစ်ခုပြောတာကို ဘယ်လိုကြားပါသလဲ။
နည်းလမ်းတစ်ခုကတော့ သမ္မာကျမ်းစာအားဖြင့် ဖြစ်ပါတယ်။ သမ္မာကျမ်းစာဟာ၊ ဆရာ၊မ တို့အတွက် ဘုရားသခင်ရဲ့နှုတ်တော်ထွက်စကား ဖြစ်တယ်။
သမ္မာကျမ်းစာကို နားထောင်ခြင်းနဲ့ အခြေခံကျမ်းချက်တွေကို အလွတ်ကျက်မှတ်ခြင်းအားဖြင့် ဆရာ၊မ တို့ကို ဘုရားသခင်ပြောတဲ့အရာတွေကို ကြားနိုင်ကြပါတယ်။
နောက်ပြီးတော့ ပေတရုကို ပြောခဲ့သလိုမျိုး ဘုရားသခင်က ဆရာ၊မ တို့ရဲ့ စိတ်ထဲမှာ စကားပြောပါတယ် (အသံအားဖြင့် မဟုတ်)။
သူ့ရဲ့နှုတ်တော်ထွက်စကားဟာ မှန်ကန်ကြောင်း ဆရာ၊မ တို့ကို ပြောပြပါတယ်။ (နှလုံးသားမှ ဘုရားသခင်၏ အသံကို ကြားခြင်းနှင့်ပတ်သက်၍ အနည်းငယ် ရှင်းပြရန် လိုအပ်နိုင်ပါသည်။)
ဝိညာဉ်တော်ဘုရားက နှုတ်ကပတ်တော်၌ ဘုရားသခင်ပြောထားသောအရာများကို ယုံကြည်ရန် လမ်းပြပေး ပါသည်။
ဘုရားသခင်ရဲ့စကားတော်ကို သားတို့သမီးတို့ နားထောင်ဖူးသလား။
ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားတော် ဖြစ်တယ်ဆိုတာကို ယုံကြည်ပါသလား။
(ယေရှုရှင်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ကလေးတစ်ယောက်စီတိုင်းအား ဘုရားသခင်က ဖော်ပြပေးရန်အတွက် ဆုတောင်းခြင်းအားဖြင့် အဆုံးသတ်ပါ။)

ဓမ္မသစ် ပုံဝတ္ထုများ

82

# သင်၏ဘုရားသခင်နှင့် သင်၏အိမ်နီးချင်းကို ချစ်လော့ – ယေရှုရှင်က ကောင်းသောရှမာရိ အမျိုးသား တစ်ယောက်အကြောင်း ပြောခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၁၀း၂၅–၃၇

## အဓိကအချက်များ

- ဘုရားသခင်က သူ့အားကိုးကွယ်ရာ၌ သင့်အသက်တာ တစ်ခုလုံး (ခန္ဓာ၊ စိတ်၊ ဝိညာဉ်) ကို လိုချင်သည်
  အခန်းငယ် – ၂၇
- ဘုရားသခင်ကို ကျွန်ုပ်တို့မေတ္တာထားသည်ဆိုလျှင် ကိုယ်နှင့်စပ်ဆိုင်သောသူကိုလည်း ချစ်ပေမည်။
- လိုအပ်နေသောသူများအပေါ် ကရုဏာထားရန် ဘုရားသခင်အလိုရှိသည်။
- လူသည် အပြစ်သားဖြစ်သည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သမ္မာကျမ်းစာမဟုတ်ပဲ – ပုံပြင်စာအုပ်တစ်အုပ်ကို ကလေးများအား ပြပါ။) သားတို့သမီးတို့တွေကို ဖေဖေ မေမေက ပုံပြင်စာအုပ် ဖတ်ပေးဖူးလား။ (ထိုစာအုပ်ကို ဟိုလှန်ဒီလှန် လုပ်လိုက်ပြီး အောက်ပါအတိုင်း ပြောလိုက်ပါ – ဒီစာအုပ်က ပုံပြင်စာအုပ်ကောင်း တစ်အုပ်ပဲ၊ ခွေးလေးတွေအကြောင်းလဲပါတယ်၊ နောက်ပြီးတော့ ဝက်လေးတွေအကြောင်းလဲ ပါသေးတယ် -----)။

သားတို့သမီးတို့ကိုရော မိဘတွေက ပုံပြင်တွေ ပြောဖူးလား။ သားတို့သမီးတို့ကို သူတို့တွေရဲ့ ငယ်ငယ်တုန်းက အကြောင်းတွေရော ပြောဖူးသလား။

ယေရှုရှင်လည်း ပုံပြင်တွေပြောတယ်ဆိုတာ သားတို့သမီးတို့ သိပါသလား။ ယေရှုရှင်ပြောခဲ့တဲ့ ပုံပြင်တစ်ခုကို ဆရာ၊မ ဒီနေ့မှာ ပြန်ပြောပြမယ်နော်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၈၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ပုံကို ကြည့်ပါအုံး။ ပုံမှာတွေ့ရတဲ့ သနားစရာကောင်းတဲ့သူကို ကြည့်ပါအုံး။ သူဘာဖြစ်နေတာလဲ။

အကယ်၍ သားတို့သမီးတို့ကသာ ထိခိုက်အနာတရဖြစ်တဲ့အခါ ဘယ်တစ်ယောက်ကို လာကြည့်စေချင်သလဲ။ (မြည်းတစ်ကောင်ပေါ်တွင် ထိုင်နေသည့်ရှမာရိ သူတော်ကောင်းပုံကို ပြလိုက်ပါ။)

ရိုက်နှက်ထားခြင်းခံရတဲ့သူကို ဘယ်သူက မေတ္တာပြခဲ့သလဲ။

ပထမ နှစ်ယောက်လုံးကတော့ ဘုရားသခင်ကို ချစ်တယ်လို့ ပြောကြမှာပဲ။

ဘုရားသခင်ကို ချစ်တဲ့အကြောင်း ဘယ်သူက သက်သေပြခဲ့သလဲ။ (မြည်းပေါ်တွင် ထိုင်နေသည့် ရှမာရိ သူတော်ကောင်းပုံကို ပြလိုက်ပါ။)

ဒီပုံပြင်ကို ယေရှုရှင် ပြောရတဲ့ရည်ရွယ်ချက်ကတော့ ဘုရားသခင်ကို အမှန်တကယ် ချစ်တဲ့သူတွေဟာ ဘယ်လို အသက် ရှင်ကြသလဲဆိုတာကို ဖော်ပြဖို့ ဖြစ်တယ်။

လူများစွာကတော့ ဘုရားသခင်ကို ချစ်တယ်လို့ ပြောကြတာပဲ။

"ဘုရားသခင်ကို ချစ်တယ်" ဆိုပြီး ပြောတာက ပိုလွယ်သလား ဒါမှမဟုတ် ဘုရားသခင်ကို ချစ်တယ်ဆိုတာကို သူတစ် ပါးကိုကူညီခြင်းအားဖြင့် သက်သေပြတာက ပိုပြီးလွယ်သလား။

ဘုရားသခင်ကို သားတို့သမီးတို့ အမှန်တကယ်ချစ်တယ်ဆိုရင် ဘယ်လိုအသက်ရှင်ကြမှာလဲ။ အခြားလူတွေကို ဘယ်လိုဆက်ဆံမှာလဲ။

မြည်းပေါ်က လူလိုမျိုး သားတို့သမီးတို့လည်း အခြားသူတွေကို ဘယ်နှစ်ကြိမ်လောက် ဆက်ဆံဖူးသလဲဆိုတာ စဉ်းစား ကြည့်ပါအုံး။

(ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ရန်နှင့်ဘုရားသခင်ကို ပိုမိုချစ်၍ သူတစ်ပါးထံ မေတ္တာပြနိုင်ရန် ဘုရားသခင်ထံပါး ဆုတောင်းခြင်းအားဖြင့် အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ယနေ့အတွက် အခြေခံကျမ်းပိုဒ်ကို ပြန်လည်နွေးကြရအောင်။ ဝတ်၊ ၁၉း၁၈၊ "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ရမည်။" ဘယ်သူက သားတို့သမီးတို့ရဲ့ စပ်ဆိုင်သောသူ ဖြစ်ပါသလဲ။ ဘေးနားမှာ ထိုင်နေတဲ့သူများလား။ အိမ်မှာ အတူတူကစားတဲ့သူငယ်ချင်းများလား။ ဒါဆိုရင် ကိုယ်နှင့်စပ်ဆိုင်သော သူဆိုတာ ဘယ်သူပါလိမ့်။

(သင်ခန်းစာ ၈၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူနဲ့စပ်ဆိုင်တဲ့သူဆိုတာ ဘယ်သူလဲ။ (တစ်ဦးစီတိုင်းကို ထောက်ပြလိုက်ပါ။)

သူနဲ့စပ်ဆိုင်တဲ့သူဆီမှာ ဘယ်သူက မေတ္တာ ပြခဲ့သလဲ။

ကိုယ်နဲ့စပ်ဆိုင်သူကို မေတ္တာထားတယ်ဆိုတာကို ဘယ်အရာက ဖော်ပြပေးပါသလဲ။ --- အရုပ်တွေအားလုံးကို ကိုယ့်အတွက်ပဲ သိမ်းထားခြင်းလား ဒါမှမဟုတ် အတူမျှဝေခြင်းလား။

---- ကိုယ်ကပဲ အရင်ယူခြင်းလား ဒါမှမဟုတ် အခြားလူတွေကို ဦးစားပေးခြင်းလား။

---- ချော်လဲတဲ့သူကို ကူညီခြင်းလား ဒါမှမဟုတ် ကိုယ်လုပ်နေတာပဲဆက်ပြီးတော့ လုပ်ဆောင်ခြင်းလား။

---- အကောင်းဆုံး၊ အကြီးဆုံးတွေကိုပဲ အရင်ရဖို့ ကြိုးစားခြင်းလား ဒါမှမဟုတ် ကိုယ့်အလှည့်ကို စောင့်ခြင်းလား။

မေတ္တာမပြပဲနဲ့ သားတို့သမီးတို့ အမှားတွေ လုပ်ခဲ့ဖူးပါသလား။ ဆရာ/မ ကိုယ်တိုင်လည်း လုပ်ခဲ့ဖူးပါတယ်။ အဲဒါကို ဘုရားသခင်က ဘယ်လိုခေါ်သလဲဆိုတာ သိသလား။ ဟုတ်တယ် – အပြစ်လို့ ခေါ်ပါတယ်။

ဘုရားသခင်ဟာ အပြစ်ကို မုန်းတယ်။ သမ္မာကျမ်းစာက ဆရာ/မ တို့အားလုံး အပြစ်ကျူးလွန်ကြတယ်လို့ ပြောတယ်။

ဆရာ/မ တို့ ကယ်တင်ရှင်ကို လိုအပ်ပါတယ်။ ယေရှုရှင်က ဆရာ/မ တို့ရဲ့ အပြစ်တွေအားလုံးကနေ ကယ်တင်ဖို့ ဆင်းကြွလာခဲ့တယ်။

ဘုရားသခင် ချစ်စေချင်တဲ့အတိုင်း မေတ္တာထားနိုင်ဖို့ ဘုရားသခင်က ဆရာ/မ တို့ရဲ့ နှလုံးသားကို ပြောင်းလဲစေ နိုင်တယ်။

အခြားလူတွေကို မေတ္တာပြဖို့ ဘာတွေလုပ်ဆောင်နိုင်ပါသလဲ။

ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ပါသလား။

(ဘုရားသခင်က ကလေးငယ်တစ်ယောက်ချင်းစီ၏ နှလုံးသားကို ပြောင်းလဲစေရန် ဆုတောင်းပေးပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၈၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပြီး ပုံပြင်ကို ပြန်၍ အကျဉ်းနွေးပေးပါ။)

ဘာကြောင့် ဒီပုံပြင်ကို ယေရှုရှင် ပြောခဲ့ရတာလဲ။ သားတို့သမီးတို့ သိပါသလား။

ဒီပုံပြင်ကို မပြောခင် ယေရှုရှင်ဆီကို လူတစ်ယောက် ရောက်လာခဲ့တယ်။ အဲဒီလူက ထာဝရအသက် ဘယ်လို ရနိုင်မလဲဆိုတာကို သိချင်ခဲ့တယ်။ ထာဝရအသက်လို့ပြောတဲ့အခါမှာ ဘုရားသခင်နဲ့ထာဝရ ကောင်းကင်နိုင်ငံမှာ စိုးစံရခြင်း ဖြစ်တယ်။

သားတို့သမီးတို့လည်း ထာဝရအသက်ကို ရယူပိုင်ဆိုင်ချင်ပါသလား။

ယေရှုရှင်က ပညတ်တော်က ဘယ်လိုပြောထားသလဲဆိုပြီး မေးခဲ့တယ်။ အဲဒီလူက ဘယ်လိုပြန်ဖြေခဲ့သလဲ ဆိုတာကို သမ္မာကျမ်းစာထဲကနေ ကြည့်ရအောင်။ လုကာ၊ ၁၀း၂၇ ကို ဖတ်ပေးလိုက်ပါ။

အဲဒီလူရဲ့အဖြေဟာ မှန်ပါသလား။

မှန်တယ် – ဘုရားသခင်က သူ့အပေါ် မေတ္တာထားတယ်လို့ ပြောတဲ့အခါမှာ၊ စိတ်နှလုံးအကြွင်းမဲ့၊ ဥာဏ်စွမ်းရှိသမျှ ချစ်ရမည်ဟု ဆိုထားသည် (ဆရာ၊မ တို့ရဲ့ ခန္ဓာ၊စိတ်၊ ဝိညာဉ် သုံးပါးလုံးနဲ့)။ အဲဒီလူက အဲဒီလို ချစ်နိုင်တယ်လို့ ထင်ခဲ့တယ်။ သားတို့သမီးတို့လည်း ထင်ကောင်းထင်နိုင်ပါတယ်။

ဒါပေမယ့် ဘယ်သူက အဲဒီလို ပြီးပြည့်စုံစွာ မေတ္တာထားနိုင်မှာလဲ။ သားတို့သမီးတို့ လုပ်နိုင်မလား၊ ဆရာ၊မ တို့ရော လုပ်နိုင်မယ်လို့ ထင်သလား။

အဲဒါကြောင့်မို့ ယေရှုရှင်က ဒီပုံပြင်ကိုပြောခဲ့တာ ဖြစ်တယ်။ ယေရှုရှင်က အဲဒီလူကို အပြစ်သားဖြစ်တဲ့ အကြောင်းနဲ့၊ ကယ်တင်ရှင် လိုအပ်နေတဲ့အကြောင်းကို သိစေလိုတယ်။

သားတို့သမီးတို့ရော ကယ်တင်ရှင် လိုအပ်ပါသလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၈၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြလိုက်ပါ။)

တကယ်လို့ ဆရာ၊မ ဒီလူဟာ (ရှမာရိသူတော်ကောင်းပုံကို ထောက်ပြလိုက်ပါ) ဘုရားသခင်ကို သူ့ရဲ့နှလုံးသား အပြည့်နဲ့ချစ်တယ်လို့ ပြောတယ်ဆိုရင် သားတို့သမီးတို့ ယုံကြည်မလား။ ဘာကြောင့်လဲ။

တကယ်လို့ ဆရာ၊မ ဒီလူဟာ (မြည်းပေါ်၌ ရှိသောသူ ထောက်ပြလိုက်ပါ) ဘုရားသခင်ကို သူ့ရဲ့နှလုံးသား အပြည့်နဲ့ချစ်တယ်လို့ ပြောတယ်ဆိုရင် မှန်ပါ့မလား။

တကယ်လို့ အဲဒီပုဂ္ဂိုလ်ဟာ ကျမ်းချက်တွေလည်းအများကြီးရထားတယ် နောက်ပြီးတော့ သူ့ရဲ့ မိဘတွေ ကလည်း သာသနာပြု ဆရာ၊မ တွေဖြစ်ကြတယ်လို့ ပြောတယ်ဆိုရင်ရော ဘယ်လိုလဲ။ ဆရာ၊မ ပြောတာကို သားတို့သမီးတို့ ယုံကြည်ကြမလား။

အကယ်လို့ အဲဒီပုဂ္ဂိုလ်ဟာ သင်းအုပ်ဆရာတစ်ပါး သို့မဟုတ် ဆန်းဒေးစကူးလ် ဆရာတစ်ပါးဖြစ်တယ်ဆိုရင် သူဟာ ဘုရားသခင်ကို စိတ်နှစ်လုံးအကြွင်းမဲ့ ချစ်တယ်လို့ပြောရင် ဖြစ်နိုင်ပါ့မလား။

ဘာလို့ မဖြစ်နိုင်ရတာလဲ။ သူကမှ မေတ္တာလည်းမပြု သနားခြင်းလည်း မရှိဘူးလေ။ ဘုရားသခင်ဟာ မေတ္တာတော်ရှင်၊ သနားခြင်းကရုဏာတော်ရှင် ဖြစ်တယ်။ ဘုရားသခင်ကို ဆရာ၊မ တို့က ချစ်တဲ့အခါမှာ ဘုရားသခင်ရဲ့ မေတ္တာတရားက ဆရာ၊မ တို့ရဲ့ နှလုံးသားကနေတစ်ဆင့် အခြားသူများဆီ စီးဆင်းထွက်လာတာ ဖြစ်တယ်။

တကယ်လို့ သားတို့သမီးတို့က ထိခိုက်ဒါဏ်ရာ ရထားတယ်ဆိုရင် ဘယ်သူ့ကို လာစေချင်သလဲ။

ဒီပုံထဲက ဘယ်သူ့ကို လာစေချင်သလဲ။ (ကလေးများအား ပုံကို ထောက်စေပါ။)

အဲဒီလို ပုဂ္ဂိုလ်ဖြစ်လာဖို့ ဘယ်သူက သားတို့သမီးတို့ကို ကူညီနိုင်သလဲ။

ဓမ္မသစ် ပုံဝတ္ထုများ

83

# လောက၏ အလင်းဖြစ်သူက မျက်မမြင်သောသူအား မျက်စိအလင်းပေးခဲ့သည် – ယေရှုရှင်က မွေးကတည်းက မျက်မမြင်သူအား ကျန်းမာစေခဲ့သည်

## ကျမ်းညွှန်း – ယော၊ ၉

## အဓိကအချက်များ

- ဘုရားသခင်သည် ခပ်သိမ်းသော တန်ခိုးတော်ရှင်ဖြစ်သည် – သူ့အတွက် ခက်ခဲသည့်အရာမရှိ မျက်စိမမြင်သောသူကို ပြန်လည်၍ မြင်စေနိုင်သည်
- ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည်
  မျက်မမြင်သောသူက ယေရှုရှင်ကို ယုံကြည် ကိုးစားခဲ့သည်
  **အောက်ပါအချက်များကိုလည်း ပြောပြနိုင်ပါသည်** –
  ယေရှုရှင်ရဲ့အမှန်ဖြစ်တည်ခြင်းကို မမြင်ပဲ၊ ယုံကြည်ကိုးစားမှုမရှိခြင်းက မျက်မမြင်ခြင်းထက် ပို၍ဆိုးသည်။
  ယေရှုရှင်ကို မယုံကြည်ခြင်းကသာလျှင် အမှန်အမြင်ကင်းမဲ့ခြင်း ဖြစ်သည် – ယေရှုရှင်သည် သူ့ကို ကိုးကွယ် ယုံကြည်ရန်အတွက် လူသားများကို လိုက်ရှာခဲ့သည် – အခန်းငယ် – ၃၅–၃၈
- ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်သည် – အရာခပ်သိမ်းကို ထိန်းချုပ်တော်မူသည် (မျက်စိမမြင်ခြင်းကိုပင် ထိန်းချုပ်နိုင်သည် – အခန်းငယ် – ၃)
- လူသားသည် ဘုရားသခင်ကို လိုအပ်ပေသည်။
- ယေရှုရှင် လုပ်ခဲ့သမျှသောအရာတိုင်းသည် ဖမည်းတော် ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန် ဖြစ်သည်။

## အချိတ်အဆက်များ (Hooks)

(ကလေးများကို မျက်စိမှိတ်စေပါ။) သားတို့သမီးတို့ ဘာမြင်လို့ရသလဲ။ စားပွဲကိုမြင်နိုင်သလား။ သားတို့ သမီးတို့ရဲ့လက်ကိုရော မြင်နိုင်သလား။ ဆရာ၊မကိုရော မြင်နိုင်သလား။ မျက်စိ မှိတ်ထားလျက်နဲ့ တံခါးရှိရာကို လမ်းလျှောက်ဖို့က ခက်ခဲပါသလား။

မျက်စိ ပြန်ဖွင့်လို့ ရပါပြီ။ စားပွဲကို မြင်ပြီလား။ လက်ကိုရော၊ ဆရာ၊မ ကိုရော မြင်ပြီလား။ တံခါးပေါက်ဆီကို သွားဖို့ ခက်ခဲအုံးမလား။

သမ္မာကျမ်းစာထဲက မျက်စိတော့ဖွင့်ထားပေမယ့် မျက်စိမမြင်တဲ့ လူတစ်ယောက်အကြောင်းကို ဒီကနေ့တော့ ဆရာ၊မ ပြောပြသွားမယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ ကြားခဲ့ရတဲ့ ပုံပြင်နဲ့ပတ်သက်ပြီးတော့ သားတို့သမီးတို့ ဘာကိုနှစ်သက်မိသလဲ။

ယေရှုရှင်ဟာ ဘယ်လိုမျိုးပုဂ္ဂိုလ် ဖြစ်ပါသလဲ။ မျက်မမြင်ကို ဘာကြောင့်မို့ ကျန်းမာစေရတာလဲ။

မျက်စိပြန်မြင်ပြီးတဲ့နောက် ဘုရားသခင်ကို အလွန်ကျေနပ်စေတဲ့အရာတစ်ခုကို အဲဒီလူ လုပ်ဆောင်ခဲ့တယ်။

အဲဒါဘာလဲဆိုတာ သားတို့သမီးတို့ သိပါသလား။

အရိပ်အမြွက် – ယေရှုရဲ့အကြောင်းအရာနဲ့ပတ်သက်ပြီးတော့ သူ့ကိုရန်မူတဲ့သူတွေက မကောင်းကြောင်း ပြောတဲ့အခါမှာ သူဘာလုပ်ခဲ့သလဲ။ ယေရှုရှင်အပေါ် ထားရှိတဲ့ယုံကြည်ခြင်း ရပ်တန့်သွားသလား ဒါမှမဟုတ် ဆက်ပြီးတော့ ယုံကြည်ကိုးစားခဲ့သလား။

ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားတော် ဖြစ်တယ်ဆိုကိုပြောတော့ အဲဒီလူ ဘာလုပ်ခဲ့သလဲ။

မှန်ပါတယ် – ယေရှုရှင်ကို ယုံကြည်ကိုးစားခဲ့တယ်။

ဘုရားသခင် ကျေနပ်မယ်လို့ ဆရာ/မ တော့ ယုံကြည်တယ် – ဘာလို့လဲဆိုတော့ ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေတယ်လေ။

သားတို့သမီးတို့ရော ဘုရားသခင်ကို ယုံကြည်ပါသလား။

သားတို့သမီးတို့အတွက် ယေရှုရှင်က အံ့ဖွယ်လုပ်ဆောင်ပေးခဲ့တာမျိုး ရှိပါသလား။ အခြားလူတွေကို အဲဒီအကြောင်း ပြန်ပြီး ပြောပြနိုင်မလား။

ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်တယ်ဆိုတာကို မယုံကြည်တဲ့သူတွေနဲ့ သားတို့သမီးတို့ ရှိနေတဲ့ခါမှာ ဘာလုပ်မလဲ။ ယေရှုရှင်ကို သားတို့သမီးတို့ဆက်ပြီး ယုံကြည်နေအုံးမှာလား။

ကျန်းမာစေခြင်းကိုခံစားခဲ့ရတဲ့ လူလိုမျိုးပဲ ယေရှုရှင်ရဲ့စကားကို နားထောင်ပြီး၊ ကိုယ်တော်ကို သားတို့သမီးတို့ ယုံကြည်ကိုးစား နိုင်ပါ့မလား။

ယုံကြည်ကိုးစားခြင်းက ဘုရားသခင်ကို ကျေနပ်စေပါတယ်။

(ကလေးတစ်ယောက်စီတိုင်းက ဘုရားသခင်ကို ယုံကြည်ကိုးစားရင်း ကျေနပ်စေရန် ဆုတောင်းပေးလိုက်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ကြားခဲ့တဲ့ ပုံပြင်ထဲကလူက မျက်စိမြင်နိုင်သလား။ မမြင်နိုင်ခဲ့ပါဘူး။

ဘယ်လောက်ပဲ ကြိုးစားနေပါစေ သူမျက်စိ ပြန်မြင်နိုင်ဖို့ တတ်စွမ်းနိုင်သလား။

ဘယ်သူက သူ့ရဲ့မျက်စိကို ဖန်ဆင်းခဲ့သလဲ။ သားတို့သမီးတို့ရဲ့မျက်စိကို ဘယ်သူလုပ်ထားသလဲ။ မြင်နိုင်တဲ့ အမြင်ကိုလည်း ဘယ်သူပေးထားသလဲ။ မှန်တယ် – ဘုရားသခင်က ပေးထားတာ ဖြစ်တယ်။

ဘုရားသခင်က သူ့မျက်စိ မြင်အောင်လုပ်နိုင်သလား။ လုပ်နိုင်တာပေါ့၊ ဘုရားသခင်မှာ တန်ခိုးရှိတယ်လေ၊ ခပ်သိမ်းသောအရာကို သူတတ်စွမ်းနိုင်တယ်။

အဲဒီလူက ဘယ်လောက်ကြာကြာ မျက်စိကန်းခဲ့တာလဲ။ မှန်တယ် – မွေးကတည်းကဆိုတော့ အရမ်းကြာ မှာပေါ့။

ဘုရားသခင်က အဲဒီမျက်ကန်းကို သိပါသလား။ မှန်ပါတယ် – ဘုရားသခင်က ခပ်သိမ်းသောအရာတို့ကို သိမြင်တော်မူတယ်။

ဘုရားသခင်ဟာ တန်ခိုးရှိတော်မူပြီး တတ်စွမ်းနိုင်တဲ့အတွက်ကြောင့် မျက်စိကန်းတဲ့သူကို ပြန်လည်မြင်စေနိုင်ခဲ့တယ်။

အဲဒီမျက်စိကန်းတဲ့သူ မွေးခါစကလေးလေးအရွယ်တုန်းက ဘုရားသခင်က သူ့ကိုသိခဲ့မယ်၊ ဂရုစိုက်ခဲ့မယ်လို့ ထင်သလား။ အဲဒီတုန်းက ဘုရားသခင်က သူ့ကိုကျန်းမာစေခဲ့သလား။

မျက်စိကန်းတဲ့ကောင်လေးအရွယ်မှာ ဘုရားသခင်က သူ့ကို သိမှတ်ဂရုစိုက်ပါသလား။ အဲဒီအချိန်က ဘုရားသခင်က သူ့ကိုကျန်းမာစေခဲ့သလား။

အသက်ကြီးလာတဲ့အခါမှာ ဘုရားသခင်က သူ့ကို သိမှတ်ဂရုစိုက်ပါသလား။ သူကတော့ မျက်စိကန်းဘဝနဲ့ နေခဲ့တာ တော်တောကြာခဲ့ပြီ။

ဘယ်အချိန်မှာမှ ဘုရားသခင်က သူ့ကိုကျန်းမာစေခဲ့တာလဲ။ မှန်တယ် သူအသက်ကြီးလာပြီးမှ ကျန်းမာစေခဲ့တာ ဖြစ်တယ်။

အဲဒီလိုလုပ်ရတာ ဘုရားသခင်က သူ့ကိုဂရုမစိုက်လို့လား။ အစကတည်းက ဘုရားသခင်က သူ့ကို မကျန်းမာစေနိုင်လို့လား။ ဘုရားသခင်အတွက် ခက်ခဲတဲ့အရာ ဘာရှိလို့လဲ။

ဘုရားသခင်မှာ ပိုပြီးကောင်းတဲ့ အကြံအစဉ်တစ်ခု ရှိနေခဲ့တယ်။ ဘယ်အရာက အကောင်းဆုံးဖြစ်လဲဆိုတာကို ဘုရားသခင် အမြဲတမ်းသိတယ်။

မျက်ကန်းတဲ့သူက ဘုရားသခင်ရဲ့ရည်ရွယ်ချက်ကို သိပါသလား။ သူ့ရဲ့မိဘတွေကလည်း သိပါသလား။

ဘုရားသခင်က ဆရာ၊မ တို့ကို အမြဲတမ်း ကျန်းမာစေသလား။ ဘုရားသခင်က အမြဲတမ်း ဂရုစိုက်ပေးပါသလား။

ဘုရားသခင် ဘာလုပ်နေသလဲ – ဘာရည်ရွယ်ချက်တွေ ရှိသလဲဆိုတာကို သားတို့သမီးတို့ အမြဲတမ်း သိပါသလား။ သားတို့သမီးတို့ရဲ့မိဘတွေကရော သိပါသလား။

တကယ်လို့သားတို့သမီးတို့ နားမလည်တဲ့အရာ၊ သားတို့သမီးတို့ရဲ့မိဘတွေက ဘာ့ကြောင့်ဖြစ်တယ်ဆိုတာကို မသိတဲ့အရာတစ်စုံတစ်ခု ဖြစ်ပျက်ခဲ့ရင် ဘယ်လိုလုပ်မလဲ။

ဘယ်သူသိနေသလဲ။ ဘယ်သူက အမြဲတမ်းဂရုစိုက်နေသလဲ။

ဘယ်သူ့မှာတာဝန်ရှိလဲ။ ဘယ်သူက ဂရုစိုက်ပေးနိုင်သလဲ။

ယေရှုရှင်ကို သားတို့သမီးတို့ ယုံကြည်အားကိုး နိုင်ပါ့မလား။

သူ့ကို ယုံကြည်တယ်ဆိုရင် ဘုရားသခင် ဝမ်းမြောက်ပါတယ်။

("ဘုရားသခင်က အမြဲတမ်းကျန်းမာစေပါသလား" ဆိုသည့် မေးခွန်းအတွက် အဖြေမှာ "ကျန်းမာစေပါတယ်" ဟူ၍ ဖြစ်သည်။ ဘုရားသခင်ကို ယုံကြည်သောသူအပေါင်းတို့ကို အထက်ကောင်းကင်အရပ်၌ ကျန်းမာစေအံ့မည် ဖြစ်သည်။ အချို့ကိုမူ ယခုကတည်းကစ၍ ကျန်းမာစေလျက်ရှိသည်။)

မဗ္ဗသစ်
ပုံဝတ္ထုများ

# 84 ယေရှုရှင်က ကလေးသူငယ်များကို လက်ခံခဲ့သည်

## ကျမ်းညွှန်း – မာကု၊ ၁၀း၁၃–၁၆

## အဓိကအချက်များ

- ဘုရားသခင်၏နိုင်ငံတော်သည် လူမျိုးအားလုံးအတွက် ဖြစ်သည် – ကလေးနှင့်လူကြီးများအားလုံး
- ဘုရားသခင်၏နိုင်ငံတော်သည် ကလေးငယ်တစ်ဦး၏ စိတ်နေသဘောထားရှိသောသူတို့အတွက် ဖြစ်သည် (ကလေးငယ်တစ်ဦး၏ယုံကြည်ခြင်း၊ လက်ခံနိုင်ခြင်းနှင့် နှိမ့်ချခြင်းအသကတ်တာ)
- မိမိထံသို့လာသောသူတိုင်းအား ဘုရားသခင် ကြိုဆိုလျက်ရှိသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(နှိပ်ဖွင့်ရသည့် ဘောပင်တွင် ပါရှိသည့် စပါရင်း (spring) အသေးလေးတစ်ခုကို ပြလိုက်ပါ။) ဒီအရာလေးက အရေးကြီးတယ်လို့ ထင်ရပါသလား။ တကယ်တော့ ဒါကသေးသေးလေးပဲ မဟုတ်လား။ အရမ်းလည်း သန်မာတဲ့ပုံ မပေါ်ပါဘူး။ အရေးကြီးပုံလည်း မပေါ်ဘူး မဟုတ်လား။

ဒါကဘာလဲဆိုတာ သိတဲ့သူရှိလား။ ဒါကို စပါရင်းလို့ခေါ်တယ်။ ဒါဟာ ဆရာ/မ ဘောပင်ရဲ့အစိတ်အပိုင်း တစ်ခု ဖြစ်တယ်။ ဒါပေမယ့် ဆရာ/မ ရဲ့ ဘောပင်က အလုပ်မလုပ်ဘူး ဖြစ်နေတယ်။ (အလုပ်အလုပ်ကြောင်း ပြလိုက်ပါ။)

ဘာကြောင့် ဆရာ/မ ရဲ့ ဘောပင် အလုပ်မလုပ်ရသလဲဆိုရင် ဘာမှအရေးမကြီးဘူးလို့ထင်ရတဲ့ ဒီစပါရင်းလေးက သူ့နေရာနဲ့သူ ရှိမနေလို့ ဖြစ်တယ်။ (ဘောပင်ထဲသို့ စပါရင်းအား ပြန်တပ်လိုက်ပါ။) စပါရင်းကို ဆရာ/မ က ပြန်တပ်လိုက်တဲ့အခါမှာ ဘာဖြစ်သွားလဲ ကြည့်ပါအုံး။ (ဘောပင်ဖြင့် စာရေးပြလိုက်ပါ။) ဘောပင်က ပြန်ပြီး အလုပ်လုပ်ပြီဟေ့။ အခုမှာတော့ ဆရာ/မ ရဲ့ ဘောပင်နဲ့စာပြန်ရေးလို့ ရပါပြီ။

ကဲဒါဆိုရင် ဒီစပါရင်း သေးသေးလေးက အရမ်းကိုအရေးကြီးပါသလား။ မှန်တယ် – အဲဒီ စပါရင်း သေးသေးလေးက ဆရာ/မ အတွက် အရမ်းကိုအရေးကြီးပါတယ်။

သေးငယ်တဲ့ အရာတွေဟာ အရမ်းကိုအရေးကြီးတတ်ပါတယ်။

ဒါပေမယ့် ယေရှုရှင်ရဲ့တပည့်တော်တွေကတော့ အဲဒီအချက်ကို မသိခဲ့ကြဘူး။ အဲဒီအကြောင်းအရာ ပုံပြင်ကို သားတို့သမီးတို့ နားထောင်ချင်ကြလား။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(ရောင်ခြယ်စာအုပ်မှ သင်ခန်းစာ ၈၄ အတွက် ပြင်ဆင်ထားသောရုပ်ပုံအား ကလေးများကို အရောင်ခြယ်သစေပါ။)

(ရောင်ခြယ်စာအုပ်ပါပုံကို ပြလိုက်ပါ။) ယေရှုရှင်နဲ့ပတ်သက်ပြီးတော့ ဒီကနေ့ဘာအကြောင်း သင်ခဲ့သလဲ။ သူဟာ ဘယ်လိုမျိုးပုဂ္ဂိုလ် ဖြစ်ပါသလဲ။

ဘယ်လိုလူတွေကို ယေရှုရှင်က ကြိုဆိုပါသလဲ။ အရွယ်ရောက်ပြီးတဲ့သူတွေကိုလား၊ ကလေးတွေကိုလား၊ အသက်ကြီးတဲ့သူတွေလား၊ အမေရိကန်နိုင်ငံက လူတွေကိုလား၊ ဟိုးပင်လယ်ရပ်ခြားက သူတွေကိုလား၊ မျက်စိအပြာရောင်ရှိတဲ့သူတွေကိုလား၊ အရပ်မြင့်တဲ့သူတွေ၊ ပုတဲ့သူတွေ၊ အများကြီးလား၊ အနည်းငယ်ကိုပဲလား။ ဘယ်သူတွေကို သူဖိတ်ခေါ်ခဲ့သလဲ။

ဘယ်လိုပုံစံပဲရှိနေပါစေ၊ ဘယ်ကနေပဲလာလာ၊ ဝသည်ဖြစ်စေ၊ ပိန်သည်ဖြစ်စေ ယေရှုရှင်ကတော့ သားတို့သမီးတို့ကို ကြိုဆိုနေအုံးမှာပဲ။ ဟုတ်တယ်မဟုတ်လား။

သားတို့သမီးတို့က ယေရှုရှင်ဆီကိုလာမယ်ဆိုရင် သူကြိုဆိုပါ့မလား။

ဆုတောင်းခြင်းအားဖြင့် ယေရှုရှင်ဆီကို သွားကြရအောင်။ ယေရှုရှင်နဲ့စကားပြောချင်ကြလား။ ဆရာ/မ တို့ မျက်စိမှိတ်၊ ဒူးထောက်နေတဲ့အချိန်မှာ ယေရှုရှင်နဲ့စကားပြောကြရအောင်။ အားလုံးပြီးသွားတဲ့ အချိန်မှာ ဆရာ/မ က "အာမင်" ဆိုပြီးတော့ အဆုံးသတ်ပေးမယ်။

(လုပ်ဆောင်ရမည့်စာအုပ်အတွက် အကြံပေးခြင်း – ကလေးများကို ၎င်းတို့၏ပုံအား ယေရှုရှင်၊ အခြားသူများနှင့်အတူ ရှိနေသည့်ပုံကို ဆွဲစေပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

အချို့အရာတွေက အသက်အရွယ်ကြီးပြီးတဲ့သူတွေအတွက်ပဲ ဖြစ်တတ်တယ်။ အဲဒီအရာတွေအတွက် ကလေးတွေက အရမ်းငယ်သေးတာလည်း ဖြစ်နိုင်တယ်။

ကလေးတွေအတွက်မဟုတ်တဲ့အရာမျိုး သားတို့သမီးတို့ စဉ်းစားနိုင်ပါသလား။ (ကားမောင်းခြင်း၊ မီးဖြင့် ထမင်းဟင်း ချက်ပြုခြင်း၊ မီးမွှေးခြင်း၊ လမ်းဖြတ်ကူးခြင်း၊ ဈေးကို တစ်ယောက်တည်းသွားဝယ်ခြင်း စသည်ဖြင့်)

ကြားခဲ့ရတဲ့ပုံပြင်ထဲမှာ အချို့လူတွေက ဘုရားသခင်ရဲ့နိုင်ငံတော်က အသက်ကြီးတဲ့သူတွေအတွက်ပဲ ဖြစ်တယ်လို့ ထင်ခဲ့ကြတယ်။

ကလေးတွေနဲ့အတူရှိနေဖို့အတွက် ယေရှုရှင်ဟာ အရမ်းအလုပ်ရှုပ်နေတယ်၊ အရမ်းအရေးကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အချိန်ပေးနိုင်မှာ မဟုတ်ဘူးလို့ သူတို့တွေထင်မှတ်ထားခဲ့ကြတယ်။ သူတို့ ထင်မြင်ချက်က မှန်ပါသလား။

သားတို့သမီးတို့ဆိုလိုတာက ယေရှုရှင်ဟာ ကလေးတွေကို အချိန်ပေးဖို့ အလုပ်မရှုပ်ဘူးလို့ ဆိုလိုတာလား။ ယေရှုရှင်နဲ့စကားပြောဆိုဖို့ အသက်ကြီးလာမှ မဟုတ်ပါဘူး။ မှန်ပါတယ် – ယေရှုရှင်က သားတို့သမီး တို့ကိုလည်း ဖိတ်ခေါ်တော်မူတယ်။

ယေရှုရှင်ကိုယ်တိုင်က သူ့ဆီကိုလာတဲ့သူတိုင်း ကလေးငယ်ကဲ့သို့ ဖြစ်ရမယ်လို့ ပြောခဲ့တယ်။

ဆရာ/မ စဉ်းစားပါရစေ၊ သားတို့သမီးတို့လို ဆရာ/မ က ဖြစ်နိုင်သေးလို့လား။

သားတို့သမီးတို့က ယယ်တယ် – ဆရာ၊မ ကတော့ ယယ်လို့ မရတော့ဘူး၊

သားတို့သမီးတို့က အသစ်အသစ်တွေ အများကြီးသင်နေကြတယ် – မှန်တယ် ဆရာ၊မလည်း ယေရှုရှင်ဆီကနေ သင်ယူလို့ ရနေဆဲပဲ။

ကလေးတွေက နှိမ့်ချကြတယ် – သားတို့သမီးတို့က အရာရာကိုမသိဘူး – ဆရာ၊မလည်း နှိမ့်ချနိုင်တယ်၊ ဆရာ၊မ ကိုယ်တိုင်လည်း အရာရာကိုမသိပါဘူး။ ယေရှုရှင်နောက်ကို လိုက်လျှောက်ရင်းနဲ့သူ့ကို ကိုးစားဖို့ လိုအပ်တယ်။

သားတို့သမီးတို့ကလည်း အသစ်တွေကို စမ်းကြည့်ဖို့ အဆင်သင့်ဖြစ်သလို – ဆရာ၊မ ကလည်း ယေရှုရှင်ကို အားကိုးရင်းနဲ့ရှိနေတဲ့အခြေအနေမျိုးမဟုတ်တော့ပဲ အခြားတစ်စုံတစ်ခုကို ကြိုးစားလို့ နိုင်ပါတယ်။

ရှေ့ရေးအတွက် သားတို့သမီးတို့ဟာ ဘုရားသခင်နဲ့မိဘတွေရဲ့သွန်သင်ခြင်းကို ခံရသလို၊ ဆရာ၊မ လည်း ခေါင်းမမာပဲနဲ့ ဘုရားသခင်ရဲ့သင်ကြားပေးခြင်းကို ခံယူနိုင်ပါတယ်။

(အထက်ပါအချက်များသည် အကြံပေးသည့်သဘောဖြင့်သာ ဖော်ပြထားခြင်းဖြစ်ရာ၊ သင်နှင့် သင့်အဖွဲ့ဝင်များ အနေနှင့် အခြားခြားသောအကြံဉာဏ်များကို ဖြည့်စွက်နိုင်ပါသည်။)

(ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် အဆုံးသတ်လိုက်ပါ။)

# ယေရှုရှင်က ပျောက်သောသူကို ရှာဖွေသည်

ဓမ္မသစ်
ပုံဝတ္ထုများ

85

ယေရှုရှင်က ပျောက်သော သိုးနှင့် ဒင်္ဂါးပြား ပုံပြင်ကို ပြောပြခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၁၅း၁–၁၀

## အဓိကအချက်များ

- ယေရှုရှင်သည် မိမိနှင့်သက်ဆိုင်သူများကို သွေးဆောင်တော်မူ၍ ထိုသူတို့ကို ကယ်တင်ရန် ခရီးရှည်ကြီးကို ဆက်လျှောက်မည် ဖြစ်သည်။
ယေဇကျေ၊ ၃၄း၁၁–၁၆ ကို ကြည့်ပါ
- အပြစ်သားတစ်ယောက် နောင်တရသည့်အခါ ဘုရားသခင် ဝမ်းမြောက်သည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်**

(သင့်ကျမ်းစာအုပ် ပျောက်သွားသကဲ့သို့ ဟန်ဆောင်ပါ။) ဆရာ၊မ ကျမ်းစာအုပ် ဘယ်ရောက်သွားပါလိမ့်။ ကျမ်းစာအုပ် လိုပါတယ်ဆိုမှ။ ထိုင်ခုံအောက်မှာများလား။ သားတို့သမီးတို့ရဲ့ခုံအောက်မှာများ ရှိနေမလား။ ဒါမှမဟုတ် အိတ်ထဲမှာနဲ့တူတယ်။ အိတ်ထဲမှာလည်း မရှိဘူး။ ဆရာ၊မ ရဲ့ ကျမ်းစာအုပ် ဘယ်ရောက်နေပါလိမ့်။ သမ္မာကျမ်းစာထဲက ပုံပြင်ပြောဖို့ ဆရာ၊မရဲ့ ကျမ်းစာအုပ်ရှိမှ ဖြစ်မယ်။

ဆက်ရှာရအုံးမလား။ (ဟိုကြည့်ဒီကြည့် လုပ်ပြီးမှ သမ္မာကျမ်းစာကို ရှာတွေ့ရှိလိုက်ပါ။) ဟေး တွေ့ပြီ ဆရာ၊မ ရဲ့ ကျမ်းစာက ဒီမှာရှိနေတာကိုး။

ဆရာ၊မ ရဲ့ ကျမ်းစာကို ပြန်တွေ့တာ သားတို့သမီးတို့ ဝမ်းသာပါသလား။ အခုမှပဲ ကျမ်းစာထဲက ပုံပြင်ကို ပြောလို့ရတော့မှာ။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

သားတို့သမီးတို့ ပိုင်တဲ့အရာတစ်ခုခု ပျောက်ဖူးပါသလား။ အရမ်းနှစ်သက်တဲ့အရုပ်လေး သို့မဟုတ် တစ်ခုခုပေါ့။

အဲဒီလိုအချိန်မှာ ဘယ်လိုခံစားရသလဲ။ ဘာတွေလုပ်တတ်လဲ။ ပြန်ရှာဖူးသလား။

ပျောက်သွားတာကို ပြန်တွေ့တဲ့အခါမှာ ဘယ်လိုခံစားရသလဲ။

ဘုရားသခင်ကလည်း လမ်းပျောက်နေတဲ့အပြစ်သားတွေကို ပြန်တွေ့တဲ့အခါမှာ ပျော်ရွှင်နေပါတယ်။

အပြစ်ဆိုတာက ဘုရားသခင်ရှေ့တော်မှောက်ကနေ ထွက်ပြေးသွားခြင်းမျိုး ဖြစ်တယ်။ အပြစ်က ဆရာ၊မ တို့ကို ဘုရားသခင်ရှေ့တော်ကနေ ပျောက်သွားစေတယ်။

ဆရာ၊မ တို့အားလုံး အပြစ်သင့်သောသူတွေဖြစ်တယ်လို့ ဘုရားသခင်က ပြောထားတယ်။ အဲဒါက ဆရာ၊မ အပေါ်မှာ မှန်ပါသလား။ မှန်တာပေါ့ ဆရာ၊မလည်း ပါတာပေါ့။

သားတို့သမီးတို့လည်း ပါသလား။ ပါတာပေါ့။ မိဘစကား နားမထောင်တာကို ဘုရားသခင် မြင်နိုင်ပါသလား။

သားတို့သမီးတို့ရဲ့ မောင်တွေ၊ ညီမတွေအပေါ် သနားညှာတာမှု မရှိတာတွေကို ဘုရားသခင်သိပါသလား။
သားတို့သမီးတို့ ပြောတဲ့မကောင်းတဲ့အရာတွေကို ဘုရားသခင်ကြားပါသလား။
အဲဒီအရာတွေဟာ အပြစ်ဖြစ်တယ်လို့ ဘုရားသခင်က ပြောထားတယ်။
ဘုရားသခင်က ဘာလုပ်မလဲ။ ဘုရားသခင်ဟာ ဘယ်လိုမျိုးပုဂ္ဂိုလ်ဖြစ်ပါသလဲ။
ဘုရားသခင်ဟာ ဘယ်လိုမျိုးပုဂ္ဂိုလ်ဖြစ်သလဲဆိုတာကို ပြသဖို့ ယေရှုရှင်က ဒီနေ့ကြားခဲ့တဲ့ ပုံပြင်တွေကို ပြောပြခဲ့တယ်။ (သင်ခန်းစာ ၈၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှပုံများကို ပြပေးပါ။)
သိုးထိန်းတွေက ဘာလုပ်သလဲ။ သိုးတွေကိုထိန်းတဲ့အခါမှာ ဂရုတစိုက်ထိန်းတာလား ဒါမှမဟုတ် စွန့်ပစ်ပါသလား။
သူ့ရဲ့သိုးကို ပြန်တွေ့တဲ့အခါမှာ သူဘယ်လိုခံစားရသလဲ။
အပြစ်သားတစ်ယောက် (ဘုရားသခင်ထံမှ ပျောက်သွားသောသူ တစ်ယောက်) နောင်တရအမှန်ရတယ်ဆိုရင် ဘုရားသခင် ဘယ်လိုခံစားပါသလဲ။
ဘုရားသခင် ဘာလုပ်မလဲ။
မှန်တာပေ့ါ အပြစ်ကို ခွင့်လွှတ်ပြီးတော့ အပြစ်သားကို ကြိုဆိုမှာပေ့ါ။
သားတို့သမီးတို့ရဲ့အပြစ်တွေကို ခွင့်လွှတ်ဖို့ ယေရှုရှင်ကို ယုံကြည်ပါသလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၈၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှပုံများကို ပြပေးပါ။) ပုံကို ကြည့်ပါအုံး – ဘာကို မြင်သလဲ။ ဘာလို့ သိုးထိန်းက သိုးကိုကျောပေါ်မှာ တင်ထားရတာလဲ။ သိုးက ဘာဖြစ်ခဲ့လို့လဲ။
သားတို့သမီးတို့ လမ်းပျောက်ဖူးပါသလား။ လမ်းပျောက်တယ်ဆိုတာက ကြောက်စရာကောင်းတယ် မဟုတ်လား။
အချို့ကလေးတွေက မိဘတွေဆီကနေ ထွက်ပြေးပြီး ပျောက်သွားခဲ့ကြတယ်။ အဲဒါကောင်းတဲ့အကြံအစည် ဟုတ်ပါသလား။
တချို့လူတွေက ယေရှုရှင်ဆီကနေ ထွက်ပြေးကြတယ်။ အဲဒါ ကောင်းတဲ့အကြံအစည် ဟုတ်ပါသလား။
သူဟာ ဘယ်လိုမျိုးပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာကို ပြောပြဖို့ ယေရှုရှင်က အဲဒီပုံပြင်တွေကို ပြောခဲ့ရခြင်းဖြစ်တယ်။
အဲဒီပုံပြင်ထဲက သိုးထိန်းဟာ ဘာလုပ်ခဲ့သလဲ။
ဒင်္ဂါးပြား ပျောက်သွားတဲ့အခါမှာ အမျိုးသမီးက ဘာလုပ်ခဲ့သလဲ။
အကယ်၍ သားတို့သမီးတို့ဟာ ယေရှုရှင်ပိုင်ဆိုင်တဲ့ သိုးတစ်ကောင်သာ ဖြစ်ခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်မလဲ။
ဆိုပါစို့ သားတို့သမီးတို့က ယေရှုရှင်ဆီကနေ လှည့်ပြေးလာကြပြီးတော့ ယေရှုရှင်ကို ပြန်မရှာချင်ဘူး။
ယေရှုရှင် ဘာလုပ်မယ်လို့ ထင်သလဲ။ သားတို့သမီးတို့ကို လက်လွှတ်မယ်လို့ ထင်သလား။
ပိုပိုဝေးတဲ့နေရာကို သားတို့သမီးတို့ ရောက်သွားပြီဆိုရင် သို့မဟုတ် ကြီးမားတဲ့ ပြဿနာထဲ ရောက်သွားခဲ့ ရင်ရော။
သားတို့သမီးတို့ကို ယေရှုရှင်က ဆက်ရှာအုံးမှာလား၊ လျစ်လျူရှုလိုက်တော့မှာလား။
မှန်ပါတယ် ယေရှုရှင်က လုံးဝလက်မမြှောက်ပဲ ဆက်ပြီးတော့ရှာနေအုံးမှာပဲ။
ဘာလို့ ယေရှုရှင် အဲဒီလို လုပ်ရတာလဲ။
မှန်ပါတယ် – ယေရှုရှင်ဟာ သူ့ရဲ့ သားသမီးတွေကို မေတ္တာထား ဂရုစိုက်တယ် – သူ့ကိုယုံကြည်ကိုးစားသူတိုင်း။
(ကောင်းသောသိုးထိန်းရှင် ယေရှုရှင် စေလွှတ်ပေးခဲ့သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် အဆုံးသတ်လိုက်ပါ။)

မွေးသစ်
ပုံဝတ္ထုများ

86

# သစ္စာရှိသောဖခင်က ပျောက်သောသားကို ပြန်လည်ကြိုဆိုခဲ့သည်

ယေရှုရှင်က ပျောက်သောသားပုံပြင်ကို ပြောပြခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၁၅း၁၁–၃၂

## အဓိကအချက်များ

- အပြစ်သားတစ်ယောက် နောင်တရသည့်အခါ ဘုရားသခင် ဝမ်းမြောက်တော်မူသည်။
- နောင်တရသောသူများအား ဘုရားသခင်က စိတ်အားထက်သန်စွာ အပြစ်ခွင့်လွှတ်ပေးသည်။
- လူသားသည် အပြစ်သား ဖြစ်သည်။
- ဘုရားသခင်သည် သစ္စာရှိတော်မူသည်။
- ဖခင်တစ်ဦးသာ သားသမီးများကိုချစ်သကဲ့သို့ ဘုရားသခင်က ကျွန်ုပ်တို့ကို ချစ်တော်မူသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(မှိုင်းမြိုင်းရန် စာမျက်နှာပါ ပျောက်သောသား၏ဖခင်ပုံကို ပြလိုက်ပါ။) ဒီလူက ယေရှုရှင် ပြောခဲ့တဲ့ပုံပြင်ထဲက လူဖြစ်တယ်။ ဒီလူ ဘာလုပ်နေတာလဲ။ ဘာကိုရှာနေသလဲ။ (ကလေးများကို တုံ့ပြန်ခွင့် ပေးပါ။) သူရှာနေတဲ့ အရာများစွာ ရှိနိုင်ပါတယ်။

ဒီလူ ဘာကို ရှာနေသလဲဆိုတာကို သားတို့သမီးတို့ သိချင်သလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ပြီးခဲ့တဲ့အပတ်ကတော့ သိုးတစ်ကောင်နဲ့ ဒင်္ဂါးပြားတစ်ခု ပျောက်သွားတဲ့အကြောင်း ဖြစ်တယ်။

ဒါပေမယ့် ဒီနေ့ပုံပြင်ထဲမှာတော့ နောက်တစ်ခုပျောက်တာ ရှိနေတယ်။ ဘာပျောက်သွားသလဲဆိုတာကို မှတ်မိကြသေးလား။

ကောင်းလေးတစ်ယောက်။ ဟုတ်လို့လား။ သူ ဘယ်လိုပျောက်သွားတာလဲ။

သူဘာလုပ်ခဲ့တာလဲ။ အဲဒီလိုလုပ်တာက မှန်ပါသလား။

(သင်ခန်းစာ ၈၆ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှပုံကို ပြလိုက်ပါ။) ပုံထဲမှာ ကောင်လေး ဘာလုပ်နေလဲ။

သူ ဘယ်လိုခံစားနေရသလဲ။

သူ ထွက်ပြေးလာခဲ့တဲ့အတွက် အရမ်းကိုဝမ်းနည်းနေခဲ့တယ်။

သားတို့သမီးတို့ အမှားလုပ်မိတဲ့အခါ ဘယ်လိုခံစားရပါသလဲ။

သူ့ရဲ့ဖခင်ကရော ဘာတွေလုပ်နေခဲ့သလဲ။

သူ့ရဲ့ဖခင်က သူသားကို ခွင့်လွှတ်ပေးခဲ့သလား။ သူ့ရဲ့သားကို ပြန်ပြီး ကြိုဆိုခဲ့သလား။

ဖခင်ကြီး ဘယ်လိုခံစားရမယ်လို့ ထင်သလဲ။
ဘုရားသခင်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်သလဲဆိုတာကိုပြသချင်လို့ ယေရှုရှင်က ဒီပုံပြင်ကို ပြောရတာဖြစ်တယ်လို့ ဆရာ၊မ ပြောခဲ့တာ မှတ်မိကြသေးသလား။
(ဘုရားသခင်သည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်းကို ပြသပေးသည့်ရုပ်ပုံထဲမှ လူပုဂ္ဂိုလ်ပုံကို ညွှန်ပြပါ။)
ဘုရားသခင်ဟာဆိုရင် ပုံပြင်ထဲမှာ တွေ့ရတဲ့ဖခင်လိုပါပဲ။
သားတို့သမီးတို့က အမှန်တကယ် နောင်တရလို့ရှိရင် ဘုရားသခင် ဘာလုပ်မှာလဲ။
မှန်တာပေါ့ – ဘုရားသခင်က သားတို့သမီးတို့ကို ခွင့်လွှတ်ပေးမှာ ဖြစ်တယ်။
သူ့ကိုယုံကြည်ကိုးစားပြီး တိုးဝင်ချဉ်းကပ်တဲ့ သူတိုင်းကို ဘုရားသခင်က ခွင့်လွှတ်ပေးမှာဖြစ်တယ်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ပြီးခဲ့တဲ့အပတ်ကတော့ သိုးတစ်ကောင်နဲ့ဒင်္ဂါးပြားတစ်ခု ပျောက်သွားတဲ့အကြောင်း ဖြစ်တယ်။
ဒါပေမယ့် ဒီနေ့ပုံပြင်ထဲမှာတော့ နောက်တစ်ခုပျောက်တာ ရှိနေတယ်။ ဘာပျောက်သွားသလဲဆိုတာကို မှတ်မိကြသေးလား။
ကောင်းလေးတစ်ယောက်။ ဟုတ်လို့လား။ သူ ဘယ်လိုပျောက်သွားတာလဲ။
သူ ဘာလုပ်ခဲ့တာလဲ။ အဲဒီလိုလုပ်တာက မှန်ပါသလား။
(သင်ခန်းစာ ၈၆ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှပုံကို ပြလိုက်ပါ။) ပုံထဲမှာ ကောင်လေး ဘာလုပ်နေလဲ။
သူ ဘယ်လိုခံစားနေရသလဲ။
သူထွက်ပြေးလာခဲ့တဲ့အတွက် အရမ်းကိုဝမ်းနည်းနေခဲ့တယ်။
သားတို့သမီးတို့ အမှားလုပ်မိတဲ့အခါ ဘယ်လိုခံစားရပါသလဲ။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဘုရားသခင်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်သလဲဆိုတာကိုပြသဖို့ ယေရှုရှင်ဟာ အခြားပုံပြင်တစ်ခုကို ပြောပြခဲ့တယ်။
(သင်ခန်းစာ ၈၆ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်မှပုံကို ပြလိုက်ပါ။)
ဒီနေရာမှာ ဘာဖြစ်နေသလဲဆိုတာကို တစ်ယောက်ယောက်က ပြောပြလို့ရမလား။ ကောင်လေးက ဘာလုပ်နေခဲ့သလဲ။
ဒီကောင်လေးလိုပဲ သားတို့သမီးတို့ရော ကိုယ့်သဘောနဲ့ကိုဆိုပြီး အသက်ရှင်ချင် ကြသလား။
မိဘစကားကို နားမထောင်တဲ့အချိန်မျိုး ရှိဖူးကြသလား။
အဲဒါတွေဟာ အပြစ်ဖြစ်တယ်။ ဘုရားသခင်က အပြစ်ကို မုန်းတီးတော်မူတယ်။
ဒီကောင်လေးလဲ အပြစ်လုပ်ခဲ့တယ်။ ဖခင်ရဲ့အဝေးကို ပြေးသွားခဲ့ပြီး အဆက်ပျက်ခဲ့တယ်။
သူ အိမ်ပြန်လာဖို့ ထိုက်တန်ပါသလား။
အပြစ်သားတွေကို ဘာနဲ့ထိုက်တန်တယ်လို့ ဘုရားသခင်က ပြောသလဲ။ အပြစ်အတွက် စီရင်ခြင်းက ဘာလဲ။
ယေရှုရှင်က ဒီပုံပြင်ကိုပြောရခြင်းက ဘုရားသခင်ဟာ နောင်တရတဲ့သူတွေအပေါ်မှာ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်တယ်ဆိုတာ ပြောပြဖို့ဖြစ်တယ်။
ဒီပုံပြင်မှာ တွေ့ရတဲ့ဖခင်က ဘယ်လိုမျိုးလဲ။ (မေတ္တာထားတယ်၊ ခွင့်လွှတ်ဖို့ အဆင်သင့်၊ သူသားကို စောင့်နေခဲ့တယ်။ သူ့သားအိမ်ပြန်လာတဲ့အခါမှာ အရမ်းဝမ်းသာပြီး ကြိုဆိုကာပွဲလုပ်ပေးတယ်။ သားအဖြစ် ပြန်လက်ခံခဲ့တယ်။)
(ဘုရားသခင်သည်လည်း ဤပုံပြင်ထဲက ဖခင်ကဲ့သို့ဖြစ်သည့်အတွက် နောင်တရပြီး အပြစ်အတွက် ခရစ်တော် ကိုယ်စား အသေခံခဲ့ပြီဆိုသည့်အချက်ကို ယုံကြည်သောအပြစ်သားတို့အား ခွင့်လွှတ်ပေးသည့်ဟူ၍ ကျေးဇူးတော် ချီးမွမ်း ဆုတောင်းခြင်းဖြင့် အဆုံးသတ်ပါ။ )

ဓမ္မသစ် ပုံဝတ္ထုများ 87

# လာဇရုအား ရှင်ပြန်ထမြောက်စေခြင်းအားဖြင့် ယေရှုရှင် ဘုန်းတော်ထင်ရှားခဲ့သည်

## ကျမ်းညွှန်း – ယော၊ ၁၁း၁–၄၄

## အဓိကအချက်များ

- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင်ဖြစ်သည် – ဖျားနာခြင်းနှင့်သေခြင်းကိုပင် သူ၏ဘုန်းတော်အတွက် အသုံးပြုနိုင်သည် – အခန်းငယ် ၄
- ယုံကြည်ခြင်း (ယေရှုရှင်ကို ကိုးစားခြင်း) က သင့်ကို ထာဝရအသက်ရရှိစေသည်။ အခန်းငယ် –၂၆
- ယေရှုရှင်သည် ဘုရားသခင်ကတိပေးထားသောကယ်တင်ရှင်ဖြစ်သည်။ အခန်းငယ် – ၂၇
- ယေရှုရှင်သည် ထာဝရအသက်အရင်းတည်ရာ ဖြစ်သည်။ အခန်းငယ် – ၂၅
- ဘုရားသခင်သည် အမြင့်ဆုံးအခွင့်အဏာရှိသူ ဖြစ်သည် – သေခြင်းတရားအပေါ်တွင်ပင် အခွင့်အာဏာရှိသူ ဖြစ်သည်။
- ယေရှုရှင်ကို ယုံကြည်ခြင်းက ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသည်။ အခန်းငယ် – ၄၀
- ခပ်သိမ်းသောအရာတို့က ဘုရားသခင်၏ဘုန်းတော်အတွက် လုပ်ဆောင်ကြသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်၏ သူငယ်ချင်းတစ်ယောက်၏ပုံကို ကလေးများအား ပြပေးပါ။) ဒါကတော့ ဆရာမ သူငယ်ချင်းရဲ့ ပုံပါ။ (သင့်သူငယ်ချင်း၏အကြောင်းအရာအချို့ကို အတိုချုပ်ပြောပါ။) ဆရာမရဲ့ သူငယ်ချင်းကို ဆရာမ အရမ်းချစ်တယ်။ သူဟာ တကယ့်သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်တယ်။

သားတို့သမီးတို့မှာလည်း သူငယ်ချင်းကောင်း ရှိပါသလား။ အဲဒီသူငယ်ချင်းရဲ့နာမည်က ဘယ်လိုခေါ်သလဲ။ (ကလေးအချို့ကို ပြောပြခွင့်ပေးပါ။)

ယေရှုရှင်မှာလည်း သူငယ်ချင်းကောင်း တစ်ယောက်ရှိတယ်ဆိုတာကို သားတို့သမီးတို့ သိပါသလား။ သူ့နာမည်က လာဇရု ဖြစ်တယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ကြားခဲ့ရတဲ့ပုံပြင်ထဲမှာ ဘယ်အပိုင်းကိုနှစ်သက်ကြသလဲ။ သားတို့သမီးတို့ နားမလည်တဲ့အရာ ရှိပါသလား။

"ရှင်ပြန်ထမြောက်ခြင်း" ဆိုတဲ့စကားလုံးက ဘာကိုဆိုလိုတာလဲ။ အဲဒီစကားလုံးရဲ့အဓိပ္ပါယ်ကို သိပါသလား။

(ကလေးများ နားမလည်ပါက ရှင်းပြပေးရန် လိုအပ်နိုင်ပါသည်။)

ဒီနေ့ကြားခဲ့တဲ့ပုံပြင်ထဲမှာ ယေရှုရှင် ဘာလုပ်ခဲ့သလဲ။ ယေရှုရှင်က သူဟာဘယ်သူဖြစ်တယ်လို့ ပြောခဲ့သလဲ။

(ယော၊ ၁၁း၂၅ ကို ဖတ်ပါ။)

ယေရှုရှင်က သေခြင်းတရားပေါ်မှာတောင်မှ အခွင့်အာဏာရှိပါသလား။ သေခြင်းတရားထက် ကြီးမားတဲ့တန်ခိုး ယေရှုရှင်မှာ ရှိပါသလား။ သားတို့သမီးတို့ ဘယ်လိုသိနိုင်သလဲ။

သေတာလေးရက်ကြာပြီဖြစ်တဲ့ လာဇရုကို ယေရှုရှင်က အသက်ပြန်ရှင်စေခဲ့တယ်။

အဲဒီအချက်က သားတို့သမီးတို့အတွက် ဘာကြောင့်အရေးကြီးရတာလဲ။

အပြစ်အတွက်တရားစီရင်ခြင်းကို ဘုရားသခင် ဘာပြောခဲ့သလဲဆိုတာကို သားတို့သမီးတို့ မှတ်မိသေးပါသလား။

မှန်ပါတယ် – အပြစ်တရား၏ အခကားသေခြင်း ဖြစ်တယ်။

လူတိုင်း အပြစ်ရှိတယ်အတွက်ကြောင့် သေကြရတယ်။

လာဇရုလည်း အခြားလူတွေလိုပဲ နောက်တစ်ကြိမ် ပြန်ပြီးသေအုံးမှာပဲ၊ ဒါပေမယ့် ယေရှုရှင်က ဘယ်တော့မှ အဆုံးသတ်ခြင်းမရှိတော့မယ့် အသက်ကို ကတိပေးခဲ့တယ်။ (ယော၊ ၁၁း၂၅–၂၆ ကို ဖတ်ပါ။)

ယေရှုရှင်က ဘာပြောခဲ့သလဲ။ လူတစ်ယောက်က သေပါလျက်နဲ့ဘယ်လိုလုပ်ပြီး ထာဝရအသက်ရှင်နိုင်မှာလဲ။

သူ့ကိုယုံကြည်တဲ့သူတိုင်း ဘုရားသခင်နဲ့အတူ ကောင်းကင်ဘုံမှာ ထာဝရဝင်စားရရမယ်လို့ ယေရှုရှင် ကတိပေးခဲ့တယ်။

ယေရှုရှင်ဟာ ဘုရားသခင် ကတိပေးထားတဲ့သူဖြစ်တယ် – လူသားတွေကိုအပြစ်ကနေ ကယ်တင်ပေးဖို့ ဘုရားသခင် ခွဲခန့်ထားခြင်းခံရသူ ဖြစ်တယ်။

ဒီကတိတော်က ဘယ်သူတွေ အတွက်လဲ။ (ယော၊ ၁၁း၂၅–၂၆ ကို ပြန်ဖတ်ပါ။)

ဆရာ၊မ အတွက် ဟုတ်ပါသလား။ သားတို့အမီးတို့အတွက် ဟုတ်ပါသလား။

ဒီကတိတော်ဟာ ယေရှုရှင်ကို ယုံကြည်တဲ့သူတိုင်းအတွက် ဖြစ်ပါတယ်။

(ကလေးတစ်ယောက်စီတိုင်းက ယေရှုရှင်ကို ယုံကြည်ကိုးစားလာစေရန် ဆုတောင်းပေးခြင်းအားဖြင့် အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

မကောင်းတဲ့အရာတစ်စုံတစ်ခုက ကောင်းတဲ့အရာ ဖြစ်လာနိုင်သလား။ မကောင်းတဲ့ အခြေအနေမျိုးမှာလည်း ဘုရားသခင်က ထိန်းချုပ်နေပါသလား။

ဒီနေ့ကြားခဲ့တဲ့ပုံပြင်ထဲမှာ ကြားလို့မကောင်းတဲ့အရာတစ်ခု ဖြစ်ပျက်ခဲ့တယ်။ အဲဒါက ဘာလဲ။

မှန်ဘာတယ် – လာဇရု သေသွားခဲ့တယ်။

မာရိနဲ့မာသတို့ ဘာကြောင့်လဲဆိုတာကို နားမလည်ခဲ့ကြဘူး။ ယေရှုရှင် ရောက်မလာလို့ သူတို့တွေ ဝမ်းနည်းခဲ့ရတယ်။

လာဇရုမသေခင် ဘာလို့ ယေရှုရှင် ရောက်မလာရတာလဲ။
လာဇရု အရမ်းဖျားနေတယ်ဆိုတာ ယေရှုရှင် မသိခဲ့ဘူးလား။ ယေရှုရှင် ဂရုစိုက်ခဲ့ပါသလား။ သူအရမ်း
အလုပ်ရှုပ်နေခဲ့တယ် မဟုတ်လား။ လာဇရုနဲ့ သူရဲ့အစ်မတွေကို ယေရှုရှင် ချစ်ခဲ့တယ်မဟုတ်လား။
ရည်ရွယ်ချက်ရှိရှိနဲ့ ယေရှုရှင်က စောင့်နေခဲ့တာလား။ မှန်ပါတယ် – ဘာကြောင့်လဲဆိုတာ သိတဲ့သူရှိလား။
ဘုရားသခင်ရဲ့ကြီးမြတ်တော်မူခြင်း (တန်ခိုးတော်နှင့်ဘုန်းတော်) ကို ဘယ်အရာက အထင်ရှားစေနိုင်ဆုံး ဖြစ်မလဲ
– လူကို ကျန်းမာစေခြင်းလား သို့မဟုတ် သေတဲ့သူကို ရှင်ပြန်ထမြောက်စေခြင်းလား
ယေရှုရှင်က သေခြင်းတရားအပေါ်မှာ အခွင့်အာဏာ ရှိတယ်ဆိုတာကို ဘယ်အရာက သက်သေပြမှာလဲ။
ယေရှုရှင်အနေနဲ့ လာဇရုကို ပြန်လည်ရှင်ပြန်ထမြောက်အောင်လို့ အရင်ဘာဖြစ်ဖို့ လိုအပ်သလဲ။
သေခြင်းဆိုတာက မကောင်းတဲ့အရာပါ။ ဖျားနာခြင်းဟာလည်း မကောင်းတဲ့အရာပါ။
ဒါပေမယ့် လာဇရု အသက်ပြန်ရှင်လာခြင်းဆိုတာက အရမ်းရမ်းကို ကောင်းမွန်တဲ့အရာပါ။
ဘုရားသခင်က သူ့ရဲ့ကြီးမြတ်ခြင်းကို လူတွေတွေ့မြင်လာစေဖို့ မကောင်းတဲ့အရာတွေကိုတောင်
ကောင်းတဲ့အရာအဖြစ် ပြောင်းလဲစေနိုင်ပါတယ်။
သားတို့သမီးတို့ရဲ့အသက်တာမှာ ဘုရားသခင်ကတောင်မှ ပြောင်းလဲလို့မရနိုင်တော့တဲ့ အခြေအနေဆိုးတွေ
ရှိပါသလား။ ဘုရားသခင် အစိုးမရတဲ့အရာ သားတို့သမီးတို့ရဲ့အသက်တာမှာ ဘာရှိသလဲ။
ဘဝမှာ မကောင်းတဲ့အရာတစ်ချို့ကို ဘာကြောင့် ဘုရားသခင်ကခွင့်ပြုရလဲဆိုတာ မသိတဲ့အချိန်မှာ
သားတို့သမီးတို့ ဘာလုပ်ရမလဲ။
သားတို့သမီးတို့ အခြေအနေကို နားမလည်ရင်တောင်မှ ဘုရားသခင်ကို ယုံကြည်နေအုံးမှာလား။
(ဘုရားသခင် ဘာလုပ်နေသည်ကိုမသိသည့်တိုင် ဘုရားသခင်ကို ဆက်လက်ယုံကြည်ကိုးစားမှုရှိစေရန်
ကလေးများအတွက် ဆုတောင်းပေးလိုက်ပါ။)

ဓမ္မသစ်
ပုံဝတ္ထုများ

88

# ယေရှုရှင်က မျက်မမြင်ဗာတိမဲအပေါ် ကရုဏာထားခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၁၈း၃၅–၄၃၊ မာကု၊ ၁၀း၄၆–၅၂

## အဓိကအချက်များ

- ဘုရားသခင်သည် ကရုဏာ၊ မေတ္တာတော်ရှင်ဖြစ်သည်။
- ဘုရားသခင်သည် အရာခပ်သိမ်း၏ ဖန်ဆင်းရှင်ဖြစ်တော်မူ၍ သူ့အတွက်ခက်ခဲသည့်အရာမရှိ။
  မျက်မမြင်သူကို မြင်စေနိုင်သည်
- ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည့်နည်းတူ ကျွန်ုပ်တို့အတွက်လည်း အကျိုးကြီးပေသည်။
  "သင်၏ ယုံကြည်ခြင်းသည် သင့်ကို ကယ်မပြီ" လုကာ၊ ၁၈း၄၂
- ယေရှုရှင်၏ နမိလက္ခဏာက ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခဲ့သည်
  လုကာ၊ ၁၈း၄၃

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

("တိတ်တိတ်နေပါ"ဟူသည့် သင်္ကေတအနေဖြင့် သင်၏နှုတ်ခမ်းကို လက်ညိုးဖြင့် ကန့်လတ်ဖြတ် ထောင်ပြလိုက်ပါ။ ကလေးများ တိတ်ဆိတ်သွားသည့်အခါ အဘယ့်ကြောင့် တိတ်ဆိတ်သွားသနည်းဟု ကလေးများကို မေးပါ။) မှန်ပါတယ်။ (သင်္ကေတကို ပြလုပ်လိုက်ပါ) ဒါက "တိတ်တိတ်နေ" ဆိုတဲ့ အမှတ်လက္ခဏာ ဖြစ်တယ်။ တိတ်တိတ်နေဖို့ အခြားနည်းလမ်းတစ်ခုကတော့ ခေါင်းလောင်းတီးပြီး တိတ်တိတ်နေလို့ ဆရာမ ပြောနိုင်ပါတယ်။ အဲဒီလို လုပ်လိုက်ခြင်းအားဖြင့် သားတို့သမီးတို့က စကားပြောဖို့ အချိန်မဟုတ်တော့ဘူးဆိုပြီးတော့ သိနိုင်မှာဖြစ်တယ်။ ဒါမှဟုတ်ရင်လည်း ဆရာမ က အသံထွက်ပြီး "တိတ်တိတ်နေပါ" လို့ ပြောနိုင်ပါတယ်။

သမ္မာကျမ်းစာထဲမှာ အော်နေတာကို "တိတ်တိတ်နေ" လို့ အပြောခံရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်။ သူဘာလို့ အော်နေရတာလဲ၊ နောက်ပြီး ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာကို သိချင်ကြသလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၈၈ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါရုပ်ပုံကို ပြပါ။) ဒီလူက ဘယ်သူလဲ။ (ဗာတိမဲကို ပြလိုက်ပါ။) ဗာတိမဲက ဘာလို့လမ်းဘေးမှာ ထိုင်နေရတာလဲ။ သူဘာလုပ်နေတာလဲ။ ဘာကြောင့် တောင်းစားနေရတာလဲ။

ဗတိမဲဟာ ဘယ်လိုလူစားမျိုးလဲ။ သူဟာ ချမ်းသာတဲ့သူလား၊ ဆင်းရဲတဲ့သူလား။ သူဟာ အရေးပါတဲ့သူတစ်ဦး ဟုတ်ခဲ့ပါသလား။ သူမှာ အလုပ်လုပ်ဖို့ အလုပ်အကိုင် ရရှိနိုင်ပါသလား။ ဘာကြောင့်လဲ။

မှန်ပါတယ် – ဗာတိမဲဟာ ဆင်းရဲတဲ့သူတစ်ယောက်၊ အလုပ်လည်းမလုပ်နိုင်ပါဘူး။
ဗာတိမဲဟာ မျက်ကန်းတစ်ယောက် ဖြစ်တယ်။ သူဘာမှကို မမြင်နိုင်ခဲ့ဘူး။
(ယေရှုရှင်ပုံကို ညွှန်ပြပါ။) ယေရှုရှင် ဘာလုပ်နေသလဲ။
ဘာကြောင့် ယေရှုရှင် အဲဒီလိုလုပ်နိုင်ရတာလဲ။ (ယေရှုရှင်ဟာ ဘုရားသခင်ဖြစ်တယ်၊ သူဟာ ခပ်သိမ်းသော အရာတို့ကို ထိန်းချုပ်တော်မူတယ်။)
ဗာတိမဲဟာ ဆင်းရဲပြီး မျက်ကန်းတစ်ယောက်ဖြစ်ပေမယ့် သူနဲ့ပတ်သက်ပြီးတော့ ယေရှုရှင်က ဂရုစိုက်ပါသလား။
သားတို့သမီးတို့ကို ယေရှုရှင် ဂရုစိုက်ပါသလား။
ဗာတိမဲက ယေရှုရှင်ကိုခေါ်တဲ့အခါမှာ ယေရှုရှင်က နားထောင်ခဲ့တယ်။
သားတို့သမီးတို့က ယေရှုရှင်ကိုခေါ်တဲ့အခါမှာ သူနားထောင်ပေးပါသလား။
ယေရှုရှင်က ကူညီမပေးနိုင်တဲ့ ဘာပြဿနာမျိုး သားတို့သမီးတို့မှာ ရှိနေပါသလဲ။
သားတို့သမီးတို့ ပြဿနာတစ်ခုရှိလာရင် ယေရှုရှင်ကို ကူညီပေးဖို့ ခေါ်မလား။
ယေရှုရှင်ဟာ အသင့်ရှိနေတဲ့အတွက် ကျေးဇူးတော် ချီးမွမ်းကြရအောင်။ (ကလေးများကို ဆုတောင်းစေရန် တိုက်တွန်းပါ။ ယေရှုရှင်သည် ကောင်းမြတ်၊ ကြင်နာတော်မူသောသူ၊ ဂရုစိုက်ပေးသောသူ၊ ကျွန်ုပ်တို့၏ ဆုတောင်းသံကို နားညောင်းသောသူ၊ ကူညီပေးသောသူ၊ တန်ခိုးကြီးမားသောသူ၊ ဘယ်အရာမှ သူ့အတွက် အခက်အခဲမရှိသူ စသည်ဖြင့် သိမှတ်၍ ဆုတောင်း ချီးမွမ်းစေပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**
(သင်ခန်းစာ ၈၈ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါရုပ်ပုံကို ပြပါ။)
ဒီမှာဘာဖြစ်နေတာလဲ။ ယေရှုရှင် ဘာလုပ်နေတာလဲ။
ဗာတိမဲမှာ ဘာပြဿနာ ရှိနေသလဲ။ သားတို့သမီးတို့မှာ မျက်မမြင်တဲ့သူ အသိရှိပါသလား။
ဗာတိမဲအနေနဲ့ဘယ်လောက်ပဲ ကြိုးစားပါစေ မျက်စိပြန်မြင်အောင် လုပ်နိုင်ပါသလား။ ဗာတိမဲမျက်စိကို ဘယ်သူက ပြန်မြင်စေနိုင်သလဲ။
ယေရှုရှင်က အဲဒီနေရာကို ဖြတ်လျှောက်တဲ့အချိန်ဖြစ်တယ်။ ဘာလို့ သူရပ်တန့်ခဲ့တာလဲ။ (ဗာတိမဲက ခေါ်၍)
ဗာတိမဲရဲ့အတွင်းထဲမှာ သူ့ကိုအလွန်ကျေနပ်စေတဲ့အရာကို ယေရှုရှင် တွေ့မြင်ခဲ့တယ်။
အဲဒါက ဘာလဲဆိုတာကို သားတို့သမီးတို့ သိပါသလား။
သမ္မာကျမ်းစာက အရိပ်အမြွက်ပေးထားသလားဆိုတာကို ကြည့်ကြပါစို့။ (လုကာ၊ ၁၈း၄၄ ကို ဖတ်ပါ။)
မှန်ပါတယ် – ယေရှုရှင်က ဗာတိမဲရဲ့နှလုံးသားထဲမှာ ယုံကြည်ခြင်းကို တွေ့မြင်ခဲ့တယ်။
ယုံကြည်ခြင်းဆိုတာဘာလဲ။ ဘာကို ဆိုလိုတာလဲ။ သားတို့သမီးတို့ ယုံကြည်ခြင်း ဘယ်လိုရှိနိုင်မလဲ။
ယုံကြည်ခြင်းဆိုတာက ဘုရားသခင် ဘယ်သူလဲ၊ သူကဘာကို ပြောတာလဲ၊ သူက ပြောရင်ပြောတဲ့အတိုင်း လုပ်တယ်ဆိုတာကို ယုံကြည်ကိုးစားခြင်း ဖြစ်တယ်။
ဗာတိမဲက ယေရှုရှင်ကို ယုံကြည်ကိုးစားခဲ့ပါတယ်။ သူ့ကိုကျန်းမာစေနိုင်တယ်၊ ယေရှုရှင်က အကောင်းဆုံး လုပ်ဆောင်ပေးမယ်ဆိုပြီးတော့လည်း ယုံကြည်ခဲ့တယ်။
အဲဒီလိုပြောတဲ့အခါမှာ သားတို့သမီးတို့လိုချင်တဲ့အရာတိုင်းကို ဘုရားသခင်က လုပ်ဆောင်မယ်လို့ ဆိုလိုတာလား။
အဲဒီလို လုံးဝမဟုတ်ပါဘူး။ ယုံကြည်ခြင်းဆိုတာက ဘုရားသခင်က အကောင်းဆုံးအရာကို သိသလို၊ လုပ်ဆောင် တော်မူလိမ့်မယ်ဆိုတာကို ယုံကြည်ကိုးစားခြင်း ဖြစ်တယ်။
ထိုယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည်။

ဓမ္မသစ်
ပုံဝတ္ထုများ

89

# ယေရှုရှင်က ဇက္ခဲကို ရှာဖွေကယ်တင်ရန် လာခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၁၉း၁–၁၀

## အဓိကအချက်များ

- ယေရှုရှင်က သူပိုင်သောသူများကို သွေးဆောင်တော်မူသည်
  အခန်းငယ် – ၇၊ ၁၀
- ယေရှုရှင်သည် ပျောက်သောသူများကို ကယ်တင်ရန် ဆင်းကြွလာခဲ့သည်
  အခန်းငယ် – ၁၀
- ယေရှုရှင်နှင့် တွေ့မြင်ခြင်းက မိမိ၏အပြစ်ကို တွေ့မြင်စေသည်
- စစ်မှန်သော နောင်တရခြင်းသည် အပြစ်မှဦးလှည့်ခြင်း ဖြစ်သည်
- ယေရှုရှင်က လူသားများကို ပြောင်းလဲစေသည်၊ ယေရှုရှင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည့်အတွက်ကြောင့် မတရားသောသူများကိုပင် ဖြောင့်မတ်ခြင်းတရားလမ်းသို့ လိုက်ရန် ဖြစ်စေသည်
  ၂ကော၊ ၅း၁၇

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ပုံတစ်ပုံပြလိုကြောင်း ကလေးများကို ပြောပြပါ။ ထို့နောက် ကလေးတစ်ယောက်ကို အတန်းရှေ့သို့ ထွက်လာစေပြီး ပုံကိုပြလိုက်ပါ။ သေးငယ်သောပုံကို အသုံးပြုပြီး၊ ထိုကလေးငယ်ကို ထိုပုံတည့်တည့်တွင် မတ်တပ်ရပ်ရန် ပြောပြပါ။)

သားၤသမီး ဆရာ၊မ ရဲ့ ပုံကို ကြိုက်သလား။ (အတန်းရှိ ကလေးများအားလုံးကို မေးကြည့်ပါ။ ကလေးများက ၎င်းတို့အနေနှင့် မမြင်နိုင်ကြောင်း ပြောလာလျှင် အဘယ့်ကြောင့်မမြင်နိုင်သည်ကို မေးကြည့်ပါ။ ရှေ့တွင်ရှိနေသည့်ကလေးက ကွယ်နေကြောင်းကို အတန်းအား ရှင်းပြပေးပါ။)

သားတို့သမီးတို့လိုပဲ ပြဿနာရှိတဲ့ သူတစ်ယောက်အကြောင်းကို သမ္မာကျမ်းစာထဲမှာ ပြောပြထားတယ်။ သူ့ရဲ့ရှေ့မှာ လူများကြီးရှိနေတဲ့အတွက်ကြောင့် သူလည်းမမြင်နိုင်ဘူး ဖြစ်ခဲ့တယ်။ ဘာတွေဖြစ်ခဲ့လဲဆိုတာ ဆက်ကြည့် ကြရအောင်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ကြားခဲ့တဲ့ ပုံပြင်ကတော့ ဇကွဲဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက်အကြောင်း ဖြစ်တယ်။

ဇကွဲနဲ့ပတ်သက်ပြီးတော့ တစ်စုံတစ်ခု ဘယ်သူပြောနိုင်မလဲ။ (ပုတယ်၊ အခွန်ခံ၊ အပြစ်သား၊ ချမ်းသာတယ်၊ လူအများရဲ့နှစ်သက်ခြင်းကို မခံရဘူး၊ ယေရှုရှင်ကိုတွေ့ဖို့ သစ်ပင်ပေါ်တက်ခဲ့တယ် စသည်ဖြင့်။)

ဇကွဲဟာ လူကောင်းတစ်ယောက် ဟုတ်ပါသလား။ ဇကွဲရဲ့အိမ်ကို ယေရှုရှင်သွားတော့ လူတွေဘာကြောင့် အံ့သြကြရတာလဲ။ ဇကွဲနဲ့ပတ်သက်ပြီးတော လူတွေကဘာပြောခဲ့ကြသလဲ။ (လုကာ၊ ၁၉း၁ ကို ဖတ်ပါ။)

ဇကွဲက မှန်ကန်စွာ အသက်ရှင်ခဲ့ပါသလား။ သားတို့သမီးတို့ရော မှန်ကန်စွာ အမြဲအသက်ရှင်ပါသလား။

ယေရှုရှင်က သူ့ရဲ့အိမ်ကို ရောက်လာတဲ့အခါမှာ ဇကွဲက ဘယ်လိုပြောင်းလဲသွားခဲ့တာလဲ။

ယေရှုရှင်နဲ့အတူရှိနေခြင်းက မိမိရဲ့အပြစ်ကို မြင်စေပြီးတော့ ဘုရားသခင်ကို ကျေနပ်စေဖို့အတွက် ခြားနားတဲ့သူ တစ်ယောက် ဖြစ်ချင်လာခဲ့တယ်။ သားတို့သမီးတို့ရဲ့အသက်တာမှာလည်း အဲဒီလို ဖြစ်ဖူးပါသလား။

ဇကွဲက သူ့ရဲ့အပြစ်ရှိတဲ့နှလုံးသားကို သန့်စင်ပြောင်းလဲစေနိုင်ပါသလား။ သားတို့သမီးတို့ရော စိတ်နှလုံးသားကို ပြောင်းလဲစေနိုင်ပါသလား။

လူတွေကတော့ အချို့အချိန်တွေမှာ သူတို့ရဲ့အပြုအမူတွေကို ပြောင်းလဲစေနိုင်ကြပေမယ့်၊ ယေရှုရှင် တစ်ပါးတည်း ကသာလျှင် အပြစ်ရှိတဲ့နှလုံးသားကို သန့်ရှင်းစေနိုင်ပါတယ်။

ယေရှုရှင်က တစ်စုံတစ်ယောက်ရဲ့စိတ်နှလုံးကို ပြောင်းလဲသန့်စင်စေတဲ့အခါမှာ ဘယ်လိုခြားနားမှုတွေ ရှိလာပါသလဲ။ ဇကွဲတစ်ယောက် ဘယ်လိုခြားနားမှုတွေ ရှိလာသလဲ။ သူဘာလုပ်ခဲ့သလဲ။ (လုကာ၊ ၁၉း၈)

ယေရှုရှင်ဟာ အလွန်ကြီးမားပြီး တန်ခိုးရှိတဲ့အတွက်ကြောင့် ဆရာ၊မ တို့ရဲ့အပြစ်တွေကို သန့်ရှင်းစေပြီးတော့ ဆရာ၊မ တို့ကို ဘုရားသခင်ကို ကျေနပ်စေတဲ့အသက်တာရှိစေဖို့ ပြောင်းလဲပေးနိုင်ပါတယ်။

သားတို့သမီးတို့ရဲ့နှလုံးသားကို ပြောင်းလဲစေဖို့ ယေရှုရှင်ထံ တောင်းလျှောက်ဖူးပါသလား။

(ကျွန်ုပ်တို့ကို ရှာဖွေကယ်တင်ရန် ကရုဏာထား၍ ဆင်းကြွလာသောကြောင့် ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် အဆုံးသတ် ပါ။ မည်သူမျှ မတတ်စွမ်းနိုင်သည့်အရာကို တတ်စွမ်းနိုင်သည့်အတွက်ကြောင့် ချီးမွမ်းခြင်းကို ပြုပါ။ ယေရှုရှင်က အပြစ်ရှိသောနှလုံးသားကို သန့်ရှင်းစေနိုင်သည်။ ကလေးငယ်တိုင်းအတွက် ဆုတောင်းပေးလိုက်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၇၉ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါရုပ်ပုံကို ပြပါ။) ဘာမြင်သလဲ။ မှန်တယ် ဇကွဲက သစ်ပင်ပေါ်မှာတက်နေတယ်။ ဘယ်သူကမှ သူ့ကိုမြင်မယ်လို့ မထင်ခဲ့ဘူး။ ဒါပေမယ့် ဘယ်သူက မြင်ခဲ့သလဲ။

ဇကွဲဘယ်မှာရှိသလဲဆိုတာကို ယေရှုရှင် သိပါသလား။ အခုချိန်မှာ သားတို့သမီးတို့ ဘယ်မှာရှိနေသလဲဆိုတာကို ယေရှုရှင်သိမယ်လို့ ထင်ပါသလား။

ယေရှုရှင်ရဲ့ရှေ့တော်မှောက်ကနေ ပုန်းနေလို့ရပါသလား။ မရပါဘူး၊ ယေရှုရှင်ဟာ ခပ်သိမ်းသောအရာကို သိတယ်။

သားတို့သမီးတို့ကိုလည်း သူအမြဲတမ်း မြင်နေပါတယ်။

ဇက္ခဲကို ယေရှုရှင်က ဘာပြောခဲ့သလဲ။ မှန်တယ် – ဇက္ခဲရဲ့အိမ်ကိုလာမယ်လို့ ယေရှုရှင် ပြောခဲ့တယ်။
ဇက္ခဲက လူကောင်းတစ်ယောက် ဟုတ်ပါသလား။ ဇက္ခဲက ဘယ်လိုလူမျိုးလဲဆိုတာကို ယေရှုရှင် သိပါသလား။
သားတို့သမီးတို့ဟာ ဘယ်လိုလူမျိုးဖြစ်လဲဆိုတာ ယေရှုရှင် သိပါသလား။
ဇက္ခဲဟာ အပြစ်သားဖြစ်တယ်ဆိုတာကို ယေရှုရှင်က သိတယ်၊ နောက်ပြီး ယေရှုရှင်သန့်ရှင်းတဲ့သူ အပြစ်တစ်ခါမှ မကျူးလွန်ဖူးတဲ့သူဖြစ်တော့ ဘာကြောင့်မို့ ဇက္ခဲရဲ့အိမ်ကို ယေရှုရှင် သွားခဲ့ရတာလဲ။
ဘာကြောင့်လဲဆိုတဲ့အဖြေကို ကျမ်းစာထဲမှာ ကြည့်ကြရအောင် (လုကာ၊ ၁၉း၁၀ ကို ဖတ်ပြီး နောက်ကနေ ကလေးတစ်ယောက်ကို ရွတ်ဖတ်စေပါ။) ဘာကြောင့်လဲ။ "ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ"
ကဲ၊ ဒါဆိုရင် ယေရှုရှင်က ဇက္ခဲရဲ့အိမ်ကို ဘာကြောင့်လာရတာလဲ။
မှန်တယ် – ဇက္ခဲရဲ့အပြစ်တွေကနေ ကယ်တင်ဖို့ ဖြစ်တယ်။ ယေရှုရှင်ဟာ ပျောက်ဆုံးနေတဲ့အပြစ်သားတွေကို ကြိုဆိုလျက်ရှိနေပါတယ်။
ဇက္ခဲ ကယ်တင်ခြင်းရတယ်ဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဆရာ၊မ တို့ သိနိုင်သလဲ။ မှန်ပါတယ် သူ့အသက်တာ ပြောင်းလဲသွားခဲ့တယ်။
ဘယ်အပြစ်သားက ယေရှုရှင်ရဲ့ရှေ့တော်မှောက်ကနေ ရှောင်ပုန်းနိုင်ပါသလဲ။
ယေရှုရှင်ရဲ့ရှေ့တော်မှောက်မှာ ဘယ်သူက အပြစ်တွေကို ဖုံးထားနိုင်သလဲ။
ယေရှုရှင်ရဲ့ရှေ့တော်မှောက်မှာ မိမိရဲ့အပြစ်နဲ့အတူ တိုးဝင်ဖို့ ကြောက်ရွံ့စရာလိုပါသလား။
သားတို့သမီးတို့ရော မိမိရဲ့အပြစ်တွေနဲ့အတူ ယေရှုရှင်ဆီလာဖို့ ကြောက်ရွံ့နေပါသလား။
(မိမိ၏ အပြစ်များနှင့်အတူ ယေရှုရှင်ထံ တိုးဝင်ပြီးနောက် ယေရှုရှင်က ဇက္ခဲ၌ ပြုခဲ့သည့်နည်းတူ ကလေးများ အားလုံးသည်ကိုလည်း ကြိုဆိုပေးရန်အတွက် ဆုတောင်းပေးလိုက်ပါ။)

ဓမ္မသစ် ပုံဝတ္ထုများ

90

# ထာဝရဘုရား၏အခွင့်နှင့် ကြွလာသောသူသည် မင်္ဂလာရှိစေသတည်း

ယေရှုရှင်သည် မြည်းကို စီးရင်း ယေရုရှလင်မြို့သို့ အောင်မြင်စွာ ဝင်ခဲ့သည်

## ကျမ်းညွှန်း – မာကု၊ ၁၁း၁–၁၀၊ လုကာ၊ ၁၉း၂၈–၄၄

## အဓိကအချက်များ

- ယေရှုရှင်သည် ဖန်ဆင်းခြင်းအလုံးစုံတို့၏ ချီးမွမ်းခြင်းကို ခံထိုက်တော်မူသည်
  လုကာ၊ ၁၉း၃၇–၃၈၊ ၄၀၊ မာကု၊ ၁၁း၉–၁၀
- ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်
  သူသည် မြည်းအကြောင်း နှင့် ယေရှုရှလင် ပျက်ဆီးမည့် အကြောင်းကို ကြိုသိနှင့်ခဲ့သည်
- ဘုရားသခင်သည် သစ္စာရှိတော်မူ၏ – သူပြောထားလျှင် ပြောသည့်အတိုင်း အမြဲလုပ်တော်မူသည်
  ဤအချက်က ဇာခရိ၊ ၉း၉ မှ ပရောဖက်ပြုချက်ကို ပြည့်စုံစေသည်
- ယေရှုရှင်သည် ဘုရင်ဖြစ်တော်မူသည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သစ်ကိုင်းသစ်ခက်အချို့ကို ယူဆောင်လာပါ။)

ဒါတွေက ဘာလဲ။ (စပြီး သစ်ခက်တစ်ခုကိုယူ၍ ဝှေ့ယမ်းလိုက်ပါ။ ကလေးများကိုလည်း သင်နှင့်အတူ လုပ်ဆောင်ရန်အတွက် ဖိတ်ခေါ်လိုက်ပါ။ ဝမ်းမြောက်ပျော်ရွှင်စွာ သစ်ခက်များကို ဝှေ့ယမ်းရန် ကလေးများကို ပြောပါ။)

တကယ်လို့ အသင်းတော်မှာရှိတဲ့ လူအားလုံးကသာ သစ်ခက်တွေကို ဝှေ့ယမ်းကြမယ်ဆိုရင် ဘယ်လိုဖြစ်မလဲ။

သမ္မာကျမ်းစာထဲမှာ – ဆရာ၊မ တို့အသင်းတော်မှာရှိတဲ့ လူဦးရေထက်များတဲ့လူတွေက သစ်ခက်တွေကို ဝှေ့ယမ်းခဲ့ကြတဲ့အကြောင်းကို ပြောပြထားတယ်။ သူတို့တွေ ဘာကြောင့် အဲဒီလောက် စိတ်လှုပ်ရှား ကြရတာလဲဆိုတာ ကြည့်ကြရအောင်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါရုပ်ပုံကို ပြပါ။) ဒီပုံကို ကြည့်ပါအုံး။ ဒီလူတွေက သစ်ခက်တွေနဲ့ ဘာလုပ်နေကြတာတုန်း။

ဘာလို့ အဲဒီလိုလုပ်နေကြရတာလဲ။ မှန်တယ် – ယေရှုရှင်ကို ချီးမွမ်းနေကြတာ။

အဲဒီလိုလုပ်တာက ကောင်းတဲ့အရာ ဟုတ်ပါသလား။ ဘာကြောင့်လဲ။ (ဘာကြောင့်လဲဆိုတော့ ယေရှုရှင်ဟာ ထိုက်တန်တော်မူသောသူ ဖြစ်တယ် – အရာရာတိုင်းထက် ယေရှုရှင်ဟာ ထိုက်တန်တော်မူတယ်။ သူဟာ ဆရာ၊မ တို့ အပါအဝင် ခပ်သိမ်းသောအရာတွေကို ဖန်ဆင်းခဲ့တယ်။ သူဟာ ဆရာ၊မ တို့ရဲ့ ကယ်တင်ရှင် ဖြစ်တယ် – ဆရာမ တို့ရဲ့အပြစ်တွေအတွက် အသေခံခဲ့တယ်။ သူ့ရဲ့လူတွေအပေါ် သူမေတ္တာထားတော်မူတယ်။)

ယေရှုရှင်ကို ချီးမွမ်းတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။ (ကလေးများ၏ ယူဆချက်များကို ပြောစေရန် ကလေးများကို အားပေးပါ။ ယေရှုရှင်၏ကြီးမြတ်တော်မူခြင်းနှင့် အံ့ဖွယ်လုပ်ဆောင်တော်မူခြင်းတို့ကို ပြောကြားချီးကျူးခြင်းကို ချီးမွမ်းခြင်းဟုခေါ်ကြောင်းအား နားလည်လာစေရန် ကူညီပေးပါ။)

ယေရှုရှင်ကို ချီးမွမ်းချင်တဲ့အခါမှာ သစ်ခက်တွေကို အမြဲတမ်းဝေ့ယမ်းကြသလား။

ယေရှုရှင်ကို ချီးမွမ်းတဲ့အခါမှာ ဘယ်လိုမျိုးနဲ့ ချီးမွမ်းလို့ရပါသေးသလဲ။ (ဆုတောင်းခြင်း၊ သီချင်းဆိုခြင်း၊ ယေရှုရှင်အကြောင်းကို အခြားသူများထံ ပြောကြားခြင်း)

ယေရှုရှင်ဟာ ဘယ်သူဖြစ်ပါသလဲ။ သူဟာ ဘယ်လိုမျိုးပုဂ္ဂိုလ်ဖြစ်ပါသလဲ။ (ယေရှုရှင်ဟာ ဘုရားသခင်ရဲ့ သားတော်၊ သူဟာ ကြင်နာတတ်တယ်၊ မေတ္တာထားတယ်၊ တန်ခိုးရှိတယ်၊ သစ္စာရှိတယ်၊ ပြောတဲ့အတိုင်း အမြဲလုပ်တယ်။ သူဟာ သန်မာတယ်၊ ဉာဏ်ပညာနဲ့ ပြည့်ဝတော်မူတယ်၊ ကောင်းမြတ်သန့်ရှင်းတော်မူတယ်။ သူဟာ အပြစ်ကင်းသူဖြစ်တယ်၊ သူဟာ ဖန်ဆင်းရှင်၊ ရှင်ဘုရင် ခပ်သိမ်းသောအရာတို့ရဲ့ သခင် ဖြစ်တယ်။)

(ချီးမွမ်းသီချင်း တစ်ပုဒ်ကို သီဆိုခြင်းအားဖြင့် အဆုံးသတ်နိုင်ပါသည်။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါရုပ်ပုံကို ပြပါ။) ဒီပုံထဲမှာ ဘာတွေဖြစ်ပျက်နေသလဲ။ ယေရှုရှင်က ဘယ်ရောက်နေသလဲ။ ကလေးတွေနဲ့ လူကြီးတွေက ဘာလုပ်နေကြတာလဲ။ မှန်တယ် – သူတို့တွေ ယေရှုရှင်ကို ချီးမွမ်းကြွေးဆိုနေကြတာ ဖြစ်တယ်။

ယေရှုရှင်က ဘယ်ကို သွားခဲ့တာလဲ။ (ယေရုရှလင်မြို့)

ယေရုရှလင်မြို့မှာ ယေရှုရှင် ဘာဖြစ်လာမလဲဆိုတာကို သားတို့သမီးတို့ သိပါသလား။

ဆရာ၊မ တို့ရဲ့အပြစ်တွေကြောင့် ယေရှုရှင်ဟာ ပြစ်ဒဏ်ကို လက်ဝါးကပ်တိုင်ပေါ်မှာ ခံစားရတော့မှာ ဖြစ်တယ်။

ဒီပျော်ရွှင်နေတဲ့သူတွေ အဲဒီအကြောင်းကို သိပါသလား။ ယေရှုရှင်ကရော သိပါသလား။

ဘုရားသခင်က သမ္မာကျမ်းစာထဲမှာ ပြောထားတဲ့အတိုင်း ဖြစ်လာမယ်ဆိုတာကို သားတို့သမီးတို့ရော သိပါသလား။

သားတို့သမီးတို့က မနက်ဖြန် သို့မဟုတ် နောက်အပတ်၊ သို့မဟုတ် နောက်နှစ်မှာ ဘာတွေဖြစ်လာမယ်ဆိုတာကို ပြောပြလို့ ရပါသလား။ ပြောထားတဲ့အတိုင်းရော တကယ်ဖြစ်လာတာရှိလား။ ဘုရားသခင်ကတော့ပြောရင်ပြောတဲ့အတိုင်း အမြဲဖြစ်စေဖို့ တတ်စွမ်းနိုင်တယ်။

ဘုရားသခင်က သူ့ရဲ့လူတွေအပေါ်မှာ ဟိုးတစ်ချိန်ကတည်းကနေ ကတိတစ်ခုပေးပြီးသား ဖြစ်တယ်။

အဲဒီကတိတော်က ဘာလဲဆိုတာကို ဘယ်သူမှတ်မိသေးလဲ။

မှန်တယ် – ကယ်တင်ရှင်တစ်ပါးကို စေလွှတ်မယ်ဆိုတဲ့ကတိတော်ဖြစ်တယ်။ အပြစ်ကနေ ကယ်တင်မယ့် ကယ်တင်ရှင်။

ဘယ်သူဟာ ဘုရားသခင်ခွဲခန့်ထားတဲ့ ကယ်တင်ရှင် ဖြစ်နိုင်ပါသလဲ။ အဲဒီကယ်တင်ရှင်ဟာ သန့်ရှင်းပြီး အပြစ်ကင်းသူ ဖြစ်ရမယ်။

ဘယ်သူက ပြည့်စုံစွာ ကောင်းမြတ်ပါသလဲ။ ဆရာ၊မလား၊ သားတို့သမီးတို့လား။ မဖြစ်နိုင်ပါဘူး၊ လူအားလုံးမှာ အပြစ်ရှိ ကြတယ်လေ။

ဘယ်သူက သန့်ရှင်းပြီး အပြစ်ကင်းစင်သလဲ။ ဘယ်သူဟာ ဘုရားသခင်ရဲ့ခွဲခန့်တော်မူတဲ့ ကယ်တင်ရှင်ဖြစ်သလဲ။

မှန်ပါတယ် – ယေရှုရှင် – ယေရှုရှင် တစ်ပါးတည်းသာ ဖြစ်တယ်။

ယေရှုရှင်ဟာ ဆရာ၊မ အားလုံးရဲ့မေတ္တာနဲ့ ချီးမွမ်းခြင်းကို ထိုက်တန်သောသူ ဖြစ်တယ်။

ယေရှုရှင်ကို အခုအတူတကွ ချီးမွမ်းကြရအောင်။

(ဆုတောင်းခြင်းဖြင့် သို့မဟုတ် ချီးမွမ်းသီချင်း တစ်ပုဒ်ဆိုခြင်းဖြင့် အဆုံးသတ်နိုင်ပါသည်။)

ဓမ္မသစ် ပုံဝတ္ထုများ 91

# ယေရှုရှင်သည် တန်ဖိုးကြီးသောအမွှေးနံ့သာနှင့် ဘိသိက်ပေးခြင်း ခံထိုက်သူဖြစ်သည်

## ကျမ်းညွှန်း – ယော၊ ၁၂း၁–၈၊ မာကု၊ ၁၄း၃–၉

## အဓိကအချက်များ

- ဘုရားသခင်ဖြစ်တော်မူသော ယေရှုရှင်သည် ကမ္ဘာပေါ်ရှိ ရှိရှိသမျှသောအခြားအရာများထက် တန်ဖိုးကြီးမားပေသည်။
  ယေရှုရှင်သည် လူတစ်ယောက်၏ တစ်နှစ်စာမျှ တန်ဖိုးရှိသည့် အမွှေးနံ့သာထက် ပို၍ တန်ဖိုးကြီးပေသည်
- ယေရှုရှင်သည် ကျွန်ုပ်တို့၏ မေတ္တာနှင့်ကိုးကွယ်မှုကို လက်ခံထိုက်သူ ဖြစ်သည်။
- ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည်။
  ယုဒ၏ နှလုံးသားကိုသိတော်မူသည်၊ သူ အသတ်ခံရတော့မည်ကိုလည်း သိတော်မူသည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ရေမွှေးပုလင်း တစ်ပုလင်းကို ယူဆောင်လာပါ။ ထို့နောက် အဖုံးကိုဖွင့်ပြီး ကလေးများကို အနံ့ရှူစေပါ။)

အနံ့မွှေးသလား။ အဲဒီရေမွှေးကို လက်မောင်းပေါ်မှာ အနည်းငယ်ဆွတ်လိုက်ရင် အနံ့မွှေးမယ်လို့ ထင်ပါသလား။
အချို့ရေမွှေးမ်းတွေက အရမ်းဈေးကြီးတာ။ တကယ်လို့ ကိုယ်အသုံးပြုတဲ့ရေမွှေးဟာ ဈေးကြီးလွန်းတယ်ဆိုရင် ကြာရှည်ခံအောင်လို့တစ်ကြိမ်မှာ နည်းနည်းပဲ အသုံးပြုတယ်။ ဥပမာ ဒီလောက်လေးပဲ (လုပ်ပြလိုက်ပါ) အသုံး ပြုတယ်။

သမ္မာကျမ်းစာထဲမှာ အရမ်းဈေးကြီးတဲ့အမွှေးနံ့သာကို တစ်ခါတည်းနဲ့ တစ်ပုလင်းလုံး သုံးခဲ့တဲ့ အမျိုးသမီးအကြောင်း ပြောပြထားတယ်။ အဲဒီအကြောင်းကို သားတို့သမီးတို့ကို ပြောပါရစေ။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါရုပ်ပုံကို ပြပြီး၊ ယေရှုရှင်ပုံကို ထောက်ပြပါ။)
ဒါက ဘယ်သူလဲ။ အဲဒီအမျိုးသမီးက ဘာလုပ်နေတာလဲ။

အဲဒါက တန်ဖိုးကြီးမားတဲ့ လက်ဆောက်ဟုတ်ပါသလား။ ဒါမှမဟုတ် သာမန်လက်ဆောင် ဟုတ်ပါသလား။

ယေရှုရှင်အပေါ် ဒီအမျိုးသမီးက ဘယ်လိုစိတ်နေသဘောထားမျိုး ရှိတယ်ဆိုတာကို သားတို့သမီးတို့ ခန့်မှန်းနိုင်ပါသလား။ ယေရှုရှင်ဟာ အဲဒီအမျိုးသမီးအတွက် တန်ဖိုးကြီးသလား သို့မဟုတ် သာမန်အဆင့်ပဲလား။

ယေရှုရှင်ရဲ့ခြေထောက်ပေါ်မှာ အမွှေးနံ့သာကို လောင်းပြီးတော့ သူမရဲ့ဆံပင်နဲ့ ပြန်သုတ်ရတာလဲ။ (အရာရာထက် ယေရှုကို တန်ဖိုးထားကြောင်း၊ မေတ္တာထားကြောင်း၊ ကိုးကွယ်ပူဇော်ကြောင်း၊ ယေရှုရှင်၏ ကြီးမြတ်တော်မူခြင်းနှင့် ထိုက်တန်တော်မူခြင်းကို ကိုးကွယ်ကြောင်းကို ပြသရန်ဖြစ်သည်။)

ဒီအမျိုးသမီးအတွက် ဘယ်အရာက တန်ဖိုးအကြီးဆုံး ဖြစ်ပါသလဲ။ မှန်တယ် – ယေရှုရှင်က သူမအတွက် တန်ဖိုးအကြီးဆုံး ဖြစ်တယ်။
ကမ္ဘာပေါ်ရှိ အခြားသောအရာများအားလုံးထက် ယေရှုရှင်ဟာ ပိုပြီးတော့အဖိုးတန်တယ်။
ဘာကြောင့် ယေရှုရှင်ဟာ အခြားသောအရာများအားလုံးထက် ပိုပြီးတော့အဖိုးတန်ရတာလဲ။
(ကလေးများ ဖြေကြားနိုင်စေရန် အောက်ပါမေးခွန်းများကို မေးပါ။)
ကမ္ဘာမြေကြီးကို ဘယ်သူဖန်ဆင်းခဲ့သလဲ။ ကမ္ဘာမြေကြီးကို ဘယ်သူပိုင်သလဲ။ အရာရာတိုင်းကို ဘယ်သူထိန်းချုပ်နေသလဲ။ သားတို့သမီးတို့ကို ဘယ်သူဖန်ဆင်းထားသလဲ။ ဘယ်လိုလုပ်ပြီးတော့ သားတို့သမီးတို့ အသက်ရှင်နိုင်ရတာလဲ။ သားတို့ရဲ့ဖေဖေနဲ့မေမေကို ဘယ်သူဖန်ဆင်းထားတာလဲ။ သားတို့သမီးတို့ ပိုင်ဆိုင်သမျှသောအရာတွေအားလုံးကို ဘယ်သူ ဖန်ဆင်းထားတာလဲ။
ဘာလို့ ယေရှုရှင် ဆင်းကြွလာခဲ့ရတာလဲ။ သားတို့သမီးတို့ရဲ့အပြစ်အတွက် သားတို့သမီးတို့ ပေးချေနိုင်သလား။ ဖေဖေနဲ့မေမေကရော ကူညီပေးနိုင်သလား။
အပြစ်ရဲ့အခကို ဘယ်သူ ပေးခဲ့တာလဲ။ အပြစ်ဒဏ်ကို ဘယ်သူယူဆောင်သွားခဲ့ပြီလဲ။
နောင်တရပြီးတော့ သူ့ကိုယုံကြည်တဲ့သူကို ဘယ်သူက အသက်ထာဝရ ပေးထားသလဲ။
သင်းအုပ်ဆရာ ------------ က သားတို့သမီးတို့ကို ထာဝရအသက်ပေးနိုင်သလား။ ဖေဖေနဲ့မေမေကရော ပေးနိုင်သလား။ ဆရာမ ကရော ပေးနိုင်သလား။ ယေရှုရှင် တစ်ပါးတည်းကသာ ထာဝရအသက်ပေးနိုင်တယ်။
ဒါကြောင့်မို့ ဒီအမျိုးသမီးက ယေရှုရှင်ကို အရာရာတိုင်းထက် ပိုပြီးတန်ဖိုးထားတာ ဖြစ်တယ်။
ကမ္ဘာပေါ်မှာရှိတဲ့အရာတွေ အားလုံးထက် ယေရှုရှင်ကို သားတို့သမီးတို့ ပိုပြီးတန်ဖိုးထားချင်ပါသလား။
(ယေရှုရှင်ကို အရာရာတိုင်းထက် တန်ဖိုးထားလာစေရန် ကလေးများအတွက် ဆုတောင်းခြင်းဖြင့်အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါရုပ်ပုံကို ပြပါ။) ယေရှုရှင်အပေါ်မှာထားတဲ့ သူမရဲ့ မေတ္တာကို ဘယ်လို ပြသခဲ့သလဲ။
ဘယ်လို လက်ဆောင်မျိုး ယူဆောင်လာတာလဲ။ အဲဒါက တန်ဖိုးကြီးပါသလား။
တပည့်တော်ထဲက တစ်ယောက်ဖြစ်တဲ့ ယုဒက ဒါဟာသက်သက် ပိုက်ဆံဖြုန်းခြင်းဖြစ်တယ်လို့ ထင်ခဲ့တယ်။ အဲဒီရေမွှေးကို ရောင်းပြီးတော့ရတဲ့ငွေကို ဆင်းရဲသားတွေကူညီရင် ပိုကောင်းမယ်လို့ သူကပြောခဲ့တယ်။ သူပြောတာ မှန်ပါသလား။
ဘာကြောင့်လဲ။ ဆင်းရဲသားတွေကို ကူညီတယ်ဆိုတာက မှန်ကန်တဲ့အရာမဟုတ်လား။ အခြားလူတွေကို ကူညီဖို့ ယေရှုရှင် အလိုရှိတယ်မဟုတ်လား။
သားတို့သမီးတို့ ဘာလုပ်မလဲ။ ယေရှုရှင်က ဘာပြောခဲ့သလဲ။
အမျိုးသမီးယူလာတဲ့ တန်ဖိုးကြီးလက်ဆောင်အပေါ်မှာ ယေရှုရှင် ကျေနပ်ပါသလား။
သူမအတွက် ဘယ်အရာက အခြားခြားသောအရာတွေထက် ပိုပြီးတော့ တန်ဖိုးရှိပါသလဲ။
အရာရာထက် ဘုရားသခင်ကို ပိုချစ်ဖို့က အရေးကြီးသလား သို့မဟုတ် အခြားလူတွေကို ကူညီဖို့က ပိုအရေးကြီးသလား။ ဘုရားသခင်ကို ချစ်ဖို့က အရင်လာမလား သို့မဟုတ် အခြားလူတွေကို ကူညီဖို့။
ဘာကြောင့်လဲ။ ယေရှုရှင်ကသာ သားတို့သမီးတို့အတွက် အရေးကြီးဆုံးဖြစ်ပြီး မေတ္တာထားလာပြီဆိုရင်၊ သူက သားတို့သမီးတို့ရဲ့နှလုံးသားကို ပြောင်းလဲပေးမှာဖြစ်တယ်။ အဲဒီလို ပြောင်းလဲပေးခြင်းအားဖြင့် သူတစ်ပါးကိုလည်း အမှန်တကယ် မေတ္တာထားကူညီနိုင်မှာ ဖြစ်ပါတယ်။
ယေရှုရှင်ကို သားတို့သမီးတို့ရဲ့ဘဝမှာ အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်စေချင်ပါသလား။

ဓမ္မသစ် ပုံဝတ္ထုများ 92

# ယေရှုရှင်သည် သူ၏တပည့်တော်များနှင့်အတူ ပသခါပွဲကို အတူတကွသုံးဆောင်ခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၂၂း၇–၃၄၊ ယော၊ ၁၃

## အဓိကအချက်များ

- ယေရှုရှင်သည် အရာခပ်သိမ်းကို သိတော်မူသည်
  ယော၊ ၁၃း၁၊၃၊ ၃၈၊ လုကာ၊ ၂၂း၁၃၊ ၂၁၊ ၃၄
- ဘုရားသခင်ပြောထားသည့်တိုင်း အရာအားလုံး ဖြစ်ပျက်လာခဲ့သည်
  ယော၊ ၁၃း၈ ၌ ဆာလံ၊ ၄၁း၉ တွင် ပရောဖက်ပြုခဲ့သည့် ပြည့်စုံသည်၊ လုကာ၊ ၂၂း၂၂ – ခွဲခန့် မှတ်သား တော်မူသည့်အတိုင်း လူသားသည် သွားရမည်။
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင် ဖြစ်သည်
  ယော၊ ၁၃း၃
- ယေရှုရှင်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် ဆင်းကြွလာခဲ့သည်
  ယော၊ ၁၃း၁၂–၁၇၊ လုကာ၊ ၂၂း၂၇
- အခြားသူများကို အစေခံခြင်းအားဖြင့် ဝမ်းမြောက်ခြင်းကို ရရှိသည်
  ယော၊ ၁၃း၇
- ယေရှုရှင်သည် အခွင့်အာဏာအမြင့်ဆုံး ဖြစ်သည်
  ယော၊ ၁၃း၁၃ – ဆရာ နှင့် သခင်
- ဘုရားသခင်သည် အပြစ်တရားကို မုန်း၍၊ အပြစ်ကို စီရင်တော်မူမည်
  လုကာ၊ ၂၂း၂၂

## အချိတ်အဆက်များ (Hooks)

(အရွယ်အရောက်ပြီးသူ သို့မဟုတ် အတန်းထဲတွင် အသက်အကြီးဆုံးသောကလေးကို ရေပြည့်ထားသော ရေတစ်ဖူးကိုပေး၍ အတန်းထဲရှိတစ်နေရာရာသို့ လျှောက်သွားရန် ကြိုတင်ပြောထားပါ။ ထို့နောက် ထိုရေဖူးကိုင်ထားသူက အခြားကလေးတစ်ယောက်ကို သူ့နောက်မှလိုက်ရန် ခေါ်ရမည်။ ထိုသူက အတန်းထဲရှိ သတ်မှတ်ထားသောနေရာသို့ လျှောက်သွားစေပါ။ ထို့နောက် ကလေးတစ်ယောက်ကို ထိုသူနောက်မှ လိုက်စေပါ။ ရှေ့မှသွားသောသူက နောက်ကလိုက်သောကလေးကို သတ်မှတ်ထားသည့် နေရာရောက်သည်အထိ ဦးဆောင်ရပါမည်။)

သားကို ရေဖူးကိုင်ထားတဲ့သူက ဘယ်ကိုဦးဆောင်သွားတာလဲ။ ရေဖူးကိုင်ထားတဲ့သူက -------- နေရာဆီ သားကို ဦးဆောင်သွားမယ်။ ဘယ်ကို သွားနေခဲ့သလဲဆိုတာကို ကြိုတင်သိထားခဲ့သလား။ မသိပါဘူး၊ သူဦးဆောင်လို့ ရပ်တဲ့နေရာရောက်တဲ့အထိ သူ့နောက်ကလိုက်နေတာပဲ မဟုတ်လား။

အဲဒီလိုမျိုးပုံစံ သမ္မာကျမ်းစာထဲမှာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းကို ဆရာမ ဒီနေ့ ပြောပြမယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဒီနေ့ကြားခဲ့တဲ့ပုံပြင်ထဲမှာ ယေရှုရှင်နဲ့သူ့တပည့်တော်တို့ ဘာလုပ်နေကြသလဲ။ အဲဒီညစာစားပွဲက ဘာကြောင့် တမူထူးခြားနေရတာလဲ။ မှန်တာပေါ့ – အဲဒီညစာဟာ ယေရှုရှင် လက်ဝါးကပ်တိုင်ပေါ်မှာ မသေခင် သူ့တပည့်တော်တွေနဲ့နောက်ဆုံးအတူ ညစာစားခြင်း ဖြစ်တယ်။

မကြာခင် သူသေရတော့မယ်ဆိုတာကို ယေရှုရှင်သိပါသလား။ ယေရှုရှင်သေရတော့မယ်ဆိုတာကို သူ့ရဲ့ အပေါင်းအပါတွေက သိပါသလား။

အဲဒီအချိန်မှာ သူ့ရဲ့တပည့်တော်တွေက ဘယ်သူက အကြီးမြတ်ဆုံးဖြစ်မယ်ဆိုပြီးတော့ ငြင်းခုံနေခဲ့ကြတယ်။

ဘယ်သူက အကောင်းဆုံး၊ အမြန်ဆုံး၊ ပထမရတယ်စသည်ဖြင့် သားတို့သမီးတို့ရော ငြင်းခုံဖူးပါသလား။

ကြီးမြတ်သောသူဖြစ်ရန် ယေရှုရှင်ပြောခဲ့တဲ့လမ်းစဉ်က ဘာလဲ။

(သင်ခန်းစာ ၉၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဘယ်သူက ယေရှုရှင် ဖြစ်ပါသလဲ။ ပုံထဲကအတိုင်းဆိုရင် သူဘာလုပ်နေတာလဲ။

သမ္မာကျမ်းစာခေတ်ခါတုန်းကဆိုရင် အဲဒီအလုပ်ဟာ အစေခံကျွန်တစ်ယောက်ရဲ့အလုပ်ဖြစ်တယ်။ အရေးပါတဲ့ ပုဂ္ဂိုလ်တွေရဲ့အလုပ် မဟုတ်ပါဘူး။

ယေရှုရှင်ထက်ကြီးမြတ်တဲ့သူ ရှိပါသလား။ ယေရှုရှင်ဟာ အကြီးမြတ်ဆုံးသောပုဂ္ဂိုလ်ဖြစ်တယ်၊ သူဟာ ဘုရားသခင် ဖြစ်တယ်။

ဘုရားသခင်ရဲ့ရှေ့တော်မှောက်မှာ ကြီးမြတ်ခြင်းဆိုတာက ဘာလဲဆိုတာကို ယေရှုရှင် ပြသပေးခဲ့တယ်။

သားတို့သမီးတို့ ဘယ်လိုကြီးမြတ်သောသူ ဖြစ်နိုင်မလဲ။

အခြားသူတွေကို သားတို့သမီးတို့ ဘယ်လိုအစေခံနိုင်မလဲ။ ဖေဖေနဲ့မေမေတို့ကို ဘယ်လိုအစေခံနိုင်မလဲ။ ညီကို မောင်နှမတွေထံမှာ ဘယ်လိုအစေခံနိုင်မလဲ။ သူငယ်ချင်းတွေကို ဘယ်လိုအစေခံနိုင်မလဲ။ (ကလေးများကို အစေခံနိုင်မည့် လက်တွေ့လုပ်ဆောင်ရမည့်အရာများကို စဉ်းစားစေပါ။)

(ယေရှုရှင်ကဲ့သို့ အစေခံတစ်ဦး ဖြစ်လာစေရန် ကလေးတစ်ယောက်စီတိုင်းအတွက် ဆုတောင်းခြင်းဖြင့် အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဆိုးရွာတဲ့အခြေအနေတစ်ခုကတော့ မကြာခင်ဖြစ်လာတော့မယ်။ ဘာများဖြစ်လာမလဲ။

မှန်တယ် – လက်ဝါးကပ်တိုင်ပေါ်မှာ ယေရှုရှင်အသေခံရတော့မယ်။

ဒါကို ယေရှုရှင် သိပါသလား။ သူ့ရဲ့တပည့်တော်တွေရော သိပါသလား။

ဆိုးဝါးတဲ့ အခြေအနေတွေ ဖြစ်လာတော့မယ်ဆိုတာကို သားတို့သမီးတို့ ကြိုတင်သိထားပါသလား။

ယေရှုရှင်က ကြိုတင်သိပါသလား။ မှန်ပါတယ် –ယေရှုရှင်ဟာ ဘုရားဖြစ်တဲ့အတွက် ခပ်သိမ်းသောအရာကို သိပါတယ်။

အလွန်ဆိုးဝါးတဲ့အခြေအနေမျိုးဖြစ်လာရင်တောင်မှ ဘုရားသခင်ဟာ အရာရာပေါ်မှာ အစိုးရတဲ့အရှင် ဖြစ်နေဆဲလား။

တပည့်တော်ဆယ့်နှစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ယုဒဟာ မကောင်းတဲ့အရာတစ်ခုကိုလုပ်ဖို့ အဆင်သင့် ဖြစ်နေခဲ့တယ်။

ယုဒက ဘာလုပ်မယ်ဆိုတာကို ယေရှုရှင် ကြိုတင်သိပါသလား။ ယုဒကို တားဆီးလို့ရပါသလား။ ဘာကြောင့်မို့ မတားဆီးရတာလဲ။

ဘုရားသခင်က လူသားတွေကိုကယ်တင်ဖို့ အကြံအစည်ရှိတယ်။ ဒါဟာ သူ့ရဲ့သားတော်အတွက် ဘုရားသခင်ရဲ့ အကြံအစည်ဖြစ်တယ် – အဲဒါကတော့ လူသားတွေရဲ့အပြစ်ကို ယူဆောင်သွားပြီးတော့ အပြစ်ဒဏ်ကို ကိုယ်စားပြုခံရဖို့ ဖြစ်တယ်။ အဲဒါတွေအားလုံးကို ဘုရားသခင်က သူ့ရဲ့ပရောဖက်တွေအားဖြင့် ပြောထားပြီးတော့ စာအားဖြင့်ရေးချခဲ့ကြတယ် – အဲဒါကတော့သမ္မာကျမ်းစာ ဖြစ်တယ်။ အခုအခြေအနေကတော့ ဘုရားသခင်ပြောထားတဲ့အတိုင်း အားလုံးကပြည့်စုံလာခဲ့တာ ဖြစ်တယ်။ ဘုရားသခင်က သူပြောတဲ့အတိုင်း အမြဲတမ်းအလုပ်လုပ်တော်မူတယ်။

ယေရှုရှင် အသေခံရတာက ဆိုးဝါးတယ်မဟုတ်လား။ ဒါပေမယ့် တစ်ဘက်မှာတော့ ကောင်းတယ်။ ဘာကြောင့်လဲ။

ဘုရားသခင်က ဆရာ၊မ တို့ရဲ့အပြစ်တွေကို ခွင့်လွှတ်နိုင်ဖို့ လမ်းကိုပြင်ဆင်ပေးခဲ့တယ်။ အပြစ်အတွက် စီရင်ခြင်းကို ယေရှုရှင်က ယူဆောင်သွားတယ်။

အခြားဆိုးဝါးတယ်လို့ထင်ရတဲ့အကြောင်းအရာတွေအပေါ်မှာ ဘုရားသခင်က အစိုးရနေဆဲပဲလား။

သားတို့သမီးတို့ရဲ့အသက်တာမှာ ဆိုးဝါးတဲ့အရာတွေ ဖြစ်ပေါ်တဲ့အခါမှာ ဘယ်လိုလုပ်မလဲ။ ဘုရားသခင်က အဲဒီအခြေအနေတွေကို ဘုရားသခင်က ထိန်းချုပ်နေပါသလား။

ဘုရားသခင်က ဆိုးဝါးတဲ့အခြေအနေတွေကို ကောင်းမွန်တဲ့အခြေအနေအဖြင့် ပြောင်းလဲစေနိုင်ပါသလား။ ဘယ်လိုသိနိုင်သလဲ။

ဘုရားသခင်ဟာ အရာခပ်သိမ်းကို ထိန်းချုပ်တော်မူတယ်။

(ဆိုးဝါးတဲ့အခြေအနေတွေအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားဖို့ ကလေးများကို ဆုတောင်းပေးပါ။ အရာရာတိုင်းအပေါ်တွင် ဘုရားသခင်က ထိန်းချုပ်တော်မူတဲ့အတွက် ကျေးဇူးတော်ချီးမွမ်းလိုက်ပါ။)

ဓမ္မသစ် ပုံဝတ္ထုများ

93

# "အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေ"

**ကျမ်းညွှန်း – မဿဲ၊ ၂၆း၃၆–၅၆၊ မာကု၊ ၁၄း၃၂–၅၀၊ ယော၊ ၁၈း၁–၁၁**

## အဓိကအချက်များ

- ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည်
  ယော၊ ၁၈း၄
- အရာရာသည် ဘုရားသခင်ပြောသည့်အတိုင်း ဖြစ်ပျက်ကြသည် – သူ၏ကတိတော်များကို ဘုရားသခင် အစဉ်စောင့်ထိန်းတော်မူသည်
  ယော၊ ၆း၃၉၊ ၁၇း၁၂ တွင် ယေရှုရှင် ပြောခဲ့သည့်အရာသည် ယော၊ ၁၈း၉ တွင် ပြည့်စုံသည်
- ဖမည်းတော်ဘုရား၏အလိုတော်ကို ယေရှုရှင် စုံလင်စွာဝန်ခံခဲ့သည်
- ယေရှုရှင်က ကျွန်ုပ်တို့အတွက် ကိုယ်စားခံခဲ့သည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ခေါင်းအုံးတစ်လုံး ယူလာပါ။ ထို့နောက် အိပ်ချင်ဟန်ဆောင်လိုက်ပါ။ ကူညီပေးမည့်သူတစ်ယောက်ကို ခေါ်ပြီး ထိုကူညီပေးမည့်သူနှင့် အောက်ပါအတိုင်း ပြောလိုက်ပါ။)

ကူညီပေးသူ – မင်းဘာလုပ်နေတာလဲ။ ထပါတော့။

ဆရာ၊မ – (ငြိမ်းပြသံပေးလိုက်ပါ။)

ကူညီပေးသူ – (ဆရာ၊မ ကို ပုတ်လိုက်ပါ) ထတော့၊ အိပ်ရမယ့်အချိန်မဟုတ်ဘူး။ ထတော့။

ဆရာ၊မ – (မျက်စိဖွင့်လိုက်ပါ) ဘာကိစ္စရှိလို့လဲ။

ကူညီပေးသူ – မင်းက ဒီမှာအိပ်နေတယ်၊ အခုချိန်က အိပ်ရမယ့်အချိန်မဟုတ်ဘူး။ အခုချိန်က ကျမ်းစာဖတ်ရမယ့်အချိန်။ အိပ်တာကတော့ ကောင်းပါတယ် ဒါပေမယ့် ကျမ်းစာဖတ်တဲ့အချိန်မှာ အိပ်တာကတော့ မကောင်းဘူးလေ။

ဆရာ၊မ – အေး ဟုတ်တယ်ဟ၊ မင်းပြောတာမှန်တယ်၊ အခုချိန်က အိပ်ရမယ့်အချိန်မဟုတ်ဘူး။ ငါမှားသွားတယ်။

ကူညီပေးသူ – ဟုတ်တယ် အခုချိန်က ကျမ်းစာဖတ်ရမယ့်အချိန်၊ အိပ်ချိန်မဟုတ်ဘူး။

ဆရာ၊မ – ဒီအဖြစ်အပျက်က သမ္မာကျမ်းစာတဲကအဖြစ်အပျက်ပုံပြင်တစ်ခုကို သွားပြီးသတိရစေတယ်။

ကူညီပေးသူ – ဒါဆိုရင်လည်း အဲဒီပုံပြင်ကို ပြောပြလေ။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၃ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ယေရှုရှင် ဘာလုပ်နေတာလဲ။

ယေရှုရှင်က ဆင်းရဲဒုက္ခတွေကိုခံပြီးတော့ အသေခံချင်ပါသလား။

ယေရှုရှင်ဟာ လူသားတွေကိုချစ်ပြီး သူတို့ရဲ့အပြစ်တွေအတွက် ကိုယ်စားပေးဆပ်ချင်ပေမယ့်၊ လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံဖို့တော့ မနှစ်သက်ခဲ့ပါဘူး။ တကယ်ကို နာကျင်စရာတွေဖြစ်မှာ သေချာတယ်လေ။

ယေရှုရှင်ဟာ ဘုရားသခင်ဖြစ်တယ်၊ ဒါပေမယ့်လည်း သူဟာလူသားလည်း ဖြစ်တယ်။ လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံတဲ့အခါမှာ ဆရာ၊မ တို့ လူသားတွေ နာကျင်ခံစားရသလို သူလည်းပဲခံစားရမှာဖြစ်တယ်။

ယေရှုရှင်က သူ့ရဲ့ဖခင်ကို ဘာလုပ်ပေးဖို့ တောင်းခံခဲ့သလဲ။ ("ဤခွက်" ကို ကျွန်ုပ်၌လွန်သွားစေပါ" ဟု ဆိုရာတွင် "ခွက်" ဆိုသည့်အရာမှာ မည်သည့်အရာဖြစ်သည်ကို ကလေးများ သိအောင် ရှင်းပြပေးရမည်။)

ခမည်းတော် ဘုရားသခင်က ဘာလုပ်ခဲ့သလဲ။ ယေရှုရှင်ကို ဝေဒနာခံစားစေပြီး လက်ဝါးကပ်တိုင်ပေါ်မှာ အစေခံစေချင်ခဲ့သလား။ ဘာကြောင့်လဲ။ (လူသားများ၏အပြစ်ကို ယူဆောင်၍ ခွင့်လွှတ်ခြင်းကို ရရှိခံစားစေရန်)

အရမ်းကိုခက်ခဲတဲ့အရာ သို့မဟုတ် သားတို့သမီးတို့ မလုပ်ချင်တဲ့အလုပ်မျိုး လုပ်ဖူးပါသလား။

ဆေးထိုးခြင်းကို မခံချင်သလိုမျိုးပေါ့။

အဲဒီလိုမျိုး အခြေအနေမှာ ဘာလုပ်မလဲ။ နာခံဖို့ရန် ခက်ခဲပါသလား။

ယေရှုရှင် ဘယ်လိုခံစားရမယ်လို့ ထင်သလဲ။ ယေရှုရှင်အတွက် နာခံတာဟာ လွယ်ကူမယ်လို့ ထင်ပါသလား။

ဝေဒနာခံရင်းနဲ့ အသေသတ်ခြင်းခံရဖို့ကို ယေရှုရှင် နှစ်သက်ခဲ့ပါသလား။

ဒါပေမယ့် ဖမည်းတော် ဘုရားသခင်ရဲ့အလိုတော်ကို သူနားထောင်ခဲ့သလား။ ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ သူဟာ ခမည်းတော်ဘုရားကို ချစ်သလို၊ လူသားတွေကိုလည်း ချစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ ဆရာ၊မ တို့ရဲ့အပြစ်ကနေ လွတ်မြောက်နိုင်ဖို့ ယေရှုရှင်က ဒီလမ်းကို ရွေးချယ်ခဲ့တာဖြစ်တယ်။

သူ ဘာပြောခဲ့သလဲ။ (ရောင်ခြယ်စာအုပ်ပါပုံအောက်ရှိ စာကြောင်းကို ဖတ်ပေးပါ။)

ခမည်းတော် ကြံစည်ခဲ့တဲ့အတိုင်း ယေရှုရှင်က နာခံလုပ်ဆောင်ခဲ့တယ်။

သားတို့သမီးတို့အတွက် ဘုရားသခင်ထားရှိတဲ့အစီစဉ်ကို ယုံကြည်ကိုးစားမလား။

(ခမည်းတော်ဘုရားရဲ့အကြံစည်တော်မြတ်အတိုင်း လက်ဝါးကပ်တိုင်ပေါ်မှာ နာကျင်ဝေဒနာတွေ ခံစားရင်း အသေခံပေးခဲ့တဲ့အတွက် ကျွန်ုပ်တို့ကို အပြစ်ခွင့်လွှတ်ခြင်းရရှိစေခဲ့တဲ့ ယေရှုရှင်ကို ကျေးဇူးချီးမွမ်းဆုတောင်းခြင်းဖြင့် အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

လူတွေက ကတိတည်ကြပါသလား။

ပေးထားတဲ့ကတိတွေကို မစောင့်ထိန်းနိုင်အောင် အခြေအနေအမျိုးမျိုးက ပြောင်းလဲစေနိုင်ပါသလား။

ပျော်ပွဲစားသွားမယ်လို့ ကတိပေးထားမယ်ဆိုပေမယ့် မိုးရွာခဲ့ရင် ဘယ်လိုလုပ်မှာလဲ။

လူတွေက သူတို့ရဲ့စိတ်နေသဘောထားတွေကို ပြောင်းလဲစေကြသလား ဒါမှမဟုတ် ကတိပေးထားတာကို မေ့သွား တတ်ကြသလား။

သားတို့သမီးတို့ ကိုယ်တိုင်လည်း တစ်ခုခုလုပ်မယ်လို့ ပြောထားပြီးတော့ မေ့သွားတာမျိုး ရှိဖူးပါသလား။

တစ်ခုခုလုပ်ဖို့ ကတိပေးထားပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင်း သို့မဟုတ် အမျှော်လင့်ထားတဲ့ အရာတွေ ဖြစ်ပျက်လာလို့ သူတို့ရဲ့ကတိစကားအတိုင်း မလုပ်နိုင်တော့တာတွေ ရှိတတ်ပါတယ်။

ဘုရားသခင်က အဲဒီလိုဟုတ်ပါသလား။

ဟိုးရှေးရှေးတုန်းကတည်းကနေ လူသားတွေအတွက် ဘုရားသခင်ကအထူးကတိတော်တစ်ခုကို ပေးထားခဲ့တယ်။

ဘုရားသခင် ပေးခဲ့တဲ့ကတိတော်က ဘာလဲ။

မှန်တယ် – ကယ်တင်ရှင်တစ်ပါးကို စေလွှတ်ခဲ့မယ်လို့ သူ့လူတွေကို ကတိပေးခဲ့တယ်။ ကယ်တင်ရှင် တစ်ပါးကို စေလွှတ်ခဲ့ပါသလား။ အဲဒီကယ်တင်ရှင်က ဘယ်သူလဲ။

အခုချိန်မှာတော့ လူသားတွေရဲ့အပြစ်အတွက် ကိုယ်စားပြုအသေခံမယ့် ဘုရားသခင်ကတိပေးထားတဲ့ ကယ်တင်ရှင် ယေရှုဟာဆိုရင် အသေခံရတော့မှာ ဖြစ်တယ်။

သားတော် ယေရှုရှင်ကို ခမည်းတော်ဘုရားသခင်က ချစ်ပါသလား။

သားတော်ကို အသေခံခွင့်ပေးဖို့ဆိုတာက ခမည်းတော်ဘုရားအတွက် ခက်ခဲပါသလား။

ယေရှုရှင်အတွက် ဆင်းရဲဒုက္ခကိုခံပြီး အသေခံရဖို့ဆိုတာက လွယ်ကူပါ့မလား။

(သင်ခန်းစာ ၉၃ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ယေရှုရှင်က ဘာကို တောင်းခံခဲ့သလဲ။

ဘုရားသခင်ရဲ့ကတိတော်ကို ပြည့်စုံစေဖို့ အခြားနည်းလမ်းမရှိတော့ဘူးလား။

ဘုရားသခင်က သူ့ရဲ့ကတိတော်ကို အမှန်ပြည့်စုံစေခဲ့သလား။

သားတော်ဘုရားကိုတောင်မှ အသေခံဖို့ခွင့်ပြုတယ်၊ သားတော်ဘုရားကိုယ်တိုင်က လိုလိုလားလားနဲ့ အသေခံဖို့နာခံခဲ့တဲ့အတွက်ကြောင့် ဘုရားသခင် မပြည့်စုံစေမယ့်ကတိတော်မျိုး ရှိနိုင်အုံးမလား။

သားတို့သမီးတို့အပေါ်မှာ ဘုရားသခင်ထားရှိတဲ့ကတိတော်အတွက် ယုံကြည်နိုင်မလား။

(ကယ်တင်ရှင်ကို စေလွှတ်ပေးမည်ဟု ပေးခဲ့သည့်ကတိတော်ကို အမှန်ပြည့်စုံစေသော ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်း၊ ဆုတောင်းခြင်းဖြင့် အဆုံးသတ်လိုက်ပါ။)

ဓမ္မသစ် ပုံဝတ္ထုများ

# 94 ပေတရုက ယေရှုရှင်ကို ငြင်းပယ်ခဲ့သည်

## ကျမ်းညွှန်း – မဿဲ၊ ၂၆း၆၉–၇၅၊ လုကာ၊ ၂၂း၅၄–၆၂

## အဓိကအချက်များ

- လူသည် အပြစ်သားဖြစ်သည်
- ကျွန်ုပ်တို့သည် အပြစ်သားဖြစ်သည့်အတွက် ကယ်တင်ရှင် လိုအပ်ကြပါသည်
- ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည်

မဿဲ၊ ၂၆း၇၅ – မြားမကြာမီ ပေတရုက သူ့ကို ငြင်းပယ်မည်ဟု ပြောခဲ့သည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(မိုငြမ်းရန် စာအုပ်မှ ကြက်ဖတစ်ကောင်ပုံကို ပြပါ။) ဒါကဘာလဲဆိုတာကို သားတို့သမီးတို့ သိပါသလား။ ဒီကြက်ဖက ဘယ်လိုအသံမျိုး ထွက်စေပါသလဲ။

ကြက်ဖတစ်ကောင်အကြောင်း သမ္မာကျမ်းစာထဲမှာရှိတယ်ဆိုတာကို သားတို့သမီးတို့ သိပါသလား။ ကြက်ဖတစ်ကောင်အကြောင်းနဲ့ ယေရှုရှင်ရဲ့အကြောင်းကို ပြောပြသွားမယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ယေရှုရှင်ကို ပေတရု ချစ်ခဲ့ပါသလား။

ပေတရု ဘာလုပ်မယ်ဆိုပြီးတော့ ယေရှုရှင် ပြောခဲ့သလဲ။ (ယေရှုရှင်ကို မသိဘူး၊ သူ့ရဲ့တပည့်တော် မဟုတ်ဘူးဆိုပြီး ငြင်းလိမ့်မယ်)

အဲဒီလို မကောင်းတဲ့အရာမျိုးကို သူလုပ်လိမ့်မယ်လို့ ပေတရု ထင်မှတ်ခဲ့ပါသလား။

လူတစ်ယောက် မကောင်းတဲ့အရာတစ်ခုခုကို မလုပ်ဖို့ဆုံးဖြတ်ထားပေမယ့် လုပ်မိသွားတာမျိုး ရှိပါသလား။ ပေတရုက လုပ်မိသွားခဲ့တယ်။

အဲဒီလိုမျိုး သားတို့သမီးတို့ ကြုံဖူးပါသလား။ သားတို့သမီးတို့အနေနဲ့ မလုပ်သင့်ဘူးဆိုတာကို သိပေမယ့် လုပ်မိသွားတာမျိုး ရှိပါသလား။ မိဘကို မနာခံခြင်းက မကောင်းဘူးဆိုတာသိပေမယ့် မနာခံမိတဲ့အချိန်မျိုးပေါ့။ (အခြား ဥပမာများလည်း ပေးနိုင်သည်။)

အဲဒီလို ဖြစ်နေရတဲ့အကြောင်းအရင်း ရှိပါသလား။ အဲဒီအကြောင်းအရင်းကို ဘယ်သူသိပါသလဲ။ မှန်တယ် – ဆရာ၊မ တို့ရဲ့နှလုံးသားဟာ အပြစ်နဲ့ပြည့်နေတယ်။ ဆရာ၊မ တို့အားလုံးဟာ အပြစ်သားတွေ ဖြစ်ကြတယ်။

မှန်ကန်တဲ့အရာကိုပဲ လုပ်မယ်ဆိုပေမယ့် တစ်ခါတစ်ရံ ဘယ်လိုဖြစ်တတ်ကြသလဲ။ မှန်ပါတယ် – ဆက်ပြီးတော့ ဆရာ၊မ တို့ တစ်ခါတစ်ရံမှာ အပြစ်ကျူးလွန်မိကြတယ်။ ပေတရုလို ပဲပေါ့။

ဆိုပါစို့ သားတို့သမီးတို့က ဘယ်တော့မှ အပြစ်မကျူးလွန်သလို ဟန်ဆောင်ပြီးတော့ လူအားလုံးကို ယုံအောင် ပြောနိုင်တယ်ဆိုအုံးတော့၊ ယေရှုရှင်ကိုရော လိမ်လို့ရမလား။

သားတို့သမီးတို့ အပြစ်ကျူးလွန်တဲ့အခါ ဘုရားသခင် သိပါသလား။

အပြစ်နဲ့ပတ်သက်ပြီးတော့ ဘုရားသခင် ဘယ်လိုခံစားရပါသလဲ။ (ဘုရားသခင်က အပြစ်ကို မုန်းတယ်၊ အပြစ်ကို သည်းမခံနိုင်ဘူး။)

အပြစ်သားတစ်ယောက် ဘာကိုလိုအပ်တာလဲ။ (ခွင့်လွှတ်ခြင်း – ကယ်တင်ရှင်တစ်ပါး – အပြစ်တွေကို ယူဆောင်သွားမယ့်သူ။)

ဆရာ၊မ တို့ရဲ့အပြစ်တွေကနေ ဘယ်သူက ကယ်တင်နိုင်ပါသလဲ။

(အပြစ်ကနေ ကယ်တင်ဖို့ရန် ခမည်းတော်ဘုရားက သားတော်ဘုရားကို စေလွှတ်ပေးခဲ့တဲ့အတွက် ကျေးဇူးတော် ချီးမွမ်း ဆုတောင်းခြင်းဖြင့် အဆုံးသတ်လိုက်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၄ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ပေတရု ဘာလုပ်နေသလဲ။ သူအဲဒီနေရာမှာ ဘာကြောင့်ရောက်နေရတာလဲ။

ယေရှုရှင်ကို ဘာလုပ်နေကြသလဲ။

ယေရှုရှင်ကို ပေတရု ချစ်ပါသလား။

ပေတရုက ယေရှုရှင်ကို ချစ်တယ်ဆိုတာ အဲဒီမှာရှိတဲ့သူတွေ သိပါသလား။ ပေတရုကို သူတို့ဘာမေးခဲ့ကြသလဲ။

သားတို့သမီးတို့သာ ပေတရုဖြစ်ခဲ့မယ်ဆိုရင် ဘာပြောခဲ့ကြမလဲ။ ပေတရုကရော ဘာပြောခဲ့သလဲ။

ယေရှုရှင်ကို မသိဘူးဆိုပြီးတော့ ပြောခဲ့မယ်လို့ ပေတရု ဘယ်တုန်းကမှ ထင်မှတ်ခဲ့မှာမဟုတ်ပါဘူး။ ပေတရု ယေရှုရှင်ကို ချစ်ပါတယ်။

ပေတရုက ယေရှုရှင်ကို မသိဘူးလို့ ဘာကြောင့်ပြောခဲ့တာလဲ။ အဲဒီလိုပြောဆိုခြင်းဟာ မှန်ကန်တဲ့လုပ်ရပ်ဖြစ်သလား။

သားတို့သမီးတို့ရဲ့အသက်တာမှာလည်း မှန်ကန်တာသိပါလျှက်နဲ့ မလုပ်နိုင်တဲ့ဟာမျိုး ရှိပါသလား။

အဲဒီလိုပဲ ပေတရုရဲ့အသက်တာမှာ ဖြစ်သွားခဲ့တယ်။

ပေတရုအနေနဲ့ ဘာလုပ်နိုင်ခဲ့သလဲ၊ သားတို့သမီးတို့အနေနှင့် မကောင်းတဲ့အရာတစ်ခုခုကို လုပ်ဆောင်ဖို့ စုံစမ်းခြင်းခံရတဲ့အခါ ဘာလုပ်မလဲ။ (ကလေးများ၏ထင်မြင်ချက်ကို နားထောင်ပေးပြီး ဆက်ရှင်းပြပါ။)

ဒီနေ့အတွက် ပြင်ဆင်ထားတဲ့အခြေခံကျမ်းချက်က ဘာပြောထားသလဲ။ (၁ပေ၊ ၅း၈ ကို ဖတ်ပါ။)

သတိရှိပါဆိုတာက ဘာကိုဆိုလိုတာလဲ။ ဘာကြောင့်သတိရှိဖို့ လိုအပ်တာလဲ။

ပေတရုအနေနဲ့ ဘယ်လိုသတိရှိနိုင်ခဲ့သလဲ။ သားတို့သမီးတို့ရော ဘယ်လိုသတိရှိနိုင်မလဲ။

ဆရာ၊မ တို့ရဲ့ကျမ်းချက်ထဲမှာ စာတန်ဟာ ဘယ်လိုမျိုးလဲဆိုတာကို ဖော်ပြပေးတဲ့စကားလုံး ရှိတယ်။

ဆရာ၊မ ပြန်ဖတ်မယ် သေချာနားထောင်နော်။ (၁ပေ၊ ၅း၈ ကို ပြန်ဖတ်ပေးပါ။)

စာတန်ကို ဘယ်လိုအကောင်မျိုးနဲ့ သမ္မာကျမ်းစာထဲမှာ ခိုင်းနှိုင်းထားသလဲ။

သားတို့သမီးတို့ကို စာတန်က ဘယ်လိုဝါးမြိုမှာလဲ။ (အပြစ်ထဲကို သွေးဆောင်ခြင်းအားဖြင့်)

သားတို့သမီးတို့က ဘာလုပ်နိုင်သလဲ။ ဖတ်သွားတဲ့ကျမ်းစာထဲမှာ ဘာလုပ်ရမယ်ဆိုပြီးတော့ ပြောထားသလဲ။

(ထိုကျမ်းချက်နှင့်အညီ ကလေးများအတွက် ဆုတောင်းပေးရင်းဖြင့် အဆုံးသတ်ပါ။)

ယေရှုရှင်ကို ပေတရု ချစ်ခဲ့ပါသလား။

ပေတရု ဘာလုပ်မယ်ဆိုပြီးတော့ ယေရှုရှင် ပြောခဲ့သလဲ။ (ယေရှုရှင်ကိုမသိဘူး၊ သူ့ရဲ့တပည့်တော် မဟုတ်ဘူး ဆိုပြီး ငြင်းလိမ့်မည်)

ဓမ္မသစ် ပုံဝတ္ထုများ 95

# “သူ့ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပါ ”

## ကျမ်းညွှန်း – မာကု၊ ၁၅း၁–၁၅၊ မဿဲ၊ ၂၇း၁၁–၂၆

## အဓိကအချက်များ

- လူသည် အပြစ်သားဖြစ်သည်
  လူအုပ်ကြီးက ယေရှုရှင်ကို သတ်စေချင်ကြသည်၊ အပြစ်မရှိသောသူကို သတ်ခြင်းအမှုသည် မှားယွင်းပေသည်
- ကျွန်ုပ်တို့သည် အပြစ်သားဖြစ်သည့်အတွက်ကြောင့် ကယ်တင်ရှင်လိုအပ်ပါသည်
- ဘုရားသခင်သည် ခပ်သိမ်းသောအမှုကို သိတော်မူ၍၊ ပြောသည့်အတိုင်း အလုပ်လုပ်တော်မူသည်
  စွပ်စွဲသောသူများရှေ့တွေ ယေရှုရှင် တိတ်ဆိတ်စွာ နေခြင်းက ဟေရှာ၊ ၅၃း၇ တွင် ပရောဖက်ပြုချက်ကို ပြည့်စုံစေသည်
- ယေရှုရှင် ဆင်းရဲဒုက္ခခံစားခဲ့ရသည်
  မဿဲ၊ ၂၇း၂၆၊ မာကု၊ ၁၅း၁၅၊ ဟေရှာ၊ ၅၃း၃ ကိုလည်း ကြည့်နိုင်သည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်ခန်းစာ ၉၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူတွေကို ကြည့်ပါအုံး။ သူတို့တွေ ပျော်ရွှင်နေတဲ့ပုံပေါ်သလား။ သူတို့ ဘာဖြစ်နေတဲ့ပုံပေါ်သလဲ။

မှန်တယ် – သူတို့တွေစိတ်တိုနေကြတယ်။ သူတို့တွေ အော်ဟစ်နေကြသလိုပဲ။

ဒီပုံဟာ သမ္မာကျမ်းစာထဲက အကြောင်းအရာတစ်ခုကို ဖော်ပြထားပါတယ်။ ဘာလို့ ဒီလူတွေစိတ်ဆိုးပြီး အော်ဟစ်နေကြသလဲဆိုတာကို သားတို့သမီးတို့ နားထောင်ချင်ကြသလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူတွေကို ကြည့်ပါအုံး။ သူတို့တွေ ပျော်ရွှင်နေတဲ့ ပုံပေါ်သလား။

သူတို့တွေ ဘာကိုအော်ဟစ်နေကြသလဲဆိုတာ သားတို့သမီးတို့သိသလား။ “သူ့ကို လက်ဝါးကပ်တိုင်မှာရိုက်ပါ” ဆိုပြီး အော်နေကြတာ ဖြစ်တယ်။

ယေရှုရှင်ကို ကားတိုင်ပေါ်မှာ ဘာကြောင့်ရိုက်သတ်ချင်ကြတာလဲ။ ယေရှုရှင်က သူတို့ကိုနာကျင်စေလို့လား။

ယေရှုရှင်အပေါ် စိတ်ဆိုးစရာ၊ မုန်းတီးစရာအကြောင်းရှာမတွေ့ပေမယ့် သူတို့တွေဟာ ယေရှုရှင်အပေါ် စိတ်ဆိုးမုန်းတီး နေကြတယ်။

လူတွေက မုန်းတီးစိတ်ဆိုးနေတာတွေကို ဘုရားသခင်က ဘာလို့ သတ်မှတ်သလဲ။ (အပြစ်)

အပြစ်ကို ဘုရားသခင် မုန်းတယ်။ အပြစ်ဟာ ရွံ့ရှာဖွယ်ရာ ဖြစ်တယ်။ အပြစ်က ဆရာ၊မ တို့ကို ဘုရားနဲ့ ဝေးစေတယ်။

အပြစ်သားတစ်ယောက်ဖြစ်တယ်ဆိုတာက ဘာကိုဆိုလိုတာလဲ။
စိတ်ဆိုးမုန်းတီးစိတ် ရှိတဲ့သူတွေကိုပဲ အပြစ်သားလို့ခေါ်လို့ရသလား။ သားတို့သမီးတို့ရော အပြစ်သားဟုတ်ပါသလား။
အရာရာတိုင်းထက် ဘုရားသခင်ကို မချစ်ဘူး၊ တန်ဖိုးမထားဘူးဆိုတာနဲ့ အပြစ်ကျူးလွန်ပြီးသားပဲ ဖြစ်တယ်။
သားတို့သမီးတို့ရဲ့နှလုံးသားထဲမှာ ဘာရှိလဲဆိုတာကို ဘုရားသခင် သိသလား။
အပြစ်စီရင်ခြင်းအတွက် ဘုရားသခင်က ဘာပြောထားသလဲ။ (သေခြင်း)
သားတို့သမီးတို့ ဘာလိုအပ်သလဲ။ (အပြစ်ရဲ့အခကို ပေးဆပ်ပေးမယ့် ကယ်တင်ရှင်တစ်ပါး။)
ယေရှုရှင် လက်ဝါးကပ်တိုင်ပေါ် ဘာလုပ်ပေးခဲ့သလဲ။
(ကျေးဇူးတော်ချီးမွမ်း ဆုတောင်းခြင်းဖြင့် အဆုံးသတ်ပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**
(သင်ခန်းစာ ၉၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါ ပုံကို ပြပါ။) ဒီနေ့ကြားခဲ့ပုံပြင်ထဲမှာ ဘာတွေဖြစ်ခဲ့ကြသလဲ။
သားတို့သမီးတို့ကို ဘယ်လိုခံစားစေသလဲ။ သားတော်ကို သူတို့ဆက်ဆံခဲ့သလို ခမည်းတော်ဘုရားက သူတို့အပေါ် ဆက်ဆံမယ်လို့ ထင်သလား။
ဆင်းရဲဒုက္ခတွေကိုခံဖို့ ယေရှုရှင် ထိုက်တန်ပါသလား။ ယေရှုရှင်ဟာ အပြစ်သား ဖြစ်ပါသလား။
ဒီအရာတွေအားလုံး ယေရှုရှင်ခံစားရတာ ဘာတွက်လဲဆိုတာကို သိပါသလား။
အပြစ်အပေါ်မှာ ဘုရားသခင်ရဲ့စိတ်သဘောထားကဘာလဲ။ (မုန်းတီးတယ်။)
အပြစ်ရှိတဲ့သူအပေါ်မှာ ဘုရားသခင်ရဲ့စိတ်သဘောထားက ဘယ်လို ရှိသလဲ။ (ချစ်တယ်။)
ကောင်းကင်နိုင်ငံမှာ အပြစ်ကျူးလွန်တာမျိုးကို ဘုရားသခင် ခွင့်ပြုပါ့မလား။
ကောင်းကင်နိုင်ငံ ဝင်စားရလောက်အောင်ကောင်းတဲ့လူ ဒီကမ္ဘာပေါ်မှာ ရှိသလား။ (မရှိဘူး)
ဒါကြောင့်မို့ ဆရာ၊မ တို့မှာ ပြဿနာ ကိုယ်စီရှိတယ် – ဘုရားသခင်က လူသားတွေကိုချစ်ပြီး ကောင်းကင်ဘုံဝင်စားစေချင်တယ်၊ ဒါပေမယ့် ဘုရားသခင်ဟာ အပြစ်ကိုမုန်းတီးသလို၊ လူသားအားလုံးကလည်း အပြစ်သားတွေ ဖြစ်နေတယ်။
ဆရာ၊မ တို့ရဲ့အပြစ်ဒဏ်အားလုံးကို ကိုယ်စားပြုယူဆောင်ပေးမယ့်သူ လိုအပ်တယ်။
ဘယ်သူက ဆရာ၊မတို့ရဲ့ပြစ်ဒဏ်ကို ယူဆောင်ပေးနိုင်မလဲ။ မှန်တယ် – ယေရှုရှင်တစ်ပါးတည်းသာ ဖြစ်တယ်။
ဒါဆိုရင် ဒီဆင်းရဲဒုက္ခတွေအားလုံးက ဘာကြောင့်မို့ ယေရှုရှင်အပေါ် ကျရောက်နေရတာလဲ။ မှန်တာပေါ့ – သူ့ကို ယုံကြည်ကိုးစားတဲ့ သူတိုင်းရဲ့အပြစ်တွေအားလုံးကို ယူဆောင်သွားဖို့ ဖြစ်ပါတယ်။
သားတို့သမီးတို့ရဲ့အပြစ်တွေကို ယူဆောင်ပေးမယ်လို့ ယေရှုရှင်ကို ယုံကြည်ပါသလား။
(အပြစ်အတွက် အစားထိုးအသေခံပေးသည့်အတွက် ယေရှုရှင်အား ကျေးဇူးတင်ကြောင်းပြောကြားရင်း ဆုတောင်းအဆုံးသတ်လိုက်ပါ။)

မွေ့သစ်
ပုံဝတ္ထုများ 96

# “ယုဒရှင်ဘုရင် ”

ကျမ်းညွှန်း – မဿဲ၊ ၂၇း၂၇–၄၄၊ မာကု၊ ၁၅း၁၆–၃၂၊ လုကာ၊ ၂၃း၂၆–၃၈၊ ယောဟန်၊ ၁၉း၁–၂၂

## အဓိကအချက်များ

- ယေရှုရှင်သည် ဂျူးလူမျိုးတို့၏ဘုရင် (ဘုရားသခင် ရွေးကောက်ထားသော လူမျိုး) ဖြစ်သည့်နည်းတူ တလောကလုံး၏ ရှင်ဘုရင်လည်း ဖြစ်သည်
- လူသည် အပြစ်ရှိသောသူ ဖြစ်သည်
  ယေရှုရှင်ကို ပြက်ရယ်ပြုကြရင်း ကားစင်တင်သတ်ခဲ့ကြသည်
- ကျွန်ုပ်တို့ဟာ အပြစ်သားဖြစ်တဲ့အတွက် ကယ်တင်ရှင်တစ်ပါး လိုအပ်သည်
- ယေရှုရှင်သည် ဆင်းရဲဒုက္ခကြီးစွာ ခံစားခဲ့သည်
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင်ပြီးပြီး အမြင့်ဆုံးသောအခွင့်အာဏာရှင် ဖြစ်သည်။
  ယောဟန်၊ ၁၉း၁၁

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ဆူးပါသည့်အပင်တစ်ပင် (နှင်းဆီပန်းပင်) ဖြင့် ပြုလုပ်ထားသောသရဖူတစ်ခုကို ပြပါ။ ဆူးကို ကိုင်ပြလိုက်ပြီး “အိုး” ဆိုပြီး အသံပြုလိုက်ပါ။) ဆူးက အရမ်း ချွန်တာပဲ။ တကယ်နာကျင်မှုကို ဖြစ်စေနိုင်တယ်။ ဒီလို ဆူးတွေနဲ့လုပ်ထားတဲ့သရဖူ သို့မဟုတ် ဦးထုပ်မျိုးကို သားတို့သမီးတို့ လိုချင်ပါသလား။

အဲဒီလိုမျိုးသရဖူကို တစ်ချို့လူတွေလုပ်ခဲ့ကြတယ်။ ဆူးတွေနဲ့သရဖူတစ်ခုကို လုပ်ခဲ့ကြတဲ့အကြောင်းကို ဆရာ၊မ ပြောပြသွားမယ်။

**အချိတ်အဆက် –**

(လက်ဝါးကပ်တိုင် တစ်ခုကို ပြပါ။) အချို့လူများက လက်ဝါးကပ်တိုင်ပုံစံမျိုးကို ဆွဲကြိုး၌၄င်း၊ အချို့ဆိုလျှင် အိမ်၌ လပ်ဝါးကပ်တိုင်ကို ချိတ်ဆွဲကြခြင်းမှာ အဘယ့်ကြောင့်ဖြစ်သနည်းဟု ကလေးများအား မေးပါ။ (အကယ်၍ သင်သည် သမ္မာကျမ်းစာ လုံးလုံးသင်ကြားဖူးခြင်းမရှိသည့် ကလေးများကို သင်ကြားပေးနေသည်ဆိုလျှင် ဤနေရာမှစ၍ ပုံပြင်ကို ပြောပြနိုင်ပါသည်။)

မှန်တယ်။ လက်ဝါးကပ်တိုင်ကို ဆရာ၊မ တို့တွေက လည်ဆွဲမှာသော်လည်းကောင်း၊ အိမ်မှာသော်လည်းကောင်း ချိတ်ဆွဲကြတာဟာ လက်ဝါးကပ်တိုင်ပေါ်မှာ ယေရှုအသေခံခဲ့တာကို အမှတ်ရနေဖို့ ဖြစ်တယ်။ သမ္မာကျမ်းစာထဲကပုံပြင် နားထောင်ကြည့်ကြရအောင်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉ဖ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူက ဘယ်သူလဲ။ သူ့ခေါင်းပေါ်မှာ ဘာရှိသလဲ။ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးအပေါ်မှာ အဲဒီလိုမျိုး သရဖူကို သားတို့သမီးတို့ ဆောင်းစေပါ့မလား။ ဒီနေ့ကြားခဲ့ပုံပြင်ထဲမှာ ဘာတွေဖြစ်ခဲ့ကြသလဲ။ တကယ်တော့ အဲဒီလိုသရဖူကိုတော့ ကိုယ်က ပြက်ရယ်ပြုချင်တဲ့သူ သို့မဟုတ် နာကျင်စေချင်တဲ့သူ အပေါ်မှာပဲ ဆောင်းခိုင်းမှာ ဖြစ်တယ်။

ယေရှုရှင်ဟာ ဘုရင်တကာတို့ရဲ့ဘုရင်၊ ဘုရားသခင် ဖြစ်တယ်ဆိုတာကို စစ်သားတွေ ယုံကြည်ပါသလား။

ယေရှုရှင်ကို ပြက်ရယ်ပြုဖို့ သူတို့တွေ ဘာလုပ်ခဲ့ကြသလဲ။ (ဝတ်လုံဝတ်စေတယ်၊ လက်ဝါးကပ်တိုင်ပေါ်ကနေ ဆင်းလာပါလို့ ပြောကြတယ်၊ မိမိကိုယ်ကိုတောင် မကယ်နိုင်ဘူးလားလို့ မေးကြတယ်၊ ယေရှုရှင်ရဲ့ရှေ့တော်မှာ ဦးညွှတ်သလို သရုပ်ဆောင်ကြတယ်။)

ယေရှုရှင်ဟာ တလောကလုံးရဲ့အရှင်သခင်ဖြစ်တယ်ဆိုတာကို စစ်သားများစွာနဲ့အတူ လူပေါင်းများစွာဟာ မယုံကြည်ခဲ့ကြပါဘူး။ အချို့လူတွေက မယုံကြည်ကြပေမယ့် ယေရှုရှင်ဟာ တလောကလုံးရဲ့အရှင်သခင် ဖြစ်တယ်။

ဆရာ/မ တို့က ယေရှုရှင်ကို တလောကလုံးရဲ့ဘုရင်ဖြစ်တယ်ဆိုတာကို တကယ်ယုံကြည်တယ်ဆိုရင် ဘယ်လိုသက်သေပြနိုင်မလဲ။ သမ္မာကျမ်းစာထဲမှာ သူပြောထားတဲ့အရာတွေအပေါ်မှာ ဆရာ/မ တို့ ဘယ်လိုတုံ့ပြန် ကြမလဲ။

ယေရှုရှင်ဟာ စစ်မှန်သောရှင်ဘုရင် ဖြစ်တဲ့အတွက် ချီးမွမ်းကြပါစို့။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉ဖ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒါကတော့ တစ်လောကလုံးရဲ့ရှင်ဘုရင်ဖြစ်တဲ့ ယေရှုရှင်ရဲ့ပုံဖြစ်တယ်။

တစ်လောကလုံးရဲ့ရှင်ဘုရင်နဲ့ တူပါသလား။ ရတနာတွေနဲ့တောက်ပနေတဲ့သရဖူ သူ့မှာရှိပါသလား။ မရှိပါဘူး။ ဆူးတွေနဲ့လုပ်ထားတဲ့သရဖူပဲ ဘုရင်ယေရှု ဆောင်းထားရတယ်။

တလောကလုံးရဲ့ဘုရင်ယေရှုရှင်ဟာ လူအားလုံးအတွက် ခံစားခဲ့ရတယ်။ ပိလတ်မင်းကြီးမှာ တာဝန်ရှိပါသလား။ ပိလတ်မင်းကြီးက သူ့မှာတာဝန်ရှိတယ်လို့ ထင်ခဲ့ပါသလား။ အဲဒါနဲ့ပတ်သက်ပြီးတော့ ယေရှုရှင်က ဘာပြောခဲ့သလဲ။ (ပိလတ်မင်းကြီးဟာ ကောင်းကင်ဘုံမှာရှိတဲ့ ဘုရားသခင် ခွင့်ပြုသောအရာများကိုသာ လုပ်ဆောင်နိုင်သည်) ပိလတ်မင်းထက် ဘုရားသခင်သည် များစွာ ကြီးမြတ်တော်မူသည်။

စစ်သားတွေထက် ဘုရားသခင် သာ၍ကြီးမြတ်ပါသလား။

ခမည်းတော် ဘုရားသခင်က ယေရှုရှင်ကို လက်ဝါးကပ်တိုင်ပေါ်တွင် ကားစင်တင်ရန်ဆန္ဒ ရှိခဲ့တယ်။ ဒါဟာ အပြစ်သားတွေကို ကယ်တင်ဖို့ရန် ဘုရားသခင်ရဲ့အကြံအစည် ဖြစ်တယ်။ ယေရှုရှင်ကိုယ်တိုင်ကလည်း ခမည်းတော်ရဲ့ စကားကို နားထောင်ပြီး အပြစ်သားများကို ကယ်တင်ချင်ခဲ့တယ်။

ဘုရားသခင်ဟာ သူကြံစည်ထားတဲ့ အရာကိုပဲ အမြဲလုပ်ဆောင်တော်မူတယ်။ အရာရာတိုင်းကို ဘုရားသခင် ထိန်းချုပ်တော်မူတယ်။

အပြစ်သားဖြစ်ခြင်းရဲ့လက္ခဏာတစ်ခုကတော့ အခွင့်အာဏာ ရှိလိုမှု ဖြစ်တယ်။ ကိုယ့်နည်းလမ်းနဲ့ကိုယ် အသက်ရှင်ချင်တဲ့ပုံစံမျိုး ဖြစ်တယ်။

သားတို့သမီးတို့ရော ကိုယ်နည်းကိုယ့်ဟန်နဲ့ အသက်ရှင်ချင်တဲ့အချိန် ရှိဖူးပါသလား။ မနာခံတဲ့အချိန်ရှိဖူးလား။ ကိုယ့်သဘောနဲ့ကို လုပ်ချင်တဲ့အချိန်မျိုးရှိခဲ့ဖူးရင် ဆရာ/မ ကို ပြန်ပြောပြကြည့်ပါအုံး – ဘယ်တုန်းကလဲ။

ဆရာ/မ တို့ရဲ့အပြစ်သင့်တဲ့နှလုံးသားကို ယေရှုရှင်တစ်ပါးတည်းကသာ ကူညီပေးနိုင်တယ်။ ဘုရားသခင်ရဲ့အစိုးရခြင်း ကို ဝန်ခံပြီးတော့ ဝမ်းမြောက်ဖို့ရန် ဆရာ/မ တို့ရဲ့အပြစ်သင့်နှလုံးသားကို ကူညီပေးဖို့ ယေရှုရှင်ထံပါး ဆုတောင်းကြရအောင်။

မွေသစ်
ပုံဝတ္ထုများ

97

# ယေရှုရှင်၏ နောက်ဆုံးသောစကားများ

**ကျမ်းညွှန်း – လုကာ၊ ၂၃း၃၉–၄၉၊ ယော၊ ၁၉း၂၃–၃၀၊ မာကု၊ ၁၅း၃၃–၄၁၊ မဿဲ၊ ၂၇း၄၅–၅၆**

## အဓိကအချက်များ

- ယေရှုရှင်သည် ဖြောင့်မတ်သော၊ စုံလင်သော၊ အပြစ်ကင်းသောသူ ဖြစ်သည်
  လုကာ၊ ၂၃း၄၁
- ယေရှုရှင်သည် ဘုရားသခင်၏သားတော် ဖြစ်သည်
- ယေရှုရှင်သည် ဘုရားသခင်ကတိပေးထားသောကယ်တင်ရှင် ဖြစ်သည်
- ယေရှုရှင်၏ အသေခံတော်မူခြင်း၌ အံ့ဖွယ်ထူးခြားချက်များ ရှိပေသည်
  မြေငလျင်လှုပ်ခြင်း၊ ဗိမာန်တော် ကုလားကာစုတ်ပြဲသွားခြင်း၊ အမှောင်ကျခြင်း စသည်ဖြင့်
- ယေရှုရှင်သည် လူသားအားလုံး၏အပြစ်ဒါဏ်ကို သယ်ဆောင်သွားခဲ့သည်
- ယေရှုရှင်သည် အခွင့်အာဏာအကြီးမြတ်ဆုံးသူ ဖြစ်သည်
  လုကာ၊ ၂၃း၄၂–၄၃
- အသေခံခဲ့ခြင်းအားဖြင့် ယေရှုရှင်က ဆင်းကြွလာခြင်း၏ရည်ရွယ်ချက်ကို ပြည့်စုံစေခဲ့သည်။
  ယော၊ ၁၉း၃၀ "အမှု ပြီးပြီ"

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(အခါးရည်တစ်ဖူးကို ယူလာပါ။ ကလေးများကို အနံ့ရှူစေပါ။ ထို့နောက် ဖန်ခွက်တစ်လုံးထဲတွင် ထည့်လိုက်ပါ။)
သောက်လို့ကောင်းမယ်လို့ထင်သလား။ အရသာရှိမယ်လို့ ထင်သလား။ သေချာပါတယ် အရသာကတော့ ဘယ်လိုမှကောင်းမှာ မဟုတ်ပါဘူး။ သောက်ကြည့်မယ်ဆိုရင်တော့ အတွင်းပိုင်းကို လောင်ကျွမ်းစေသလို ခံစားရမှာ ဖြစ်တယ်။

အဲဒီလို ခါးတဲ့ရေကို အခြားလူတစ်ယောက်သောက်ဖို့ ဆိုပြီးပေးတာမျိုးဟာ ကောင်းပါ့မလား။ ဒါပေမယ့် သမ္မာကျမ်းစာထဲမှာ အဲဒီလို အခါးရည်မျိုးကို သောက်ဖို့ဆိုပြီး ပေးတဲ့အကြောင်းအရာ တစ်ခုပါတယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉ဖ် အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ယေရှုရှင်ကို အဲမှာရှိတဲ့ လူတွေက ကိုယ်တော်ဟာ တစ်လောကလုံးရဲ့ရှင်ဘုရင် ဖြစ်တယ်ဆိုပြီးတော့ ပြက်ရယ်ပြုကြတာကို မှတ်မိကြသေးသလား။

(သင်ခန်းစာ ၉၇ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) နောက်တော့ လူတွေက ယေရှုရှင်ကို ဘာဆက်လုပ်ခဲ့ကြသလဲ။ မှန်တယ် – လက်ဝါးကပ်တိုင်ပေါ် သံမှိုနဲ့ ရိုက်တင်သတ်ခဲ့ကြတယ်။

နောက်ပြီးတော့ သူ့ကိုသောက်ဖို့ ဘာပေးခဲ့ကြသလဲ။

ယေရှုရှင်ကို တစ်လောကလုံးရဲ့ဘုရင်အဖြစ်နဲ့ သူတို့တွေ ဆက်ဆံနေကြတာလား။ ယေရှုရှင်ဟာ အရေးကြီးဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်းကို သူတို့တွေ ထင်ရှားစေပါသလား။

ယေရှုရှင်ကို ဘုရားသခင် စေလွှတ်ထားတဲ့ကယ်တင်ရှင်ဖြစ်တယ်ဆိုတာကို သူတို့တွေ ယုံကြည်ကြပါသလား။ ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်တယ်ဆိုတာကို ယုံကြည်ခဲ့ကြသလား၊

ယေရှုရှင်ရဲ့အော်သံကို ကြားပြီးတော့ သေသွားတဲ့အချိန်မှာ မြေကြီးလှုပ်တာကို ခံစားရတဲ့စစ်သားက ဘာပြောခဲ့သလဲ။ (စင်စစ် ဤသူသည် ဘုရားသခင်၏သားတော် မှန်ပေ၏။)

လက်ရှိတွင် ယေရှုရှင်ကို မယုံကြည်သော်လည်း နောက်ပိုင်းမှ ယေရှုရှင်ကို ဘုရားသခင်၏ သားဖြစ်တော်မူခြင်းအား ယုံကြည်၍ ရနိုင်ပါသလား။ ရနိုင်ပါသည် – သူသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်းကို ယုံကြည်လာစေရန် လူများကို ကူညီပေးနေပါသည်။

ယေရှုရှင်ကို မယုံကြည်တဲ့သူ တစ်စုံတစ်ယောက် သားတို့သမီးတို့ သိပါသလား။ အဲဒီလူကို ယေရှုရှင်က သူဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်ပြီးတော့ အရေးပါဆုံးပုဂ္ဂိုလ်ဖြစ်ဆယ်ဆိုတာကို ဖော်ပြပေးဖို့ ဆုတောင်းပေးမလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၇ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒါကဘယ်သူလဲ။ သူက ဘာကြောင့် လက်ဝါးကပ်တိုင်ပေါ်မှာ ရှိနေရတာလဲ။ ယေရှုရဲ့ဘေးတစ်ဘက်စီမှာ အခြားလူ နှစ်ယောက်လည်း ရှိတယ်။ သူတို့နှစ်ယောက်ရဲ့အကြောင်း ဆရာမကို ပြောပြနိုင်မလား။ တစ်ယောက်ကတော့ ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားဖြစ်တယ်ဆိုတာကို မယုံကြည်ဘူး။ တစ်ယောက်ကတော့ သူဟာ အပြစ်သားဖြစ်ကြောင်း၊ ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားဖြစ်တယ်ဆိုတာကို ယုံကြည်ခဲ့တယ်။

ဒုတိယလူကို ယေရှုရှင် ဘာလုပ်ခဲ့သလဲ။

ယေရှုရှင်ဟာ ဘုရားသခင်ရဲ့သားတော်ဖြစ်တဲ့အတွက်ကြောင့်၊ နောက်ပြီးတော့ အပြစ်ဒဏ်ကို သယ်ဆောင်သွားတဲ့သူဖြစ်တဲ့အတွက် အပြစ်သားတွေကို ခွင့်လွှတ်နိုင်ပါတယ်။

သားတို့သမီးတို့ဟာ အပြစ်သားဟုတ်ပါသလား။

ယေရှုရှင်ကို ယုံကြည်ကိုးစားတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။

ယေရှုရှင်ကို ယုံကြည်ကိုးစားနိုင်ဖို့ ဆုတောင်းကြရအောင်။

ဓမ္မသစ် ပုံဝတ္ထုများ

98

# ယေရှုရှင်၏သူငယ်ချင်းများက ကိုယ်တော်ကို သင်္ဂြိုဟ်ခဲ့ကြသည်

**ကျမ်းညွှန်း – မဿဲ၊ ၂၇း၅၇–၆၆၊ လုကာ၊ ၂၃း၅၀–၅၆၊ ယော၊ ၁၉း၃၈–၄၂**

## အဓိကအချက်များ

- ယေရှုရှင်သည် အမှန်တကယ်အသတ်ခံရပြီး သင်္ဂြိုဟ်ခြင်းကို ခံခဲ့ရသည်။
- ယေရှုရှင် အမှန်တကယ် သေခဲ့သည်။

  ကိုယ်တော်သည် အိပ်ပျော်ခဲ့ခြင်း သက်သက် မဟုတ်။ အမှန်တကယ် အခြားသူများ အမှန်တကယ် သေခဲ့ကြသည့် နည်းတူ သေခဲ့ခြင်း ဖြစ်သည်။
- ယေရှုရှင်၏ ရန်သူများသည် ဘုရားသခင်၏ရန်သူများပင်ဖြစ်ရာ ဘုရားသခင်၏အကြံအစည်နှင့်ရည်ရွယ်ချက်များကို အမြဲဆန့်ကျင်တိုက်ခိုက်သည်

  ဖာရိရှဲများက အစောင့်များ စောင့်စေကာ ကြီးမားသည့် ကျောက်တုံးကြီးဖြင့် ဂူကို ပိတ်စေခဲ့ကြသည်
- ဘုရားသခင်၏အကြံအစည်များကို မည်သူကမှ ရပ်တန့်စေနိုင်မည်မဟုတ်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

သမ္မာကျမ်းစာထဲမှာ ယောသပ်ဆိုတဲ့နာမည်နဲ့လူအကြောင်း ကြားဖူးကြလား။ (တွင်းထဲအကျခံရခဲ့သော်လည်း အဲဂုတ္တုပြည်၌ အုပ်ချုပ်သူဖြစ်လာသည့် ယောသပ်ပုံကိုပြပါ။ ယေရှုရှင်၏ လောကီဖခင်ဖြစ်သော မာရိ၏ ခင်ပွန်းသည် ယောသပ်ပုံကို ပြပါ။) ဆရာ၊မ တို့ ယောသပ်နှစ်ယောက်အကြောင်းကို သိကြတယ်။ တစ်ယောက်ကတော့ အဲဂုတ္တုပြည်မှာ အုပ်ချုပ်သူဖြစ်လာတဲ့ကောင်လေး၊ နောက်တစ်ယောက်ကတော့ ယေရှုရှင်ကို ငယ်စဉ်က မာရိနဲ့အတူ စောင့်ရှောက်ခဲ့တဲ့ယောသပ်တို့ ဖြစ်ကြတယ်။

ဒါပေမယ့် သမ္မာကျမ်းစာထဲမှာ နောက်ထပ်ယောသပ်တစ်ယောက်အကြောင်းလည်းပါတယ်။ အရိမသဲ မြို့သား ယောသပ်ဆိုတဲ့တစ်ယောက်ပဲ ဖြစ်တယ်။ အဲဒီအရိမသဲမြို့သား ယောသပ်က အရမ်းအရေးကြီးတဲ့ အရာတစ်ခုကို လုပ်ဆောင်ခဲ့တယ်။ သူဘာလုပ်ခဲ့တယ်ဆိုတာကို သားတို့သမီးတို့ သိချင်ပါသလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၈ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူနှစ်ယောက်ဟာဘယ်သူတွေလဲ။ သူတို့တွေ ဘာလုပ်နေကြတာလဲ။

ဘယ်သူက ဂူထဲမှာရှိနေသလဲ။ ယေရှုရှင်က အသက်ရှင်သေးသလား၊ သေပြီလား။ အရိမသဲမြို့သား ယောသပ်က ယေရှုရှင်ရဲ့ခန္ဓာကိုယ်ကို ဘာလုပ်ခဲ့သလဲ။

ယေရှုရှင်ရဲ့အလောင်းထည့်ထားသည့်ဂူတွင် ပိတ်ထားတဲ့ကျောက်တုံး လာရွှေ့တဲ့သူတွေကို အဲဒီမှာ စောင့်နေတဲ့ စစ်သားတွေက တိုက်ခိုက်ကြမယ်လို့ ထင်ပါသလား။

ယေရှုရှင်ဟာ သူဘယ်တော့မှ ပြန်မရှင်တော့ဘူးလို့ ပြောခဲ့သလား။ ယေရှုရှင်က သုံးရက်မြောက်နေ့မှာ ပြန်ရှင်မယ်လို့ ပြောခဲ့ပါတယ်။ သေခြင်းကနေ ပြန်လည်ရှင်ပြန်ထမြောက်မယ်လို့ ယေရှုရှင် အတိအလင်းပြောခဲ့ပါတယ်။

စစ်သားတွေနဲ့ အဲဒီမှာရှိတဲ့လူတွေက ယေရှုရှင် ပြန်လည်ရှင်ပြန်ထမြောက်မှာကို လိုလားကြမယ်လို့ ထင်သလား။ သူတို့တွေကိုယ်တိုင် ယေရှုရှင်ကို သတ်ခဲ့ကြတဲ့အတွက်ကြောင့် လိုလားကြမှာ မဟုတ်ပါဘူး။

အဲဒီမှာရှိတဲ့စစ်သားတွေက ယေရှုရှင်ရဲ့အလောင်းကို အခြားလူတွေယူလို့မရအောင် တားဆီးနိုင်စွမ်း ရှိပါသလား။ အဲဒီစစ်သားတွေက ယေရှုရှင်ကို ပြန်လည် ရှင်ပြန်ထမြောက်ခြင်း မရှိအောင် တားဆီးနိုင်မယ်လို့ သားတို့သမီးတို့ ထင်ပါသလား။

ယေရှုရှင်ကို ဘယ်သူမှ မတားဆီးနိုင်ပါဘူး။ ယေရှုရှင်ဟာ စစ်သားတွေထက် ပိုပြီးတော့စွမ်းအားရှိသလို၊ သူ့ရဲ့ရန်သူ အားလုံးထက် တန်ခိုးကြီးမားတော်မူတယ်။

သားတို့သမီးတို့ရော ယေရှုရှင်ကို တားဆီးနိုင်စွမ်းရှိသလား။ ယေရှုရှင်ကို ဘယ်သူကမှ တားဆီးနိုင်စွမ်းမရှိပါဘူး။ အခုချိန်မှာလည်း ယေရှုရှင်ဟာ သူ့ရန်သူအားလုံးထက် အစွမ်းအစကြီးမားသေးပါသလား။

ယေရှုရှင် သန်မာတာဟာ ကောင်းမြတ်ပါသလား။ သားတို့သမီးတို့ ပြဿနာတွေ ကြုံတွေ့ရတဲ့အခါမှာ ခွန်အားရှိတဲ့ ယေရှုရှင်ကို အကူအညီ တောင်းခံလို့ ရပါသလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ပုံပြင်မှာ ကြားခဲ့ရတဲ့ ယောသပ်ဆိုတဲ့သူက ဘယ်သူလဲ။

အရိမသဲမြို့သားယောသပ်က ယေရှုရှင်ကို ယုံကြည်ခဲ့ပါသလား။ ယေရှုရှင် အသေခံဖို့ရန် သူအလိုရှိခဲ့သလား။

အရိမသဲမြို့သားယောသပ်က ပိလတ်မင်းကို ဘာတောင်းခံခဲ့သလဲ။

အရိမသဲမြို့သားယောသပ်က ယေရှုရှင်ရဲ့အလောင်းကို မြေမြှုပ်ခဲ့ပါသလား။ (သင်ခန်းစာ ၉၈ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။)

ယေရှုရှင် အမှန်သေခဲ့သလား။ (ယေရှုရှင် အမှန်တကယ်သေခဲ့ကြောင်းကို ကလေးများသိစေရန် ပြောပြပေးပါ။)

ယေရှုရှင်၏ ရန်သူများက ယေရှုရှင်ကို အပြီးသတ်ရှင်းပစ်နိုင်ခဲ့ပြီဟု ထင်ခဲ့ကြသည်။ ဒါပေမယ့် သူတို့ အထင်မှားခဲ့တယ်။

ယေရှုရှင် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံခြင်းဟာ ဘုရားသခင်ရဲ့အကြံအစည် ဖြစ်တယ်။ လူသားတွေရဲ့အပြစ်ကြောင့် ယေရှုရှင် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံရတယ်ဆိုတာကို သူတို့တွေမသိခဲ့ဘူး။

ဘုရားသခင်ရဲ့အကြံအစည်ဟာ ကောင်းမြတ်ပါသလား။ ဘုရားသခင်ရဲ့အကြံအစည်ဟာ အမြဲတမ်းကောင်းမြတ်တယ်။

ဘုရားသခင်က အမှားလုပ်ခဲ့ပါသလား။ မလုပ်ပါဘူး – ဘုရားသခင်က ဘယ်တုန်းကမှ အမှားမလုပ်ပါဘူး။

ယေရှုရှင်ရဲ့သေခြင်းက ဘုရားသခင်အတွက် ပြဿနာဟုတ်ခဲ့ပါသလား။ မဟုတ်ပါဘူး – ဘုရားသခင်အတွက် ပြဿနာ ဆိုတာ မရှိပါဘူး။

ပိလတ်မင်းကြီးဆီ ယေရှုရှင်ရဲ့အလောင်းတောင်းဖို့က ဘယ်သူ့ရဲ့အကြံအစည် ဖြစ်ပါသလဲ။ (ဘုရားသခင်၏)

ပိလိတ်မင်းကြီးအနေနဲ့ဂူရှေ့မှာ စစ်သားတွေ အစောင့်ချစေရတာဟာ ဘယ်သူရဲ့အကြံအစည်လဲ။ (ဘုရားသခင်၏)

အရာရာတိုင်းအတွက် ဘုရားသခင်အကြံအစည် ရှိနှင့်ပါတယ်။ နောက်ပြီး ဘုရားသခင်ရဲ့အစီစဉ်က မပြီးသေးဘူး။

ဘုရားသခင်ရဲ့အကြံအစည်တွေကကောင်းတယ်လို့ သားတို့သမီးတို့ ထင်ပါသလား။

သားတို့သမီးတို့အတွက် ဘုရားသခင်ရဲ့အစီစဉ်တွေဟာ ကောင်းပါသလား။ အခု သားတို့သမီးတို့ရဲ့မိသားစုဟာလည်း ဘယ်သူ့ရဲ့အစီစဉ် ဖြစ်ပါသလဲ။

သားတို့သမီးတို့ရဲ့ဆံပင်အရောင်ဟာလည်း ဘယ်သူ့ရဲ့အကြံအစည် ဖြစ်သလဲ။ သားတို့သမီးတို့ရဲ့အသက်တာကို လည်း ဘယ်သူက စီစဉ်ထားသလဲ။ ဘုရားသခင်က သားတို့သမီးတို့ရဲ့အသက်တာကို စီစဉ်ဆွဲထားသလား။ သားတို့သမီးတို့အတွက် ဘုရားသခင်ရဲ့အကြံအစည်တွေဟာ ကောင်းမယ်လို့ ထင်ပါသလား။

ဓမ္မသစ်
ပုံဝတ္ထုများ

# 99 "မိန့်တော်မူသည့်အတိုင်း ထမြောက်တော်မူပြီ။"

## ကျမ်းညွှန်း – ယော၊ ၂၀း၁–၁၈၊ မဿဲ၊ ၂၈း၁–၁၅

## အဓိကအချက်များ

- ယေရှုရှင်သည် ခပ်သိမ်းသောတန်ခိုးရှင် ဖြစ်သည် – သေခြင်းတရားထက် ပို၍တန်ခိုးကြီးမူသည်၊ သေခြင်းတရားကပင် ကိုယ်တော်ကို အောင်မြင်နိုင်စွမ်းမရှိ
- ယေရှုရှင် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့ခြင်းသည် သတင်းကောင်းဖြစ်သည် – ထိုအချက်က ကိုယ်တော်၏ မိတ်ဆွေများနှင့်တပည့်တော်များကို ဝမ်းမြောက်စေသည် – မဿဲ၊ ၂၈း၈ "ကြောက်ရွံ့သဖြင့်၎င်း၊ အလွန်ဝမ်းမြောက်"
- လုပ်မည်ဟုပြောခဲ့သောအရာတိုင်းကို ယေရှုရှင် လုပ်ဆောင်တော်မူသည်
  မဿဲ၊ ၂၈း၆ "မိန့်တော်မူသည့်အတိုင်း"
- ဘုရားသခင်သည် တန်ခိုးတော်အလွန်ကြီးမားသောကြောင့် ကြံစည်ထားသောအရာများကို ဖြစ်မလာစေရန် ရပ်တန့်နိုင်သောသူ တစ်ယောက်မျှမရှိပေ – အစောင့်နှင့်ကျောက်တုံးကြီးသည်ပင် ယေရှုရှင် ပြန်လည်ရှင်ပြန်ထမြောက်လာခြင်းမရှိစေရန် တားဆီးနိုင်စွမ်းမရှိပေ။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သတင်းစာ စာမျက်နှာ အရှေ့ဘက်ခြမ်းကို ပြလိုက်ပါ။) ဒါဟာ ဘာလဲဆိုတာကို ဘယ်သူကသားတို့သမီးတို့ကို ပြောနိုင်မလဲ။ သတင်းစာက ဆရာ၊မ တို့ကို ဘာပြောပြသလဲ။ သတင်းစာက ဖြစ်ပျက်နေတဲ့အရေးကြီး အကြောင်းအရာတွေကို ပြောပြပေးပါတယ်။ ဒီနိုင်ငံမှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေ၊ နောက်ပြီး နိုင်ငံခြားမှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကို ပြောပြပေးပါတယ်။ (ထိုသတင်းစာ ရှေ့ဘက်ခြမ်းရှိ စာမျက်နှာအချို့ကိုလည်း အနည်းငယ် ရှင်းပြပေးနိုင်ပါသည်။)

သမ္မာကျမ်းစာကလည်း အရမ်းကိုအရေးကြီးတဲ့သတင်းအချို့ကို ပြောပြပေးတယ်။ အခု ဒီသတင်းစာထဲမှာ ပါတဲ့အကြောင်းအရာတွေထက် ပိုပြီးအရေးကြီးတဲ့သတင်းကို ပြောပြတယ်။ ဘာသတင်းလည်းဆိုတာ အတူတကွ ကြည့်ကြရအောင်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၉၈ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) သူတို့တွေ ဘာကို စောင့်နေကြသလဲဆိုတာကို မှတ်မိသေးရဲ့လား။ (ယေရှုရှင်ရဲ့အလောင်း။)

ယေရှုရှင်က သူဘာလုပ်မယ်လို့ ပြောခဲ့သလဲ။

(သင်ခန်းစာ ၉၉ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ကောင်းကင်တမန်က မာရိကို ဘာပြောနေတာလဲ။ "မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ" ဆိုပြီး ဆရာ/မ နဲ့အတူ လိုက်ပြောကြည့်ပါအုံး။

ယေရှုရှင်က သူဘာလုပ်မယ်လို့ ပြောခဲ့သလဲ။ ယေရှုရှင် ရှင်ပြန်ထမြောက်ခဲ့သလား။ မှန်တယ် – ယေရှုရှင်ဟာ ပြောရင် ပြောထားတဲ့အတိုင်း အမြဲလုပ်တော်မူတယ်။ အဲဒီမှာရှိနေတဲ့အစောင့်တွေက သူ့ကို တားဆီးနိုင်သလား။ မတားဆီးနိုင်ပါဘူး – ကောင်းကင်တမန်က အဲဒီမှာရှိတဲ့ကျောက်တုံးကြီးကို ရွှေ့လိုက်တဲ့အချိန်မှာ အစောင့်တွေဟာ အရမ်းကိုကြောက်ပြီးတော့ မလှုပ်နိုင်ပဲ ဖြစ်သွားခဲ့ကြတယ်။

ယေရှုရှင်က သူ့ရဲ့သားသမီးတွေနဲ့အတူရှိနေမယ်ဆိုပြီး ပြောခဲ့တယ်။ သူ့ဆီကို လာတဲ့သူတိုင်းကို ပစ်ပယ်မှာ မဟုတ်ဘူးလို့ ပြောခဲ့တယ်။ ယေရှုရှင်က ပြောတဲ့အတိုင်းလုပ်ပါ့မလား။ ယေရှုရှင်ဟာ ပြောတဲ့အတိုင်း အမြဲလုပ်ပါတယ်။

ယေရှုရှင်ဟာပြောတဲ့အတိုင်း လုပ်တဲ့အတွက်ကြောင့် ယုံကြည်လို့ရပါသလား။ ယေရှုရှင် လိမ်ပြောဖူးသလား။ သူ့ရဲ့ကတိတော်တွေအားလုံးက မှန်ကန်ပါသလား။ သူ့ရဲ့ကတိတော်တွေကို ယေရှုရှင် တည်စေပါ့မလား။

ယေရှုရှင်ဟာ ပြောတဲ့အတိုင်း အမြဲလုပ်ဆောင်တဲ့အတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်းလိုပါသလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

မာရိက ဘာလို့ဂူရဲ့အပြင်တစ်နေရာမှာ ငိုနေရတာလဲ။ (ယေရှုရှင်ရဲ့အလောင်းကို ရန်သူတွေက ခိုးသွားပြီလို့ သူမ ထင်ခဲ့တယ်။) မာရိရဲ့အထင်က မှန်ပါသလား။

မာရိက အရမ်းဝမ်းနည်းခဲ့ပေမယ့် – သူမဆက်ပြီးဝမ်းမနည်းတော့ပဲ ပြောင်းလဲခဲ့တယ်။ ဘာကြောင့်လဲ။ ဘယ်အရာက သူမကို အရမ်းဝမ်းသာစေရတာလဲ။

ယေရှုရှင် ပြန်လည်ရှင်ပြန်ထမြောက်ခဲ့ပြီ ဖြစ်တဲ့အတွက် မာရိအရမ်းဝမ်းသာပြီး စိတ်လှုပ်ရှားခဲ့ရတာ ဖြစ်တယ်။

မာရိအတွက် သတင်းကောင်းက ဘာလဲ။ – ယေရှု ရှင်ပြန်ထမြောက်ပြီ။

ဒါက ဘာလို့သတင်းကောင်း ဖြစ်ရတာလဲ။ (ရှင်ပြန်ထမြောက်ခြင်းက ယေရှုရှင်ဟာ သူ့ရဲ့ရန်သူတွေထက် ပိုပြီး တန်ခိုးရှိတယ်၊ သေခြင်းတရားအပေါ်မှာလည်း အစိုးရတယ်၊ နောက်ပြီး ယေရှုရှင်ဟာ အသက်ရှင်တဲ့ ဘုရား ဖြစ်ပြီးတော့ ပြောတဲ့အတိုင်းလုပ်တယ်ဆိုကို သက်သေပြပေးတယ်။)

ယေရှုရှင် အသက်ရှင်တဲ့အတွက် လက်ခုပ်တီးကြရအောင်။

ယေရှုရှင်ရဲ့ခန္ဓာကိုယ်ကို တပည့်တော်တွေက ခိုးသွားတယ်ဆိုပြီးပြောဖို့ စစ်သားတွေကို ပိုက်ဆံပေးခိုင်းခဲ့ကြတယ်။ ဒါပေမယ့် ယေရှုရှင်ဟာ ရှင်ပြန်ထမြောက်ခဲ့တယ် – ယေရှုရှင်ဟာ အသက်ရှင်ကြောင်း လူသားလုံးကို ပြောကြ ရအောင်။

ယေရှုရှင် အသက်ရှင်တဲ့အကြောင်းကို ပြောပြလို့ရမယ့်သူ သားတို့သမီးတို့ သိပါသလား။ (အခြားလူများထံ ပြန်လည်၍ ယေရှုရှင် အသက်ရှင်ကြောင်းပြောပြရန် ကလေးများကို တိုက်တွန်းခွန်အားပေးပါ။)

မွေ့သစ်
ပုံဝတ္ထုများ

100

# မောက်ရှာလမ်းတွင် ယေရှုရှင် ကိုယ်ထင်ပြခဲ့သည်

## ကျမ်းညွှန်း – လုကာ၊ ၂၄း၁၃–၃၅

## အဓိကအချက်များ

- ယေရှုရှင် သေခံတော်မူ၍ ပြန်လည်ရှင်ပြန်ထမြောက်ခဲ့သည်ကို မယုံကြည်ခြင်းသည် ရှုံးအခြင်းဖြစ်သည်။
- ယေရှုရှင်သည် ကျွန်ုပ်တို့၏ဆရာဖြစ်ပြီး သမ္မာကျမ်းစာ သင်ပေးသောအကောင်းဆုံးဆရာသမား ဖြစ်သည်။
- ဝိညာဉ်တော်က ဖွင့်ပြမှသာလျှင် ယေရှုရှင်ကို ကျွန်ုပ်တို့ မြင်နိုင်သည်။
- ယေရှုရှင်နှင့်အတူရှိခြင်းက ကျွန်ုပ်တို့၏နှလုံးသားကိုတို့ထိ၍ အသက်တာကို ပြောင်းလဲစေသည်
  "ငါတို့နှလုံးသားသည် ယိုဖိတ်မတတ်ဖြစ်သည် မဟုတ်လော" အခန်းငယ် ၃၂

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်၏ဓါတ်ပုံဟောင်း သို့မဟုတ် တစ်စုံတစ်ယောက်၏ဓါတ်ပုံဟောင်း (ထိုပုံထဲတွင် ကလေးများက သင့်ကို သတိမထားမိသောပုံဖြစ်ရပေမည်) ကို ပြလိုက်ပါ။) ဒါက ဘယ်သူလဲဆိုတာကို သိကြသလား။ (ကလေးများကို ခန့်မှန်းစေပါ။)

ဒီပုံမှာတွေ့ရတဲ့သူဟာ ဆရာမ ပဲ ဖြစ်တယ်။ ဆရာမ ရဲ့ပုံဖြစ်တယ်ဆိုတာ ဘယ်သူမှမသိဘူး မဟုတ်လား။ ဆရာမရဲ့မျက်နှာကို မြင်ပေမယ့်လည်း ဆရာမ ဖြစ်တယ်ဆိုတာကိုတော့ သတိမထားမိဘူးမဟုတ်လား၊ ပုံထဲကရုပ်က အခုရုပ်နဲ့ အရမ်းကွာခြားနေတယ်လေ။

သမ္မာကျမ်းစာထဲမှာလည်း ကိုယ့်သူငယ်ချင်းကိုတောင် မမှတ်မိတော့တဲ့သူတွေအကြောင်းကို ပြောပြထားတယ်။

**အချိတ်အဆက် –**

ဒီနေ့ဘုရားကျောင်းကို သားတို့သမီးတို့ ဘယ်လိုရောက်လာကြတာလဲ။ လမ်းလျှောက်ပြီး လာကြတာလား။ မြင်းစီး ပြီးလာတာလား။ ကုလားအုပ်စီးပြီးလား၊ စက်ဘီးနဲ့လား။ (သင်ထောက်ကူပြု စာအုပ်မှ ပုံအချို့ကို ပြနိုင်ပါသည်။)

ဒီနေ့နားထောင်မယ့်ပုံပြင်ထဲမှာ လူနှစ်ယောက် ခရီးတစ်ခုကို လမ်းလျှောက်ပြီးသွားကြတဲ့အကြောင်းပါတယ်။ အဲဒီနှစ်ယောက် ခရီးရှည်ကြီးသွားခဲ့တဲ့အကြောင်းကို ပြောပြမယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူနှစ်ယောက်က ဘယ်သူတွေလဲ။ သူကရောဘယ်သူလဲ။ ဒီလူနှစ်ယောက်က အစကတည်းကနေ ယေရှုရှင် ဖြစ်တယ် ဆိုတာကို သိခဲ့ကြသလား။

သူတို့တွေ ယေရှုရှင်နဲ့အချိန်ကြာ ခရီးသွားခဲ့ကြတယ်။ သမ္မာကျမ်းစာထဲက သူ့ကြောင်းရေးထားတဲ့အရာတွေကို ယေရှုရှင်က သူတို့ကိုသင်ကြားပေးခဲ့တယ်။ ဒါပေမယ့် သူတို့တွေဟာ ယေရှုရှင်ကို စကားပြောနေကြတယ်ဆိုတာ မသိခဲ့ကြဘူး။ ယေရှုရှင်ဖြစ်တယ်ဆိုတာ သူတို့တွေသတိမထားမိခဲ့ကြဘူး။

ယေရှုရှင်ကို ဆရာ၊မ တို့ မြင်နိုင်ပါသလား။ မမြင်နိုင်ပါဘူး – ဒါပေမယ့် ယေရှုရှင်ဟာ ဆရာ၊မ တို့နဲ့အတူ ရှိနေပါတယ်။

တစ်ခါတစ်ရံမှာ ယေရှုရှင် ဆရာ၊မ တို့နဲ့အတူ ရှိနေတယ်ဆိုတာကို မေ့နေတတ်ကြတယ်။ ယေရှုရှင်က ဘာလုပ်ပေးသလဲ ဆိုတာတွေကိုလည်း မမြင်တတ်ကြဘူး။

ယေရှုရှင်က သားတို့သမီးတို့ကို ဂရုစိုက်စောင့်ရှောက်ပေးနေတယ်ဆိုတာကိုလည်း သတိမဲ့နေသလား။ ကျေးဇူးတော်ချီးမွမ်းဖို့ မေ့နေသလား။ သားတို့သမီးတို့ ကစားနေတဲ့အချိန်မှာ ယေရှုရှင်ကို မေ့နေတတ်တယ် မဟုတ်လား။ (ယေရှုရှင်က သားတို့သမီးတို့ကို မြင်နိုင်ဖို့ မျက်စိပေးထားတယ်၊ သန်မာတဲ့ ခြေထောက်ကို ပေးထားတယ်၊ မိဘကိုလည်း ပေးထားတယ်။)

ယေရှုရှင်အ ခု ဆရာ၊မ တို့နဲ့ ရှိနေပါသလား။ ဒီနေ့အတွက် ယေရှုရှင်ကို ကျေးဇူးတင်တယ်ပြောဖို့ ဘာတွေ ရှိနေသလဲ။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူနှစ်ယောက်ဟာ အရမ်းကို အရေးပါတဲ့ပုဂ္ဂိုလ်တစ်ယောက်နဲ့အတူ ခရီးသွားနေခဲ့ကြတယ်။ သူတို့တွေ ဘယ်သူနဲ့သွားနေကြတာလဲ။ ယေရှုရှင်နဲ့လမ်းလျှောက်နေတယ်ဆိုတာကို သူတို့တွေ သိခဲ့ကြသလား။ မသိခဲ့ကြဘူး။ သာမန်အခြားလူတစ်ယောက်နဲ့သွားနေတယ်လို့ သူတို့တွေ ထင်ခဲ့ကြတယ်။

ယေရှုရှင်က သူတို့ကို သမ္မာကျမ်းစာသွန်သင်ပေးပြီးတော့ သူတို့တွေ ယေရှုရှင်ကို သိကြသလား။

ဧမောက်ရွာကိုရောက်တော့ သူတို့နဲ့အတူခရီးသွားနေတဲ့သူဟာ ယေရှုရှင်ဖြစ်တယ် သူတို့တွေ သတိထားမိကြသလား။

ယေရှုရှင်က စားပွဲမှာ ဘာလုပ်ခဲ့သလဲ။ မုန့်တယ် ပသခါပွဲနေ့မှာလုပ်ခဲ့သလို ယေရှုရှင်က မုန့်ကိုယူပြီး ဖဲ့ခဲ့တယ်။ အဲဒီအချိန်မှပဲ ယေရှုရှင်ဖြစ်တယ်ဆိုတာကို သူတို့သိခဲ့ကြတယ်။ ယေရှုရှင်က သူဟာ ယေရှုဖြစ်တယ်ဆိုတာကို ပြသဖို့ လိုအပ်ခဲ့တယ်။

သူတို့ဟာနဲ့သူတို့ ယေရှုရှင်ကို သတိထားမိနိုင်ကြသလား။ သတိမထားနိုင်ကြပါဘူး – သူဟာ ဘယ်သူဖြစ်သလဲ ဆိုတာ ယေရှုရှင်ကိုယ်တိုင်က ပြသပေးဖို့ လိုခဲ့တယ်။

ဆရာ၊မ တို့လည်း ကိုယ့်ဟာနဲ့ကိုယ် ယေရှုရှင်ကို ကယ်တင်ရှင်အဖြစ် သိနိုင်မယ်လို့ ထင်ပါသလား။ မဖြစ်နိုင်ပါဘူး – ယေရှုရှင်ကိုယ်တိုင်က မိမိကိုယ်ကို ဖော်ပြပေးမှသာလျှင်ရမှာ ဖြစ်တယ်။ မိမိသဘောနဲ့ယေရှုရှင်ကို ဆရာ၊မ တို့ ချစ်နိုင်ပါသလား။ မချစ်နိုင်ဘူး – ယေရှုရှင်က ဆရာ၊မ တို့ရဲ့နှလုံးသားကို အသစ်ပြောင်းပေးဖို့ လိုတယ်။

ဆရာ၊မ တို့အနေနဲ့ယေရှုရှင်ကိုချစ်ဖို့ရန် မတတ်စွမ်းနိုင်ပါဘူး။ သူ့ကိုယုံကြည်ကိုးစား၊ မေတ္တာထားနိုင်ဖို့ရန် ယေရှုရှင် ကူညီပေးပါဆိုပြီး ဆုတောင်းရမှာ ဖြစ်တယ်။

(ကလေးများကို ယေရှုရှင်ကို ယုံကြည်ရန်နှင့်မေတ္တာထားနိုင်ရန်အတွက်သော်လည်းကောင်း၊ ၄င်းတို့တို့နှင့် သက်ဆိုင်သူများလည်း ထိုသို့ပြုနိုင်ရန် ဆုတောင်းခြင်းအားဖြင့် ဦးဆောင်ပေးပါ။)

ဓမ္မသစ်
ပုံဝတ္ထုများ
101

# "ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏" သောမအား ယေရှုရှင် ကိုယ်ထင်ပြခဲ့သည်

## ကျမ်းညွှန်း – ယော၊ ၂၀း၂၄–၂၉

## အဓိကအချက်များ

- ယုံကြည်ခြင်းက ဘုရားသခင်ကို ကျေနပ်စေသည်
  အခန်းငယ် ၉
- ယေရှုရှင်ကို ယုံကြည်သောသူတို့အား ဘုရားသခင် ကောင်းကြီးပေးသည်
  "ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏"
- ယေရှုရှင်ကို ယုံကြည်နိုင်ရန်အတွက် ကိုယ်တိုင်ထိတွေ့ကိုင်တွယ်ရန် မလိုအပ်ပေ
- ယေရှုရှင်က သူ့ကိုသံသယမရှိပဲနှင့် ယုံကြည်စေချင်သည်
- ယေရှုရှင်သည် အရာခပ်သိမ်းကို သိတော်မူသည်
  ထိုနေရာတွင် ယေရှုရှင် မရှိခဲ့ပါသော်လည်း သောမ ပြောခဲ့သည်အရာကို သိတော်မူသည် – အခန်းငယ် ၂၅

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(တူတစ်လက်၊ သံချောင်းတစ်ချောင်း၊ သစ်သားအပိုင်းအစတစ်ခု စသည်တို့ကို ယူလာပါ။ ထိုသစ်သားချောင်းပေါ်တွင် သံချောင်းကို ရိုက်သွင်းပြလိုက်ပါ။ ထို့နောက် သံချောင်းကို ပြန်ဆွဲထုတ်လိုက်ပါ။) သစ်သားချောင်းရဲ့ ဘယ်နားကို သံချောင်းဆူးဝင်သွားသလဲဆိုတာကို ဆရာ၊မ ကို ပြပါအုံး။ (ကလေးတစ်ယောက်အား ညွှန်ပြစေပါ။) ဒီနေရာဟာ သံချောင်းဆူးဝင်တဲ့နေရာဖြစ်တယ်ဆိုတာ ဘယ်လို သိနိုင်သလဲ။

သံချောင်းဝင်သွားတဲ့နေရာမှာ အမှတ်အသားရှိနေတယ်မဟုတ်လား။

ဒီနေ့ သင်ကြားမယ့် ပုံပြင်ဟာဆိုရင်လည်း သံချောင်းအရာရှိတဲ့အကြောင်းအရာ ဖြစ်တယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

တပည့်တော်တွေ ဘာအတွက် စိတ်လှုပ်ရှားနေကြရတာလဲ။

သောမကရော ဝမ်းသာနေသလား။ ဘာကြောင့်လဲ။ မှန်တယ် – သောမက ယေရှုရှင် ရှင်ပြန်ထမြောက်တယ် ဆိုတာကို မယုံကြည်ခဲ့ဘူး။

ယေရှုရှင် ရှင်ပြန်ထမြောက်တယ်ဆိုတာ ယုံကြည်ဖို့ သောမက ဘာဖြစ်ရမယ်လို့ ပြောခဲ့သလဲ။

အဲဒီလို သောမကပြောတဲ့အချိန်မှာ ယေရှုရှင်က အခန်းထဲမှာ ရှိပါသလား။

သောမက အဲဒီလိုပြောခဲ့တယ်ဆိုပြီးတော့ ယေရှုရှင်ကို ပြောတဲ့သူရှိပါသလား။

သောမက အဲဒီလိုပြောတယ်ဆိုတာကို ယေရှုရှင်က ဘယ်လိုလုပ်ပြီး သိနေတာလဲ။

ယေရှုရှင်က အရာခပ်သိမ်းကို သိတော်မူတယ်။ ယေရှုရှင် သိသေးတဲ့ အခြားသောအချက်တွေကို ဆက်ပြီးတော့ ပြောပြ နိုင်မလား။ (ဒီအခန်းထဲမှာ ဘယ်သူတွေရှိသလဲ။ ဆရာမ ရဲ့နာမည်ကို သိမလား၊ အသက်ကြီးလာတဲ့အခါ ဘာလုပ်မလဲဆိုတာမျိုးကိုလည်း သိမလား။)

ယေရှုရှင်ဟာ ဘုရားသခင်ဖြစ်တော်မူတဲ့အတွက်ကြောင့် ခပ်သိမ်းသောအရာကို သိတော်မူတယ်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၁ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီပုံထဲမှာ ယေရှုရှင် ဘာလုပ်နေ သလဲ။ ဘာကြောင့်လဲ။

ယေရှုရှင်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို မျက်စိနဲ့မြင် ကိုင်စမ်းနိုင်မှ ယုံမယ်လို့ သောမပြောခဲ့တဲ့အပေါ်မှာ ယေရှုရှင် ဝမ်းမြောက်ပါ့မလား။

အဲဒါကို သားတို့သမီးတို့ ဘယ်လိုသိပါသလဲ။

"ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏" က ဘာကိုဆိုလိုတာလဲ။

မမြင်ဖူးတဲ့ အရာတစ်စုံတစ်ခုကို ယုံကြည်ဖို့ဆိုတာ သားတို့သမီးတို့အတွက် ခက်ခဲပါသလား။

ဘုရားသခင်ဟာ အမှန်တကယ်ရှိပြီးတော့၊ ကောင်းမြတ်တယ်ဆိုတာကို ယုံကြည်ဖို့ ခက်ခဲပါသလား။

သမ္မာကျမ်းစာက ဘုရားသခင်ကို ကိုးစားခြင်းဆိုတဲ့ – ယုံကြည်ခြင်းဟာ – ဆုကျေးဇူးဖြစ်တယ်လို့ ပြောထားပါတယ်။ ဘုရားသခင်ကို ယုံကြည်ကိုးစားနိုင်ဖို့ ဘုရားသခင်က "ယုံကြည်ခြင်း" ဆိုတဲ့ ဆုကျေးဇူးကိုပေးပါရန် သားတို့သမီးတို့ ဆုတောင်းမလား။

ဓမ္မသစ်
ပုံဝတ္ထုများ

102

# အပိုင်း ၁ – ယေရှုရှင် ကမ်းနားတွင် ကိုယ်ထင်ပြခဲ့သည်
# အပိုင်း ၂ – ယေရှုရှင် ကောင်းကင်သို့ ပြန်တက်ခဲ့သည်

**ကျမ်းညွှန်း – ယော၊ ၂၁း၁–၁၄၊ လုကာ၊ ၂၄း၅၀–၅၃၊ တမန်၊ ၁း၁–၁၁**

## အဓိကအချက်များ

- ယေရှုရှင်သည် ခပ်သိမ်းသောအရာတို့အပေါ်တွင် အစိုးရသည် – ငါးများအပေါ်တွင်ပင် အခွင့်အာဏာရှိသည်
- သူ၏တပည့်တော်များ မျှော်လင့်သည်ထက်ပို၍ ယေရှုရှင်က ထောက်ပံ့ပေးခဲ့သည်
  များစွာ ငါးဖမ်းရသည်၊ နံနက်စာ
- ယေရှုရှင်သည် ဘုရားသခင်သည်
  လုကာ၊ ၂၄း၅၂ "ကိုယ်တော်ကို ကိုးကွယ်ကြသည်"
- ယေရှုရှင်ကို ယုံကြည်ခြင်းက ကြီးစွာသောဝမ်းမြောက်ခြင်းကို သီးပွင့်စေသည်
- သူ၏တပည့်တော်များအား သန့်ရှင်းသောဝိညာဉ်တော် စေလွှတ်ပေးရန် ယေရှုရှင် ကတိပေးခဲ့သည်
  တမန်၊ ၁း၈
- ယေရှုရှင်နှင့်စပ်ဆိုင်သောသတင်းကောင်းသည် တစ်ကမ္ဘာလုံး၌ ဟောပြောသက်သေခံရမည်
  တမန်၊ ၁း၈
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင် ဖြစ်သည် – ဘုရားသခင် တစ်ပါးတည်းကသာလျှင် မည်သည့်အရာ ဖြစ်ပျက်လာရမည်ကို ဆုံးဖြတ်ပိုင်ခွင့် နှင့် သိထားခွင့် ရှိပေသည်။
  တမန်၊ ၁း၇

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်** –
(သင်ထောက်ကူပြု စာမျက်နှာပါ ငါးပုံကို ပြလိုက်ပါ။)
စာရွက်ပေါ်မှာရှိတဲ့ငါးပုံကို ကြည့်လိုက်ပါအုံး။ ဒီစာရွက်ပေါ်မှာ ငါးဘယ်နှစ်ကောင် ရှိတယ်လို့ထင်သလဲ။
ငါးတွေက အများကြီးပဲနော်။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ----- အများကြီးပဲ။
ဒီထက်များတဲ့ ငါးတွေအကြောင်းကို သမ္မာကျမ်းစာက ပြောပြထားတယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒါကဘယ်သူလဲ။
တပည့်တော်တွေကို ယေရှုရှင်က ဘာမေးခဲ့သလဲ။ (ငါးရရဲ့လား။)

သူတို့တွေ ငါးမရတဲ့အကြောင်းကို ယေရှုရှင်သိထားပြီးသား ဖြစ်တယ်။ ဘာလို့လဲဆိုတော့ ယေရှုရှင်ဟာ ခပ်သိမ်းသောအရာတို့ကို သိတော်မူတယ်။

ဒါနဲ့ ယေရှုရှင်က သူတို့ကိုဘာလုပ်ဖို့ ပြောခဲ့သလဲ။ ဘာဖြစ်ခဲ့သလဲ။

အဲဒါက ဘယ်လိုဖြစ်ခဲ့တာလဲ။ (ငါးတွေ ဘယ်မှာရှိတယ်ဆိုတာ ယေရှုရှင် သိတယ်၊ ပိုက်ထဲကို ငါးတွေ ဝင်လာဖို့ ယေရှုရှင် လုပ်ခဲ့တယ်။) ယေရှုရှင်က ခပ်သိမ်းသောအရာကို တတ်နိုင်တယ်။ သူ့စကားကို ငါးတွေက နာခံအောင် လုပ်နိုင်တယ်။

ပိုက်ထဲကို ငါးဘယ်နှစ်ကောင်လောက် ယေရှုရှင် ဝင်စေခဲ့သလဲ။

အဲဒီအရေအတွက်ဟာ တပည့်တော်တွေစားဖို့ နံနက်စာလုံလောက်ပါသလား။ ပိုက်တွေကို ပြန်မဆွဲနိုင်လောက်အောင် ငါးတွေကများပါတယ်။ ယေရှုရှင်တစ်ပါးတည်းကသာ ငါးတွေကို ပိုက်ထဲဝင်စေနိုင်တယ်။

တပည့်တော်တွေ လိုအပ်တဲ့ငါးအရေအတွက်ထက် ပိုတဲ့အကောင်ရေကို ယေရှုရှင် ပေးခဲ့တယ်။ တစ်ကမ္ဘာလုံးကို နွေးထွေးစေနိုင်ပြီးတော့ အပင်လေးတွေ ကြီးထွားစေနိုင်ဖို့အတွက် လုံလောက်တဲ့နေရောင်ခြည်ကို ဘုရားသခင်က ဆရာ၊မ တို့အားလုံးကို ပေးထားပါသလား။ တခြားဘာတွေကို ယေရှုရှင် လုပ်ဆောင်ပေးသလဲ။

ယေရှုရှင်ဟာ အရာရာပေါ်မှာ ထိန်းချုပ်နေတဲ့အတွက်ကြောင့်သော်လည်းကောင်း၊ ဆရာ၊မ တို့အတွက် လိုအပ်တာထက် ပိုတဲ့အရာတွေကို ပေးထားတဲ့အတွက် ကျေးဇူးတော်ချီးမွမ်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) သူက ဘယ်သူလဲ။ (ယေရှုရှင်ကို ထောက်ပြ လိုက်ပါ။) သူတို့တွေက ဘယ်သူတွေလဲ။

ပိုက်ထဲမှာ ရှိတဲ့ငါးတွေအကြောင်းကို ဆရာ၊မ ကို ပြန်ပြီး ပြောပြနိုင်မလား။

ယေရှုရှင်ဟာ ဘုရားသခင်ဖြစ်တဲ့အတွက်ကြောင့် အရာခပ်သိမ်းကို တတ်စွမ်းနိုင်တယ်။

ယေရှုရှင် ရှင်ပြန်ထမြောက်ခဲ့တာကို လူပေါင်းများစွာ မြင်တွေ့ခဲ့ကြတယ်။ ယေရှုရှင်တစ်ပါးတည်းသာ သေလွန်ပြီးတော့ ရှင်ပြန်ထမြောက်ခဲ့တယ် – ဘာကြောင့်လဲဆိုရင် ယေရှုရှင်ဟာ ဘုရားသခင် ဖြစ်တယ်။

ရှင်ပြန်ထမြောက်ပြီးတဲ့အကြောင်းကို သက်သေပြပြီးနောက် ယေရှုရှင် ဘယ်ကိုသွားခဲ့သလဲ။

ဝတ်လုံဖြူဝတ်ထားတဲ့ သူတွေက ယေရှုရှင်နဲ့ပတ်သက်ပြီးတော့ ဘာပြောခဲ့ကြသလဲ။

ယေရှုရှင် ပြန်ကြွလာအုံးမယ်။ ဘယ်အချိန်မှာ သူပြန်ကြွလာမလဲဆိုတာကို သားတို့သမီးတို့ သိပါသလား။ သားတို့သမီးတို့ရဲ့ ဖေဖေ၊ မေမေကရော သိပါသလား။ သင်းအုပ်ဆရာကရော သိပါသလား။ ယေရှုရှင် ဘယ်အချိန် ကြွလာမယ်ဆိုတာကို ခမည်းတော်ဘုရားသခင်တစ်ပါးတည်းကသာ သိတော်မူတယ်။

ယေရှုရှင် ပြန်ကြွလာမယ့်အချိန်ကို စောင့်နေရတဲ့အချိန်မှာ ဆရာ၊မ တို့ ဘာလုပ်နေရမှာလဲ။ ယေရှုရှင် အကြောင်းကို ပြန်ပြောပြရမယ့်သူ သားတို့သမီးတို့မှာသိထား ပါသလား။
ယေရှုရှင်နဲ့ပတ်သက်ပြီးတော့ ဘာပြောမလဲ။ ဒီတစ်ပတ်မှာတော့ သားတို့သမီးတို့အနေနဲ့ အနည်းဆုံး လူတစ်ယောက်ဆီမှာ ယေရှုရှင်အကြောင်း ပြောရမယ်။ ပြောနိုင်မလား။

ဓမ္မသစ် ပုံဝတ္ထုများ **103**

# အထက်အရပ်မှတန်ခိုးတော်

## ကျမ်းညွှန်း – တမန်၊ ၂

## အဓိကအချက်များ

- ဝိညာဉ်တော်ဘုရားသည် တန်ခိုးကြီးတော်မူသည်
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင်ဖြစ်ပြီး၊ မိမိနှစ်သက်တော်မူသည့်အတိုင်း ဝိညာဉ်တော်ကို နှစ်သက်သောသူတို့အား ပေးသနားတော်မူသည်
- သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးသည် ယုံကြည်သောသူတိုင်းအတွက် ဖြစ်သည်

  ဝိညာဉ်တော်သည် သမ္မာကျမ်းစာ ခေတ်ကာလကသူများအတွက်သာ မဟုတ်ပေ၊ နေရာတိုင်းမှ သမိုင်းတလျှောက် ဘုရားသခင် ခေါ်တော်မူသော သူတိုင်းအတွက် ဖြစ်သည်
- ဘုရားသခင်သည် သူ၏ကတိတော်များကို စောင့်ထိန်းတော်မူပြီး ပရောဖက်ပြုချက်များကို ပြည့်စုံစေသည်

  အခန်းငယ် – ၁၆–၂၁ သည် ယောလ ပရောဖက်ပြုခြင်း၏ ပြည့်စုံရာ ဖြစ်သည်
- ယေရှုရှင်ကို ယုံကြည်သောသူတို့၏အပြစ်အား ဘုရားသခင် ခွင့်လွှတ်ပေးသည်
- သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်က လူတို့ကို အံ့သြစေသည်
- ယေရှုရှင်ကို သိကျွမ်းခြင်းနှင့်ယုံကြည်ကိုးစားခြင်းက ထိုသူ၏အသက်တာတွင် မှန်ကန်သောပြောင်းလဲမှုကို ဖြစ်ပေါ်စေပါသည်

  ထိုအရာကို နောင်တရခြင်းဟု ခေါ်သည်
- ယေရှုကို သင်ယုံကြည်သည်ဆိုလျှင် သင်သည် ရေနှစ်ခြင်းမင်္ဂလာကို ယေရှု၏နာမတော်အားဖြင့်ခံရမည်
- ယေရှုရှင်ကို သိခြင်းက သင့်ကိုဝမ်းမြောက်စေသည်

  အခန်းငယ် – ၄၆
- ဘုရားသခင်ကိုယ်စား သမ္မာတရားကို အသက်ရှင်၊ သက်သေခံနိုင်ရန်အတွက် ဝိညာဉ်တော်ဘုရားက ယုံကြည်သူများကို တန်ခိုးပေးတော်မူသည်
- လူသည် ကယ်တင်ခြင်းရရှိရန်နှင့်ဘုရားသခင်ကို ကျေနပ်စေရန် ယုံကြည်ခြင်းရှိကို ရှိရမည်။
- လူသည် အပြစ်သား ဖြစ်သည်၊ ဘုရားသခင်ကို လိုအပ်ပြီး၊ မိမိကိုယ်ကို ကယ်တင်နိုင်စွမ်းမရှိ။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်ခန်းစာ ၁၀၃ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။)

ဒီလူတွေကို ကြည့်ပါအုံး။ သူတို့ရဲ့ခေါင်းပေါ်မှာ ဘာတွေကိုတွေ့ရသလဲ။ (ကလေးများကို ခန့်မှန်းစေပါ – ငှက်တောင် မွှေး၊ သစ်ရွက်၊ မီး)။

သူတို့ခေါင်းပေါ်မှာရှိတဲ့အရာက ဘာလဲဆိုတာကိုသိဖို့ရန် သမ္မာကျမ်းစာထဲက အကြောင်းအရာကို နားထောင်တာ ကောင်းမယ်လို့ ဆရာ/မ ထင်ပါတယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၃ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူတွေအပေါ်မှာ ရှိတဲ့အရာတွေက ဘာတွေလဲ။

ဒီလူတွေအပေါ်မှာ ဘာဖြစ်ခဲ့သလဲ။ (သူတို့တွေ ဝိညာဉ်တော်နဲ့ပြည့်ဝကြတယ်။)

သူတို့တွေ ဝိညာဉ်တော်နဲ့ပြည့်ဝတဲ့အခါမှာ ဝိညာဉ်တော်ဘုရားသခင်က သူတို့ကို ဘာလုပ်ဖို့ကူညီခဲ့သလဲ။ (အခြားသောဘာသာစကားပြောဖို့ – မတူညီတဲ့လူတွေက သူတို့ဘာသာစကားနဲ့နားလည်ဖို့။)

တပည့်တော်တွေက အဲဒီဘာသာစကားတွေကို သင်ယူခဲ့ကြသလား။ မသင်ယူခဲ့ကြပါဘူး။ ဝိညာဉ်တော်ဘုရားက အခြားသောဘာသာစကားပြောခြင်း ဆုကျေးဇူးတော်ကို ပေးခဲ့တာဖြစ်တယ်။

သန့်ရှင်းသောဝိညာဉ်တော်ဟာ ဘုရားသခင်ဖြစ်ပြီးတော့ တန်ခိုးကြီးမားလွန်းတယ်။

ယနေ့ချိန်မှာလည်း ဝိညာဉ်တော်ဘုရားသခင်ဟာ တန်ခိုးကြီးနေဆဲလား။

အခြားလူတွေကို ယေရှုရှင်အကြောင်းပြောပြဖို့လိုအပ်တဲ့ခွန်အားကို ဝိညာဉ်တော်ဘုရား ယနေ့မှာလည်း ပေးနိုင်ပါသလား။

ခွန်အားပေးဖို့ ဆုတောင်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၃ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီပုံထဲမှာ ဘာဖြစ်နေသလဲ။

တပည့်တော်တွေဟာ ဝိညာဉ်တော်နဲ့ပြည့်ဝပြီးတဲ့နောက်မှာ ဘာဖြစ်ခဲ့သလဲ။ (အခြားသောဘာသာစကားကို ပြောကြတယ် – ပေတရုက တရားဟောတယ်။)

နောင်တရတယ်ဆိုတာက ဘာကိုဆိုလိုတာလဲ။

ပင်တေကုတ္တေနေ့မှာ ရှိတဲ့သူတွေကို နောင်တရလာစေဖို့ သန့်ရှင်းသောဝိညာဉ်တော် ကူညီခဲ့တယ်။

အပြစ်ကနေ လူတွေ နောင်တရစေဖို့ အခုချိန်မှာလည်း ဝိညာဉ်တော်က ကူညီနိုင်သေးသလား။

ကလေးတွေရော အပြစ်လုပ်ပါသလား။ ကလေးတွေက ဘယ်လိုပုံစံမျိုးနဲ့ အပြစ်ကျူးလွန်ပါသလဲ။

သားတို့သမီးတို့ရဲ့အပြစ်တွေကို ဖော်ပြပေးဖို့ သန့်ရှင်းသောဝိညာဉ်တော် ဘုရားသခင်ဆီ ဆရာ/မက ဆုတောင်းပေးနိုင်မလား။

မှတ်ချက် – သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးသက်သက်မဟုတ်ပဲ ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်းကို အလေးအနက်ထား၍ ကလေးများသိစေရန် ရှင်းပြပေးပါ။

ဓမ္မသစ်
ပုံဝတ္ထုများ

104

# "ငါတို့သည်ကြားလျက်၊ မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်ဟု ထိုသူတို့အားဆိုကြ၏။"

သန့်ရှင်းသော ဝိညာဉ်တော်က ပေတရုနှင့် ယောဟန်တို့အား ကျန်းမာစေခြင်း တန်ခိုးနှင့်ရဲစွမ်းသတ္တိကို ပေးသည်

## ကျမ်းညွှန်း – တမန်၊ ၃–၄း၃၁

## အဓိကအချက်များ

- ဘုရားသခင်သည် ဂရုဏာမေတ္တာရှင်ဖြစ်သည့်နည်းတူ တပည့်များသည်လည်း ဂရုဏာမေတ္တာ ထားကြသည်
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည်
  ခြေမသန်စွမ်းသောသူကို ကျန်းမာစေနိုင်သည်
- ဘုရားသခင်သည် အမြင့်ဆုံးသောအခွင့်အာဏာရှိသူ ဖြစ်သည်
  ခြေမသန်စွမ်းခြင်းအပေါ် အခွင့်အာဏာ ရှိတော်မူသည်
- သန့်ရှင်းသောဝိညာဉ်တော်၏ အံ့ဖွယ်လုပ်ဆောင်မှုများက ဘုရားသခင်အား ချီးမွမ်းစေရန် ဖြစ်စေသည်
  အခန်းငယ်၊ ၃း၈–၉
- ကျန်းမာစေခြင်းက ဘုရားသခင်ထံမှလာသည် လူသားထံမှမဟုတ်။
  အခန်းငယ်၊ ၃း၁၂
- ယေရှုရှင်သည် ဘုရားသခင် ကတိပေးထားသောကယ်တင်ရှင် ဖြစ်သည်
  အခန်းငယ်၊ ၃း၂၂–၂၄
- ယေရှုရှင်၏စကားကို နားမထောင်သောသူတို့သည် ပျက်ဆီးခြင်းသို့ ရောက်လိမ့်မည်
  အခန်းငယ် ၄း၁၂
- ယေရှုရှင်နှင့်ပတ်သက်၍ သက်သေခံနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်က သတ္တိကို ပေးသည်
- လူ၏စကားကို နားထောင်ခြင်းထက် ဘုရားသခင်၏စကားကို နားထောင်ခြင်းက ပို၍ကောင်းသည်
  အခန်းငယ် – ၄း၁၉
- ဘုရားသခင်သာလျှင် ခပ်သိမ်းသောချီးမွမ်းခြင်း၊ ဘုန်းတန်ခိုးတော်တို့နှင့် ထိုက်တန်တော်မူသည်
- အပြစ်ကင်းသောသူဖြစ်စေလျက် ကောင်းကြီးခံစားရစေရန် ကျွန်ုပ်တို့တွက် ယေရှုရှင်ဆင်းကြွလာခြင်း ဖြစ်သည်
  – အခန်းငယ် – ၃း၂၆

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ငွေဒင်္ဂါးပြား (အကြွေစေ့) များ ထည့်ထားသည့်အိတ်တစ်အိတ်ကို ပြပါ။ ထိုအိတ်ကို လှုပ်ပြလိုက်ပါ။)

ဆရာ့မရဲ့ အိတ်ထဲမှာ ဘာရှိမယ်လို့ထင်သလဲ။ (ကလေးများကို ခန့်မှန်းစေပါ။)။ ထို့နောက် ကလေး တစ်ယောက်ကို ရှေ့ထွက်လာစေပြီး အိတ်ထဲတွင် မည်သည့်အရာရှိသည်ကိုပြကာ အခြားကလေးများကိုလည်း ပြစေပါ။)

ဒီအကြွေစေ့အားလုံးကို ကြည့်ပါအုံး – အများကြီးပဲ။ (အကြွေစေ့လေးများကို အိတ်ထဲတွင် ပြန်ထည့်လိုက်ပါ။)

ဆရာမတို့ရဲ့ သမ္မာကျမ်းစာထဲမှာ ငွေအိတ်မရှိ ပေမဲ့လည်း – အဲဒီငွေအိတ်ထက် ပိုကောင်းတဲ့အရာရှိသော သူတစ်ယောက်အကြောင်းကို ပြပြထားတယ် – သူ့မှာ ဘာတွေရှိလဲဆိုတာ ကြည့်ကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဗိမာန်တော်တံခါးနားက လူက ဘာဖြစ်တာလဲ။

ပေတရုနဲ့ယောဟန်ဆီကနေ သူဘာတောင်းခဲ့သလဲ။

ပေတရုက ဘာပြောခဲ့သလဲ။ ဘာဖြစ်ခဲ့သလဲ။

ပေတရုက အဲဒီလူကို ကျန်းမာစေခဲ့တာလား။ ဘယ်သူက ကျန်းမာစေခဲ့တာလဲ။

ယေရှုရှင်က ခပ်သိမ်းသောအရာတို့ကို တတ်စွမ်းနိုင်တယ်။ ခပ်သိမ်းသောတန်ခိုး သူ့ဆီမှာ ရှိတယ်။ လမ်းမလျှောက်နိုင်တဲ့သူကို ယေရှုရှင် လမ်းလျှောက်စေနိုင်တယ်။

ယေရှုရှင်က သူ့ကို ကျန်းမာစေတဲ့သူဖြစ်တယ်ဆိုတာကို အဲဒီလူသိပါသလား။

အဲဒီလူကို ကျန်းမာစေတဲ့သူဟာ ယေရှုရှင်ဖြစ်တယ်ဆိုတာကို ပေတရုနှင့်ယောဟန်တို့က သိပါသလား။ အဲဒါကို သားတို့သမီးတို့ ဘယ်လိုသိပါသလဲ။

ယေရှုရှင်ဟာ ခပ်သိမ်းသောအရာတို့ကို တတ်နိုင်တယ်ဆိုတာကို သားတို့သမီးတို့ ယုံကြည်ပါသလား။

သားတို့သမီးတို့ရဲ့အသက်တာမှာ ယေရှုရှင်ရဲ့တန်ခိုးတော် ပြသတာမျိုး ရှိပါသလား။ သားတို့သမီးတို့အတွက် ယေရှုရှင် ဘာလုပ်ခဲ့ပြီးပြီလဲ။

ခြေမသန်တဲ့သူက ယေရှုရှင်ရဲ့ကျန်းမာစေခြင်းအပေါ် ကျေးဇူးတော်ချီးမွမ်းသည့်နည်းတူ ဆရာ၊မ တို့တွေလည်း ယေရှုရှင် လုပ်ဆောင်ပေးတဲ့အရာတွေအတွက် ကျေးဇူးတော်ချီးမွမ်းရမယ်။

ယေရှုရှင်၏ ခပ်သိမ်းသောတန်ခိုးတော်ရှင်ဖြစ်ခြင်းနှင့် ဆရာ၊မတို့အပေါ် လုပ်ဆောင်သောအရာများအတွက် ကျေးဇူးတော်ချီးမွမ်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဗိမာန်တော်တံခါးနားရှိလူက ပေတရုနဲ့ယောဟန်တို့ကို ပိုက်ဆံတောင်းတဲ့အခါ သူတို့ဘာလုပ်ခဲ့ကြသလဲ။

ယေရှုရှင်နဲ့ပတ်သက်ပြီး ပေတရုက လူတွေကိုဘာပြောခဲ့သလဲ။

ပေတရု ပြောတဲ့အရာအပေါ် ယဇ်ပုရောဟိတ်မင်းတွေနှင့်အစောင့်စစ်သားတွေက ကျေနပ်ခဲ့ကြသလား။

ယဇ်ပုရောဟိတ်တွေနှင့်အစောင့်စစ်သားတွေက ပေတရုနှင့်ယောဟန်ကို ဘာလုပ်ခဲ့ကြသလဲ။

ယဇ်ပုရောဟိတ်တွေနှင့်အစောင့်စစ်သားတွေက ပေတရုနှင့်ယောဟန်ကို ယေရှုရှင်အပေါ် မယုံကြည်အောင် လုပ်နိုင်ခဲ့ကြသလား။ သူတို့တွေ ပေတရုနှင့်ယောဟန်ကို ထောင်ချခဲ့ပေမယ့် လူများစွာက ပေတရုပြောတာကို ယုံကြည်ကြတယ်။

(သင်ခန်းစာ ၁၀၄ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီပုံဟာ ပေတရုဖြစ်တယ်။ သူက အရေးပါတဲ့ပုဂ္ဂိုလ်တွေနဲ့ စကားပြောနေတယ်။

ဒီလူတွေက ပေတရုနှင့်ယောဟန်ကို ယေရှုရှင်ရဲ့အကြောင်း မပြောရဘူးလို့တားမြစ်ခဲ့ကြတယ်။

ပေတရုက ဘာပြန်ပြောခဲ့သလဲ။

သူတို့တွေ ထောင်ကျနာကျင်နေပါစေ ယေရှုရှင်အကြောင်းပြောပြဖို့က အရေးကြီးတယ်ဆိုတာ ပေတရုနှင့် ယောဟန်တို့က သိထားကြတယ်။

ယေရှုရှင်အကြောင်းပြောဖို့က သားတို့သမီးတို့အတွက် အရေးကြီးပါသလား။ ဘယ်သူ့ကို ယေရှုရှင်အကြောင်း ပြောပြနိုင်မလဲ။ ယေရှုရှင်အကြောင်း ဘယ်လိုပြောပြနိုင်မလဲ။

အချို့လူတွေက ယေရှုရှင်အကြောင်းပြောတာကို မနှစ်သက်ရုံနဲ့ သားတို့သမီးတို့က မပြောပဲနေသင့်ပါသလား။

ဓမ္မသစ် ပုံဝတ္ထုများ

105

# ဘုရားသခင်သည် လိမ်ညာသောသူနှစ်ဦးကို ပြစ်ဒဏ်ပေးခဲ့သည်

## ကျမ်းညွှန်း – တမန်၊ ၄း၃၂–၅း၁၁

## အဓိကအချက်များ

- ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်
  သားတို့သမီးတို့၏ နှလုံးသားတွင် တွေးတောနေသည့် ကောင်းမကောင်းအရာများကို သိသည် (အခန်းငယ် ၄) သားတို့သမီးတို့ လိမ်ညာဖြစ်စေ၊ အမှန်ပြောသည် ဖြစ်စေ အစဉ်သိတော်မူသည်
- လူသည် ငွေကိုလည်းနှစ်သက်သည်၊ ဘုရားသခင်ကိုလည်း ချစ်သည်ဟူ၍ တစ်ပြိုင်နက် မလုပ်နိုင်ပေ။
- ဘုရားသခင်သည် သန့်ရှင်းဖြောင့်မတ်သည့်အတွက် အပြစ်ကိုစီရင်သည်
  သေခြင်းသည် အပြစ်၏ အခဖြစ်သည်။ သူ့ကို လိမ်ညာသော သူများအား ဘုရားသခင် စီရင်သည်၊ ဘုရားသခင်ကို လိမ်ညာ သောသူတို့သည် သေထိုက်သောသူများ ဖြစ်သည်
- ဘုရားသခင်သည် အပြစ်ကို စီရင်သည့်အတွက်ကြောင့် ကြောက်ရွံ့ရမည် ဖြစ်သည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ပြီးခဲ့သည့်သင်ခန်းစာတွင် အသုံးပြုခဲ့သည့် ငွေဒင်္ဂါးပြား (အကြွေစေ့) များ ထည့်ထားသည့်အိတ်ကို ပြပါ။)

ငွေကိုမရှိပေမယ့်လည်း အခြားပိုကောင်းတဲ့အရာရှိတဲ့ ပေတရုတို့ရဲ့အကြောင်းအရာကို သားတို့သမီးတို့ မှတ်မိသေးသလား။ ပေတရုမှာဘာရှိခဲ့သလဲ။ မှန်တယ် ပေတရုမှာ ယေရှုရှိတယ်၊ ယေရှုရှင်က ခြေမသန်စွမ်းတဲ့သူကို ကျန်းမာစေနိုင်ခဲ့တယ်။

ဒီနေ့ပုံပြင်ကတော့ ငွေအိတ်ရှိပေမယ့်လည်း သူ့မှာအဲဒါထက် ပိုမကောင်းတဲ့အရာရှိနေသောသူ တစ်ယောက်ရဲ့ အကြောင်း ဖြစ်တယ်။ အဲဒီ ပုံပြင်ကို ဆရာမ ပြောပြပေးမယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။)

(ပေတရုကို ထောက်ပြလိုက်ပါ။) ဒီလူက ဘယ်သူလဲ။ ဘယ်သူက ကြမ်းခင်းပေါ်မှာ လဲနေတာလဲ။

အဲဒီလူ ဘာဖြစ်သွားတာလဲ။

သူဘာလို့ လဲသေသွားတာလဲ။ (ဘာလို့လဲဆိုတော့ ဘုရားသခင်ကို သူလိမ်ခဲ့လို့ပေါ့။)

ဘုရားသခင်ကို လိမ်ညာခြင်းက ကြောက်စရာကောင်းပါသလား။

အပြစ်ဟာ ကြောက်စရာကောင်းပါသလား။ ဘုရားသခင်ထက် ငွေကိုပိုပြီးနှစ်သက်ခြင်းက ကြောက်စရာ ကောင်းပါသလား။ အခြားလူတွေကို နာကြင်စေခြင်းကကောင်းပါသလား။ ကိုယ့်အတွက်သာ လိုချင်သောအတ္တစိတ်က ကောင်းပါသလား။

ဘယ်လိုနည်းလမ်းတွေနဲ့ လူတွေကအပြစ်ကျူးလွန်နိုင်သလဲဆိုတာ စဉ်းစားနိုင်ကြသလား။ အဲဒီအပြစ်တွေ အားလုံးက ကြောက်စရာကောင်းပါသလား။ အပြစ်အားလုံးက ကြောက်စရာကောင်းပါတယ်။

ဘာလို့အပြစ်က ကြောက်စရာကောင်းရတာလဲ။ (ဘုရားသခင်က အပြစ်ကိုမုန်းတယ်၊ အပြစ်က ဘုရားသခင်ကို ရှုံ့ချစေတယ်၊ အပြစ်ကို ဘုရားသခင် စီရင်တော်မူတယ်။)

အပြစ်တွေအားလုံးကို ဘုရားသခင် မုန်းတော်မူတယ်။ သားတို့သမီးတို့ဟာ အပြစ်သားတစ်ယောက် ဟုတ်ပါ သလား။ အပြစ်သားဖြစ်ခြင်းက သားတို့သမီးတို့အတွက် ဘာကြောင့်ပြဿနာ ဟုတ်ရတာလဲ။

ကိုယ့်အပြစ်ရဲ့အဖိုးအခကို ကိုယ်ကိုယ်တိုင်ပေးရင်ပေး၊ ဒါမှမဟုတ် ယေရှုရှင်ရဲ့အစားထိုးပေးခြင်းကို ယုံကြည်လက်ခံဖို့ပဲ ရှိတယ်။

သားတို့သမီးတို့ဟာ အပြစ်သားဖြစ်တယ်ဆိုတာ ဖော်ပြဖို့နှင့် အဲဒီအပြစ်ကြွေးတွေအတွက် ယေရှုရှင်ကို ယုံကြည်ကိုးစားနိုင်ဖို့ ဆရာ/မ ဆုတောင်းပေးမယ်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

ဆရာ/မ တို့ရဲ့ပုံပြင်ထဲမှာ ပါဝင်လာတဲ့လူသစ်တွေရဲ့နာမည်က ဘယ်လိုခေါ်သလဲ။

အာနနိနဲ့ရှဖိရေတို့က ဘုရားသခင်ကို ချစ်တယ်လို့ပြောခဲ့ကြပေမယ့် သူတို့တွေ ဘယ်အရာကို ပိုချစ်ခဲ့ကြသလဲ။

တပည့်တော်တွေကို သူတို့တွေရဲ့ပိုက်ဆံတွေပေးဖို့ လိုပါသလား။

သူတို့တွေဟာ တကယ်ကိုစေတနာရှိသလို ဟန်ဆောင်ခဲ့ကြတယ်။ သူတို့ရဲ့ပိုက်ဆံတွေအားလုံးကို ပေးခဲ့ကြသလို ဟန်ဆောင်ခဲ့ကြတယ်။ ပိုက်ဆံထက် ဘုရားသခင်ကို ပိုချစ်သလို ဟန်ဆောင်ခဲ့ကြတယ်။

တစ်ခါတစ်ရံမှာ လူတွေက အခြားအရာတွေထက် ဘုရားသခင်ကို ပိုချစ်သလိုလို ဟန်ဆောင်တတ်ကြပါသလား။ အသင်းတော်ကို နှစ်သက်သလိုလို သို့မဟုတ် သမ္မာကျမ်းစာကို ဖတ်သလိုလို ဟန်ဆောင်တတ်ကြပါ သလား။

လူတွေ ဟန်ဆောင်တဲ့အခါ ဘုရားသခင်သိပါသလား။ သိတာပေါ့၊ ဘုရားသခင်က အရာခပ်သိမ်းကို သိတော်မူတယ်။

ဘုရားသခင်ကို သားတို့သမီးတို့ ဘယ်လောက်ချစ်တယ်ဆိုတာသိဖို့က တစ်ခါတစ်ရံမှာ ခက်ခဲတတ်ပါတယ်။

လူတစ်ယောက် ဘုရားသခင်ထက် အခြားအရာတွေကို နှစ်သက်ပြီဆိုရင် ဘာတွေလုပ်နိုင်သလဲ။ ဘုရားသခင်ကို ဆရာ/မ တို့ ဘယ်လို ပိုချစ်နိုင်မလဲ။

ဘုရားသခင်ကို အရာရာတိုင်းထက် ပိုချစ်နိုင်ဖို့ ဆုတောင်းကြရအောင်။

ခမ္မသစ်
ပုံဝတ္ထုများ

106

# "လူ၏စကားထက် ဘုရားသခင်၏ စကားတော်ကို နားထောင်သင့်ပါ၏။"

## ကျမ်းညွှန်း – တမန်၊ ၅း၁၂–၄၂

## အဓိကအချက်များ

- ယေရှုရှင်ကို ယုံကြည်သောသူများအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အံ့ဖွယ်နမိတ်လက္ခဏာများကို ဖြစ်စေနိုင်သည်
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်သည်
  သူသည် ထောင်တံခါးများထက် ပို၍ သန်မာသည် (အခန်းငယ် – ၁၉၊ ၂၃)
- ဘုရားသခင်ကို နာခံခြင်းသည် အလွန်အရေးကြီးပါသည်
  ထိုအရာသည် လူတို့၏ စကားကို နားထောင်ခြင်းထက် ပို၍အရေးကြီးပါသည်
- သန့်ရှင်းသောဝိညာဉ်တော်က ယေရှုရှင်နှင့်ပတ်သက်၍သော်လည်းကောင်း၊ ပြုခဲ့သောအရာများအားလုံးကို သက်သေခံပြောဆိုရန်အတွက် ရဲစွမ်းသတ္တိကို ပေးတော်မူသည်
- သူ့ကို နာခံသောသူတို့အား ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်ကို ပေးသည်။

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ဆေးလုံးများနှင့်ပတ်တီးတို့ကို ပြပေးပါ။) မှတ်ချက် – ဆေးများကို ကလေးများ လက်လှမ်းမမှီသည့်နေရာတွင် ထားပါ။

ဒါတွေကဘာတွေလဲ။ ဒါတွေကို ဆရာ၊မ တို့တွေ ဘာအတွက်သုံးသလဲ။ တစ်စုံတစ်ယောက် ဖျားတဲ့အခါမှာ ကျန်းမာလာအောင်လို့ ဆေးတွေကို ပေးလေ့ရှိပါတယ်။

ဒီနေ့ပုံပြင်ကတော့ ဖျားနာတဲ့သူတွေကို ကူညီပေးတဲ့သူတွေအကြောင်း ဖြစ်တယ် – ဒါပေမယ့် သူတို့တွေက ဆရာဝန် တွေ မဟုတ်ကြသလို၊ ဆေးဝါးတွေကိုလည်း အသုံးမပြုကြပါဘူး။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၆ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒါကဘယ်သူလဲ။ သူဘာလုပ်နေတာလဲ။

ဘယ်သူက ထောင်ထဲရောက်နေတာလဲ။ သူတို့တွေ ဘာကြောင့်ထောင်ထဲ ရောက်နေရတာလဲ။

သူတို့တွေ ယေရှုရှင်အကြောင်း ဆက်သင်ပေးခဲ့ကြတယ်။ ယေရှုရှင်အကြောင်းပြောဖို့ ဘယ်တော့မှ သူတို့တွေရပ်တန့် မှာမဟုတ်ဘူး။

ဒါနဲ့ ဘာဖြစ်ခဲ့သလဲ။ ပေတရုနဲ့တပည့်တော်တွေက တာဝန်ရှိသူတွေကို ဘာပြောခဲ့ကြသလဲ။ (လူရဲ့စကားထက် ဘုရားရဲ့စကားကို နားထောင်ရမယ်။)

ဒါနဲ့တာဝန်ရှိသူတွေက တမန်တော်တွေကို ရိုက်ဖို့အမိန့်ပေးခဲ့တယ်။
တမန်တော်တွေက ယေရှုရှင်ရဲ့အကြောင်းပြောတာ ရပ်သွားခဲ့သလား။ အဲဒီလို အရိုက်ခံပြီးတာတောင်မှာ
တမန်တော်တွေကဆက်ပြီးတော့ ယေရှုရှင်အကြောင်း ဆက်ပြောခဲ့ကြတာပဲ။ သူတို့အပေါ်မှာ
ဘာဖြစ်လာမယ်ဆိုတာကို ကြောက်စိတ် မရှိတော့ဘူး။
တမန်တော်တွေ အဲဒီလောက်မကြောက်ရအောင် ဘယ်အရာက တွန်းအားဖြစ်စေတာလဲ – သူတို့တွေ
နာကျင်ရမယ်ဆိုတာကိုသိသိနဲ့ ဘာကြောင့်မို့ ယေရှုရှင်အကြောင်း ဆက်ပြောဖို့မကြောက်ရတာလဲ။
(သန့်ရှင်းသောဝိညာဉ်တော်က သူတို့ကို သန်မာစေခဲ့တယ်။)
သူ့တို့ဘာသာ သန်မာအောင်၊ မကြောက်အောင် နေခဲ့ကြတာမဟုတ်ဘူး – ဝိညာဉ်တော်ဘုရားသခင်က
သူတို့ကို သန်မာအောင်၊ မကြောက်အောင် ခွန်အားပေးခဲ့တာ ဖြစ်တယ်။
တစ်ချို့လူတွေကို ယေရှုရှင်အကြောင်းပြောဖို့ သားတို့သမီးတို့ စိုးရိမ်ဖူးပါသလား။
ဒီနေ့မှာလည်း သန့်ရှင်းသောဝိညာဉ်တော်က သူတွေကိုသန်မာစေပြီး မကြောက်ရလေအောင် လုပ်နိုင်ပါသလား။
သူတစ်ပါးကို ယေရှုရှင်အကြောင်းပြောရဲဖို့ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ခွန်အားပေးခြင်းအတွက်
ဆုတောင်းပေးရန် လိုအပ်နေတဲ့သူ သားတို့သမီးတို့ သိပါသလား။ (ကလေးများအနေနှင့်
ဆုတောင်းပေးနိုင်မည့် သင်းအုပ်ဆရာများ၊ သာသနာပြု ဆရာ၊မ များကို စဉ်းစားစေပါ။ ထို့နောက်
ထိုဆရာ၊မ များအတွက်နှင့် တစ်ယောက်ကိုယ်တစ်ယောက်အတွက် ဆုတောင်းစေပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

တမန်တော်တွေကဆက်ပြီးတော့ ယေရှုရှင်အကြောင်းပြောနေတာကို တာဝန်ရှိတဲ့သူတွေကတွေ့ပြီး၊ စိတ်ဆိုး
လာကြကာ သူတို့တွေကို ထောင်ထဲပို့ပစ်ခဲ့ကြတယ်။
သူတို့တွေ တမန်တော်တွေကို ရပ်တန့်စေနိုင်ခဲ့သလား။
ဘုရားသခင် ဘာလုပ်ခဲ့သလဲ။ (သူတို့ကိုလွှတ်စေဖို့ ကောင်းကင်တမန်ကို စေလွှတ်ခဲ့တယ်။)
(သင်ခန်းစာ ၁၀၆ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဘုရားသခင်က တမန်တော်တွေ
လွှတ်စေဖို့ ကောင်းကင်တမန်ကို စေလွှတ်ခဲ့တယ် – ဘုရားသခင်ဟာ တစ်စုံတစ်ခုလုပ်ပြီဆိုရင်
ဘယ်သူကမှ သူ့ကိုတားလို့မရဘူး။
တမန်တော်တွေကို သူတို့တွေက ယေရှုရှင်အကြောင်းမပြောဖို့ တားမြစ်ရိုက်နှိပ်ခဲ့ကြတဲ့အချိန်မှာ သူတို့တွေ
ရပ်တန့် ခဲ့ကြသလား။
ဘုရားသခင်က သူတို့တွေကို ရဲရင့်ခြင်းသတ္တိတွေကိုပေးဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို ပေးခဲ့တဲ့အတွက်
သူတို့တွေ ရပ်တန့်ခြင်းမရှိပဲ ဆက်ပြောသက်သေခံခဲ့ကြတယ်။
ဘုရားသခင်ကို ရပ်တန့်လို့မရပါဘူး။
ဂါမလျေလက အခြားသူတွေကို ဘာပြောခဲ့သလဲ။
ဂါမလျေလပြောတာ မှန်ပါသလား။
ဘယ်အရာကမှ ဘုရားသခင်ကို ရပ်တန့်စေနိုင်မှာ မဟုတ်ပါဘူး။
သားတို့သမီးတို့ကို ယေရှုရှင်အကြောင်း ပြောတဲ့သူ ရှိတယ်မဟုတ်လား။ ဘယ်သူတွေက ပြောပြပါသလဲ။
ယေရှုရှင်နဲ့ပတ်သက်ပြီးတော့ သူတို့တွေက ဘာပြောကြသလဲ။
ယေရှုရှင်အကြောင်းကို သူများကလာပြောတဲ့အခါမှာ သားတို့သမီးတို့ ဘယ်လိုခံစားရပါသလဲ။ (စိတ်ဝင်စားမှု
မရှိခြင်း၊ နားမထောင်လိုခြင်း သို့မဟုတ် ဝမ်းသာပီတိဖြစ်ခြင်းစသည်ဖြင့် ခံစားနိုင်ကြောင်း
ကလေးများကို ပြောပြပါ။)
တကယ်လို့ သားတို့သမီးတို့ကို ဘုရားသခင်က ယေရှုရှင်ကို ယုံကြည်စေချင်တယ်ဆိုရင် ရပ်တန့်စေလို့
ရပါ့မလား။

ဓမ္မသစ်
ပုံဝတ္ထုများ

107

# "သူတို့ပြုသောဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်"

## ကျမ်းညွှန်း – တမန်၊ ၆–၇

## အဓိကအချက်များ

- အခြားသူများကို အစေခံနိုင်ရန်အတွက် ယုံကြည်သူများကို ဝိညာဉ်တော်ဘုရားသခင်က တန်ခိုးပေးသည် အခန်းငယ် –၆
- သန့်ရှင်းသောဝိညာဉ်တော်က ဆုတောင်းရန်နှင့် တရားဟောရန် တန်ခိုးကိုပေးသည်
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင်ဖြစ်ပြီး သူ၏အကြံအစည် ပြည့်စုံစေရန် သူ၏လူများကို လမ်းပြ ဦးဆောင်တော်မူသည် အခန်းငယ် ၇း၁–၅၀
- ဘုရားသခင်သည် နေရာအားဖြင့် ကန့်သတ်ခံခြင်းမရှိ၊ မည်သည့်အရာကမျှ ဘုရားသခင်ကို ဘောင်ခတ်၍ ရနိုင်မည် မဟုတ်ပေ အခန်းငယ် ၇း၄၈–၅၀
- လူသည် အပြစ်သားဖြစ်သည်၊ သူ၏ဇာတိပကတိသဘောအားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်ကို အကြိမ်ကြိမ် ဆန့်ကျင်ဘက်ပြုသူဖြစ်သည်၊ ဘာသာတရားကိုင်းရှိုင်းသူများပင်လျှင် ထိုအပြစ်နှင့်ကင်းသည်မဟုတ် အခန်းငယ် ၇း၃၉–၄၃၊ ၅၁–၅၃
- ဘုရားသခင်ကို ကျွန်ုပ်တို့ခေါ်သောအခါ ကြားတော်မူသည် အခန်းငယ် – ၇း၅၅–၆၀
- ဘုရားသခင်ကို ယုံကြည်ကိုးစားပြီး၊ ဝိညာဉ်တော်နှင့်ပြည့်နေလျှင် နာကျင်ခံစားရမည်မဟုတ်ဟု သတ်မှတ်၍ မရပေ။
- ဘုရားသခင် တစ်ပါးတည်းသာလျှင် အပြစ်ခွင့်လွှတ်ပိုင်ခွင့် ရှိသည် အခန်းငယ် ၇း၆၀

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ခေါင်းလောင်းတစ်လုံး ယူလာပါ။)

ဆရာ/မ က ခေါင်းလောင်းကို တီးလိုက်မယ်။ အခုချိန်မှာတော့ ခုနထက်ပိုကျယ်အောင် တီးမယ်။

အဲဒီခေါင်းလောင်းသံကို မကြားချင်ဘူးဆိုရင် သားတို့သမီးတို့ ဘာလုပ်မှာလဲ။ (တုန့်ပြန်ပြောဆိုခွင့် ပေးပါ။) တစ်နည်းလုပ်နိုင်တာက နားပိတ်ထားလို့ ရပါတယ်။

အခုချိန်မှာလည်း နောက်တစ်ကြိမ် ခေါင်းလောင်းပြန်တီးမယ်။ မကြားချင်ဘူးဆိုရင်တော့ နားပိတ်ထားလိုက်နော်။ (ခေါင်းလောင်းကိုတီးပြီး ပြန်ချထားလိုက်ပါ။)

သားတို့ရဲ့နားကို ဘယ်သူက ပိတ်ထားသလဲ။ ဘာလို့ နားကိုပိတ်ထားရတာလဲ။ ခေါင်းလောင်းသံကို မကြားချင်လို့ နားပိတ်ထားခဲ့တယ် မဟုတ်လား။

ဆရာ/မ တို့ရဲ့ သမ္မာကျမ်းစာထဲမှာလည်း တစ်စုံတစ်ခုကိုမကြားချင်ခဲ့တဲ့ လူတစ်ချို့အကြောင်းအရာပါတယ်။ ဒါပေမယ့် အဲဒါကတော့ ခေါင်းလောင်းသံမဟုတ်ဘူး။ သူတို့ဘာကို မကြားချင်ကြသလဲဆိုတာကို သားတို့သမီးတို့ သိချင်ကြသလား။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၇ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။)

(သတေဖန်ပုံကို ထောက်ပြပါ။) ဒါကဘယ်သူလဲ။ ဒီလူတွေက သတေဖန်ကို ဘာလုပ်ကြတာလဲ။ သူ့ကို ဘာလို့ ကျောက်ခဲနဲ့ ပေါက်သတ်ကြရတာလဲ။ (ယေရှုရှင်အကြောင်းကို နားမထောင်ချင်ကြလို့၊ သူတို့တွေဟာ အပြစ်ရှိကြပြီးတော့ သတေဖန်နဲ့ယေရှုရှင်ကို မုန်းတီးကြတယ်။)

သူတို့ကို သတေဖန်က ကျောက်ခဲနဲ့ပြန်ပေါက်ခဲ့သလား။ သူဘာလုပ်ခဲ့သလဲ။ (သူတို့ကို ခွင့်လွှတ်ပေးဖို့ ဘုရားသခင်ထံ ဆုတောင်းခဲ့တယ်။)

တစ်ယောက်ယောက်က ဆရာ၊မ တို့အပေါ် မတရားဆက်ဆံတဲ့အခါမှာ ပြန်ပြီးတော့ အဲဒီလိုဆက်ဆံနိုင်သလား ဒါမှဟုတ် ဘုရားသခင်ထံ သူ့ကိုခွင့်လွှတ်ဖို့ တောင်းနိုင်ပါသလား။

သားတို့သမီးတို့အပေါ် မတရားဆက်ဆံတဲ့သူ ရှိပါသလား။

ဘုရားထံပါး ခွင့်လွှတ်ခြင်း တောင်းခံပေးရမယ့်သူ သားတို့သမီးတို့ရဲ့ အသက်တာမှာ ရှိပါသလား။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၇ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီပုံပြင်ထဲမှာ ဘာဖြစ်လဲဆိုတာကို ပြောပြပါအုံး။ သန့်ရှင်းသောဝိညာဉ်တော်က သတေဖန်ကို အုံ့ဖွယ်ရာတွေလုပ်နိုင်ဖို့ ကူညီခဲ့တယ် – ပြောရမယ်ဆိုရင် သူ့အပေါ်စိတ်ဆိုးတဲ့သူတွေကို ယေရှုရှင်အကြောင်းပြောနိုင်ဖို့ ကူညီခဲ့တယ်။ သူ့ကိုသတ်ချင်တဲ့သူတွေကို ဘုရားသခင်ထံပါး ခွင့်လွှတ်ခြင်းတောင်းခံနိုင်အောင် ကူညီခဲ့တယ်။

ဆရာ၊မ တို့ကိုလည်း ဝိညာဉ်တော်ဘုရား ကူညီနိုင်ပါသလား။

သားတို့သမီးတို့ရဲ့ ဘယ်ပြဿနာအတွက် ကူညီပေးဖို့ရန် ဝိညာဉ်တော်ဘုရားဆီ တောင်းခံနိုင်ပါသလဲ။ ဝိညာဉ်တော် ကူညီမစပေးဖို့ ဆုတောင်းကြရအောင်။

ဓမ္မသစ်
ပုံဝတ္ထုများ

108

# ဘုရားသခင်ရဲ့ဆုကျေးဇူးတွေကို ငွေနှင့်ဝယ်ယူလို့မရ

## ကျမ်းညွှန်း – တမန်၊ ၈း၂–၂၄

## အဓိကအချက်များ

- ဘုရားသခင်၏ တန်ခိုးတော်သည် အခြားသောတန်ခိုးအားလုံးထက် ကြီးမားပေသည်
- သန့်ရှင်းသောဝိညာဉ်တော်သည် ခြေမသန်သောသူများကို ကျန်းမာစေသောတန်ခိုးနှင့် နတ်ဆိုးများ၏ ရန်မှ ကယ်တင်ပေးနိုင်သည်
  အခန်းငယ် ၇
- သန့်ရှင်းသောဝိညာဉ်တော်နှင့် ဘုရားသခင်၏ဆုကျေးဇူးတော်များအားလုံးကို ငွေဖြင့်ဝယ်၍မရပေ။
- သင်သည် ငွေနှင့်ဘုရားသခင်ကို တပြိုင်တည်း ချစ်၍မရ။
- သင်သည် ယေရှုရှင်ကို ယုံကြည်သည်ဆိုလျှင် ရေနှစ်ခြင်းခံရမည်
  အခန်းငယ် – ၁၂
- ယုံကြည်သူများအား ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်ကို ပေးသည်
  အခန်းငယ် – ၁၇
- ဘုရားသခင်သည် ဆုတောင်းခြင်းကို တုံ့ပြန်၍ အလုပ်လုပ်သည်
  အခန်းငယ် ၁၅၊ ၂၄
- လူသည် အပြစ်သားဖြစ်၍ သူ၏အပြစ်အတွက် ခွင့်လွှတ်ခြင်း လိုအပ်သည်
  အခန်းငယ် ၂၂

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**
(လက်ဆောင်တစ်ခုကို ပြပါ။)
ဒါကဘာလဲ။ လက်ဆောင်တစ်ခုကို ဘယ်လိုရကြသလဲ။ (တစ်စုံတစ်ယောက်က သားတို့သမီးတို့ကို ပေးတာဖြစ်တယ်။) လက်ဆောင်ကို ဝယ်တယ်ဆိုတာရှိလား။ မရှိပါဘူး။ လက်ဆောင်ကို ဝယ်လို့ မရဘူး။ လက်ဆောင်ဆိုတာက သူများက ပေးလို့ရတဲ့အရာ ဖြစ်တယ်။
သမ္မာကျမ်းစာထဲမှာ လက်ဆောင်တစ်ခုကိုဝယ်ဖို့ ကြိုးစားတဲ့သူတစ်ယောက်အကြောင်း ပြောပြထားတယ်။ ရှိမုန်ရဲ့အကြောင်း ကြည့်ကြရအောင်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၈ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူက ဘယ်သူလဲ။

သူ့လက်ထဲမှာ ဘာရှိသလဲ။

သူက ဘာကိုဝယ်ဖို့ ကြိုးစားနေတာလဲ။

သူ့ကို ပေတရုကဘာပြောခဲ့သလဲ။ (ဘုရားသခင်ရဲ့ဆုကျေးဇူးတော်ကို ဝယ်ယူ၍မရ – သူ၏နှလုံးသား မမှန်ကန်သည့်အတွက်ကြောင့် နောင်တရရမည်၊ သူ၌ အပြစ်များနှင့်သာ ပြည့်နေသည်။)

ရှိမုန်က ဘုရားသခင်၏အပြစ်စီရင်ခြင်းခံရမည်ကို ကြောက်ရွံ့နေခဲ့တယ်။ ပေတရုကို သူ့အတွက် ဆုတောင်းပေးဖို့ ပြောခဲ့တယ်။

ရှိမုန်က အပြစ်ခွင့်လွှတ်ခြင်းကို ပိုက်ဆံနဲ့ဝယ်လို့ရသလား။ မရပါဘူး၊ သူ့အတွက် ဆုတောင်းပေးပါလို့ ပေတရုကို ပြောခဲ့တယ်။ ဆုတောင်းတဲ့အခါမှာ ဘုရားသခင်က ခွင့်လွှတ်ခြင်းပေးခဲ့တယ်။

သားတို့သမီးတို့ရဲ့နှလုံးသားထဲမှာလည်း အပြစ်ရှိပါသလား။ တစ်စုံတစ်ခုအတွက်နောင်တရရန် လိုအပ်ပါ သလား။ (ကျွန်ုပ်တို့အားလုံး အပြစ်သားဖြစ်ကြောင်းကို ကလေးများအား ပြန်လည်သတိပေးပါ။)

(တစ်ယောက်အတွက်တစ်ယောက် ဆုတောင်းပေးခြင်းအားဖြင့် အချိန်သုံးပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၈ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူက ဘယ်သူလဲ။

ရှိမုန်ဟာ အံ့ဖွယ်များစွာလုပ်တယ်။ ဖိလိပ္ပုအားဖြင့် ဘုရားသခင်လုပ်တဲ့အရာများကို ရှိမုန်လုပ်နိုင်ပါသလား။

အဲဒီမှာရှိတဲ့သူတွေ သန့်ရှင်းသောဝိညာဉ်တော်ရရှိစေဖို့ ပေတရုနှင့်ယောဟန်တို့ ဆုတောင်းတဲ့အခါမှာ ဘာဖြစ် ခဲ့သလဲ။ (ဘုရားသခင်က သူတို့ရဲ့ဆုတောင်းသံကို နားညောင်းခဲ့သလား၊ ရှမာရိလူတွေအပေါ် ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော် ဆုကျေးဇူးကို သွန်းလောင်းပေးခဲ့တယ်။)

ရှိမုန်က ဘုရားသခင်ပေးတဲ့ဆုကျေးဇူးကို ဝယ်လို့ရပါသလား။

ပေတရုနဲ့ယောဟန်တို့ရဲ့ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်ကို ပေးခဲ့တယ်။

ယနေ့မှာလည်း ဘုရားသခင်က ဆုတောင်းခြင်းကို အဖြေပေးပါသလား။ ဆရာ/မ တို့ မျှော်လင့်ထားသလို့ အမြဲတမ်း ဘုရားသခင်အဖြေပေးပါသလား။ (ဘုရားသခင်သည် အမြဲတမ်းဆုတောင်းခြင်းများကို အဖြေပေးကြောင်း – တစ်ခါတစ်ရံတွင် တောင်းသည့်အတိုင်း ပေးပြီး၊ တစ်ခါတစ်ရံတွင် "NO" ဆိုပြီးပေးသည်၊ တစ်ခါတစ်ရန်တွင် "စောင့်အုံး" ဟူသည့် အဖြေကို ပေးတတ်သည်။)

ဒီနေ့မှာ ဆုတောင်းချင်တဲ့ အရာများ ရှိပါသလား။

(ကလေးများကို တစ်ယောက်နှင့်တစ်ယောက် ဆုတောင်းတင်ပြချက်များ မျှဝေစေပါ။ ဆုတောင်းတင်ပြသည့် အချက်များ ကိုက်ညီမှုရှိအောင်လည်း လမ်းညွှန်ပေးမှုများ လုပ်ဆောင်ပေးရန် လိုအပ်နိုင်ပါသည် (ဥပမာ – ဘုရားသခင်က ဘယ်လိုမျိုးအရာတွေကို သူ့ဆီကနေ တောင်းစေချင်တယ်လို့ ထင်လဲ။)

ဓမ္မသစ်
ပုံဝတ္ထုများ

109

# ဘုရားသခင်က ဖိလိပ္ပုကို အဲသယောပိ ပြည်သားထံ စေလွှတ်ခဲ့သည်

## ကျမ်းညွှန်း – တမန်၊ ၈း၂၆–၄၀

## အဓိကအချက်များ

- ယေရှုရှင်၏ သတင်းကောင်းကို ကြားသိရန် လိုအပ်သည့်သူများဆီသို့ ယေရှုရှင်၏နောက်လိုက်များကို သန့်ရှင်းသောဝိညာဉ်တော်က ပို့ဆောင်လမ်းပြပေးသည်
- ဘုရားသခင်၏ရည်ရွယ်ချက် ပြည့်စုံစေဖို့ ယေရှုရှင် ဆင်းရဲဒုက္ခခံစားခဲ့ရခြင်းဖြစ်သည်
  အခန်းငယ်၊ ၃၂–၃၃
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင် ဖြစ်သည်
- သင်သည် ယေရှုရှင်ကို ယုံကြည်သည်ဆိုလျှင် ရေနှစ်ခြင်းခံရမည်
- ယေရှုရှင်၌ ပြင်ဆင်ထားသော ဘုရားသခင်၏ ကယ်တင်ခြင်းတရားသည် လူသားတိုင်းအတွက် ဖြစ်သည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်** –

(သင်ထောက်ကူပြု စာအုပ်ပါ စစ်မြင်းလှည်းများပုံကို ပြပေးပါ။)

ဒါဘာလဲဆိုတာ ဘယ်သူသိသလဲ။ ရှေ့ကနေ မြင်းနဲ့ဆွဲရတဲ့ လှည်းဖြစ်တယ်၊ နောက်ကနေ လူကလိုက်စီးတယ်။ ဒါကို စစ်မြင်းလှည်းလို့ ခေါ်တယ်။

သမ္မာကျမ်းစာ ခေတ်ကာလတုန်းကဆိုရင် ဒီလိုမြင်းလှည်းမျိုးကို အရေးပါတဲ့သူတွေကပဲ ပိုင်တယ်။ သာမန်လူတွေကတော့ မပိုင်ဆိုင်နိုင်ကြဘူး။

မြင်းလှည်းနဲ့အတူ အရေးပါတဲ့ပုဂ္ဂိုလ်တစ်ဦးအကြောင်း သားတို့သမီးတို့ နားထောင်ချင်ကြသလား။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၉ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူနှစ်ယောက်က ဘယ်သူတွေလဲ။ ဒီပုံမှာ ဘာဖြစ်နေကြသလဲ။

ဖိလိပ္ပုအနေနှင့်အဲသယောပိပြည်သားကို စကားပြောရမယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိသလဲ။

ဖိလိပ္ပုက သန့်ရှင်းသောဝိညာဉ်တော်ရဲ့စကားကို နားထောင်သလား။

သန့်ရှင်းသော ဝိညာဉ်တော်က ဆရာ၊မ တို့ကို လမ်းပြဦးဆောင်တဲ့အခါမှာလည်း ဆရာ၊မ တို့အနေနဲ့ နားထောင် ကြရမယ်။

သန့်ရှင်းသောဝိညာဉ်တော်က ဆရာ၊မ တို့ ဘာပြောနေသလဲဆိုတာကိုသိရအောင် ဘုရားသခင်က ကူညီပေးဖို့ ဆုတောင်းကြရအောင်။ နောက်ပြီးတော့ နာခံနိုင်အောင်လည်း ဆုတောင်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၀၉ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။ ဖိလိပ္ပုပုံကို ထောက်ပြလိုက်ပါ။) ဒီလူက ဘယ်သူလဲ။ (အဲသယောပိပြည်သားပုံကို ထောက်ပြလိုက်ပါ။) ဒီလူကရော ဘယ်သူလဲ။

အဲသယောပိပြည်သားက ဖိလိပ္ပုနဲ့တူပါသလား။ သူဟာ ဖိလိပ္ပုလာတဲ့နေရာကနေ လာတာလား။

ဖိလိပ္ပုက သူနဲ့ဇာတိမြေမတူတဲ့သူဆီကို ယေရှုရှင်ရဲ့တရားအကြောင်းကို ပြောပြခဲ့တယ်။

အခြားနိုင်ငံကလူတွေနဲ့ ဆရာ၊မ တို့ ဘာကွာခြားကြသလဲ။

ဆရာ၊မ တို့နဲ့မတူညီတဲ့သူတွေရော ယေရှုရှင်ရဲ့အကြောင်းကြားသိဖို့ လိုအပ်ပါသလား။

အခြားနိုင်ငံကလူတွေလည်း ယေရှုရှင်ရဲ့အကြောင်းကြားသိဖို့ သားတို့သမီးတို့ ဘယ်လိုပါဝင်နိုင်မလဲ။

(သင့်အနေနှင့်ဧဝံဂေလိတရား မရောက်ရှိသေးသော နေရာဒေသအချို့ကို ပြောပြပြီး ထိုနေရာတွင် ရှိသည့် သူများအတွက် ဆုတောင်းပေးခြင်းအားဖြင့် အချိန်သုံးစေနိုင်ပါသည်။)

ဓမ္မသစ်
ပုံဝတ္ထုများ

# 110 ယေရှုရှင်က ရှောလုကို စကားပြောခဲ့သည်

## ကျမ်းညွှန်း – တမန်၊ ၉း၁–၉

## အဓိကအချက်များ

- ဘုရားသခင်သည် လူသားနှင့်နီးနှောဆက်နွယ်သည်
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင်ဖြစ်သည်၊ မည်သည့်အရာမျှ သူ့အတွက် ခက်ခဲသည်မရှိ
  မျက်မြင်သောသူကိုပင် ကန်းစေနိုင်သည်
- လူသည် အပြစ်ရှိသောသူ ဖြစ်သည်
  ရှောလုသည် ဘာသာရေးကိုင်းရှိုင်းသောသူဖြစ်သော်လည်း ဘုရားသခင်ကို ဆန့်ကျင်ခဲ့သည်
- ယေရှုရှင်က မိမိပိုင်တော်မူသောသူတို့ကို သွေးဆောင်တော်မူသည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(ကလေးများကို ဓါတ်မီးအား ပြလိုက်ပါ – သို့မဟုတ် အလင်းနိုင်ဆုံးသောအရာတစ်စုံတစ်ခုကို ပြလိုက်ပါ။ ဓါတ်မီးကိုဖွင့်ပြီး ပြန်ပိတ်လိုက်ပါ။)

ဆရာထွန်းလိုက်တဲ့အလင်းကို မြင်လိုက်လား။ တောက်ပပါသလား။ နောက်တစ်ကြိမ်ပြန်ပြီးတော့ ထွန်းပြမယ်။

ဒါက အသေးအဖွဲ့အလင်းပဲ ရှိသေးတယ်။ သမ္မာကျမ်းစာထဲမှာ အရမ်းကိုလင်းတဲ့အလင်းအကြောင်း၊ လူတစ်ယောက်ရဲ့မျက်စိကိုတောင် ပျက်သွားစေတဲ့အလင်းအကြောင်း ပြောပြထားတာရှိတယ်။ အဲဒီတောက်ပတဲ့အလင်းအကြောင်းကို ပြောပြမယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူကဘယ်သူလဲ။ သူက ဘာလုပ်သလဲ။ သူ့မျက်စိက ဘာဖြစ်သွားခဲ့သလဲ။ ဒမာသက်မြို့လမ်းမှာ ရှောလုကို ဘယ်သူက စကားပြောခဲ့တာလဲ။

ရှောလုက ယေရှုရှင်ကို မုန်းတီးပေမယ့်၊ ယေရှုရှင်က ရှောလုကို မမုန်းခဲ့ဘူး။

ယေရှုရှင်ဟာ သူ့ရဲ့ရန်သူကိုတောင်မှ ကယ်တင်ခဲ့တယ်။

ယေရှုရှင်ကိုမချစ်တဲ့သူ သားတို့သမီးတို့ သိတဲ့ထဲမှာ ရှိသလား။

သူ့ကို မချစ်တဲ့သူတွေကို ကယ်တင်ဖို့ ယေရှုရှင်ထံ ဆုတောင်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၀ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူက ဘယ်သူလဲ။

ရှောလုဟာ အရမ်းအရေးပါပြီး အခွင့်အာဏာရှိတဲ့သူ ဖြစ်တယ်။

ခရစ်ယာန်တွေကို ရှောလုက ဘာလုပ်ခဲ့သလဲ။

ခရစ်ယာန်တွေကို နှိပ်စက်ဖို့ ရှောလုက ခွင့်ပြုချက်ရထားပါသလား။

ရှောလုဟာ အရမ်းအရေးပါပြီး အခွင့်အာဏာရှိတဲ့သူ ဖြစ်တယ်။

ဒါပေမယ့် ဘုရားသခင်က သူ့ထက်အရေးပါပြီး အခွင့်အာဏာရှိတဲ့သူ ဖြစ်တယ်။

ဒမသက်မြို့ကို သွားတဲ့လမ်းမှာ ဘာဖြစ်ခဲ့သလဲ။

ရှောလုက သူ့ရဲ့မျက်စိကို ပြန်မြင်စေဖို့ အခွင့်အာဏာ ရှိသေးပါသလား။

အခုချိန်မှာတော့ အခွင့်အာဏာရှိတဲ့ ရှောလုဟာ လမ်းလျှောက်ဖို့တောင် တွဲခေါ်ရတဲ့အခြေအနေရောက် သွားခဲ့တယ်။

ဘယ်သူကမှ ဘုရားသခင်ထက် အခွင့်အာဏာမကြီးပါဘူး။

ဘုရားသခင်ကိုသာ ယုံကြည်ကိုးစားနေမယ်ဆိုရင် ဘယ်အရာတွေကို ကြောက်နေစရာလိုသေးလို့လဲ။ ဘာကြောင့်လဲ။

သားတို့သမီးတို့ ဘာကိုကြောက်ရွံ့နေကြသလဲ။

သားတို့သမီးတို့ ကြောက်တဲ့အရာထက် ဘုရားသခင်ပိုပြီးတော့ တန်ခိုးပိုရှိတယ် မဟုတ်လား။ အခြားလူတွေ၊ အခြား အရာတွေအားလုံးထက် ဘုရားသခင်ဟာ ပိုပြီးတော့တန်ခိုးကြီးတယ်ဆိုတာကို နားလည်ဖို့ ဘုရားသခင်ထံ ဆုတောင်းမလား။ သားတို့သမီးတို့ ကြောက်ရွံ့တဲ့အခါမှာ သူ့ကိုကိုးစားတတ်ဖို့ ဆုတောင်းမလား။

မွေသစ်
ပုံဝတ္ထုများ

111

# ရှောလု – ဘုရားသခင် ရွေးကောက်ထားသော တန်ဆာပလာ

## ကျမ်းညွှန်း – တမန်၊ ၉း၁၀–၁၉

## အဓိကအချက်များ

- ဘုရားသခင်သည် လူသားနှင့်နီးနှောဆက်နွယ်တော်မူသည်
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးရှင်ဖြစ်သည် – သူ့အတွက် မည်သည့်အရာမျှ ခက်ခဲသည်မရှိ။ မျက်မမြင်သောသူကို မြင်စေသည် အခန်းငယ် – ၈
- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင် ဖြစ်သည် – သူ၏ တန်ဆာပလာအတွက် လူသားတို့ကို ရွေးချယ်တော်မူသည်
- ဘုရားသခင်သည် လူကို ပြောင်းလဲစေသည်
- ယေရှုရှင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင် ဖြစ်ပြီး မယုံကြည်သောသူကို ဘုရားသခင်နှစ်သာလာစေရန် ပြောင်းလဲစေသည် – ရှောလုကဲ့သို့ တစ်စုံတစ်ယောက်သည် ယေရှုရှင်ကို အမှန်မြင်လျှင် ပြောင်းလဲခြင်းခံရသည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်** –

(ဆုလက်ဆောင်နှစ်ခုကို ပြင်ဆင်ထားကာ၊ ကလေးတစ်ယောက်ကို ရှေ့ထွက်လာစေပြီး ဆုလက်ဆောင်တစ်ခုကို ရွေးချယ်စေပါ။ သို့မဟုတ် ကလေးတစ်ယောက်ကို တစ်စုံတစ်ခု လုပ်ဆောင်စေပါ – ဥပမာ – သီချင်း ဦးဆောင်ရန် ဖိတ်ခေါ်ခြင်းမျိုး)

ဆရာ၊မ က တစ်ယောက်ယောက်ကို ဆုလက်ဆောင်ရယူဖို့ ရွေးချယ်လိုက်မယ်။ သားတို့သမီးတို့က အရပ်ပုသည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ၊ ဒါမှမဟုတ် မိန်းကလေးဖြစ်ဖြစ် ယောကျာ်းလေးဖြစ်ဖြစ် ကိစ္စမရှိဘူး။ ရွေးချယ်ရမယ့်သူကတော့ ဆရာ၊မ ဖြစ်တယ်။ ဘယ်သူက ဆုယူရမယ်ဆိုတာကို ပြောသွားမယ်။ ဆရာ၊မ ရွေးချယ်သွားမယ့်သူကတော့ (ကလေးနာမည်) ဖြစ်တယ်။

(ကလေးနာမည်)၊ အခု သား၊သမီး က ရွေးချယ်ရတော့မယ်။ ဒီမှာဆုနှစ်ခုရှိတယ်။ (အတန်းထဲရှိ ကလေးတစ်ယောက်၏ *နာမည်*) က ဆုကိုရွေးချယ်ခွင့်ရှိသလား။ (အတန်းထဲရှိ အခြားလေးတစ်ယောက်၏ *နာမည်*) က ဆုကိုရွေးချယ်ခွင့် ရှိလား။ မရှိပါဘူး။ သား၊သမီး ကိုယ်တိုင်ကပဲ ဆုကို ရွေးချယ်ရမှာပါ။ (ရှေ့ထွက်စေသည့် ကလေးကို ရွေးချယ်စေပါ။)

အတန်းထဲမှာ ကလေးအများကြီးထဲကနေ (ကလေးနာမည်) ကို ဆရာက ဆုယူဖို့ ရွေးချယ်လိုက်တယ်။ ဘုရားသခင်ကလည်း လူတွေကို ရွေးချယ်တယ်ဆိုတာကို သားတို့သမီးတို့ သိသလား။ ဘုရားသခင် ရွေးချယ်ထားတဲ့ လူတစ်ယောက်အကြောင်းကို ပြောပြမယ်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၁ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီမျက်ကန်းက ဘယ်သူလဲ။ သူက ဘယ်လို မျက်စိကန်းခဲ့ရတာလဲ။

ဒီအခြားတစ်ယောက်ကရော ဘယ်သူလဲ။ သူက ဘာလုပ်နေတာလဲ။

ဘုရားသခင်က ရှောလုရဲ့မျက်စိကို ကျန်းမာစေဖို့ အာနနိကို စေလွှတ်ခဲ့တယ်။ ရှောလုက ခရစ်ယာန်များစာကို နှိပ်စက်ခဲ့ပေမယ့် ဘုရားသခင်က သူ့ကို မျက်ကန်းအဖြစ်နဲ့ ဆက်မနေစေခဲ့ဘူး။

ဒီအချက်က ဘုရားသခင်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်တယ်ဆိုတာကို ပြောပြနေသလဲ။ (ဘုရားသခင်ဟာ ခွင့်လွှတ်တတ်ပြီး သနားကြင်နာတယ်၊ နောက်ပြီးတော့ သူ့ရဲ့ရန်သူတွေနဲ့ နှလုံးသားကို ပြောင်းလဲစေတယ်။)

ဘုရားသခင်က အပြစ်ရှိတဲ့ရှောလုကို ယေရှုရှင်အကြောင်းပြောဖို့ ရွေးချယ်ခဲ့တယ်။ ရှောလုရဲ့အပြစ်တွေကို ခွင့်လွှတ်ပြီးတော့ သူ့ရဲ့အထူးသတင်းကောင်းကို ပြောမယ့်သူအဖြစ် ဘုရားသခင်က ရွေးချယ်ခဲ့တယ်။

ယေရှုရှင်ရဲ့အကြောင်းကိုပြောဖို့ ဘုရားသခင်က ယနေ့လူတွေကို ရွေးချယ်သေးပါသလား။ ဘုရားသခင်က သင်းအုပ် ဆရာတွေ၊ သာသနာပြု ဆရာတွေဖြစ်ဖို့ လူတွေကို ရွေးချယ်သေးပါသလား။

အခြားလူတွေကို ယေရှုရှင်ရဲ့အကြောင်းပြောပြဖို့ သူ့ရဲ့အထူးသတင်းကောင်းပြောသူအဖြစ် သားတို့သမီးတို့ကို ရွေးချယ်ဖို့ ဘုရားသခင်ထံပါး ဆုတောင်းမလား။ (ကလေးများကို ဆုတောင်းခြင်းအားဖြင့် ဦးဆောင်နိုင်သည်။)

ယေရှုရှင်ရဲ့အကြောင်းကို ပြောပြဖို့ လူတစ်ယောက် သင်းအုပ်ဆရာ သို့မဟုတ် သာသနာပြုဆရာတစ်ဦးဖြစ်ဖို့ လိုအပ်ပါသလား။ ယေရှုရှင်ကို ချစ်တဲ့သူတိုင်း ယေရှုရှင်အကြောင်းကို ပြောနိုင်ပါတယ်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၁ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီပုံမှာ ဘာဖြစ်နေသလဲ။

ရှောလုဟာ အရင်လိုခရစ်ယာန်တွေကို ထောင်ချနှိပ်စက်တဲ့သူ ဟုတ်ပါသေးရဲ့လား။

ရှောလုမှာ ဘာတွေပြောင်းလဲသွားပြီလဲ။

ယေရှုရှင်က ခိုင်မာတဲ့နှလုံးသားကို ပြောင်းလဲစေခဲ့တယ်။

သားတို့သမီးတို့ သိတဲ့သူထဲမှာ ပြောင်းလဲဖို့လိုအပ်တယ်လို့ထင်တဲ့သူ ရှိပါသလား။

အဲဒီလူတွေအတွက် ဆုတောင်းပေးကြရအောင်။

မွေသစ်
ပုံဝတ္ထုများ

112

# ယေရှုရှင်၏နာမတော်အားဖြင့် ရှင်ပေါလုက ရဲရင့်စွာ တရားဟောခဲ့သည်

## ကျမ်းညွှန်း – တမန်၊ ၉း၁၉–၃၁

## အဓိကအချက်များ

- ဘုရားသခင်က လူတွေကို ပြောင်းလဲစေသည်
  ရှောလု ပြောင်းလဲခဲ့သည် အခန်းငယ် – ၂၀၊ ၂၆–၂၈
- ယေရှုရှင်သည် ဘုရားသခင်ကတိပေးထားသောကယ်တင်ရှင် ဖြစ်သည်
  "ခရစ်တော်" အခန်းငယ် – ၂၂
- ယေရှုရှင်ကို ယုံကြည်သောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်က ရဲရင့်ခြင်းကို ပေးသည်
  ယုံကြည်သူများကို သတ်ရန် ပြုသောသူများထံ ယေရှုရှင်အ ကြောင်းကို ပြောနိုင်ရန် ရဲရင့်ခြင်းကို ပေးသည် အခန်းငယ် – ၂၈
- သန့်ရှင်းသော ဝိညာဉ်တော်၏ရည်ရွယ်ချက်မှာ နှစ်သိမ့်၊ ခွန်အားပေး၊ ကူညီရန် ဖြစ်သည်
  အခန်းငယ် – ၃၁၊ ယောဟန်၊ ၁၄း၂၆ ကိုလည်း ကြည့်ပါ
- ထာဝရဘုရားကို ကြောက်ရွံ့ကြရမည်
  အခန်းငယ် – ၃၁

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(တောင်းတစ်ခုကို ကလေးများအား ပြပါ။) တောင်းထဲမှာ ဘာတွေထည့်လို့ရပါသလဲ။

ဒီနေ့တော့ သမ္မာကျမ်းစာထဲမှာပါတဲ့ တောင်းထဲကလူတစ်ယောက်အကြောင်းကို ပြောပြမယ်။

အဲဒီတောင်းကတော့ အတော်ကိုကြီးမှာ သေချာတယ်။ ဘာကြောင့်မို့ လူတစ်ယောက်က တောင်းထဲမှာ ရှိနေရတာလဲ။ ဘာကြောင့်လဲဆိုတာသိရအောင် သေချာနားထောင်ကြနော်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီပုံမှာ ဘာဖြစ်နေသလဲ။

ရှင်ပေါလုကို မြို့ပြင်ထွက်သွားဖို့ ဘာကြောင့်တောင်းထဲမှာထည့်ကြရတာလဲ။

ယေရှုရှင်ကို ယုံကြည်တဲ့သူတွေကို ရှောလုက နှိပ်စက်ခဲ့ဖူးတယ်။ ဒါပေမယ့်ပေါလုက အခုတော့ ယေရှုရှင်ကို ယုံကြည်ခဲ့ပြီဖြစ်တဲ့အတွက် အခြားလူတွေက သူ့ကိုနှိပ်စက်ဖို့ ရှာဖွေကြတယ်။ ဒါက ကြီးမားတဲ့ ပြောင်းလဲမှုကြီး ဖြစ်တယ်။

ဘုရားသခင်က ကြီးမားတဲ့ပြောင်းလဲမှုတွေ လုပ်နိုင်တယ်။ ယေရှုရှင်ကို မုန်းတဲ့သူတွေကို ယေရှုရှင်အကြောင်း ပြောပြသက်သေခံတဲ့သူအဖြစ် ဘုရားသခင် ပြောင်းလဲစေနိုင်တယ်။

ဘုရားသခင်က သားတို့သမီးတို့ကိုလည်း ပြောင်းလဲစေနိုင်တယ်။ သားတို့သမီးတို့ရဲ့ စိတ်နှလုံးကို ဘယ်လိုပုံစံမျိုးနဲ့ ဘုရားသခင်ကို ပြောင်းလဲစေချင်သလဲ။

အဲဒီအတွက် ဆုတောင်းကြရအောင်

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၂ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) တောင်းထဲကလူက ဘယ်သူလဲ။

ဘာလို့ တောင်းထဲမှာ ရှိနေရတာလဲ။

ရှင်ပေါလုက ဘာလုပ်ခဲ့လို့ လူတွေက အဲဒီလောက်ထိစိတ်ဆိုးခဲ့ကြတာလဲ။

အဲဒီအခြေအနေက ရှင်ပေါလုက ယေရှုရှင်အကြောင်းမပြောဖို့ ရပ်တန့်စေခဲ့သလား။

ရှင်ပေါလုက ဘယ်ကနေ ရဲရင့်ခြင်းကို ရရှိတာပါလဲ။ ယေရှုရှင်အကြောင်းကို အခြားလူတွေဆီ မပြောဖို့ ရှင်ပေါလုက ဘာကြောင့်မကြောက်ရတာလဲ။ လူတွေက သူ့ကိုစိတ်ဆိုးပြီး တစ်ခုခုလုပ်ကြလိမ့်မယ် ဆိုတာကို ရှင်ပေါလုက ဘာကြောင့်မကြောက်ရတာလဲ။

သားတို့သမီးတို့ရော သတ္တိရှိပါသလား။ အဲဒီအကြောင်း ပြောပြရအောင်။

ရဲရင့်ခြင်း သတ္တိရှိဖို့ သားတို့သမီးတို့ အကူအညီလိုပါသလား။

သန့်ရှင်းသောဝိညာဉ်တော်က သားတို့သမီးတို့ကို သတ္တိရှိအောင် လုပ်နိုင်ပါတယ်။ ရဲရင့်ခြင်းသတ္တိရှိလာဖို့ ဝိညာဉ်တော်ကူညီရန် တောင်းခံကြရအောင်။

ဓမ္မသစ်
ပုံဝတ္ထုများ

113

# ဘုရားသခင်က ကော်နေလိ၏ဆုတောင်းခြင်းကို နားထောင်ခဲ့သည်

## ကျမ်းညွှန်း – တမန်၊ ၁၀

## အဓိကအချက်များ

- ယေရှုရှင်၌ ပြင်ဆင်ထားသော ကယ်တင်ခြင်းသည် လူသားတိုင်းအတွက်ဖြစ်သည်
  အခန်းငယ် – ၃၄-၃၅
- သန့်ရှင်းသောဝိညာဉ်တော် ဆုကျေးဇူးသည် ယုံကြည်သောသူတိုင်းအတွက်ဖြစ်သည်
  အခန်းငယ် – ၄၄-၄၅ (တမန်၊ ၂း၃၉ ကိုလည်းကြည့်ပါ။)
- ယေရှုရှင်ကို ယုံကြည်သောသူသည် နှစ်ခြင်းခံယူရမည်
- ယေရှုရှင်ကို ယုံကြည်သောသူတိုင်းသည် အပြစ်ခွင့်လွှတ်ခြင်းရရှိသည်
  အခန်းငယ် – ၄၃
- ယေရှုရှင်သည် ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောလမ်းဖြစ်သည်
- သန့်ရှင်းသော ဝိညာဉ်တော်က ယုံကြည်သူများကို တိကျစွာလမ်းပြပေးနိုင်သည်
- ဘုရားသခင် တစ်ပါးတည်းသာလျှင် ချီးမွမ်းကိုးကွယ်ခြင်းခံရမည်
  အခန်းငယ် – ၂၅-၂၆
- ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ ဘုရားသခင် နားထောင်ပေးသည်

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်၏ သမ္မာကျမ်းစာအုပ်ကို လွယ်လွယ်နှင့်သတိပြု၍မရမည့် အခန်းတစ်နေရာတွင်ထားပါ။ ကလေး တစ်ယောက်ကို အတန်းရှေ့သို့ ထွက်လာစေပါ။)

အခုချိန်မှာတော့ သမ္မာကျမ်းစာပုံပြင် ပြောရမယ့်အချိန်ရောက်ပါပြီ။ ဒါကြောင့်မို့ (ကလေးနာမည်) ရေ၊ ဆရာမရဲ့ ကျမ်းစာအုပ်ကို သွားယူပေးပါအုံး။ (ထိုကလေးအနေနှင့်သမ္မာကျမ်းစာ မည်သည့်အနေရာတွင် ရှိသည်ကိုမသိသဖြင့် အခက်တွေ့နေသည်ကို သတိထားမိစေရန် ပြုလုပ်ပါ။)

ခဏလေး ဆရာမ ပြောတာ နားထောင်အုံး။ *(လမ်းညွှန်ချက်)* မှာ ဆရာမ ကျမ်းစာရှိမယ် သွားယူသွား။ ကြည့် အခုတော့ သူက ဆရာမ ရဲ့ကျမ်းစာအုပ်ကို ယူလာနိုင်ပြီ။ ဘာလို့လဲဆိုတော့ သူ့ကိုဘယ်နေရာမှာ ရှိတယ်ဆိုတာ ပြောပြလိုက်လို့ပေါ့။

ဒီနေ့ ပုံပြင်ထဲမှာ ဘုရားသခင်က တစ်စုံတစ်ယောက်ကို အခြားသောသူတစ်ယောက်အားသွားစေဖို့ ပြောပြတဲ့ အကြောင်းအရာ ဖြစ်တယ်။ ဘုရားသခင်က ဘာပြောခဲ့သလဲဆိုတာကို ကြည့်ကြရအောင်။

# ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ကော်နေလိက ဘယ်သူလဲ။

ကော်နေလိ ဆုတောင်းလေ့ရှိတယ်။ ကော်နေလိက တစ်ကြိမ်တည်းဆုတောင်းပါသလား။ ဘုရားသခင်က ကော်နေလိရဲ့ဆုတောင်းသံကို နားထောင်ပါသလား။

ကော်နေလိရဲ့ဆုတောင်းခြင်းကို ဘုရားသခင်က ဘယ်လိုတုံ့ပြန်ခဲ့သလဲ။ (ယေရှုရှင်အကြောင်းပြောဖို့ ပေတရုကို ကော်နေလိဆီ လွှတ်ခဲ့တယ်။)

ဆရာ၊မ တို့ ဆုတောင်းတဲ့အခါမှာ ဘုရားသခင်က နားထောင်ပါသလား။ တစ်စုံတစ်ခုအတွက် တစ်ကြိမ်ပဲ ဆုတောင်း သင့်ပါသလား။ မဟုတ်ပါဘူး – အကြိမ်ကြိမ် ဆုတောင်းသင့်ပါတယ်။

အဆက်မပျက် ဆုတောင်းသင့်တဲ့အချက်တွေကို ပြောကြည့်ပါအုံး။

ဆုတောင်းချက်တွေကို အဖြေမပေးမချင်း ဆက်ပြီးဆုတောင်းနိုင်အောင်လို့ ဘုရားသခင်ထံပါး အကူအညီ တောင်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၃ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။)

ပေတရုရဲ့ရူပါရုံမှာ ဘာကို မြင်သလဲ။ ရူပါရုံဆိုတာ ဘာကိုဆိုလိုတာလဲ။

ရူပါရုံထဲက ဘုရားသခင် သင်ပေးတဲ့အရာကို ပေတရု နားခံခဲ့ပါသလား။

ယေရှုရှင်အားဖြင့် ပြင်ဆင်ထားသောကယ်တင်ခြင်းဟာ လူသားတိုင်းအတွက်ဖြစ်တယ်ဆိုတာကို ပေတရု သိခဲ့တယ်။

ဘုရားသခင်က (မတူသောလူမျိုးစုနာမည်အမျိုးမျိုး) ကို ကယ်တင်ခြင်းသို့ ရောက်စေလိုပါသလား။

ဘယ်လို လူမျိုးစုကို ဘုရားသခင်ရဲ့ကယ်တင်ခြင်း လက်ခံစေလိုသလဲ။ (လူမျိုးခွဲ ပုံများကို ပြသပေးနိုင်ပါသည်။)

ဒီမတူညီတဲ့လူမျိုးတွေအတွက် ဆုတောင်းပေးကြရအောင်။ သူတို့ကို ယေရှုရှင်အကြောင်းပြောဖို့ တစ်စုံတစ်ယောက် စေလွှတ်အောင် ဆုတောင်းကြရအောင်။

သားတို့သမီးတို့နဲ့ လူမျိုးမတူတဲ့သူ ရှိပါသလား။ ဘုရားသခင်က အဲဒီလူကိုချစ်ဖို့ အလိုရှိပါသလား။

ဘာလို့ တောင်းထဲမှာရှိနေရတာလဲ။

ရှင်ပေါလုက ဘာလုပ်ခဲ့လို့ လူတွေကအဲဒီလောက်ထိ စိတ်ဆိုးခဲ့ကြတာလဲ။

အဲဒီအခြေအနေက ရှင်ပေါလုက ယေရှုရှင်အကြောင်းမပြောဖို့ ရပ်တန့်စေခဲ့သလား။ အဲဒီလူက သားတို့သမီးတို့နဲ့မတူလို့ ဘုရားသခင်က ချစ်ပါ့မလား။ အဲဒီလူကို ယေရှုရှင်အကြောင်း ပြောမလား။

ဓမ္မသစ်
ပုံဝတ္ထုများ

114

# ပေတရုကိုကယ်တင်ရန် ဘုရားသခင်က ကောင်းကင်တမန် စေလွှတ်ခဲ့သည်

## ကျမ်းညွှန်း – တမန်၊ ၁၂း၁–၁၉

## အဓိကအချက်များ

- ဘုရားသခင်သည် ခပ်သိမ်းသောအစိုးရရှင် ဖြစ်သည်
  ဘုရားသခင်သည် အခြေအနေအလုံးကို ထိန်းချုပ်တော်မူသည် – သေခြင်းဖြစ်စေ (အခန်းငယ် – ၂) ထောင်ကျခြင်း ဖြစ်စေ
- အခြေအနေအရပ်ရပ်က မတူညီသည့်နည်းလမ်းအားဖြင့် ဘုရားသခင်ရဲ့ဘုန်းတော်ကို ထင်ရှားစေသည်
- ယေရှုရှင်ကို ယုံကြည်ခြင်းက ယုံကြည်သူတွေ ဆင်းရဲဒုက္ခမခံစားရတော့ဘူးလို့ မဆိုလိုဘူး
  ယာကုပ် အသတ်ခံရသည် – အခန်းငယ် ၂၊ ပေတရု ထောင်ကျသည် – အခန်းငယ် ၃
- ဘုရားသခင်သည် ခပ်သိမ်းသောတန်ခိုးတော်ရှင်ဖြစ်သည် – သူသည် ထောင်နံရံ၊ သံကြိုးတွေထက် ပို၍ သန်မာတော်မူသည်
- ဆုတောင်းခြင်းကို ဘုရားသခင်သည် တုန့်ပြန်တော်မူသည်
  အခန်းငယ် ၅၊ ၁၁–၁၂

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(အခန်းတစ်ခါးကို တစ်စုံတစ်ယောက်ကလာခေါက်စေရန် စီစဉ်ထားပါ။ ထိုတံခါးခေါက်သံကို သတိမပြုပဲ သမ္မာကျမ်းစာပုံပြင် ပြောပြရန်သာ အာရုံစိုက်နေသကဲ့သို့ ဟန်ဆောင်နေပေးပါ။)

အခုချိန်ကတော့ သမ္မာကျမ်းစာထဲကပုံပြင် ပြောရမယ့်အချိန်ဖြစ်တယ်၊ ဆရာ၊မ အနေနဲ့အားလုံးအဆင်သင့် ဖြစ်နေရမယ်။ (တံခါးခေါက်သံ)။ အခုချိန်မှာ ဆရာ၊မအနေနဲ့ ဘာလိုအပ်နေသေးသလဲ။ (တံခါးခေါက်သံ) သင်သည် တံခါးခေါက်သံကို လစ်လျူရှုနေသည်ကို ကလေးများက သတိထားမည့်သည်အထိ တစ်ခုခုလုပ်နေလိုက်ပါ။ ထိုတံခါးခေါက်သံကို ကလေးများက ဂရုမစိုက်ပဲနေမည်ကို စိုးရိမ်လျှင် သင့်အနေနှင့် အခြားသူတစ်ယောက်ကို တံခါးခေါက်နေသည့်အကြောင်းပြောဆိုရန် ကြိုတင်ပြင်ဆင်ထားပါ။ တံခါးခေါက်သံနှင့်ပတ်သက်၍ သင့်ကိုအသိပေးလာသည့်အခါ သင်က ထိုတံခါးခေါက်ခြင်းကို တုံ့ပြန်သွားမည်မဟုတ်ပဲ ပုံပြင်နှင့်ပတ်သက်သည့်အရာ အဖြစ်အသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြပေးပါ။

တံခါးခေါက်တာကို ဆရာ၊မ ဘာမှ ပြောသွားမှာမဟုတ်ဘူး၊ အဲဒီအစား သမ္မာကျမ်းစာပုံပြင်ပြောသွားမယ်။ ဒီနေ့ရဲ့သမ္မာကျမ်းစာ ပုံပြင်ကတော့ တစ်စုံတစ်ယောက်က တံခါးလာခေါက်တဲ့အခါမှာ အခြားတစ်ယောက်က ဘာမှ တုံ့ပြန်ခြင်းမပြုတဲ့အကြောင်းအရာပဲ ဖြစ်တယ်။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၄ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူက ဘယ်သူလဲ။

ပေတရုက ဒီပုံထဲမှာ ဘယ်ကိုရောက်နေတာလဲ။ ပေတရုရဲ့အပေါ်ကသံကြိုးတွေက ဘာဖြစ်တာလဲ။ အဲဒါက ဘယ်လို ဖြစ်ခဲ့တာလဲ။

ဟေရုဒ်မင်းကြီးက ဒီနေရာမှာ အခွင့်အာဏာရှိတဲ့သူလား။ သံကြိုးတွေက ဘုရားသခင်ထက် ပိုပြီးတော့ သန်မာနိုင်ပါ့ မလား။ ထောင်တံတိုင်းနဲ့သံတိုင်တွေက ဘုရားသခင်ထက် ပိုပြီးတော့သန်မာနိုင်ပါ့မလား။

ဘုရားသခင်အတွက် အရမ်းခက်ခဲတာရှိပါသလား။

သားတို့သမီးတို့ရဲ့မိသားစုမှာလည်း ပြဿနာတွေရှိပါသလား။ အဲဒီပြဿနာတွေက ဘုရားသခင်အတွက် အရမ်းခက်ခဲပါသလား။ သားတို့သမီးတို့ရဲ့ပြဿနာအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားရဲမလား။ (တစ်ဦးအတွက်တစ်ဦး ဆုတောင်းပေးရန် အချိန်အနည်းငယ်သုံးပါ။)

**ကြည့်ရှုဆင်ခြင်ခြင်း –**

ပေတရု ထောင်ထဲရောက်တဲ့အခါမှာ ခရစ်ယာန်တွေဘာလုပ်ကြသလဲ။ သူတို့တွေ ထောင်ဖောက်ကယ်တင်ဖို့ ကြိုးစားခဲ့ကြသလား။ ပေတရုကလွတ်စေဖို့ ထောင်စောင့်တွေကို သူတို့တွေပိုက်ဆံပေးခဲ့သလား။ သူတို့တွေ ဘာလုပ်ခဲ့ကြသလဲ။

ဘုရားသခင်က သူတို့ရဲ့ဆုတောင်းသံကို နားထောင်မယ်လို့ထင်သလား။ ဘုရားသခင်က သူတို့ရဲ့ ဆုတောင်းခြင်းကို အဖြေပေးခဲ့သလား။

သားတို့သမီးတို့ရဲ့အသက်တာမှာ ဖြစ်ပျက်လာတဲ့အရာတွေအတွက် ဆုတောင်းဖို့ သတိရပါသလား ဒါမှမဟုတ် ကိုယ်ဟာကို ဖြေရှင်းဖို့ ကြိုးစားပါသလား။

ဘာအတွက်သားတို့သမီးတို့ ဆုတောင်းနိုင်ပါသလဲ။

ဓမ္မသစ်
ပုံဝတ္ထုများ

115

# ဘုရားသခင်က ထောင်မှူးကို ကယ်တင်ခဲ့သည်

## ကျမ်းညွှန်း – တမန်၊ ၁၆း၁၆–၃၄

## အဓိကအချက်များ

- ယေရှုရှင်သည် အခွင့်အာဏာအမြင့်ဆုံးဖြစ်သည် – နတ်ဆိုးများအပေါ်တွင် အခွင့်အာဏာရှိသည်
  အခန်းငယ် ၁၇
- ယေရှုရှင်သည် ခပ်သိမ်းသောတန်ခိုးရှင် ဖြစ်သည်
  သူသည် ထောင်တံခါးများ၊ သံကြိုးများအားလုံးထက် သန်မာတော်မူသည်၊ အခန်းငယ် ၂၆
- ကယ်တင်ခြင်းရရှိရန် (ဘုရားသခင်၏အမျက်တော်မှ ကယ်တင်ခြင်း) တစ်ခုတည်းသောနည်းလမ်းမှာ ယေရှုရှင်ကို ယုံကြည်ကိုးစားခြင်းအားဖြင့် ဖြစ်သည်
  အခန်းငယ် ၃၁
- ယေရှုရှင်ကို ယုံကြည်သောသူတိုင်း နှစ်ခြင်းခံယူရမည်
- ဘုရားသခင်ကို ယုံကြည်ခြင်းက ကြီးမားသည့်ဝမ်းမြောက်ခြင်းကို ဖြစ်စေသည်
  အခန်းငယ် ၃၄

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက်** –

(သင်ခန်းစာကို ချီးမွမ်းခြင်းသီချင်းတစ်ပိုဒ် အတူတကွသီဆိုခြင်းအားဖြင့် အစပြုပါ။)

သမ္မာကျမ်းစာထဲမှာ အတူတကွသီချင်းဆိုကြတဲ့ လူတွေအကြောင်း ပြောထားတာရှိတယ်။ ဒါပေမယ့် သူတို့တွေက ဆန်းဒေးစကူးလ်ခန်းထဲမှာ၊ ဘုရားကျောင်းထဲမှာ ဒါမှမဟုတ် အိမ်မှာသီချင်းဆိုကြတာတော့ မဟုတ်ဘူး။ သူတို့ သီချင်းဆိုတဲ့နေရာက အရမ်းထူးဆန်းတယ်။ သူတို့ ဘယ်နေရာမှာ သီချင်းဆိုကြသလဲဆိုတာကို သိချင်ပါ သလား။

## ကြည့်ရှုဆင်ခြင်ခြင်း (Looks)

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) သူတို့တွေက ဘယ်သူတွေလဲ။

သူတို့တွေ ဘာလုပ်နေကြတာလဲ။

ထောင်ထဲမှာ ဆုတောင်း၊သီချင်းဆိုတာက ထူးဆန်းမနေဘူးလား။ ပေါလုနဲ့သီလတို့ဟာ စိတ်လည်း မဆိုးကြသလို ဝမ်းနည်းခြင်းလည်း မရှိကြဘူး – သူတို့တွေ သီချင်းဆိုနေခဲ့ကြတယ်။

ဘုရားသခင်ကအရာရာကို ထိန်းချုပ်သူဖြစ်တယ်ဆိုတာကို ပေါလုနဲ့သိလတို့က သိထားကြတယ်။ ဘုရားသခင်ရဲ့ ခွင့်ပြုချက်မပါပဲနှင့် ဘာမှဖြစ်မလာနိုင်ဘူး။ ထောင်ထဲမှာလည်း ဘုရားအတူရှိတယ်ဆိုတာကို သိခဲ့ကြတယ်။

သားတို့သမီးတို့ရဲ့အသက်တာမှာ ဖြစ်ပျက်သမျှအရာအားလုံးကို ဘုရားသခင်သိပါသလား။ ကိုယ်ထင်သလို မဖြစ်လာတဲ့ အခါမှာ စိုးရိမ်စရာ၊ စိတ်ဆိုးစရာ လိုပါသလား။

မလိုပါဘူး။ သားတို့သမီးတို့အနေနဲ့ ဘုရားသခင်ကို ကိုးစားနေဖို့ပဲလိုတယ်။ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းက တစ်ခါတစ်ရံမှာ ခက်ခဲတတ်ပါတယ်။

ဘုရားသခင်ကို ပိုမိုကိုးစားဖို့ ဘယ်လိုသင်ယူလို့ ရမလဲ။

သူ့ကို ပိုမို ကိုးစားတတ်အောင်လို့ ဘုရားသခင်ထံပါး တောင်းလျှောက်ကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၅ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒီလူတွေက ဘယ်သူတွေလဲ။

သူတို့ ထောင်ကျနေတဲ့အချိန်မှာ ဘာဖြစ်ခဲ့သလဲ။

ထောင်မှူးက ဘာလို့ကိုယ့်ကိုသတ်သေဖို့ ကြိုးစားတာလဲ။ ထောင်သားတွေ အားလုံးထွက်ပြေးတဲ့ အတွက်ကြောင့် ဒုက္ခရောက်တော့မှာပဲဆိုပြီး ထောင်မှူးက စိုးရိမ်နေမယ်လို့ ထင်သလား။

ထောင်သားတွေမပြေးကြတာကို သိလိုက်တဲ့အခါ ထောင်မှူး အံ့သြသွားမယ်လို့ ထင်သလား။

ပေါလုနဲ့သိလကို သူက ဘာမေးခဲ့သလဲ။

ပေါလုနဲ့သိလက သူ့ကို ဘာပြန်ဖြေခဲ့ကြသလဲ။

လူသားအတွက် ကယ်တင်ခြင်းရရှိဖို့ဆိုတာ ယေရှုရှင်ကို ယုံကြည်ကိုးစားခြင်းတစ်ခုပဲ ဟုတ်ပါသလား။

အချို့က ကယ်တင်ခြင်းရဖို့ အခြားနည်းလမ်းရှိပါတယ်လို့ပြောရင် ဘယ်လိုလုပ်မလဲ။ အဲဒီလူပြောတာ မှားပါတယ်။

ယေရှုရှင် တစ်ပါးတည်းသာ ကယ်တင်ခြင်းအတွက်ဖြစ်တယ်ဆိုတဲ့အချက်ကို ယုံကြည်ဖို့ သားတို့သမီးတို့ သန်မာနေရမယ်။ ခွန်အားရှိနေဖို့ ဘုရားသခင်ထံ ဆုတောင်းကြရအောင်။

ဓမ္မသစ် ပုံဝတ္ထုများ

116

# "ဘုရားသခင် ကျိန်းဝပ်တော်မူရာနေရာသည် လူတို့နှင့်အတူ ရှိပြီ ...ခင်ယေရှုကြွလာတော်မူပါ။"

## ကျမ်းညွှန်း – ဗျာဒိတ်၊ ၂၁–၂၂

## အဓိကအချက်များ

- ဘုရားသခင် ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ဖန်ဆင်းတော်မူမည်
- ဘုရားသခင်ကိုယ်တိုင် လူတို့နှင့်အတူ နေထိုင်မည်
  အခန်းငယ် ၂၁း၃
- ကောင်းကင်နိုင်ငံ၌ အိုနာ၊ သေခြင်းမရှိ
  အခန်းငယ်၊ ၂၁း၄
- အသက်ကို စာငတ်သောသူတို့အား အဖိုးကိုမပေးပဲ ဘုရားသခင်က ပေးတော်မူမည်
  အခန်းငယ်၂၁း၆၊ ၂၂း၁၇
- ဘုရားသခင်က အပြစ်ကိုစီရင်သည် – အပြစ်တရား၏အခကား သေခြင်းဖြစ်သည်
  အခန်းငယ် ၂၁း၈
- ဘုရားသခင်သည် ဘုန်းတန်ခိုးနှင့် ပြည့်ဝစုံလင်တော်မူသည် – သူပေးသောအလင်းက နေ၏အလင်းထက် သာ၍ ထွန်းလင်းပေသည်
  အခန်းငယ် ၂၁း၂၃
- သိုးသူငယ်၏ အသက်စာစောင်၌ နာမည်ပါသောသူများသာလျှင် ကောင်းကင်ဝင်စားရမည်
  အခန်းငယ် ၂၁း၂၇
- အသက်သည် ဘုရားသခင်ထံမှ လာသည်
- ယေရှုရှင် နောက်တစ်ဖန် လူတိုင်းကို တရားစီရင်ရန် ကြွလာအုံးမည်
  အခန်းငယ် ၂၂း၁၃
- ဘုရားသခင်သည် မိန့်တော်မူသည့်အတိုင်း အမြဲလုပ်တော်မူသည်
  အခန်းငယ် ၂၂း၆
- ဘုရားသခင်သည် အရာခပ်သိမ်းဖြစ်သည် – အရာရာသူနှင့်အစပြု၍ အရာရာသူနှင့် အဆုံးသတ်သည်
  အခန်းငယ် ၂၁း၆၊ ၂၂း၁၃

## အချိတ်အဆက်များ (Hooks)

**အချိတ်အဆက် –**

(သင်ထောက်ကူပြု စာအုပ်ပါ နေနှင့်လပုံကို ပြပေးပါ။)

နေ့အချိန်မှာ ဆရာ၊မ တို့က နေမှအလင်းရောင်ကိုရတယ်။ (ပုံကို ပြပါ။) နေမင်းကြီးက ဆရာ၊မ တို့ရဲ့ ကမ္ဘာမြေကြီးကို ထွန်းလင်းတောက်ပစေတယ်။

ဘုရားသခင်က ညအချိန်မှာ ဘယ်လိုအလင်းကိုပေးသလဲ။ လမင်းကြီးနဲ့ ကြယ်တွေက ဆရာ၊မ တို့ကို ညမှာ အလင်းပေးတယ်။ (ပုံကို ပြပါ။)

နေ၊ လ နဲ့ ကြယ်တွေသာ မရှိရင်တော့ ဆရာ၊မ တို့ရဲ့ ကမ္ဘာမြေကြီးက အမှောင်အတိ ဖြစ်လိမ့်မယ်။

## **အချိတ်အဆက်များ** (Hooks – Cont.)

ဒါပေမယ့် သမ္မာကျမ်းစာထဲမှာ အချိန်တိုင်း လင်းထိန်နေမယ့် နေရာတစ်နေရာအကြောင်း ပြောပြထားတယ် – အဲဒီ နေရာကတော့ နေ၊ လ နဲ့ ကြယ်တွေရဲ့အလင်းရောင် မလိုတော့တဲ့အထိအောင် တောက်ပတဲ့ နေရာ ဖြစ်တယ်။

အဲဒီနေရာအကြောင်း ကြားချင်ကြသလား။

## **ကြည့်ရှုဆင်ခြင်ခြင်း (Looks)**

**ကြည့်ရှုဆင်ခြင်ခြင်း –**

ကောင်းကင်နိုင်ငံဟာ ဘယ်လိုနေရာမျိုးဖြစ်သလဲဆိုတာ ဆရာ၊မ ကို ပြောပြနိုင်မလား။

(သင်ခန်းစာ ၁၁၆ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ကောင်းကင်နိုင်ငံဟာ ဘယ်လိုပုံစံမျိုးဖြစ်သလဲဆိုတာကို ဘယ်သူမှ တိတိကျကျမသိပါဘူး။ ဒီမှာတွေ့ရတာက ကောင်းကင်နိုင်ငံနဲ့ ပတ်သက်လို့ လူတစ်ဦးရဲ့စိတ်ကူးပုံစံဖြစ်တယ်။ ဒါပေမယ့် ကောင်းကင်နိုင်ငံဟာ ဆရာ၊မ တို့ ပုံဖော်နိုင်တာထက် ပိုပြီးတော့ကောင်းမွန်တဲ့နေရာဖြစ်မှာ သေချာပါတယ်။

ကောင်းကင်နိုင်ငံရဲ့အကောင်းဆုံး အပိုင်းကတော့ ဆရာ၊မ တို့တွေ ဘုရားသခင်နဲ့အတူရှိမှာဆိုတဲ့အချက် ဖြစ်တယ်။

တစ်နေ့နေ့ကျရင် သားတို့သမီးတို့ ကောင်းကင်နိုင်ငံသွားချင်ပါသလား။

ဘယ်သူက ကောင်းကင်နိုင်ငံ သွားမလဲ။

တစ်နေ့ကျရင် ကောင်းကင်နိုင်ငံဝင်စားရဖို့ ယေရှုရှင်ကို ယုံကြည်နိုင်အောင် ဘုရားသခင်ထံပါး ဆုတောင်းကြရအောင်။

**ကြည့်ရှုဆင်ခြင်ခြင်း –**

(သင်ခန်းစာ ၁၁၆ အတွက် ပြင်ဆင်ထားသောရောင်ခြယ်စာအုပ်ပါပုံကို ပြပါ။) ဒါကတော့ ကောင်းကင်နိုင်ငံဟာ ဘယ်လိုပုံစံမျိုးဖြစ်သလဲဆိုတာကို ပြသထားတဲ့ လူတစ်ယောက်ရဲ့စိတ်ကူးဖြစ်တယ်။ ကောင်းကင်နိုင်ငံက ဒီပုံမှာ မြင်တာထက် ပိုပြီးတော့ကောင်းမယ်လို့ထင်ပါသလား။

ကောင်းကင်နဲ့ပတ်သက်ပြီးတော့ ဘယ်အရာတွေက အံ့သြစရာတွေ ဖြစ်မလဲ။

လူတိုင်း ကောင်းကင်နိုင်ငံ ဝင်စားရမလား။

ဘယ်သူက ကောင်းကင်နိုင်ငံကို မဝင်စားရမှာလဲ။

အချို့လူတွေကို ဘုရားသခင်က အမှန်တကယ်ပဲ ငရဲထဲ ပို့မှာလား။ မှန်တယ် – ဘုရားသခင်က ပြောရင်ပြောတဲ့ အတိုင်း အမြဲတမ်းလုပ်တယ်။ ဒါဟာ အလေးအနက်ထားရမယ့်အရာ ဖြစ်တယ်။ ဟုတ်တယ် မဟုတ်လား။

ကောင်းကင်နိုင်ငံဟာ ယေရှုရှင်ကို ယုံကြည်တဲ့သူတွေအတွက်ပဲ ဖြစ်တယ်။

ယေရှုရှင်ကို မယုံကြည်တဲ့သူ သားတို့သမီးတို့တို့ သိတဲ့သူထဲမှာ ရှိသလား။ အဲဒီပုဂ္ဂိုလ်အတွက် အခုပဲ ဆုတောင်းပေး ကြရအောင်လား။

<u>မှီငြမ်းရန် (Resource Packet)</u>

## *သားတော်အားဖြင့် စကားပြောတော်မူခြင်း*
## အတွက် သင်ထောက်ကူပစ္စည်းများ

### သင်ထောက်ကူပြုပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်း

ဤသင်ထောက်ကူပြုပစ္စည်းများသည် **"သားတော်အားဖြင့် စကားပြောတော်မူခြင်း"** သင်ရိုးညွှန်းတမ်းအတွက် စုစည်းထားခြင်းဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်းကို နှစ်တာရှည်ကြာပြန်လည်အသုံးပြုနိုင်ရန် ပြင်ဆင်ထားပါသည်။ သင့်အနေနှင့်နောက်တစ်ကြိမ် ပြန်လည်အသုံးပြုနိုင်ရန် သို့မဟုတ် အခြားဆရာ၊မ တစ်ဦးဦးက လက်ဆင့်ကမ်းအသုံးပြုနိုင်ရန်အတွက် သင်ထောက်ကူပြုပစ္စည်းများကို စုစည်းပြင်ဆင်ရာတွင် ဂရုတစိုက် ပြင်ဆင်ပေးစေချင်ပါသည်။ ထိုအတွက်ကြောင့် သင်ထောက်ကူပြုပစ္စည်းများကို အရောင်ခြယ်ခြင်းများလုပ်ပေးပါ။ တာရှည်ခံစေရန် ပလားစတိစ်လောင်းခြင်း၊ တိပ်ကပ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ဤစာအုပ်ပါစာမျက်နှာ တိုင်းတွင် မည်သည့်သင်ခန်းစာနှင့်ဆက်နွယ်၍ သင်ထောက်ကူပြုပစ္စည်းများကို မည်သို့အသုံးပြုရမည်ကို ဖော်ပြပေးထားပါသည်။ ခွင့်ပြုချက်ရရှိပြီးဖြစ်ရာ လိုအပ်လျှင်လိုအပ်သလို သင်ထောက်ကူပြုပစ္စည်းများကို ထပ်မံ၍ မိတ္တူကူးယူနိုင်ပါသည်။

### သင်ထောက်ကူပြုပစ္စည်းများ သိမ်းဆည်းထားခြင်း

သင်ထောက်ကူပြုပစ္စည်းများကို ဖိုင်တွဲများ (သို့) စာအိတ်ကြီးများဖြင့် သင်ခန်းစာတစ်ခုစီတိုင်းအတွက် သီးခြားသိမ်းထားခြင်း သို့မဟုတ် ကွင်းချုပ်ဖိုင်တွဲ (ring binder) များဖြင့် အစဉ်လိုက်သိမ်းဆည်းထားခြင်းက နောက်တစ်ကြိမ် ပြန်လည်ရှာဖွယ်အသုံးပြုရန်အတွက် များစွာအထောက်အကူ ဖြစ်စေပါလိမ့်မည်။ အရွယ်အစားပမာဏ၊ ရုပ်လုံးပေါ်အသုံးဆောင်ပစ္စည်းများ (three-dimensional visuals aids) ကိုလည်း ဆရာ၊မများက လိုအပ်သလိုစုဆောင်းထားရပါမည်။ သင်ခန်းစာတစ်ခုစီတိုင်းအတွက် သင်ထောက်ကူပြုပစ္စည်များ သိမ်းထားသည့်ဖိုင်တွဲ (သို့) စာအိတ်များတွင် အရွယ်အစားပမာဏ၊ ရုပ်လုံးပေါ်ပစ္စည်းများ (three-dimensional visuals aids) ကို မည်သည့်နေရာတွင် သိမ်းဆည်းထားကြောင်း မှတ်တမ်းရေးသားခြင်းများ ပြုလုပ်ပေးနိုင်ပါသည်။

ဤမှီငြမ်းရန်တွင် အောက်ဖော်ပြပါအရာများကို ထည့်သွင်းပေးထားပါသည် –

နာမည် ကဒ်ပြားလေးများ

| | |
|---|---|
| သင်ခန်းစာ ၆၆ | ကလေးမွေးဖွားခြင်း ကြေညာစာ |
| သင်ခန်းစာ ၆၉ | လူများစွာမတူညီသည့်အရာများ လုပ်နေကြသည့်ပုံများ |
| သင်ခန်းစာ ၇၁ | သဲကန္တာရပုံ |
| သင်ခန်းစာ ၈၆ | ပျောက်သောသားပုံ |
| သင်ခန်းစာ ၉၂ | တံခါးဘောင်၌ အသွေးသုတ်လိမ်းနေသည့် လူတစ်ယောက်ပုံ |
| သင်ခန်းစာ ၉၃ | ကြက်ဖတစ်ကောင်ပုံ |
| သင်ခန်းစာ ၉၈ | တွင်း၌ ကျရောက်ခဲ့သော ယောသပ်ပုံနှင့်အဲကုတ္တုပြည်အုပ်စိုးသူ ဖြစ်လာပြီးသည့်ပုံ၊ မာရိ၊ ယောသပ်နှင့်သူငယ်တော် ယေရှုပုံ |
| သင်ခန်းစာ ၁၀၀ | မြင်း၊ ကုလားအုပ်၊ ကားပုံ |
| သင်ခန်းစာ ၁၀၂ | ငါးမျိုးစုံပုံ |
| သင်ခန်းစာ ၁၀၉ | မြင်းရထားပုံ |
| သင်ခန်းစာ ၁၁၆ | နေ၊ လ၊ ကြယ်များပုံ |























သားယောက်ျားလေး မွေးဖွားခြင်း –

မောင်ကောင်းမြတ်

မွေးနေ့ – ဇန်နဝါရီ ၂၅၊ ၂၀၀၅

အချိန် – ၇း၄၅ နံနက်

အလေးချိန် – ၇ ပေါင်၊ ၆ အောင်စ

အမြင့် – ၂၁ လက်မ

မိဘများ – ဦး လှအောင် နှင့် ဒေါ် သွယ်သွယ်မိုး





























